


7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၆ မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်


# ၇ ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၂)၊ အမှတ်(၂၉) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် ၊ ဗုဒ္ဓဟူး ၊ (စက်တင်ဘာ ၂၅ ၊ ၂၀၁၂)


LIVES BRILLIANTLY

## ညသံစဥ်ကြားမှ ဘဝခါးခါး

ဉက္ကာကိုကို

"စာနာမှုလုံးဝမရှိတဲ့ လူယဉ်ကျေးတွေ . . . အလစ်ကို ချောင်းတစ်ဖက်သားတစ်ချက် အငိုက်ကို အပြစ်အနာမဲ့မောင့် အရိုင်းပန်း . . . သန့်စင်တဲ့ မောင့်တစ်ပွင့်ပန်း. . . အနီရောင် စွန်းထင်းကာအလှမပြည့်ခင် မြေမှာ ခရရှာပြီ. . ."

ရောင်စုံမီးလုံးများ ခပ်မှိန်မှိန် ထွန်းညှိထားသည့် အခန်းကျဉ်းလေးထဲမှ စိုင်းထီးဆိုင်၏ တေးသီချင်းတစ်ပုဒ်ကို အာလေးလျှာလေး အော်ဆိုသံက အခန်းအပြင်သို့ တိုင်ပျံ့လွင့်လာသည်။

အဆိုပါအခန်းလေးထဲတွင်တော့ အရက်ဘီယာသောက်စားထားသည့် အမျိုးသားအချို့ရှိသည်။ စားပွဲပေါ်တွင် ပြန့်ကျဲနေသော ဘီယာပုလင်းများနှင့် စားသောက်ဖွယ်ရာအချို့ရှိသည်။ စီးကရက်ပြာများနှင့် မီးခိုးငွေ့များရှိသည်။ ဂငယ်သဏ္ဍာန်ခင်းကျင်းထားသည့် ဆိုဖာဆက်တီခုံများ ရှိသည်။ သီချင်းဖွင့်ထားသည့် တီဗီတစ်လုံးနှင့် ဆောင်းဘောက်စ်နှစ်လုံးရှိသည်။

မိုက်ကိုင်၍ သီချင်းဆိုနေသည့် အမျိုးသားတို့အနီးတွင် ရေမွှေးနှင့် ပေါင်ဒါနံ့ထုံသင်းနေသည့် မိတ်ကပ်အဖွေးသားဖြင့် စကတ်တိုတိုကောင်မလေးအချို့ရှိသည်။ အမျိုးသားတစ်ဦးက သူ့နံဘေးမှ ကောင်မလေးကို သူသီဆိုလိုသည့် တေးကိုစက်အတွင်း ထည့်ခိုင်းနေသည်။ ကောင်မလေးတစ်ဦးက ကုန်သွားသည့် ဘီယာခွက်များကို လိုက်ဖြည့်ပေးလျက်ရှိသည်။

အချပ်ပို(I)



ရန်ကုန်မြို့ တရုတ်သံရုံးရှေ့တွင် လုံခြုံရေးယူထားသည့် တပ်ဖွဲ့ဝင်များ AFP PHOTO / Soe Than WIN

## ရဲတပ်ဖွဲ့ဝင်များ၏နောက်ကို ကျော်ကြည့်ဖူးပါသလား

ထွန်းနိုင်၊ အောင်နိုင်

နှုတ်ခမ်းမွေးရေးရေးဖြင့် အဆီပြန်နေသော မျက်နှာများရှိသည့် လူကြမ်းမင်းသားများကို မြန်မာဗီဒီယိုဇာတ်လမ်းများ ကြည့်ဖူးသူတိုင်း သိကြလိမ့်မည်။ သူတို့သည် ဇာတ်ကားများထဲ၌ အမြဲတစေဆိုးသွမ်းကြသည်။ ဇာတ်ဆောင်မင်းသား မည်မျှပြောင်းပြောင်း သူတို့သည် လူကြမ်းနေရာတွင် ပါဝင်သရုပ်ဆောင်ရသည်။

မြန်မာ့နိုင်ငံရေးနှင့် သမိုင်း အဖြစ်အပျက်များကို ပုံဖော်ရာတွင်လည်း အမြဲတစေဆိုးသွမ်းသည့်နေရာမှ ပါရသူများရှိသည်။ တစ်ခါတစ်ရံတွင် လက်ထဲကိုင်ထားသည့် ဒိုင်းများကို နံပါတ်တုတ်များဖြင့် တဖြန်းဖြန်းရိုက်ရင်း ဆန္ဒပြသည့်သူများဆီသို့ ချီတက်လာကြသည်။ တစ်ခါတစ်ရံတွင်မူ သေနတ်များ မိုးပေါ် ထောင်ပစ်ကာ ဆန္ဒပြသူများကို ဖြိုခွဲကြသည်။

အချပ်ပို(H)

## ထောက်ကူသူများဖြင့် ပိုမြိုင်လာသည့် ငြိမ်းချမ်းရေးခရီး

အောင်သူရ၊ အိဖြူလွင်

"ဗားကရာချောက်ကြီးကို ဆိုရှယ်လစ် အရိုးနှင့်ဖို့ပစ်မယ်"

"အေးအေးနေချင်တဲ့ သခင်နု ကြံတောပို့ပစ်မယ်"

"အစိုးရကို လက်နက်ကိုင်တော်လှန်ရမယ်"

ထိုရဲရဲတောက် စာသားများ ပါသည့် မိန့်ခွန်းတစ်ရပ်ကို သခင်သန်းထွန်းက လွတ်လပ်ရေးရပြီး သုံးလအကြာတွင် ပြောကြားခဲ့ပြီးနောက် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခဲ့ကာ ပြည်တွင်းစစ်မီးကို စတင်ခဲ့သည်။ ထို့နောက် ကရင်အမျိုးသားအစည်းအရုံးက ကရင်ပြည်နယ်ပေးရန်ပြည်ထောင်စုမှခွဲထွက်လိုက ခွဲထွက်ခွင့်ပြုရန်နှင့် နယ်မြေသတ်မှတ်ပေးရန် စသည့် အချက်သုံးချက်ကို တောင်းဆိုခဲ့သည်။

အချပ်ပို(J)

## "မြန်မာဟာ ရင်းနှီးမြှုပ်နှံမှုတွေကို စုပ်ယူနိုင်ဖို့ စွမ်းဆောင်ရည်ကောင်းတွေ လိုအပ်နေပါတယ်"

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၁၈



## အမေရိကန်ရောက် ကချင်တိုင်းရင်းသား သိုင်းပေါင်းစုံနပန်းသမား Burmese Python အောင်လအန်ဆန်နှင့် တွေ့ဆုံခြင်း

စာမျက်နှာ ၂






7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013



# အမေရိကန်ရောက် ကချင်တိုင်းရင်းသား သိုင်းပေါင်းစုံနပန်းသမား Burmese Python အောင်လအန်ဆန်နှင့်တွေ့ဆုံခြင်း

ခင်မေဇော်(ဝါရှင်တန်ဒီစီ)

## “ပါရမီက မကြိုးစားချင်ဘူးဆိုရင် ကြိုးစားမှုက ပါရမီကိုအနိုင်ရတယ်”

ထိုစကားရပ်ကို အောင်လအန်ဆန်က မေးမြန်းခန်းတွင် အထူးပြုပြောဆိုခဲ့သလို သူ၏ကိုယ်ပိုင်အင်တာနက်စာမျက်နှာပေါ်တွင် ဖော်ပြထားသည်။ ကိုအောင်လအန်ဆန်သည် အမေရိကန်နိုင်ငံတွင် ထင်ရှားသော Mix Martial Art ခေါ် သိုင်းပေါင်းစုံနပန်းပွဲတွင် နိုင်ပွဲများဆက်လာနေပြီး အောင်မြင်ကျော်ကြားလာသူတစ်ဦးဖြစ်သည်။

လွန်ခဲ့သော ၁၀ နှစ်က အမေရိကန်နိုင်ငံသို့အဆင့်မြင့်ပညာသင်ယူရန်ရောက်လာပြီးသည့်နောက်မီရီကန်ပြည်နယ်တွင်စိုက်ပျိုးမွေးမြူရေးပညာကိုသင်ယူခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် သိပ္ပံဘွဲ့ရရှိခဲ့သည့်ကိုအောင်လအန်ဆန်က ထိုပညာဖြင့် တစ်နှစ်ခွဲခန့် အလုပ်လုပ်ကိုင်ခဲ့ပြီးသည့်နောက် နပန်းအားကစားနယ်တွင်းခြေစုံပစ်ဝင်ရောက်လိုက်သည်။

မေရီလန်းပြည်နယ် အယ်လရစ်မြို့တွင်ဖွင့်လှစ်ထားသည့် Crazy 88 ကိုယ်ခံပညာသင်တန်းကျောင်းတွင် သင်တန်းဆရာနှင့် အဖွဲ့ဝင်ဖြစ်သူ ကိုအောင်လအန်ဆန်ကို တွေ့ဆုံမေးမြန်းခဲ့သည်။ အရပ် ၆ ပေတစ်လက်မ၊ ပေါင်ချိန် ၁၇၀ နှင့် အသက်(၂၈)နှစ်အရွယ် ကချင်တိုင်းရင်းသား ကိုအောင်လအန်ဆန်က တစ်နေ့တာသင်ကြားလေ့ကျင့်ပေးနေသော သင်တန်းတစ်ခုအပြီး မေးခွန်းများကို ဖြေကြားပေးခဲ့သည်။ Crazy 88 အဖွဲ့တွင် အဖွဲ့ဝင် ၅၀၀ ကျော်ရှိသည်။

“ကျွန်တော်ဒီသိုင်းပေါင်းစုံလက်ဖွေ့စလုပ်တော့ အမေက သဘောမကျဘူး။ လုံးဝအားမပေးဘူး။ ကောလိပ်တက်ထားတာ။ ဒီဂရီရထားတာဆိုတော့ ဘာလုပ်တာလဲပေါ့။ စာသင်ထားတာဆိုတော့လေ။ အဲဒါနဲ့လုပ်စေချင်တာပေါ့။ နောက်ပြီးဒီအားကစားက ဝင်ငွေသိပ်မရဘူးလေ။ ပထမ ၁၀ ပွဲလောက်က ကျွန်တော်ဘာမှမရဘူး။ ဒါပေမဲ့ကျွန်တော်က သိပ်ဝါသနာပါတယ်။ ပိုက်ဆံလိုချင်လို့ ကျွန်တော်ကစားတာ မဟုတ်ဘူးလေ။ အခုတော့ ကျွန်တော်သိပ်ကြိုက်တာကို အမေလည်း နားလည်လာတော့ နည်းနည်းလက်ခံလာတယ်”

**ကိုအောင်လအန်ဆန်ပေးနေတဲ့ သင်တန်းတွေအကြောင်း ပြောပြပေးပါဦး။**

ကျွန်တော်သင်တန်း လေးတန်းကို သင်ပေးတယ်။ ကလေးတန်းဆိုရင်အသက်အရွယ်တွေက သုံးနှစ်ကစတယ်။ နောက်လူငယ်၊ လူကြီးတွေအထိပဲ။ ပထမအချက်ကတော့ ကျန်းမာရေးပေါ့နော်။ ကြံ့ခိုင်တယ်ဆိုရင် လူကဘာပဲလုပ်လုပ် နေလို့လည်းကောင်းတယ်။ အဲဒါကအရေးကြီးတယ်လေ။ နောက်တစ်ခုကတော့ ကျွန်တော့်ဝါသနာပေါ့နော်။ ကျွန်တော်က ဒီအတွက် အသက်ရှင်နေတယ်လို့ တောင်ပြောလို့ရတယ်။

**သိုင်းပေါင်းစုံနပန်းကို ဘယ်လိုစဖြစ်ခဲ့တာပါလဲ။**

ကျွန်တော်တစ်နေ့ ဂျင်မှာလေ့ကျင့်ခန်းသွားလုပ်ရင်းနဲ့လက်ဝှေ့ထိုးတဲ့သူတစ်ယောက်နဲ့တွေ့တယ်။ သူနဲ့ ဂျူဂျစ်ဆူ (jiu jitsu) သွားစမ်းကျင့်ကြည့်ရင်းနဲ့ အရမ်းကြိုက်သွားခဲ့တာပါ။ အဲဒီကစခဲ့ပါတယ်။ ပြီးတော့အခု Mix Maritial Art သိုင်းပေါင်းစုံပေါ့။ အဲဒါကို လေ့ကျင့်ပါတယ်။ မြန်မာ့လက်ဝှေ့လိုမျိုး မွေထိုင်းပါတယ်။ နောက်နပန်း၊ ဂျူဂျစ်ဆူချုပ်တာတွေရောပေါ့နော်။

**အပျော်တမ်းကနေ အခုလို ပရိုကျွမ်းကျင်သူဖြစ်လာအောင် ဘယ်လောက်ကြာကြာကျင့်ခဲ့ရလဲ။**

အခု ရှစ်နှစ်လောက်ရှိပါပြီ။



အရင်က ပရိုမှာ ဝင်ထိုးခဲ့ပေမယ် ကိုယ့်ကိုယ်ကိုယ် ပရိုလို့တကယ်ခေါ်နိုင်တာက လေးငါးနှစ်လောက်ပဲ ရှိပါသေးတယ်။ မေရီလန်းပြည်နယ်ကိုပြောင်းလာပြီးတော့မှ ပရိုလို့ ခေါ်တဲ့ကြေးစားနပန်းသမားအဖြစ် Crazy 88 အဖွဲ့က ဆရာဂျူးလိယက်စ်ပတ်က ကျွန်တော့်ကို လေ့ကျင့်ပေးခဲ့တာပါ။ အဲဒီဆရာကြောင့် ကျွန်တော်ဒီလိုဖြစ်လာတာပါ။

**အခုကိုအောင်လအန်ဆန်သုံးနေတဲ့ တိုက်ကွက်တွေမှာ ကချင်သိုင်းကွက်တွေပါသလား။**

ပါတာပေါ့။ ကျွန်တော်က ကချင်ပဲ(ရယ်မောလျက်)။ ကျွန်တော် တို့ဆီမှာက ကလေးတွေက စားရင် ထိုးတာ၊ ကန်တာတွေပါတယ် မဟုတ်လား။ မြန်မာသိုင်း လက်ဝှေ့လည်း ကျွန်တော် ကြည့်တယ်။ ဝါသနာပါတယ်လေ။ ဟိုမှာလေ့ကျင့်တာတွေတော့ မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကချင်သိုင်း၊ မြန်မာသိုင်းတွေရဲ့ လွှမ်းမိုးမှု တစ်စိတ်တစ်ပိုင်း ကတော့ ပါပါတယ်။

**နပန်းစကျင့်တော့ ဘာအခက်အခဲတွေ တွေ့ရလဲ။**

စစချင်းတုန်းက နဘမ်းကို ကျွန်တော်က သိပ်မကျွမ်းဘူး။ ထိုးတာ၊ ကန်တာက ကျွန်တော့်အတွက် ပိုလွယ်တယ်။ နပန်းတွေ၊ ချုပ်တာတွေက ကျွန်တော့်အတွက် အရမ်းခက်တယ်။ ဒါပေမဲ့ အဲဒါကိုအဓိကထားပြီးတော့ ကျွန်တော်ကြိုးစားတယ်။ နောက်ကျတော့ အခက်အခဲသိပ်မရှိတော့ပါဘူး။

**ပထမဆုံးစထိုးခဲ့တဲ့ ပွဲကအတွေ့အကြုံပြောပါဦး။**

၂၀၀၅ ခုနှစ်မှာပထမဆုံးထိုးတဲ့ နပန်းပွဲ။ အဲဒီမှာ ကျွန်တော် ရှုံးတယ်။ ကျွန်တော်နဲ့ ထိုးတဲ့ကောင်က ပေါင် ၂၂၀။ ကျွန်တော်က အဲဒီတုန်းက ၁၈၅။ ကျွန်တော်ဘာမှလည်း ကောင်းကောင်းမသိဘူး။ ဒီတိုင်းဝင်ထိုးတာပဲ။ ကျွန်တော့်ကိုနပန်းလုံးပြီး အရမ်းထိုးတာပေါ့နော်။ ကျွန်တော်ရှုံးပေမယ့် ကျွန်တော်အဲဒီကတည်းက နပန်းကိုအရမ်းကြိုက်သွားတယ်။ နောက် ဒုတိယတစ်ပွဲမှာ သွားဝင်တဲ့အချိန်မှာကျတော့ ဒီမှာကျွန်တော်ဘာလုပ်နေသလဲလို့တောင် ကိုယ့်ဘာသာမေးမိတယ်။ နောက်စထိုးတော့ ကျွန်တော်က ဒူးနဲ့စကျွေးလိုက်တယ်။ သူကနောက်ဆုတ်သွားပြီး ပြန်တက်လာတော့ တစ်ခါလက်သီးနဲ့ ထိုးလိုက်တော့ သူလဲသွားတယ်။ ဘယ်လိုပြောမလဲ။ ကံကောင်းတာလား၊ ဘာလားတော့ မသိဘူး။ ပူထူပြီး ထိုးတည့်လိုက်တာဟိုဘက်ကလဲသွားတယ်။ အဲဒီတော့ ကျွန်တော်နိုင်သွားတယ်။ အဲဒီတုန်းက ဝါသနာပါလို့ ထိုးတာဆိုတော့ အပျော်သဘောပဲဖြစ်နေတယ်။ အခုဒီ မေရီလန်းကိုရောက်ပြီးမှ ကျွန်တော်တကယ်ပရိုဖြစ်လာတာပါ။ ကျွန်တော်စားရင်၊ သောက်ရင်၊ အိပ်ရင် အဲဒီအတွက်ပဲ စိတ်ထဲမှာ ဒါပဲရှိတယ်။

**သင်တန်းသားတွေကို ကိုယ်ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြောပြသလား။**

ပြောပြတယ်။ တီဗီတွေမှာကြည့်ရင် လွယ်သလို ထင်ရတယ်လို့။ ပျော်စရာပေါ့နော်။ ဒါပေမဲ့ ဒီလိုဖြစ်လာဖို့လမ်းက အရမ်းကြမ်းတယ်ဆိုတာ သူတို့ကို ကျွန်တော်ပြောပြတယ်။ ကျွန်တော်ကစားတာ ပွဲအများကြီးရှုံးဖူးတယ်။ ရှုံးတိုင်းကျွန်တော်ပိုကောင်းလာအောင် ကိုယ့်ကိုယ်ကိုယ်ပြင်ရတယ်။ ရှုံးတဲ့အခါမှာ ကျွန်တော်နည်းပညာပိုင်းမှာ ဘာမှားနေသလဲ။ ကျွန်တော်ပြန်ရှာရတယ်။ ကျွန်တော်မှားခဲ့တဲ့အမှားတွေကိုသူတို့မမှားရအောင် သင်ပေးတယ်။ တချို့သင်တန်းသားတွေကဘယ်လောက်ကြိုးစားရတယ်ဆိုတာကို နားမလည်တာလည်းရှိတယ်။ နောက်ပြီး ကြိုးစားလို့အားကစား မှာအောင်မြင်လာရင် သူတို့က ကျောင်းမှာ၊ အလုပ်မှာဘယ်နေရာမှာမဆိုအောင်မြင်နိုင်တယ် ဆိုတဲ့ စိတ်ဓာတ်တွေဖြစ်လာကြတယ်လေ။ စိတ်ဓာတ်တက်လာတာပေါ့။

**ဘားမီးစ်ပိုင်သုန်း (Burmese Python)ဗမာစပါးကြီးမြွေဆိုတဲ့နာမည်ကို ဘယ်လိုရလာသလဲ။**

ပွဲစီစဉ်တဲ့သူပေါ့နော်။ နပန်းထိုးမယ်ဆိုတော့ သူက nickname နာမည်ဘာလဲတဲ့။ ကျွန်တော်က မရှိဘူးလို့။ အမည်ရင်း အောင်လအန်ဆန်ပေါ့နော်။ ကျွန်တော့်နာမည်ကိုလည်းသူတို့က ကောင်းကောင်းမခေါ်တတ်ဘူး။ ဘယ်ကလဲတဲ့။ ဗမာပြည်ကလာတယ်ဆိုတော့ ဒါဆို ဘားမီးစ်ပိုင်သုန်းပေါ့တဲ့။ သူကကျွန်တော့်ကို ကွင်းထဲခေါ်တော့ အောင်လအန်ဆန် ဘားမီးစ်ပိုင်သုန်းလို့ခေါ်လိုက်တာ။ အဲဒီကနေဖြစ်သွားတာပါ။

**ကိုအောင်လအန်ဆန်ရဲ့ တစ်နေ့တာ အချိန်ဇယားက ဘယ်လိုရှိသလဲ။**

စာ(၈)သို့

# ရောဝတီမြစ်ကမ်းဘေးနေသူများနှင့် သတ္တုတူးဖော်သူများ နောက်ဆက်တွဲငလျင်သတိထားရန်လို

**အောင်သစ်လွင်၊ ထွန်းနိုင်**

**ရန်ကုန်၊ စက်တင်ဘာ–၂၁**

ပြီးခဲ့သည့်နှစ်နိုဝင်ဘာလအတွင်းက လှုပ်ခတ်ခဲ့သည့် သပိတ်ကျင်းငလျင်အပြီး ဆယ်လကြာသည်အထိ နောက်ဆက်တွဲ ငလျင်များလှုပ်ခတ်နေသောကြောင့် ရောဝတီမြစ်ကမ်းပါးတစ်လျှောက် နေထိုင်သူများ၊ သပိတ်ကျင်းအနီးတစ်ဝိုက်ရှိသတ္တုတူးဖော်ရေးလုပ်ငန်းများသတိထားကြရန် ပညာရှင်များကသတိပေးထားသည်။

"ရောဝတီဖြစ်ကမ်းပါးမှာ နေတဲ့သူတွေ သတိထားသင့်တယ်။ အခုအချိန်က ရေတိုးချိန်လည်းဖြစ်နေတော့ငလျင်အကြီးမလှုပ်ဘဲ အသေးတွေလှုပ်လဲ မြေကပျော့နေတော့ ပြိုတာတွေဘာတွေဖြစ်နိုင်တယ်။ သတ္တုတူးဖော်ရေးလုပ်ငန်းတွေလည်းသတိထားသင့်တယ်"ဟု မြန်မာနိုင်ငံမြေငလျင်ကော်မတီ အထွေထွေအတွင်းရေးမှူးဦးစိုးသူရထွန်းက ပြောသည်။

၎င်းအပြင်မြစ်ကြီးနား၊ တကောင်း၊ ဗန်းမော်၊ မန္တလေး၊ ဝမ်းတွင်းစသည့်စစ်ကိုင်းပြတ်ရွေ့နှင့် ငလျင်ကြောများရှိရာ ဒေသများတွင် နေထိုင်သူများအနေဖြင့်လည်း ငလျင်ဒဏ်ခံအိမ်ရာများဆောက်လုပ်နေထိုင်ရေး၊ အရေးပေါ်ကယ်ဆယ်ရေးများအတွက် အမြဲအသင့်ရှိရန် သတိပေးထားခဲ့သည်။

အဆိုပါမြေငလျင်သတိပေးမှုများကြောင့်အလွန်အမင်းစိုးရိမ်မှုများဖြစ်ပွားခြင်း(သို့မဟုတ်) မြေငလျင်နှင့်ပတ်သက်ပြီးပေါ့လျော့နေခြင်းတို့ဖြစ်မည်ကိုလည်းစိုးရိမ်ကြောင်း ၎င်းကပြောသည်။

ပြင်းအားရစ်ချ်တာစကေး ၆ ဒသမ အဆင့်ရှိမြေငလျင်တစ်ခု ၂၀၁၂ နိုဝင်ဘာလအတွင်းသပိတ်ကျင်းမြို့အနီးတွင် လှုပ်ခတ်ခဲ့ပြီး နောက်၁၀လခန့်အကြာအထိ နောက်ဆက်တွဲငလျင်များလှုပ်ခတ်နေခဲ့သည်။




မြေငလျင်တစ်ခု လှုပ်ခတ်ပြီး နောက်ပိုင်းတွင်နောက်ဆက်တွဲငလျင်များလှုပ်သည်မှာဖြစ်လေ့ဖြစ်ထရှိသည့်အခြေအနေတစ်ခုဖြစ်သော်လည်းအတိတ်ငလျင်သမိုင်းတွင် ငလျင်ကြီးတစ်ခုပြီး နောက်ပိုင်းတွင်နောက်ဆက်တွဲမြေငလျင်ကြီးများပြတ်ရွေ့ကြောတစ်လျှောက်လှုပ်ခဲ့သည့် သာဓကများကိုလည်း သတိထားသင့်ကြောင်း ဦးစိုးသူရထွန်းကပြောသည်။

"၁၉၃၀တုန်းက ဖြူးမှာ ငလျင်တစ်ခုလှုပ်တယ်။ သုံးလေးလလောက်ခြားပြီး ပဲခူးမှာလှုပ်တယ်။နောက်သုံးလေးလလောက်ခြားပြီး ကချင်ပြည်နယ်ဘက်မှာထပ်လှုပ်တယ်။ အဲဒီလိုငလျင်သုံးလေးခုကိုပြတ်ရွေ့တစ်ကြောင်းတည်းမှာ လှုပ်သွားတာမျိုးရှိခဲ့ဖူးတယ်။ ဘယ်ဟာမှန်မလဲဆိုတာတော့ လေ့လာနေတုန်းပဲ။ အကောင်းဆုံးကတော့ကိုယ့်ဘက်က သတိနဲ့နေဖို့ပဲ"ဟု ဦးစိုးသူရထွန်းကပြောသည်။

အဆိုပါမြေငလျင်များသည် သပိတ်ကျင်းငလျင်များ၏နောက်ဆက်တွဲဟု ယူဆကြောင်း၊ သို့သော်လည်း စစ်ကိုင်းပြတ်ရွေ့သည် လွန်စွာကြီးမားသည့်အတွက် ပြတ်ရွေ့တစ်လျှောက်နေထိုင်သူများငလျင်သတိဖြင့်နေထိုင်ရန် မြန်မာနိုင်ငံမြေငလျင်ကော်မတီဝင်ဦးကျော်ထွန်းက ပြောသည်။

"သာမန်အားဖြင့်တော့ ငလျင်ကြီးတစ်ခုလှုပ်ပြီးရင် နောက်ဆယ်တွဲငလျင်က သုံးလေးလကနေခြောက်လလောက်အထိ လှုပ်တတ်တယ်။ တစ်ခါတစ်လေကျတော့လည်း နောက်ထပ်ငလျင်တစ်ခုအတွက်ခလုတ်ဖြုတ်လိုက်သလိုလည်းဖြစ်လာမလားဆိုပြီးတွေးပူနေတာလည်းရှိတယ်"ဟုအတိတ်၏ငလျင်အခြေအနေများကိုအခြေအနေများကိုအခြေခံပြီးဦးစိုးသူရထွန်းက ပြောသည်။

လွန်ခဲ့သည့် ၁၀လခန့်က လှုပ်ခဲ့သည့်သပိတ်ကျင်းငလျင်ကြောင့် လူတစ်ဒါဇင်ခန့်သေဆုံးခဲ့ပြီးနှင့်ချီသော လူနေအိမ်များ ဘာသာရေးအဆောက်အအုံများ ပြိုကျပျက်စီးခဲ့သည်။

စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံတွင်အကြီးမားဆုံး ငလျင်ကြောဖြစ်ပြီး မြန်မာနိုင်ငံမြောက်ပိုင်းပူတာအိုမှ စတင်ကာ မြစ်ကြီးနား၊ တကောင်းမြို့များကို ဖြတ်သွားခဲ့သည်။ တကောင်းမြို့မှ တစ်ဆင့်ပဲခူးရိုးမအရှေ့ပိုင်းသို့ ရောဝတီမြစ်ကြောင်းအတိုင်း တည်ရှိသည်။ ထို့နောက်ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့အနီးမှ ဖြတ်ကာ အက်ဒမန်ပင်လယ်ထဲသို့ ဝင်ရောက်သွားခဲ့သည်။



7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

## CRIME မှုခင်းသတင်း CORNER

## ဗီယက်နမ်ဘုန်းကြီးတစ်ပါး ဆိုင်ကယ်ကယ်ရီပေါ်မှ ပြုတ်ကျဒဏ်ရာရ

သန်းဌေး

**ရန်ကုန်** - အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသည့်ဗီယက်နမ်လူမျိုးဗုဒ္ဓဘာသာဝင်ဘုန်းတော်ကြီးတစ်ပါး ဆိုင်ကယ်ကယ်ရီ ငှားစီးလာစဉ် ပြုတ်ကျ၍ ဒဏ်ရာများရရှိခဲ့သောကြောင့် ဆေးရုံတင်လိုက်ရကြောင်းသတင်းရရှိသည်။

မရမ်းကုန်းမြို့နယ်၊ စွယ်တော်စေတီလမ်းအတိုင်း အရှေ့မှ အနောက်သို့ ကယ်ရီသမားတစ်ဦးမောင်းလာသည့် လေ့ဂျာ-၁၀၀ အနက်ရောင်ဆိုင်ကယ်ပေါ်တွင် လိုက်ပါလာသည့် ထေရဝါဒတက္ကသိုလ်မှသက်တော် ၆၀နှစ်ရှိဘုန်းတော်ကြီး Mr.Vudue Thang သည် မရမ်းကုန်းမြို့မ၊ ရဲစခန်းရှေ့ရောက်သောအခါ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျသွားသည်။

ထိုသို့ဆိုင်ကယ်ကယ်ရီပေါ်မှ ပြုတ်ကျသည့် အရှိန်ကြောင့် ဆရာတော်၏ ဦးခေါင်း၊ မျက်နှာ၊ ပခုံးနှင့် တံတောင်ဆစ်တို့တွင် ဒဏ်ရာများရရှိခဲ့၍ မြောက်ဥက္ကလာပဆေးရုံတွင် တက်ရောက်ကာ ဆေးဝါးကုသနေရကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ မှုခင်းမှတ်တမ်းများတွင် ဖော်ပြထားသည်။

"ဒဏ်ရာတွေက သိပ်မများဘူး။ သက်သာပါတယ်"ဟု မရမ်းကုန်းမြို့မရဲစခန်းမှ တာဝန်ကျရဲအရာရှိတစ်ဦးက စက်တင်ဘာ ၂၂ ရက်တွင်ပြောသည်။

ထို့ကြောင့် ဆိုင်ကယ်ကယ်ရီမောင်းသူ အမျိုးသားအား ယာဉ်ထိန်းတပ်ဖွဲ့စု ၁၅မှ ဒုရဲအုပ်တစ်ဦးက တရားလိုပြုကာ မရမ်းကုန်းမြို့မရဲစခန်းမှ ပြစ်မှုဆိုင်ရာပုဒ်မ ၂၇၉/၃၃၈ အရအမှုဖွင့်၍ တရားခံအား ဖမ်းဆီးစစ်ဆေးနေကြောင်းသတင်းရရှိသည်။

# အက်ပဲလ်ထုတ်ကုန်များ တရားဝင်ရောင်းချသည့်ဆိုင် မှောင်ခိုဈေးကွက်နှင့်ပြိုင်နေရ




**ရန်ကုန်၊ စက်တင်ဘာ-၂၂**
အက်ပဲလ်၏ ထုတ်ကုန်များရောင်းချသည့် တရားဝင်ဆိုင်ကို စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သော်လည်း မှောင်ခိုဈေးကွက်ကြီးနေသော မြန်မာနိုင်ငံတွင် ဈေးကွက်ပြိုင်ဆိုင်နေရသည်။

"သူတို့က ကူးသန်းရောင်းဝယ်ရေးအခွန်ပေးရတာ မရှိဘူး။ သွင်းကုန်ဖိုးလည်း မပေးရဘူး"ဟု mDrive အမည်ဖြင့် ရန်ကုန်တွင် နိုင်ငံ၏ပထမဆုံးသော တရားဝင်အက်ပဲလ်ကွန်ပျူတာအရောင်းဆိုင်ကို ဖွင့်လှစ်ခဲ့သော Make It Happen International ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဦးမြတ်ထူးကပြောသည်။ ယင်းဆိုင်သည် အက်ပဲလ်၏တရားဝင် အသိအမှတ်ပြု အရောင်းကိုယ်စားလှယ်ဆိုင်ဖြစ်သည်။ သို့သော် အခွန်အခများ မပေးရသည့်အတွက် မှောင်ခိုဈေးကွက်မှ အက်ပဲလ်ထုတ်ကုန်များကို mDrive က မယှဉ်နိုင်ဖြစ်နေသည်။

၎င်းအချက်ကြောင့် တရားဝင်အခွန်အခများအပြင် ကုန်ပစ္စည်းကို တင်သွင်းလာရမှုများနှင့်ပါ ပေါင်းလိုက်ပါက ၎င်းတို့ပစ္စည်းများ၏ဈေးမှာ အခြား တရားဝင်မဟုတ်သည့် ဆိုင်များမှ ရောင်းသော အက်ပဲလ်ထုတ်ကုန်များထက်၁၀မှသည်၁၂ရာခိုင်နှုန်း အထိ ဈေးပိုများနေစေသည်။ mDrive တွင်ရောင်းသော အက်ပဲလ်ထုတ်ကုန်များသည် ထိုင်းနှင့် စင်ကာပူနိုင်ငံတို့တွင် ရောင်းနေသော တရားဝင်အက်ပဲလ်အရောင်းဆိုင်များမှ ဈေးထက် ၁ မှ ၂ရာခိုင်နှုန်းသာ ဈေးကြီးသည်။

"လူတွေကတော့ ကျွန်တော်တို့က မှောင်ခိုဈေးကွက်ကထက် ၁၀ ဒေါ်လာလောက် ဈေးပိုကြီးပေမယ့် လူတွေဟာ ဈေးကြီးတာကို ရှာဖွေလာမှာပါ။ ပြဿနာက မှောင်ခိုဈေးကွက်ရတာတွေက ဘာအာမခံမှ မရှိတာလေ"ဟု ဦးမြတ်ထူးကပြောသည်။ သို့သော် နိုင်ငံ၏ တစ်ဦးချင်းဂျီဒီပီမှာ ဒေါ်လာ ၈၀၀ အောက်ရှိနေသော နိုင်ငံတွင် ၁၀ ဒေါ်လာမှာ ကြီးစွာသော ခြားနားချက်ဖြစ်သည်။

ကံမကောင်းစွာပင် mDrive နှင့် Futureworld Myanmar ကဲ့သို့သော အခြားတရားဝင် အက်ပဲလ်အရောင်းဆိုင်တို့မှာ ဈေးပိုသက်သာသော အက်ပဲလ်ပစ္စည်းများ နိုင်ငံတွင်းသို့ဝင်လာရန် နောက်ထပ်တစ်နှစ် (သို့မဟုတ်) ၂နှစ်ခန့် စောင့်ရပါမည်။ အစိုးရသည် အခွန်ရငွေများတွင် ဆုံးရှုံးနေသည်ကို သတိထားမိပြီးနောက် အခွန်စစ်ဆေးရေးဂိတ်နေရာများတွင် ထိုပြဿနာကို ဖြေရှင်းနိုင်ရန် အကောက်ခွန်အဖွဲ့များ ထားရှိလာနေပါသည်။

"ပြောရမယ်ဆိုရင်တော့ အရင်က ခင်ဗျားအနေနဲ့ အိုင်ပတ်ဒ် ဆယ်လုံးသယ်လာမယ်ဆိုရင် အကောက်ခွန်က များတယ်ပြောမှာမဟုတ်ဘူး။ အခုတော့ ဒီလူတွေက အဲဒါတွေနောက်ကို လိုက်နေပြီ။ သူတို့ဒီလိုကုန်ပစ္စည်းတွေကို စပြီးတင်းကျပ်လာနေပြီပေါ့"ဟု ဦးမြတ်ထူးကပြောသည်။

*—Ref: International Business Time*



Life

7 DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013

မြေမှုန်လွင်

# တရားရှာကားမှာတွေ့

အခုတစ်လော ရုံးသို့ အမြဲနောက်ကျလေ့ရှိသူမှာ ဦးဇော်ထူး ဖြစ်သည်။ ဦးဇော်ထူးကဲ့သို့ ရာထူးကြီးကြီး ပိုင်ဆိုင်ထားသူတစ်ယောက် ရုံးနောက်ကျခြင်းကို မည်သူမျှ အပြစ်ပြောရဲမည် မဟုတ်သော်လည်း ဦးဇော်ထူးသည် မိမိလိပ်ပြာ မိမိမလုံ။ နှစ်ပေါင်းများစွာ ထမ်းရွက်ခဲ့သည့် ဝန်ထမ်းရာဇဝင်တွင် အကြောင်းမဲ့ ပျက်ကွက်ခြင်း၊ နောက်ကျခြင်းဟူ၍ မရှိခဲ့။

အခုလိုနောက်ကျခြင်းသည်လည်း သူတစ်ယောက်တည်း မဟုတ်။ တစ်ရုံးလုံးပင်။ သို့သော် အကြောင်းပြချက်များကတော့ တစ်ယောက်တစ်ပေါက်ထွက်လာခြင်းမျိုး မရှိ။ တညီတညာတည်းပင်။ ကားကျပ်ခြင်း။

ကားကျပ်တာကိုတော့ ကိုယ်တိုင်ကားမောင်း၍ ရုံးတက်သော ဦးဇော်ထူးအနေဖြင့် ကိုယ်တွေ့သိသော်လည်း စိတ်တိုင်းမကျ။ ကားကျပ်တိုင်း ရုံးနောက်ကျလို့ မဖြစ်။ ထိုကြောင့် စံပြအနေဖြင့် ဖြစ်အောင် ရုံးချိန်အမီ ရောက်ရန် စီစဉ်ထားသည်။

သာမန်ထက်စောပြီး အိပ်ရာမှ ထသည်။ ရုံးချိန်ထက် တစ်နာရီ တိတိစော၍ထွက်လာသည်။ သိပ်မဆိုးလှ။ ၉ နာရီဝန်းကျင်ဆိုလျှင် ကျပ်ပိတ်နေသည့်မီးပွိုင့်တွင်ကားများရွှေ့နေသည်။ ဖြူစိမ်းဆင်တူဝတ် ကျောင်းသားများကို တင်ဆောင်လာသည့် ကျောင်းကားတစ်စီးက နောက်မှကျော်တက်ကာ လက်ပြပြီး လမ်းတောင်းနေသဖြင့်ရှေ့မှ ပေးဝင်လိုက်သည်။ ကျောင်းသားလေးတွေလည်း ကျောင်းမီအောင် စောစောသွားနေရပြီထင်သည်။ စိတ်လိုလက်ရ ပေးဝင်လိုက်သည်။ ကျောင်းသားလေးတွေကို အခုလို ဦးစားပေးလိုက်ရသဖြင့် ပီတိဖြစ်မိသည်။ တစ်နည်းအားဖြင့် ဒါနပါရမီဖြည့်ဆည်းခြင်းပင် မဟုတ်လော။

အဆိုပါ ပီတိများသည် တစ်ပွိုင့်တောင် မခံ။ နောက်တစ်ပွိုင့်တွင်လည်း ကားများရှင်းနေသဖြင့် အရှိန်အနည်းငယ်တင်၍ မောင်းလိုက်သည်။ သို့သော်

"ကျိ"

မီးပွိုင့်ထိပ်ရောက်မှ မီးဝါသွားသဖြင့် ဘရိတ်ကို စောင့်နင်းလိုက်သည်။ ဘာပဲပြောပြော အခုလိုတစ်ခါတည်းနှင့်မီးပွိုင့်ထိပ်ဆုံးသို့ မရောက်သည်မှာ ကြာခဲ့လေပြီ။ မီးပွိုင့်တွင် စိတ်အေးလက်အေး စောင့်နေတုန်းမှာပဲ ကွေ့ကြောမှ ကျော်တက်လာသည့် ဘီအမ်ဘတ်စ်ကားတစ်စီးက ဘာမပြော ညာမပြောနှင့် ရှေ့ဆုံးမှဝင် ပိတ်ကာ ခပ်တည်တည်နှင့် ရှေ့ဆုံးနေရာကို ယူလိုက်သည်။

ဦးဇော်ထူး စိတ်ထဲတွင် ထောင်းခနဲဒေါသထွက်သွားသည်။ ဒါသက်သက်လူပါးဝတာ။ စပယ်ရာနှင့် ဒရိုင်ဘာကတော့ ခပ်တည်တည်ပင်။ စပယ်ယာပေးသည့်ရေဘူးကိုပင်ယူကာ ဒရိုင်ဘာက လမ်းပေါ်သို့ပင် ထွီခနဲ ကွမ်းပလုတ်ကျင်းလိုက်သေးသည်။

လမ်းမထက်မှာ ပေကျံသွားသည့် ကွမ်းရဲရဲများကို ကြည့်ရင်း ဒရိုင်ဘာခေါင်းက သွေးများအဖြစ်မြင်လာသည်။ ဖြစ်နိုင်ရင် အခုလို လူပါးဝတဲ့ကောင်တွေကိုသေနတ်ဖြင့်ထုတ်ကာ တဒိုင်းဒိုင်းဖြင့် ပစ်သတ်ချင်လာသည်။ ဒီလိုကောင်တွေကို အရေးယူလည်း ဘာမှ မထူး။ ဒဏ်ငွေဆောင်ပြီး နောက်လစ်ရင် လစ်သလို ဥပဒေချိုးဖောက်ဦးမှာပင်။ ပစ်သတ်လိုက်တာပင် အကောင်းဆုံးဖြစ်မည်။

"ဝူး"စိတ်လျှော့။ စိတ်လျှော့။ အဆက်မပြတ် တက်လာသည့် ဒေါသများကို သက်ပြင်းရှည်ကြီးချကာ ပြန်လည်ဖြေလျှော့ရလေသည်။ ဒီလိုကောင်တွေနဲ့ ဖက်ပြီး ဒေါသထွက်နေလို့အပိုပဲ။ သည်းခံ။ သည်းခံ။ ဒါလည်း တရား သဘောနဲ့ကြည့်ရင် ခန္တီပါရမီပဲ မဟုတ်လား။ ဦးဇော်ထူးက သူ့ဘာသာ တွေးရင်း ကျေနပ်နေပြန်သည်။

ယခုလိုအိမ်မှစောစောထွက်လာခြင်း၏ အကျိုးဆက်အဖြစ် ရုံးသို့ အချိန်မီရောက်လာသည်။ သို့သော်ရုံးဆင်းချိန်ကိုတော့စောစောဆင်း၍မရ။ အချိန်မှန်သာ ဆင်းရသည်။ အကျိုးဆက်ကတော့ အိမ်အပြန် ကားပိတ်ချိန်ကိုမရှောင်နိုင်။

တစ်နေရာပြီး တစ်နေရာ ပိတ်ဆို့နေသော ကားပင်လယ်ထဲတွင် တဖြည်းဖြည်း မျောပါရွှေ့လျားနေရသည်။ ကားတစ်စီးနောက်မှ ကားတစ်စီး တန်းစီလိုက်ရမည့် အတူတူ ဆီကုန်သက်သာအောင် ရှေ့ဆုံးမှ ကားအကြီးကြီးတစ်စီးကတွဲခေါ်ကာ ရထားကဲ့သို့ ချိတ်ဆက်သွားရလျှင် ကောင်းမည်ဟုပင် တွေးမိသည်။ ဆီကုန်လည်း သက်သာမည်။ ကားမောင်းရတာလည်း မပင်ပန်းတော့။

အခုလို ကျပ်ပိတ်သိပ်နေသည့် ကြားမှာပင် တက္ကစီတစ်စီးက လမ်းပြောင်းပြန် မရမက ကျော်သွားသေးသည်။ သို့သော် သိပ်မကြာ။ လမ်းလယ်ကောင်တွင် အဆိုပါတက္ကစီပင် အခြားလမ်းတစ်ဖက်မှ လာသည့် ဂျစ်ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်ထားလေသည်။ အစောလေးကပင်သစ်လွင်တောက်ပနေသော ကားလေးသည်အခုတော့စက္ကူစုတ်လေးလုံးချေထားသလိုတစ်ခေါင်းလုံးကြေမွနေလေပြီ။ စက္ကန့်ပိုင်းလေးမှာပင် အကောင်းမှ အစုတ် ချက်ချင်းပြောင်းသွားရလေသည်။ အနိစ္စ။ အနိစ္စ။ အမြဲမရှိ။

ရန်ကုန်မြို့တွင် နေ့စဉ်ကားမောင်းနေသူ တစ်ယောက်အတွက် စိတ်ထားတတ်မည်ဆိုလျှင် မည်သည့် တရားစခန်းကိုမှ သွားရန်မလို။ တရားကောင်းကောင်း ပေါက်နိုင်မည်။ လောကီ၊ လောကုတ္တရာ အကုန်ပြေးမလွတ်။ ကားကြီး၊ ကားစုတ်များက ကားသစ်၊ ကားလေးများကို တောတွင်းဥပဒေသများ လက်စွဲထားကာ ကြီးနိုင်ငယ်ညှဉ်း အနိုင်ကျင့်ကြသူများ။ စိတ်မထင်ရင် မထင်သလို ညစ်ညစ်စုတ်စုတ် ဆဲဆိုကြသူများ။ ရှေ့ကားဘာဖြစ်နေသလဲ မလေ့လာ၊ မစူးစမ်းဘဲ ကိုယ့်အတ္တစိတ် တစ်ခုသာကြည့်ပြီး တတွမ်တွမ်ဖြင့် ဟွန်းတီးကြသူများ။ လောဘဇောဖြင့် နောက်ကားပါမပါ မကြည့်တော့ဘဲ ကားတားလိုက်တာနှင့် လမ်းဘေးသို့ ဇိခနဲ လက်ရဲဇက်ရဲ ပိတ်ရပ်ကာ ပါစင်ဂျာတင်ကြသူများ။ မိမိဆိုင်၊ မိမိအိမ်ရှေ့နေရာများကို မပိုင်သော်လည်း ပိုင်သယောင် အစွဲကြီးကာ တိုင်ထောင် တာယာချထားသူများ။ လမ်းပိတ်ပိတ်၊ မပိတ်ပိတ် ရပ်ချင်တဲ့နေရာမှာ ရပ်ချင်သလို ရပ်ကာ ရမ်းကားသူများ၊ မြင်မြင်သမျှ တရားကျစရာများပါပေ။ ထိုတရားကျစရာ ကားလမ်းမဝယ် ဦးဇော်ထူးတစ်ယောက် ဆက်လက် မောင်းနှင်နေရဦးမည်သာ။

သံသရာ မဆုံးသရွေ့။ ။



*ရန်ကုန်မြို့ ဒဂုံမြို့နယ်အတွင်းရှိ အလံပြဘုရားလမ်းပေါ်တွင် တွေ့ရသည့် ယာဉ်တန်းတစ်ခု*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးရှိသူများ ခွဲခြားဆက်ဆံခံနေရဆဲဖြစ်



**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၃**

အိတ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံထားရသူများအား ပတ်ဝန်းကျင်နှင့် ဆေးဝန်ထမ်းများက ခွဲခြားဆက်ဆံမှု များပြားနေဆဲဖြစ်ကြောင်း မြန်မာနိုင်ငံအိတ်ချ်အိုင်ဗီနှင့်နေထိုင်သူများအသင်း(MPG) ဆွေးနွေးပွဲမှသိရသည်။

“ဒီဆွေးနွေးပွဲလုပ်ခဲ့တဲ့ ခုနစ်နှစ်အတွင်း အမြဲတမ်းပါတာက ခွဲခြားဆက်ဆံခံရမှုပဲ။ ဒါကိုကြည့်ရင် ခွဲခြားဆက်ဆံခံနေရတာကို လျော့နည်းအောင်မလုပ်နိုင်သေးဘူး”ဟု MPG မှတာဝန်ရှိသူတစ်ဦးကပြောသည်။

ခုခံအားကျဆင်းမှုရောဂါနှင့်ပတ်သက်သည့် ၂၀၁၅ ရည်မှန်းချက်များတွင် ခွဲခြားဆက်ဆံမှုလုံးဝမရှိစေရန်အထိ ဆောင်ရွက်ရန်ရည်မှန်းထားပြီး ယခုပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံအိတ်ချ်အိုင်ဗီနှင့်နေထိုင်သူများအသင်း ဆွေးနွေးပွဲတွင် ထိုခွဲခြားဆက်ဆံမှုများ လျော့နည်းစေရန်လုပ်ဆောင်မည့်လုပ်ငန်းများအား ထည့်သွင်းဆွေးနွေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

“ဆေးရုံတွေမှာဆေးယူရင်နင်တို့ထွက်သွားပြီးရင် ငါးရက်လောက်ပိုးသတ်ဆေးနဲ့ဖျန်းရမှာလို့ပြောတဲ့ ခွဲခြားဆက်ဆံမှုတွေလည်းရှိနေတုန်းပါပဲ”ဟု ထိုဆွေးနွေးပွဲတက်ရောက်လာသူတစ်ဦးကပြောသည်။

ရောဂါပိုးကူးစက်ခံထားရသူများအား ခွဲခြားဆက်ဆံမှုမရှိစေရန်ဆေးရုံ၊ဆေးခန်းများရှိကျန်းမာရေးဝန်ထမ်းများကို ရောဂါပိုး စစ်ဆေးခြင်း၊ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းသင်တန်းများတွင် နှစ်သိမ့်ဆွေးနွေးမှုဆိုင်ရာ သင်တန်းများကို ပြည်နယ်နှင့်တိုင်းများတွင် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ခုခံအား၊ ကာလသား ရောဂါစီမံချက် ရန်ကုန်တိုင်းဒေသကြီးမှ ဒေါက်တာမျိုးသန့်က ပြောသည်။







## ခရမ်းပြုတ်သီးရခိုင်ချက်

ဒီတစ်ပတ်တော့ ဝိုက်ဖီက ခရမ်းသီးပြုတ်လေးတွေကို ရခိုင်ချက်စပ်စပ်လေးချက်ထားပါတယ်။

ဒီအတွက်ခရမ်းသီး (ပြုတ်သီး) ၁၀ လုံးနဲ့ ငရုတ်သီးစိမ်းအနည်းငယ်ပဲလိုပါတယ်။ ခရမ်းသီးလေးတွေကို ရေစင်အောင်ဆေးပြီးရင် ခရမ်းသီးခေါင်းလေးပါသွားတဲ့အထိ အညှာကိုဖြတ်ပါ။ ပြီးရင် အလုံးမပျက်အောင် ဓားဦးချွန်နဲ့ အလယ်ကနေခြမ်းပါ။ ဟင်းခတ်မှုန့်၊ ငါးပိလက်တစ်ဆစ်ခန့်၊ နနွင်းမှုန့်၊ ပုစွန်ခြောက်နည်းနည်းနဲ့ ငရုတ်သီး စိမ်းထောင်းကို ရေနည်းနည်းနဲ့ လုံးချက်ထားတာပါ။ ရေကိုအသီးမြုပ်ရုံထည့်ပြီး အဖုံးအုပ်လို့ တည်ပေးပါ။ ရေခန်းတာနဲ့ နောက်တစ်ကြိမ် ထပ်ထည့်လိုက်ပါ။ နှစ်ကြိမ်ကျပြီဆိုရင် ချလို့ရပါပြီ။ ဆီမပါတဲ့ခရမ်းပြုတ်သီးရခိုင်ချက်က ငါးပိနံ့ မွှေးမွှေးလေးနဲ့ ခံတွင်းမြိန်စေမှာအမှန်ပါပဲ။



# ပြည်ပရောက် မြန်မာ့အင်အားများ အသုံးချရေးအလှမ်းဝေးနေဆဲ

ခင်မေဇော်(ဝါရှင်တန်)

ယခင်က ပြည်ပရောက်မြန်မာ့အင်အားစုများဟုဆိုလျှင်ပြည်ပရောက်နိုင်ငံရေး လှုပ်ရှားသူများကို ဆိုလိုသည်။ ယနေ့တွင်မူ ထိုအင်အားစုများကို မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် ကူညီပံ့ပိုးပေးနိုင်မည့် အင်အားများအဖြစ်အစိုးရ၊ အတိုက်အခံ၊ လူမှုရေးအဖွဲ့များက ရည်ညွှန်းပြောဆိုလာကြသည်။

အမေရိကန်သို့လာရောက်ခဲ့သော သမ္မတရုံးဝန်ကြီးများဖြစ်သည့် ဦးအောင်မင်း၊ ဦးစိုးသိန်းတို့က ပြည်ပရောက်မြန်မာများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံအခြေအနေကို ရှင်းပြသည်များ၊ မေးမြန်းချက်ကို ဖြေဆိုသည်များပြုလုပ်လာသည်။ ပြည်တော်ပြန်ပြီး ပြန်လည်ထူထောင်ရေးတွင် ပါဝင်ကြရန်တိုက်တွန်းခဲ့ကြသည်။

၈၈ ကျောင်းသားခေါင်းဆောင်များ၏ပြည်ပခရီးစဉ်တွင်လည်းပြည်ပရောက်မြန်မာများ၏ အတွေ့အကြုံဗဟုသုတများဖြင့် ပြုပြင်ပြောင်းလဲရေးတွင် ဝင်ရောက်ကူညီရန် ပြောဆိုခဲ့သည်။ ပြည်ပမှ မြေစမ်းခရမ်းပျိုးဝင်ရောက်ကြည့်ရှုသူများလည်းရှိလာသည်။ အစိုးရနှင့် ပူးပေါင်း၍ ကူညီလုပ်ဆောင်သူများလည်းရှိလာသည်။ အလားတူစီးပွားရေးခွင်ကို ဝင်ရောက်လုပ်ကိုင်ရန် ကြိုးပမ်းသူများလည်းရှိလာသည်။



*စင်ကာပူနိုင်ငံသို့ ရောက်ရှိလာသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် စင်ကာပူရောက်မြန်မာများတွေ့ဆုံပွဲသို့ တက်ရောက်လာသည့် အဝေးရောက် မြန်မာများ*

မြန်မာနိုင်ငံကို ပြန်လာသင့်ပါပြီလားဟူသော အမေးကို ဒေါ်အောင်ဆန်းစုကြည်ကိုမကြာခဏမေးခဲ့ကြသည်။ သူ့အနေနှင့် အာမခံချက်မပေးနိုင်သလို တားဆီးလိုခြင်းလည်း မရှိကြောင်း၊ မိမိတစ်ဦးချင်းဆန္ဒဖြင့် ဆုံးဖြတ်ကြရန် ဒေါ်အောင်ဆန်းစုကြည်က အစဉ်တစ်စိုက်ပြန်လည်တုံ့ပြန်ဖြေဆိုခဲ့သည်။ ယခုစင်ကာပူရောက်ချိန်တွင်မူ ပြည်ပရောက်မြန်မာများပြည်တော်ပြန်၍ နိုင်ငံပြုပြင်ပြောင်းလဲရေးတွင်ပါဝင်ကြရန် တိုက်တွန်းလိုက်သည်။ ပြည်ပရောက်ချိန်တွင် မိမိသင်ယူတတ်ကျွမ်းထားသောပညာများနှင့်ဗဟုသုတများကိုပြန်လည်အသုံးချကြရန်ဆော်ဩလိုက်သည်။

သို့သော်ပြည်ပရောက် မြန်မာများအတွက် ဆိုသလောက် မလွယ်ကူသေးသည်ကို တွေ့ရသည်။ တစ်ချက်က အလုပ်အကိုင်နေရာများဖြစ်သည်။ ပြည်တွင်းတွင် ပြန်လည်ရင်းနှီးမြှုပ်နှံရန်၊ အခြေချနေထိုင်ရန် အချက်များစွာပေါ်တွင် အခြေခံနေသည်။ ပထမအချက်မှာ နေထိုင်ခွင့်ဖြစ်သည်။ ယခင်နိုင်ငံသားဟောင်းများကို အမြဲနေထိုင်ခွင့် ငါးနှစ်ဖြစ်စေစီစဉ်ပေးမည်ဟု ဝန်ကြီးများ၏ ပြည်ပခရီးတွင် ပြောဆိုခဲ့ဖူးသည်။ သို့သော် ထိုအစီအစဉ်မဖြစ်မြောက်သေးပါ။ နိုင်ငံခြားသားမှတ်ပုံတင်ကိုင်ဆောင်ထားသူများမြန်မာနိုင်ငံတွင် သွားလာနေထိုင်ရာတွင် နိုင်ငံခြားသားစရိတ်ဖြင့် ပေးချေနေရသေးသည်။ သာမန်ကမ္ဘာလှည့်ခရီးသွားတစ်ဦး၏ အခွင့်အရေးကိုပင် ယခင်မြန်မာနိုင်ငံသားများမရရှိကြပါ။ ပြည်တွင်းအလည်အပတ်ခရီးကို ၂၈ ရက်သာဗီဇာပေးပြီး ထပ်တိုးနိုင်သည်ဟုဆိုသည်။ ဗီဇာကြေးက ဒေါ်လာ ၃၀ ။ နောက်ကြောင်းပြန် အချက်အလက်များဖြည့်ရသည်။ နယ်စပ်ဂိတ်များမှ ဆိုက်ရောက်ဗီဇာမရနိုင်ပါ။ မြန်မာနိုင်ငံသားဖြစ်၍ ကမ္ဘာလှည့်ခရီးသွားတစ်ဦးအနေဖြင့် လျှောက်ထားခွင့်မရှိပါ။

**စာမျက်နှာ(၁၄)သို့**

စာမျက်နှာ(၁၄)သို့



7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013



## စက်တင်ဘာ ၂၅ မှ အောက်တိုဘာ ၁ ရက်ထိ
## မိုးလေဝသနှင့် ဇလဗေဒသိနိုင်မှုခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

အနောက်တောင်မုတ်သုံလေဦးဟာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၊ ကပ္ပလီပင်လယ်ပြင်နဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှဆုတ်ခွာသွားနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်အနောက်ဘက်ပိုင်းမှာ လေထုမငြိမ်မသက်ဖြစ်နိုင်ပြီး လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်လာနိုင်ပြီး ဘင်္ဂလားပင်လယ်အော်နဲ့ တောင်တရုတ်ပင်လယ်ပြင်တို့မှာ မုန်တိုင်းဖြစ်ဖို့ အလားအလာ များတိုးလာနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး ခေတ္တခဏမျှ လှိုင်းကြီးနိုင်ပါတယ်။ မိုးသက်လေပြင်းကျစဉ်ရေပြင်မြေပြင်လေသည်တစ်နာရီမိုင်(၂၅-၃၀) မိုင်ခန့် တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့် ၅ ပေနှင့် ၈ ပေခန့်ရှိနိုင်ပါတယ်။ ကျန်မြန်မာ့ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်ရှိနိုင်ပြီး လှိုင်းအမြင့် ၂ပေမှ ၃ ပေခန့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ချင်းပြည်နယ်တွေမှာ နေ့အပူချိန်များဟာ33C-37C နဲ့ကျန်ပြည်နယ်နဲ့တိုင်းဒေသကြီးတွေ မှာ 17C-31C ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ် ဒေသများနဲ့ တောင်ပိုင်းဒေသများတွင် မိုးတိမ်တောင်များဖြစ်ရန် သေချာမှု ၆၀ရာ ခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှာ တိမ်အသင့်အတင့် လေးရက်ခန့်ဖြစ်နိုင်ပြီး၊ သုံးရက်ခန့်နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပါတယ်။ နေပြည်တော်၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်းတို့မှာ နေရာကွက်ကျားနဲ့ ကျန်တစ်ပြည်လုံးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် ငါးရက်မှ ခုနစ်ရက်ခန့် မိုးရွာသွန်းနိုင်ပြီး တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တို့မှာ နေရာကွက်ပြီး မိုးကြီးနိုင်ပါတယ်။ ရွာရန် ရာနှုန်း ၈၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ရှိပါတယ်။

**ရေဖုံးလွှမ်းနိုင်မှုအခြေအနေ**

အထက်မြန်မာပြည်ဒေသများတွင် ရေဖုံးလွှမ်းနိုင်မှုအလားအလာများ သိသိသာသာလျော့နည်းလာပြီး ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနဲ့ မွန်ပြည်နယ်တို့မှာ ရေဖုံးလွှမ်းမှု အန္တရာယ်အလားအလာများ ဆက်လက်ရှိနိုင်ပါတယ်။

**ဒေါက်တာထွန်းလွင် (MCCW)**

စာ(၂)မှ

## အမေရိကန်ရောက် ကချင်တိုင်းရင်းသား သိုင်းပေါင်းစုံနပန်းသမား Burmese Python အောင်လအန်ဆန်နှင့်တွေ့ဆုံခြင်း

တစ်နေ့ကို ကျွန်တော် ငါး၊ ခြောက်နာရီလောက်လေ့ကျင့်တယ်။ မနက်ဆိုရင် ရှစ်နာရီကနေစပြီး အလေးမတယ်။ သွေးလည်ပတ်မှုအတွက် လေ့ကျင့်တယ်။ ၁၀ နာရီမှာဝါရှင်တန်ဒီစီမှာ နပန်းကို တစ်နာရီခွဲလောက်သွားကျင့်တယ်။ ပြီးလက်ဝှေ့က နောက်တစ်နာရီကျင့်။ ပြီးတော့ မေရီလန်းဘက်ကပြန်လာ။ ညဘက်ကျတော့ ၈ နာရီကနေ ၁၀နာရီလောက်အထိ ဂျူဂျစ်ဆူကျင့်တယ်။ အဲဒီအချိန်တွေကြားမှာ သင်တန်းပေး တာတွေရှိတယ်။

**အခက်အခဲတွေကိုကျော်ဖြတ်ခဲ့ရတဲ့အချိန်မှာ စိတ်ဓာတ်ကြံ့ခိုင်အောင်ဘယ်လိုလေ့ကျင့်ယူသလဲ။**

ဒီကျောင်းရဲ့ ဒဿနရှိပါတယ်။ အဲဒါက ပါရမီက မကြိုးစားချင်ဘူးဆိုရင် ကြိုးစားမှုက ပါရမီကို အမြဲအနိုင်ရတယ်ဆိုတာပါ။ အဲဒီဒဿနကြောင့် ကျွန်တော်က ဘယ်လိုအခက်အခဲနဲ့ တွေ့တွေ့ ဆက်ပြီး ကြိုးစားတယ်။ ဘယ်သူပဲ ဖြစ်ဖြစ် ကြိုးစားရင်ရတယ်။

**အာရှသားဖြစ်လို့ဆိုပြီး နပန်းလောကမှာ ခွဲခြားဆက်ဆံခံရတာတွေရှိခဲ့သလား။**

ဒီမှာက ခွဲခြားဆက်ဆံခံရတာမျိုးလုံးဝမရှိပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်။ ဒီအားကစားမှာ အာဖရိကအနွယ်လူမည်းတွေ များတယ်။ လူဖြူက တစ်ယောက်စ၊ နှစ်ယောက်စပါတယ်။ သိုင်းပေါင်းစုံကစားတဲ့ ကျွန်တော်တို့အသင်းထဲမှာ အာရှဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲ။ ကျွန်တော်ကတော့ မြန်မာပြည်ကလူတွေ ဂုဏ်ယူနိုင်အောင် ကစားချင်တယ်။ ဘယ်သူမဆို ကြိုးစားရင်ရတယ်ဆိုတာကိုမြင်စေချင်တယ်။

**လာမယ့်လ အောက်တိုဘာ ၂၆ ရက်မှာ နောက်ပြိုင်ပွဲတစ်ခုရှိတယ်ဆိုတော့ နိုင်မယ်လို့ထင်သလား။**

အသေအချာနိုင်ရမှာပေါ့။ သူက ဂျူဂျစ်ဆူခါးပတ်ညိုရထားတဲ့ နပန်းကစားသမား။ ဆိုတော့ ကျွန်တော်ကသူ့ကို မတ်တတ်ရပ်ပြီး ထိုးမယ်။ သူ့ကိုသိပ်ကန်လို့မရဘူး။ ကန်ရင်သူက နဘမ်းနဲ့ချုပ်ပြီး ချမှာဆိုတော့လေ။ ကျွန်တော့်အသင်းနဲ့ အခုကျွန်တော်ထိုးမယ့် ဗျူဟာတွေချနေပါတယ်။ လက်ဝှေ့နဲ့ဒူးကိုပိုသုံးမယ်။

**ကချင်ပြည်နယ်မှာဖြစ်နေတဲ့ တိုက်ပွဲတွေ၊ ဒုက္ခသည်တွေနဲ့ပတ်သက်ပြီး ဘာပြောချင်သလဲ။**

မြန်မာပြည်မှာကနိုင်ငံရေးကရှုပ်တယ်လေ။ အပြင်ကကြည့်ရင် ပြောင်းလဲတယ်ဆိုပေမယ့် သိပ်ပြောင်းတာမတွေ့ရဘူး။ တကယ်ထူးခြားမှုရှိအောင်လည်း ကျွန်တော်က လောလောဆယ်မှာ ဘာမှလုပ်မပေးနိုင်တော့ စိတ်မကောင်းဘူး။ ကူရာမဲ့သလို ခံစားရတယ်။ ဘယ်လောက်ပဲ လုပ်ပေးချင်ပေမယ့် လုပ်ပေးလို့ မရတော့လေ။

**မြန်မာနိုင်ငံကိုပြန်ပြီး တစ်ခုခုလုပ်ချင်တာရှိပါသလား။**

ရှိပါတယ်။ မြန်မာပြည်မှာ အခုလောလောဆယ်တော့ မဟုတ်သေးပေမယ် ကျွန်တော့်လုပ်ပေးချင်တာ ဘာရှိလဲဆိုတော့ ဒီအားကစားကိုမြန်မာပြည်ကိုယူလာခဲ့လို့ရတယ်။ မြန်မာပြည်မှာ သင်ပေးနိုင်တယ်။ ကျွန်တော် အောင်မြင်မှုကရတဲ့ ပိုက်ဆံနဲ့ လူအများစုကို ကူညီလို့ရမယ်။ အဖြစ်လောက်လုပ်မပေးချင်ဘူး။ ကမ္ဘာ့အဆင့်ရောက်အောင် သင်ပေးချင်တယ်။ အချိန်အတိအကျတော့ မပြောနိုင်သေးပေမယ့် ကျောင်းသွားဖွင့်ပြီး သင်ပေးချင်တယ်။

**မြန်မာလူငယ်တွေကို ဘာပြောချင်ပါသလဲ။**

မြန်မာပြည်မှာ ခက်ခဲပါတယ်။ ဒါပေမဲ့အောင်မြင်ချင်ရင် လမ်းရှိ ပါတယ်။ တစ်ခါတလေ အဲဒီလမ်းကို ကိုယ့်ဘာသာ မတွေ့တတ်ဘူး လေ။ ကိုယ်မရှာနိုင်ရင် လမ်းတွေ့ထားတဲ့ သူကိုရှာပါ။ မေးပါ။ ဝါသနာပါတာ၊ စိတ်ဝင်စားတာကိုပဲ လုပ်သင့်တယ်။ အရေးကြီးတာက ကိုယ့်ဝါသနာက သူတစ်ပါးကို အကျိုးဖြစ်စေသလား၊ အကျိုးယုတ်စေသလားဆိုတာကို စဉ်းစားပြီးမှ လုပ်စေချင်တယ်။ အနာဂတ်ဆိုတာ ကိုယ့်လက်ထဲမှာပဲရှိတယ်။ အနာဂတ်မရှိဘူးဆိုတာ မဖြစ်နိုင်ဘူး။ ကိုယ်က အရမ်းကြိုးစားရုန်းကန်ရင် ဘယ်သူမဆို ဖြစ်နိုင်ပါတယ်။ ပျော်တာပဲလုပ်မယ်ဆိုရင် မကြိုးစားဘူးဆိုရင်တော့ အနာဂတ်ရှိမှာမဟုတ်ပါဘူး။ ကိုယ်ကြိုးစားတဲ့ ခွင်ထဲမှာ အတော်ဆုံးလူတွေကိုကြည့်၊ သူတို့ဘာလုပ်ခဲ့လဲဆိုတာကိုကြည့်ပြီးတော့ အတုယူပါ။ လိုက်လုပ်ပါ။ အောင်မြင်လာတဲ့သူ ဘယ်သူမဆို အလကား မအောင်မြင်ဘူးလေ။ သူတို့ အရမ်းကြိုးစားပြီးမှ အောင်မြင်လာတယ်။ ကြိုးစားတာက အချိန်လည်းကြာတယ်။ အခက်အခဲလည်းများတယ်။ အပျော်ရှာတာက လွယ်တယ်လေ။ လူ့သဘာဝကတော့ လွယ်တာ၊ ပျော်တာကိုပဲ လုပ်ချင်ကြပါတယ်။ ဒါပေမဲ့ ဘယ်သူမဆို အရမ်းကြိုးစားရင် အောင်မြင်နိုင်တယ်ဆိုတဲ့ မက်ဆေ့ချ်ကို ကျွန်တော်ပေးချင်ပါတယ်။

**လူငယ်တွေအရက်သေစာသောက်စားတာနဲ့ပတ်သက်ပြီး ကိုအောင်လအန်ဆန်ဘာပြောချင်သလဲ။**

ကျွန်တော်တို့အားကစားလောကမှာ ပြောကြတာရှိပါတယ်။ သူများက အရက်တိုက်ရင် တစ်ခွက်ကိုသောက်ပါ။ နောက်ဒုတိယတစ်ခွက်ကိုကိုင်ထားပါ။ နောက်တစ်ခွက်ကိုတော့ မသောက်ပါနဲ့တဲ့။ ဘာမဆို ချင့်ချင့်ချိန်ချိန်လုပ်ဖို့လိုပါတယ်။

**ဘဝလက်တွဲဖော်နဲ့ပတ်သက်ပြီးတော့ ဘာပြောပြနိုင်သလဲ။**

ကျွန်တော်မှာ ချစ်သူရှိပါတယ်။ သူ့နာမည်က Katie တဲ့။ နောက်နှစ်မှာ လက်ထက်မှာပါ။ သူက ဂျူဂျစ်ဆူကစားတယ်။ ဒီအသင်းမှာပဲ တွေ့ကြတာလေ။ ဝါသနာတူပေါ့။ မိဘတွေလည်း သိ ပါတယ်။ သဘောတူပါတယ်။ လက်ထက်ပြီးရင် သူ့ကို မြန်မာပြည်ခေါ်သွားမှာပါ။ သူက မြန်မာအစားအစာတွေလည်း သိပ်ကြိုက်ပါတယ်။ မုန့်ဟင်းခါးဆို အရမ်းကြိုက်တယ်။ လက်ဖက်သုတ်ကတော့ အကြိုက်ဆုံးပဲ။

**သိုင်းပေါင်းစုံပြိုင်ပွဲတွေကို ဘယ်အဆင့်ထိ လုပ်သွားဖို့ ရည်ရွယ်ထားပါသလဲ။**

ကျွန်တော့်ရဲ့ရည်ရွယ်ချက်က ကမ္ဘာ့ချန်ပီယံဖြစ်တဲ့အထိ လုပ်ချင်ပါတယ်။ ၂ နှစ်လောက်အတွင်းဖြစ်အောင် ကြိုးစားမယ်။ အဲဒီလိုရည်မှန်းချက်ထားရင် ပိုကောင်းတယ်လေ။ ဒါပေမဲ့ ဒီအချိန်အကန့်အသတ်အတွင်း မဖြစ်လည်း ကျွန်တော်ကတော့ ဆက်လုပ်သွားမှာပါပဲ။

**ဝန်ထမ်းအမြန်အလိုရှိသည်**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိပုဂ္ဂလိကဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန်

**(၁) ဆေးရုံအုပ် (Medical Supervisor)** **ကျား/မ(၁)ဦး**
- အငြိမ်းစားဆေးရုံအုပ်ဖြစ်ရမည်။

**(၂) Medical Officer** **ကျား/မ(၃)ဦး**
- M.B.B.S ဘွဲ့ရ ဆ/မ လက်မှတ်ရှိပြီး နေ့/ညမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

ညှိနှိုင်းလစာ၊ နေရာစီစဉ်ပေးမည်။

**နောက်ဆုံးဆက်သွယ်ရမည့်နေ့ - (၁၁-၁၀-၂၀၁၃)**

**ဆက်သွယ်ရန်လိပ်စာ - အမှတ်(၁၀၀၁)၊ ပြည်လမ်း၊ (၁၀)မိုင်၊ အင်းစိန်၊ ရန်ကုန်တိုင်း။**

**ဖုန်း- ၀၁-၆၄၄၈၉၅၊ ၀၁-၆၅၂၄၂၊ ၀၉-၇၃၃၇၅၇၇၇**

**Email : 777headoffice@gmail.com**

**ORIENT CLINIC အရှေ့တိုင်းဆေးခန်း**

အရှေ့တိုင်းဆေးခန်းတွင် အပြင်လိပ်ခေါင်း၊ အတွင်းလိပ်ခေါင်း၊ စအိုကွဲအက်ခြင်း၊ စအိုဝန်းကျင်ကိုက်ခဲခြင်း၊ ကျင်ကြီးစွန့်ရာ၌ သွေးထွက်ခြင်းစသည့် စအိုအူမကြီးရောဂါတို့ကို ခေတ်မီစက်ကိရိယာများဖြင့် ဆေးရုံတက်ရန်မလိုဘဲ တစ်ကြိမ်တည်းဖြင့် ပျောက်ကင်းအောင် အထူးကုသပေးပါသည်။

HPV ရောဂါပိုးကြောင့် ဖြစ်သွားသော ညှိစိုစိုအနံ့ရှိသည့် ဂေါ်ဖီပန်းပွင့်ပုံသဏ္ဍာန်လိင်အင်္ဂါကြွက်နို့ရောဂါသည် ကူးစက်ပျံ့နှံ့လွယ်ပြီး မကုသပါက ကင်ဆာရောဂါသို့ ပြောင်းလဲသွားနိုင်ပါသည်။ အရှေ့တိုင်းဆေးခန်းတွင် ခေတ်မီစက်ကိရိယာများဖြင့် တိုင်းရင်းဆေးကို အသုံးပြုပြီး လိင်အင်္ဂါကြွက်နို့များကို ကင်းစင်ပျောက်ကင်းသွားအောင် အထူးကုသပေးလျက်ရှိပါသည်။ သုက်လွှတ်မြန်ခြင်း၊

ပန်းသေပန်းညှိုး ရောဂါ၊ ကာမဆန္ဒအားနည်းခြင်း၊ ဆီးသွားရာတွင် နာကျင်ကိုက်ခဲခြင်း၊ ပြည်ယိုခြင်း၊ သွေးထွက်ခြင်းတို့ကိုလည်း တိုင်းရင်းဆေးဝါးများဖြင့် နေ့စဉ် နံနက် ၈း၃၀ မှ ည ၈း၃၀အထိကုသပေးလျက်ရှိပါသည်။ ထို့အပြင် - အာရုံကြောဆိုင်ရာ လေဖြတ်၊ လေဖြန်း၊ ထုံကျဉ်ကိုက်ခဲရောဂါများ၊ -ဆီးချို၊သွေးတိုး၊နှလုံးဆက်စပ်ရောဂါများ၊ -အရိုး၊ အကြော၊ အဆစ်ရောဂါများ၊ -နား၊ နှာခေါင်း (ထိပ်ကပ်နာအသက်ရှူမဝခြင်း)နှင့် လည်ချောင်းရောဂါများ၊ -အသည်း၊ အစာအိမ်ရောဂါများနှင့် ကင်ဆာရောဂါများကို ခေတ်မီ စက်ကိရိယာများ (သဘာဝတိုင်းရင်းပရဆေးဝါးများ)အသုံးပြု၍ ပျောက်ကင်းအောင်၊ သက်သာအောင် စေတနာထားကုသပေးလျက်ရှိပါသည်။







အမှတ် (၃၃၄ / ၃၄၄)၊ အနော်ရထာလမ်း၊ ပုဂံအိမ်ရာ ၁ လမ်းထိပ်၊ လမ်းမတော်မြို့နယ်။ ဖုန်း-၀၁ ၂၂၉၀၉၃၊ ၀၁ ၂၂၇၂၈၅

Health
7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ရန်ကုန်တိုင်းအတွင်း ဆေးလိပ်တစ်လိပ်ချင်းရောင်းလျှင် အရေးယူမည်ဟု တိုင်းဒေသကြီး အစိုးရပြောကြား



*မြန်မာနိုင်ငံတွင် ဆေးလိပ်ကို တစ်လိပ်ချင်း လွယ်လွယ်ကူကူဝယ်ယူနိုင်ဆဲဖြစ်သည်။*

ဓာတ်ပုံ - ကျော်ဇင်သန်း

**ရဲနောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ရန်ကုန်တိုင်းအတွင်း ဈေးဆိုင်များ၌ ဆေးလိပ်တစ်လိပ်ချင်း ရောင်းချပါက ဖမ်းဆီးအရေးယူမှု ပြုလုပ်သွားမည်ဟု ကျင်းပလျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းက ယခုလ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

အသက်(၁၈)နှစ် မပြည့်သူများကို မရောင်းချရန်၊ စာသင်ကျောင်းများအနီး၌မရောင်းချရန်၊ အခွန်ဆောင်အမှတ်အသား မပါဝင်သောဆေးလိပ်များကိုမရောင်းချရန်၊ဆေးလိပ်တစ်လိပ်ချင်းရောင်းဝယ်မှု မပြုရန်တို့ကို ၂၀၀၆ ခုနှစ် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသည်။

“ဆေးလိပ်တစ်လိပ်ကို ဈေးပေါပေါနဲ့ ဝယ်သောက်လို့ ရနေတာကလည်း ပြဿနာတစ်ခုပါ။ လွယ်လွယ်ရတော့လွယ်လွယ်ဝယ်သောက်နေကြတာပေါ့”ဟုအထွေထွေရောဂါကုဆရာဝန်ဒေါက်တာဝေဖြိုးက ပြောသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲမှုအတွက် ဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်သော်လည်း ထိန်းချုပ်မှုပိုင်း၌ အားနည်းနေသည်ဟု ဆေးလိပ်နှင့် ဆေးရွက်ကြီး ဆန့်ကျင်ရေးလှုပ်ရှားသူများက ပြောသည်။

မြန်မာနိုင်ငံတွင် ကျား၊ မမရွေး အသက်သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းများတွင် ဆေးလိပ်သောက်ခြင်းသည် နံပါတ်(၃) တရားခံဖြစ်ပြီး အသက်ရှင်နေသော်လည်း လူ့ဘဝဆုံးရှုံးရမှုများကို တွက်ချက်လျှင် အဆင့်(၂)နေရာတွင်ဖြစ်၍ ယောကျ်ားများတွင် အဆင့်(၁)နေရာ၌ ရပ်တည်လျက်ရှိသည်ဟု Global Barden Disease (GBD) ၏ ညွှန်းကိန်းတွင် ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် ဆယ်ဦးလျှင် တစ်ဦးသာ ဆေးလိပ်နှင့် ဆေးရွက်ကြီး မသုံးစွဲရေး ဥပဒေ၏ ကာကွယ်မှုကို ရရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ထုတ်ပြန်ထားသည်။

တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ထိုသို့ ပြောကြားခဲ့သော်လည်း လမ်းဘေးတွင် ကွမ်းယာဆိုင်များနှင့် လက်ဖက်ရည်ဆိုင်အချို့၌ ဆေးလိပ်တစ်လိပ်ချင်း ရောင်းချမှုများ ရှိနေဆဲပင် ဖြစ်သည်။

# မလိုချင်သည့် ကိုယ်ဝန်ဖျက်ချမှုက အမျိုးသမီးများ သေဆုံးရခြင်း၏ အဓိကအကြောင်းရင်းဟု စစ်တမ်းကဆို

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**

မြန်မာနိုင်ငံရှိအိမ်ထောင်ရှင် အမျိုးသမီးလေးပုံတစ်ပုံသည်ကိုယ်ဝန်တားဆေး အသုံးပြုမှု မရှိခြင်းကြောင့် မလိုချင်သည့် ကိုယ်ဝန်များရရှိနေပြီး အမျိုးသမီးများ သေဆုံးသည့်အဓိကအကြောင်းရင်းမှာ ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ဖြစ်ကြောင်း Marie Stopes International (MSI) မှ သတင်းရရှိသည်။

စစ်တမ်းများအရ ပြည်တွင်းတွင် ကိုယ်ဝန်ဆောင်နိုင်သည့် အသက်အရွယ်ရှိ အိမ်ထောင်ရှင် အမျိုးသမီး ခုနစ်သန်းခွဲခန့်ရှိပြီး ထိုထဲမှ အမျိုးသမီးတစ်သန်းခန့်မှာ သားဆက်ခြားနည်းလမ်းများနှင့် အလှမ်းဝေးနေပြီး အများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်သူများဖြစ်ကြောင်း မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် MSI မှ ဒေါက်တာစစ်နိုင်က ပြောသည်။

ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးတွင်လည်း ကိုယ်ဝန်ဖျက်ချခြင်းကြောင့်သေဆုံးသူ အမျိုးသမီးဦးရေသည်အမျိုးသမီးရောဂါအမျိုးမျိုးကြောင့် သေဆုံးသူအားလုံးထက် များပြားနေကြောင်း ဆေးရုံကြီး၏ အချက်အလက်များအရ သိရသည်။ ကိုယ်ဝန်ဆောင်မိခင် မီးဖွားရင်း သွေးလွန်ခြင်း၊ သားပျက် သားလျှောခြင်း၊ မီးမဖွားနိုင်ခြင်း၊ ပိုးမွှားဝင်ခြင်း၊ ကိုယ်ဝန်ဆိပ်တက်ခြင်းစသည့် အကြောင်းရင်းများ နှင့်လမစေ့ဘဲ ကလေးမွေးဖွားခြင်း၊ အဆုတ်ရောင်ခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် အကြောင်းများကြောင့် သေဆုံးနေကြရသည်။

စက်တင်ဘာ ၂၆ ရက်ကို ကမ္ဘာ့ပဋိသန္ဓေတားခြင်းနေ့ အဖြစ် ကျင်းပမည်ဖြစ်ပြီး လူထုအား ကိုယ်ဝန်တားခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကျန်းမာရေးပညာပေးဟောပြောမှုများပြုလုပ်မည်ဟု ဆိုသည်။

ကိုယ်ဝန်ရှိခြင်းကြောင့် ဖြစ်လာနိုင်သည့် အန္တရာယ်များ၊ ဆယ်ကျော်သက်အရွယ်တွင် ကိုယ်ဝန်ဆောင်ခြင်းများကို ကာကွယ်နိုင်ခြင်း၊ အဆင်သင့်မဖြစ်သေးသည့် အချိန်တွင် ကိုယ်ဝန်မရအောင်တားဆီးပေးခြင်း၊ ကိုယ်ဝန်ဖျက်ချမှုကို လျော့နည်းစေခြင်း၊ တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းကို လျော့ပါးစေခြင်း၊ လိင်မှတစ်ဆင့်ကူးစက်သည့် ရောဂါများအား ကာကွယ်နိုင်ခြင်း၊ အမျိုးသမီးများ ဘဝရည်မှန်းချက်များ ပိုမို၍ စွမ်းရည်မြင့်မားစေခြင်းစသည့် သားဆက်ခြားခြင်းကြောင့် ရနိုင်သည့် အကျိုးကျေးဇူးများအား အသိပညာပိုမိုကျယ်ပြန့်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သားဆက်ခြားနည်းလမ်းများမှာလည်း အမျိုးမျိုးရှိပြီး နည်းပညာအခက်အခဲမရှိသည့် စားဆေး၊ ထိုးဆေးများ ရက်ရှောင်နည်းများကဲ့သို့ နည်းလမ်းများအပြင် သားအိမ်တွင်း အကာအကွယ်ပစ္စည်းထည့်ခြင်း၊လက်မောင်းအရေပြားအောက် ပစ္စည်းထည့်ထားခြင်းစသည့် နည်းလမ်းများကို အသုံးပြုနိုင်သည်။







7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013







# ကမ္ဘာ့ခွေးရူးပြန်ရောဂါ ကာကွယ်ရေးနေ့တွင် မန္တလေးတိုင်းရှိ ခွေးလေခွေးလွင့်များအား ကာကွယ်ဆေးထိုးမည်

**ရဲနောင်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

စက်တင်ဘာ ၂၈ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ခွေးရူးပြန်ရောဂါကာကွယ်ရေးနေ့တွင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုသရေးဦးစီးဌာနနှင့် တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့(မန္တလေး)က ခွေးလေခွေးလွင့်များအား ကာကွယ်ဆေး အခမဲ့ထိုးပေးမှုများ ပြုလုပ်မည်ဟု သတင်းရရှိသည်။

"မြို့ပေါ်မှာ သုံးနေရာခွဲပြီး ထိုးပေးမယ်။ တိုင်းဦးစီးကလည်း သူ့အစီအစဉ်နဲ့ သူ ထိုးမယ်"ဟု တိရစ္ဆာန်ဆေးကုဆရာဝန်များအဖွဲ့(မန္တလေး)မှ ဒေါက်တာခင်မောင်ထွေးက ပြောသည်။

၂၀၁၃ ခုနှစ်အတွင်း မန္တလေးမြို့၌ ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက် ခွေးလေခွေးလွင့်အကောင် ငါးရာကျော်အား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ယခင်နှစ်က ကာကွယ်ဆေးထိုးပေးနိုင်ခဲ့မှုမှာ ခွေးလေခွေးလွင့် ၂,၁၄၆ ကောင်ရှိသည်ဟု သိရသည်။

"ဒီနှစ်တော့ မြို့ပေါ်မှာ ခွေးရူးပြန်ရောဂါဖြစ်တာ သိပ်မကြားမိဘူး။ မနှစ်က ထိုးခဲ့တဲ့ အကျိုးကျေးဇူးလို့ထင်ပါတယ်"ဟုဒေါက်တာခင်မောင်ထွေးက ပြောသည်။

ခွေးရူးပြန်ရောဂါ ကာကွယ်ရေးအတွက် ခွေးလေခွေးလွင့်များအား ကာကွယ်ဆေးထိုးခြင်းသည် ကုန်ကျစရိတ် ပိုမိုသက်သာ၍ ထိရောက်သောနည်းလမ်းဖြစ်သည်ဟု တိရစ္ဆာန်ဆေးကုဆရာဝန်များက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ စာရင်းများအရ မြန်မာနိုင်ငံရှိ လူဦးရေတစ်သန်းလျှင် ၂၂ ဦးမှာ ခွေးရူးပြန်ရောဂါဖြစ်ပွားနေပြီး ခွေးများအား မှတ်ပုံတင်ပြုလုပ်၍ စာရင်းအတိအကျပြုစုခြင်း၊ ကာကွယ်ဆေးထိုးခြင်းနှင့် ခွေးကောင်ရေ ထိန်းချုပ်ရေးစီမံကိန်းတို့အား နိုင်ငံတော်၏မူဝါဒဖြင့် တညီတညွတ်တည်း ဆောင်ရွက်သင့်သည်ဟု အကြံပြုထားသည်။

ခွေးရူးရောဂါကြောင့်မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ ၂၀၅ ဦး၊ ၂၀၁၂ ခုနှစ်တွင် ၂၄၀ ဦး သေဆုံးခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားခဲ့ပြီး ဆေးရုံဆေးခန်းသို့ မရောက်ဘဲ သေဆုံးခဲ့သော အရေအတွက်မှာ အဆိုပါ ကိန်းဂဏန်းများထက် နှစ်ဆကျော် ရှိသည်ဟု ကျွမ်းကျင်ပညာရှင်များက ခန့်မှန်းကြသည်။

# မိခင်နှင့်ကလေးသေဆုံးနှုန်း လျှော့ချရန် GE အကူအညီပေးမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊ စက်တင်ဘာ - ၂၁**

အမေရိကန်အခြေစိုက် GE (General Electric)ကုမ္ပဏီမှ မိခင်နှင့်ကလေးသေဆုံးမှုလျှော့ချနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးဝန်ထမ်းများအား သင်တန်း၊ နည်းပညာနှင့် ပစ္စည်းကိရိယာများပံ့ပိုးပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအစီအစဉ်တွင်ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးရုံ၊ ဆေးခန်းများ၌ကျေးလက်ဆေးသေတ္တာများနှင့်မွေးကင်းစကလေး အအေးမမိစေရန် ကာကွယ်ပေးနိုင်သည့် ပစ္စည်းများအပြင် စက်ပစ္စည်း ကိရိယာများပါဝင်ကြောင်း GE ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းနေဆဲဖြစ်သည့်အတွက် ပံ့ပိုးမှုများစတင်မည့်အချိန် အတိအကျကိုမသိနိုင်ကြောင်း ရန်ကုန်ရှိ GE ကုမ္ပဏီမှ မီဒီယာတာဝန်ခံက ပြောသည်။

ပံ့ပိုးမည့်အစီအစဉ်တွင်ကျန်းမာရေးဝန်ထမ်းလေးဆယ်ကျော်ကို ကုသရေးအထောက်အကူပြုပစ္စည်းကိရိယာများအသုံးပြုတတ်စေရန် ပူးပေါင်းဆောင်ရွက်နေပြီး ကုသစောင့်ရှောက်မှုနှင့်ဆိုင်သည့် လေ့ကျင့်ရေးဌာနတစ်ခုကိုလည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဖွင့်လှစ်သွားနိုင်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

အမေရိကန်အခြေစိုက် GE ဖောင်ဒေးရှင်းအနေဖြင့် နိုင်ငံအများအပြားတွင် ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများအတွက် ကူညီမှုများပြုလုပ်လျက်ရှိပြီး အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတွင်လည်း ထိုအကူအညီများ ပံ့ပိုးပေးလျက်ရှိသည်။

မိခင်နှင့်ကလေးသေဆုံးနှုန်း လျှော့နည်းရေး၊ ခရိုင်နှင့်မြို့နယ်ဆေးပေးခန်းများအပါအဝင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းများအတွက် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(Developing Health Globally - GHB Program) ဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းခန့်အသုံးပြုသွားဖွယ်ရှိကြောင်းသိရသည်။

Regional

7DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013

# ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်မှ အကြံပြုချက်ပေးပို့မည်

**စိုးမိုးအောင်**

**ထားဝယ်၊ စက်တင်ဘာ- ၂၁**

၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြန်လည်ပြင်ဆင်နိုင်ရန်တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်မှ အကြံပြုချက်များ ပေးပို့မည်ဟု သတင်းရရှိသည်။

တနင်္သာရီ တိုင်းဒေသကြီးလွှတ်တော်မှ အကြံပြုချက်များ ပေးပို့နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၅ ရက်တွင် တိုင်းဒေသကြီး လွှတ်တော်ရေးရာ အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၉၆၊ ဇယား (၁) နှင့် ဥပဒေပုဒ်မ ၁၈၈၊ ဇယား (၂) ပါ ဥပဒေပြုစာရင်းများနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်နိုင်ရေး အတွက် ညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌဦးထင်အောင်ကပြောသည်။

ဆွေးနွေးပွဲမှ ရရှိသော အချက်အလက်များကိုတိုင်းဒေသကြီးလွှတ်တော်မှ တစ်ဆင့်မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့ (MPU) သို့ပေးပို့မည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ ပုဂ္ဂိုလ် ၁၀၉ ဦးပါဝင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီသို့ အကြံပြုပေးပို့မည်ဟုဆိုသည်။

ဆွေးနွေးပွဲကို ပြည်သူများ တက်ရောက်ဆွေးနွေးနိုင်ရန် အတွက် စက်တင်ဘာ ၂၂ ရက်တွင် လွှတ်တော်ရုံးသို့ ဆက်သွယ်နိုင်ကြပြီး အဝေးမှ ပြည်သူများသည် ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် အကြံပြုချက်များရေးသားနိုင်သည်ဟုသိရသည်။

# ဂျပန်အစိုးရအကူအညီဖြင့် မုံရွာရပ်ကွက်ခြောက်ခုအား သောက်သုံးရေ တိုးပေးရန်စီစဉ်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၁**

ဂျပန်အစိုးရကူညီထောက်ပံ့မှုဖြင့် မုံရွာမြို့ပေါ်ရှိ ရပ်ကွက်ခြောက်ခုကိုသောက်သုံးရေတိုးချဲ့ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပြီးခဲ့တဲ့ လပိုင်းတုန်းက တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့က ကုမ္ပဏီတစ်ခုကလည်း သောက်သုံးရေဖြန့်ဖြူးဖို့ကမ်းလှမ်းထားတာရှိပါတယ်။ မုံရွာမှာ ရပ်ကွက်ပေါင်း ၂၆ ရပ်ကွက်မှာ စည်ပင်သာယာရေးအဖွဲ့က သောက်သုံးရေဖြန့်ဖြူးခဲ့တာ ၂၂ ရပ်ကွက်ရှိပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

မုံရွာမြို့ရှိ အစွန်အဖျားရပ်ကွက်များနှင့် ရေပိုက်သွယ်တန်းထားခြင်းမရှိသော ရပ်ကွက်များတွင် သောက်သုံးရေ ဖြန့်ဖြူးခဲ့သော်လည်း ရေရရှိမှု နည်းပါးနေခြင်းကြောင့် တိုးချဲ့ရေဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မုံရွာမြို့တွင် အိုးဘိုထောင်ရပ်ကွက်၊ မြို့သစ်၊ နတ်လူထိပ်ပန်၊ မုံရွာတောင်၊ အေးသာယာ၊ သလ္လာစသည့် ရပ်ကွက် ခြောက်ရပ်ကွက်အား တိုးချဲ့ရေပေးဝေရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

မုံရွာမြို့တွင် လက်ရှိရေပေးဝေမှု အခြေအနေမှာ မြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက်တွင် အိမ်ခြေ ၃၁၀၉၂၊ လူဦးရေ ၁၆၆၅၄၀ အတွက် လူဦးရေနှင့် ရေပေးဝေမှုရာခိုင်နှုန်းမှာ ၃၅ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အိမ်သုံးရေတိုင် ၂၈၇၃ တိုင်၊ အများသုံးရေတိုင် ၅၉ တိုင်၊ မီးသတ်ရေကန် ၃၅ ကန်ရှိကြောင်း သိရသည်။ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက မုံရွာမြို့နေလူဦးရေ နှစ်သောင်းကျော်အား သောက်သုံးရေ သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

မုံရွာမြို့ရှိ လူဦးရေအတွက် တစ်နေ့လျှင် ရေဂါလန် ၃၃ သိန်းကျော်လိုအပ်ပြီး လက်ရှိရေပေးဝေရေးလုပ်ငန်းများမှ တစ်နေ့လျှင် ရေဂါလန် ၁၁ သိန်းကျော်သာ ဖြန့်ဖြူးနိုင်ကြောင်း မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ စာရင်းဇယားများအရ သိရှိရသည်။



ဓာတ်ပုံ-မျိုးမင်းဦး

# မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီး နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်း အောက်တိုဘာလတွင် ပြီးစီးမည်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၁**

မုံရွာမြို့၊ ဗိုလ်ချုပ်လမ်းမကြီး နိုင်လွန်ကတ္တရာခင်းခြင်း လုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ကြီးကြပ်မှုဖြင့် ရွှေတောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ရာသီဥတု အခြေအနေများကြောင့် သတ်မှတ်ရက်ထက်နောက်ကျ၍ အောက်တိုဘာလအတွင်းပြီးစီးမည်ဖြစ်ကြောင်း ရွှေတောင် ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မုံရွာမြို့အဝင်မှ ဗိုလ်ချုပ်ကြေးရုပ်အထိ နိုင်လွန်ကတ္တရာခင်းလုပ်ငန်းကို ရွှေတောင်ကုမ္ပဏီက ဆောင်ရွက်နေခြင်းဖြစ်ပြီး စက်တင်ဘာလကုန်တွင် အပြီးဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ရာသီဥတုကြောင့် အောက်တိုဘာလအတွင်းမှသာ ပြီးစီးမည်ဖြစ်ကြောင်းအဆိုပါ တာဝန်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

မုံရွာ-မန္တလေးကားလမ်းမကြီးကို ရွှေတောင်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသော လမ်းပိုင်းဖြစ်သည့် မုံရွာမြို့အဝင်မှ ဗိုလ်ချုပ်ကြေးရုပ်လမ်းပိုင်း အရှည်ပေ ၇,၆၅၀ ပေ၊ အကျယ် ၆၄ ပေ၊ အမြင့်လမ်းထု ၃ လက်မကို ရွှေတောင်ကုမ္ပဏီက နိုင်လွန်ကတ္တရာလမ်းခင်းလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ပြီး ဗိုလ်ချုပ်ကြေးရုပ်မှ မုံရွာမြို့မြောက်ဘက်အထွက်အထိမုံရွာ-ဘုတလင်-ရေဦးလမ်းပိုင်းကို ဆုထူးပန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။



7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ထန်းကုန်းကျေးရွာတွင် သံဃသမဂ္ဂမေတ္တာရှင်အဖွဲ့ ဖွဲ့စည်းရေးဆွေးနွေး

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ- ၂၁**

ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာတွင် သံဃသမဂ္ဂမေတ္တာရှင်အဖွဲ့ ဖွဲ့စည်းရေးဆွေးနွေးပွဲကို ထန်းကုန်းကျေးရွာ မြို့လယ်ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့ကြောင်း ထန်းကုန်းကျေးရွာဒေသခံများထံမှ သိရသည်။

"သံဃသမဂ္ဂဖွဲ့စည်းရတဲ့ ရည်ရွယ်ချက်ကတော့ သံဃာတော်များစည်းလုံးညီညွတ်ရေး၊ သဘာဝဘေးအန္တရာယ်များကြုံတွေ့လာလျှင် ကူညီထောက်ပံ့ရေး၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအတွက် ကူညီထောက်ပံ့ရေး၊ သာသနာ့အာဇာနည်များပေါ်ပေါက်လာပါက ငြိမ်းချမ်းစွာ စောင့်ထိန်းဖြေရှင်းကူညီရေး စတဲ့ အချက်တွေပါ။ ဆွေးနွေးပွဲမှာ တက်ရောက်လာကြတဲ့ ဆရာတော်တွေ၊ ဒကာ၊ ဒကာမတွေစုပေါင်းပြီး ဒီအဖွဲ့အစည်းအတွက် လှူဒါန်းငွေကျပ် ၂၈ သိန်း ၆ သောင်းဝန်းကျင်တော့ရပါတယ်" ဟု ထန်းကုန်းကျေးရွာအစည်းအဝေးသို့ တက်ရောက်ခဲ့သော ဆရာတော်တစ်ပါးက ဖုန်းဖြင့် ဆက်သွယ်လျှောက်ထားမှုကို ပြန်လည်မိန့်ကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ထန်းကုန်းတိုက်နယ်ကျေးရွာအုပ်စု (၂၁)စုကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ ကန့်ဘလူမြို့ပေါ် ဘုန်းတော်ကြီးကျောင်းလေးကျောင်းမှ ဆရာတော်ကြီးများ၊ နတ်ပေး၊ ငါတို့၊ တောက္ကရုပ်၊ ကံကြီးကုန်း၊ မှော်တော် စသည့်ကျေးရွာအသီးသီးမှ ဆရာတော်သံဃာတော်များနှင့် ဘာသာရေးဆိုင်ရာ လူပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

# မန္တလေးတွင် မှတ်ပုံတင် မပြနိုင်သူ နှစ်ဦးကို ထောင်ဒဏ် ၂ နှစ်ချမှတ်

**အေးမွန်ရာပြည့်**

**မန္တလေး၊ စက်တင်ဘာ- ၂၁**

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်တွင် တရားမဝင်ရောက်ရှိနေသည့် အမျိုးသား နှစ်ဦးကို စက်တင်ဘာ ၂၁ ရက် က မှတ်ပုံတင်ရေး အက်ဥပဒေ ပုဒ်မ ၆(၃) ဖြင့် ထောင်ဒဏ် ၂ နှစ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

စက်တင်ဘာ ၁၈ ရက်ညက တောင်မြင့်ရပ်ကွက်၊ ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ လက်ဖက်ရည်ဆိုင်အတွင်း သူစိမ်းနှစ်ဦးတွေ့ရှိသည်ဟူသည့် သတင်းကြောင်း ပြည်ကြီးတံခွန်မြို့မ ရဲစခန်းမှတာဝန်ရှိသူများ၊ မြို့နယ်(လဝက)မှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ညတွင်းချင်းသွားရောက်စစ်ဆေးခဲ့ရာ နှစ်ဦးစလုံးမှ မှတ်ပုံတင်ကတ်ပြား မပြနိုင်ခဲ့သောကြောင့် မြို့နယ်လဝကရုံးသို့ ခေါ်ယူကာဆက်လက်စစ်ဆေးခဲ့ကြောင်း ပြည်ကြီးတံခွန်မြို့မရဲစခန်းမှ စခန်းမှူးကပြောသည်။

အဆိုပါနှစ်ဦးမှာ အသက် ၂၈ နှစ်အရွယ် မာမွတ်ရှော်ဖီနှင့် အသက် ၃၃ နှစ်အရွယ် ဘေလာ(လ်)ဖြစ်ပြီး ဘေလာ(လ်)မှာ အေ့စ်ရောဂါခံစားနေရပြီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်းပိုင်းတွင် နေသူဖြစ်ကြောင်း၊ မာမွတ်ရှော်ဖီမှာ စစ်တွေမှလာသူဖြစ်ကာ ရွှေလီမြို့သို့ တရားမဝင်သွားရောက်ပြီး ကျောက်စိမ်းအရောင်းအဝယ်လုပ်ကိုင်ရာ ထောင်ခြောက်လကျခံရပြီးနောက် မူဆယ်သို့ တရားမဝင်လမ်းကြောင်းဖြင့် ဝင်ရောက်လာခဲ့သူဖြစ်ကြောင်း၊ ဘေလာ(လ်)မှာ မူဆယ်မြို့ရှိ သဇင်ဆေးခန်းသို့ ART ဆေးသွားရောက်ထုတ်ယူစဉ် မာမွတ်ရှော်ဖီ နှင့် တွေ့ဆုံပြီး မန္တလေးသို့အတူတကွလာရောက်ခဲ့ကာစက်တင်ဘာ၁၈ရက်ညက လက်ဖက်ရည်ဆိုင်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

၎င်းတို့အားပြည်ကြီးတံခွန်မြို့နယ် တရားရုံးတွင် ၁၉၄၉ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေပုဒ်မ ၆(၃)ဖြင့် တရားစွဲဆိုကာ ထောင်ဒဏ် ၂ နှစ်စီချမှတ်ခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်မှူးရုံးမှ သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မြေခွန်တိုးကောက်ရန် တင်ပြ

**သန်းထူး**

**နေပြည်တော်၊ စက်တင်ဘာ- ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရက ယခုဘဏ္ဍာရေးနှစ်မှစ၍ မြေခွန်များတိုးကောက်ရန်ပြင်ဆင်ရေးဆွဲ တင်ပြလာကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောကြားသည်။

"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြေခွန်စည်းကြပ်ရေရိယာ ဧက လေးသန်းကျော်အတွက် ကျပ်သန်းပေါင်း ၁၇၁၂ သန်းဖြင့် တိုးကောက်ခံနိုင်ရန် တိုင်းဒေသကြီးအစိုးရက ပြင်ဆင်ရေးဆွဲပြီး ပေးပို့လာတာရှိပါတယ်" ဟု၍ ဦးအုန်းသန်းက စက်တင်ဘာ ၁၈ ရက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မြေခွန်နှုန်းထားကောက်ခံရာတွင် မြေအမျိုးအစားအလိုက် အမျိုးမျိုးရှိသော်လည်း အထက်ပါကိန်းဂဏန်းများအရ တစ်ဧကလျှင် ပျမ်းမျှ ၆၃၀ ကျပ်ခန့် တိုးမြှင့်ကောက်ခံရန် လျာထားရေးဆွဲခြင်းဖြစ်သည်။

မွန်ပြည်နယ်တွင်မူ ၂၀၁၂ ခုနှစ် မွန်ပြည်နယ်ဥပဒေအမှတ် ၁၀၉ ပြည်နယ်မြေယာခွန် ဥပဒေကို ၂၀၁၂ ဒီဇင်ဘာ ၁၉ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး တည်ဆဲမြေခွန်နှုန်းထားများအပေါ်တွင် အဆ ၇၀၀ ခန့် အထိ တိုးမြှင့်လျာထားကောက်ခံနိုင်ရန် ပြဋ္ဌာန်းဆောင်ရွက်ခဲ့ကြောင်း ၎င်းကထပ်မံပြောကြားသည်။

လက်ရှိကောက်ခံသော နှုန်းများမှာ လွန်ခဲ့သော ၇၅ နှစ်ကတည်းက ပြဋ္ဌာန်းခဲ့သော နှုန်းထားများဖြစ်ပြီး ပျမ်းမျှအားဖြင့် လယ်မြေ(ဆည်ရေသောက်) တစ်ဧကလျှင် ၄ ဒသမ ၂၅ ကျပ်၊ မိုးကောင်းသောက် တစ်ဧကလျှင် ၂ ဒသမ ၆၅ ကျပ်၊ ယာမြေ တစ်ဧကလျှင် တစ်ကျပ်ခန့်၊ ကိုင်း၊ ကျွန်းတစ်ဧကလျှင် ၂ ဒသမ ၄၆ ကျပ်၊ ဥယျာဉ်(ဆည်ရေသောက်) တစ်ဧကလျှင် ၆ ဒသမ ၁၈ ကျပ်၊ ဓနိမြေတစ်ဧကလျှင် ၄ ဒသမ ၃၄ ကျပ် ဟူ၍ အသီးသီးရှိသည်။

သာမန်အားဖြင့် မြေခွန်နှုန်းထားကို နှစ် ၂၀ လျှင် တစ်ကြိမ်ပြင်ဆင်လေ့ရှိကြောင်းလည်း ဦးအုန်းသန်းကဆိုသည်။ သို့သော် မြေခွန်တိုးမြှင့်ရန် တိုင်း၊ ပြည်နယ်များတွင် တစ်ပုံစံတည်း ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး တင်ပြချက်ကို လတ်တလော အတည်ပြုရန် မရှိသေးကြောင်း ဦးအုန်းသန်းက ပြောသည်။

## နယူးဟောင်ကောင် ဆေးကုခန်း

အဆင့်မြင့်နည်းပညာများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများက နောက်ဆုံးပေါ် စက်ကိရိယာများဖြင့် အထူးကုသပေးနေပါသည်။

**အမျိုးသားရောဂါ**
ပန်းသေ၊ ပန်းညှိုး၊ သုတ်လွှတ်မြန်ခြင်း၊ အမျိုးသားအင်္ဂါ (တောင့်တင်းမှုနည်းခြင်း၊ သေးငယ်ခြင်း၊ မြဲနေခြင်း)

**အရေပြားရောဂါအမျိုးမျိုး**
ကြက်နို့အစို၊ နှင်းခူ၊ အရေပြားယားယံခြင်းများ

**နား၊ နှာခေါင်း၊ လည်ချောင်း**
နာတာရှည်နှာခေါင်းရောဂါ၊ လည်ချောင်းရောင်နာ၊ နာပိတ်ခြင်း၊ အသားဖုရှိခြင်း၊ နားအူခြင်း၊ ပန်းနာရင်ကြပ်ရောဂါများ

**ဝက်ရူးပျံရောဂါ**
ပါးစပ်အမြှုပ်ထွက်ခြင်း၊ ခြေလက်ကောက်ကွေးခြင်း၊ မျက်ဖြူလန်ခြင်း

**စအိုနှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများ**
အတွင်းလိပ်၊ အပြင်လိပ်၊ ရေရာလိပ်၊ ဂရင်ဂျီနာ၊ အစာအိမ်ရောင်နာ၊ အူမကြီးရောင်နာ

**မကြာခဏခေါင်းကိုက်ခြင်း၊ အိပ်မပျော်ခြင်း**

**အဆီ၊ သွေးချို၊ အာရုံကြောပြောင်းရောဂါများ**

**လေးဖက်နာနှင့် အရိုးအဆစ်**
လည်ပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊ အဆစ်အမြစ်ကိုက်ခဲခြင်း၊ ပုံပျက်ခြင်း၊ ကြွက်သားများကျုံ့ယုံ့ခြင်း

**ကုသမှုအကျိုးရှိရန် အာမခံချက်ပေးပါသည်။**

ပိတ်ရက်မရှိ။
ဆေးခန်းဖွင့်ချိန် | နံနက် (၈:၀၀)မှ ည (၈:၀၀)ထိ

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၈၆၁၀၅၁၀

## နီလာ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့

ရည်ရွယ်ချက်

နီလာဘုရားဖူးအဖွဲ့သည် "ဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိဖူးမျှော်နိုင်ရမည်" ဟုဆန္ဒဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊

**ဗုဒ္ဓဂယာခရီးစဉ်** — (၇)ရက်ခရီး - ၈.၅ သိန်း၊ (၁၂)ရက်ခရီး - ၉ သိန်း၊ (၁၅)ရက်ခရီး -၁၀သိန်း

အောက်တိုဘာလဆန်းမှ မေလအထိ တနင်္လာ ၊ ဗုဒ္ဓဟူး ၊ သောကြာ ၊ စနေ အပတ်စဉ် ထွက်ရှိပါမည်။

**သီရိလင်္ကာ + ဘန်ကောက်ခရီးစဉ် (၇) ရက်ခရီး — (၁၂.၅) သိန်း**

(၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

ခရီးစဉ်အားလုံးသည် စရိတ်ငြိမ်းဖြစ်ပါသည်။ ဘုရားဖူးများဘက်မှ လှူဒါန်းရန်နှင့်စျေးဝယ်ရန်အတွက်သာကုန်ကျမည် ဖြစ်ပါသည်၊ မည်သည့် ခရီးစဉ်မဆို ဟိုတယ်(အိပ်/စား) သီးသန့် သွားရောက်လိုသူများကိုလည်း အထူး စီစဉ်ပေးပါသည်။

**နယ်မှဘုရားဖူးခရီးသည်များကို ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။**

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ရုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့
၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄ ၊ ၀၉-၄၂၈ ၂၁၇၂၅၁

## ဝန်ထမ်းအလိုရှိသည်

★ **Accountant** — မ (၂) ဦး
အသက်(၃၀)နှစ်အောက်၊ဘွဲ့တစ်ခုခုရရှိပြီး Accounting Software များကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်၊ အတွေ့အကြုံ (၁)နှစ်ရှိပြီး လက်ကျန်စာရင်းရှင်းတမ်း၊ အရှုံး/အမြတ်များ ကျွမ်းကျင်စွာ ရေးဆွဲတင်ပြနိုင်သူဖြစ်ရမည်၊ အခြေခံလစာ(၁၂၀၀၀၀ကျပ် + ထူးချွန်ဆု + အချိန်ပိုစံစားခွင့်)

★ **Market Developer** — ကျား/မ (၂၀) ဦး
အသက် (၂၅)နှစ်အောက်ဖြစ်ပြီး၊ ရုပ်ရည်ချောမောသူဖြစ်ရမည်၊ အမှန်တကယ် Marketing လုပ်ငန်းစိတ်ပါဝင်စားပြီး ရန်ကုန်မြို့အနှံ့သွားလာ နိုင်ရမည်၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်၊ စကားအပြောအဆို ယဉ်ကျေးသွက်လက်ရမည်၊ အမှန်တကယ်အလုပ်လုပ်ကိုင်လိုသူများသာ လျှောက်ထားရန်၊ (အခြေခံလစာ ၁၀၀၀၀၀ ကျပ် + ထူးချွန်ဆု)

CV Form၊ ပညာအရည်အချင်းမိတ္တူ၊ ဓာတ်ပုံ(၁)ပုံ၊ ရဲစခန်းထောက်ခံစာတို့နှင့်အတူ Future Media Group အမှတ်(၄၇)၊ တိုက် (G- 304)၊ ဗဟိုလမ်း၊ မနော်ဟရီရိပ်သာအလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၅၀၀၇၄၆၂၇ သို့ (၄-၁၀-၂၀၁၃) နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ရန်ကုန် – ပုသိမ်လမ်းမကြီးဘေး ကျူးကျော်တဲများ ဆီးဂိမ်းအမီ အပြီးဖယ်ရှားရန် တတိယအကြိမ် သတိပေးစာပို့

**ဖွဲ့မာန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ရန်ကုန်- ပုသိမ်လမ်းမကြီးတစ်လျှောက် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ ကျူးကျော်တဲများ ဖျက်သိမ်းပေးရန်စက်တင်ဘာ၁၇ ရက်က တတိယအကြိမ် သတိပေးစာ ထုတ်ပြန်ခဲ့ပြီး အမြန်ဆုံးဖယ်ရှားပေးခြင်း မရှိပါက စည်ပင်ဥပဒေဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျူးကျော်နေအိမ်များ ဖယ်ရှားရန် ဩဂုတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာ ၅ ရက်တွင် တစ်ကြိမ်သတိပေးစာ ပေးပို့ထားကြောင်း သိရသည်။

"ဒါတတိယအကြိမ် ပို့တာပါ။ အမြန်ဆုံးဖယ်ရှားမပေးရင် အရေးယူမယ်လို့ စာထဲမှာပါတယ်။ ဘယ်လိုအရေးယူမလဲတော့မသိဘူး။ စည်ပင်သာယာနယ်နိမိတ်ထဲက ဖယ်ရှားပေးဆိုတော့ဘယ်သွားနေရမှာလဲ။ ဘယ်နေရာမှ စည်ပင်သာယာနယ်နိမိတ်က လွတ်မှာလဲ မသိဘူး"ဟု အဆိုပါ လမ်းမကြီးဘေးတွင် နေထိုင်သူကိုညွန့်ဝင်းက ပြောသည်။

ရန်ကုန်-ပုသိမ်လမ်းမကြီး အလယ်မှ စတင်ကာဘေးတစ်ဖက်တစ်ချက်ပေ ၁၅၀ အကွာအဝေးအတွင်းရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားပေးရန် ညွှန်ကြားထားခြင်းဖြစ်သည်။မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ် အရှေ့တောင်အာရှ အားကစားပွဲတော် ကျင်းပရာတွင် ရန်ကုန်-ပုသိမ်လမ်းမကြီးကို အသုံးပြုမည်ဖြစ်သောကြောင့် ဆီးဂိမ်းမတိုင်မီ အပြီးဖယ်ရှားသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဖယ်ရှားပေးဖို့အတွက် ဒီစက်တင်ဘာလထဲမှာပဲကျူးကျော်တွေနဲ့ ဌာနဆိုင်ရာတွေ တစ်ကြိမ်တွေ့ပါတယ်။ ဖြစ်ချင်တာပြောပါဆိုတော့ ကျွန်တော်တို့ မြေနေရာအစားတောင်းတယ်။ သူတို့ကလည်း အထက်ကို တင်ပြပေးမယ်လို့ ပြောတယ်။ ခုထိတော့ ဘာမှအကြောင်းမထူးသေးပါဘူး"ဟု ဒေသခံကိုသူရိန်ဝင်းက ပြောကြားသည်။

ဖယ်ရှားပေးရန်အကြောင်းကြားခံထားရသော ရန်ကုန်-ပုသိမ်လမ်းမကြီးတစ်လျှောက်တွင် ကျူးကျော်နေအိမ်ပေါင်း တစ်ထောင်ခန့်ရှိပြီး အများစုမှာ စက်ရုံဝန်ထမ်းများဖြစ်ကာ အဆိုပါ နေရာတွင် လွန်ခဲ့သော ငါးနှစ်ခန့်ကတည်းက စတင်နေထိုင်ခဲ့ကြသည်ဟု ဆိုသည်။

# မုံရွာမြို့နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၂၁**

မုံရွာမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများတွင် ယခုနှစ် စက်တင်ဘာလဆန်းပိုင်းမှစ၍ တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး တီဘီရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး(မုံရွာ) မှတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



*ကွင်းဆင်းဆောင်ရွက်နေသော ကျန်းမာရေးဝန်ထမ်းများ* ဓာတ်ပုံ- မျိုးမင်းဦး

တီဘီရောဂါသံသယရှိသူတွေကို အခမဲ့ဓာတ်မှန်ရိုက်ပေးတယ်။ သလိပ်စစ်ပေးတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေဆောင်ရွက်ပေးပါတယ်။ တီဘီရောဂါရှိပြီး ဆေးဝါးကုသမှုမခံယူလျှင် အနီးပတ်ဝန်းကျင်မှာရှိတဲ့ မိသားစုဝင်တွေကိုပါ ကူးစက်နိုင်ပါတယ်။ တီဘီရောဂါဆေးပုံမှန်သောက်သုံးမည်ဆိုလျှင် နှစ်ပတ်အတွင်း ရောဂါရဲ့ ၉၀ ရာခိုင်နှုန်းသက်သာသလို ရောဂါကူးစက်မှုလည်း မရှိတော့ပါဘူး။ ရောဂါအပေါ်မူတည်ပြီး ခြောက်လကနေ ရှစ်လအထိ ဆေးပုံမှန်သောက်သုံးရုံနဲ့ တီဘီရောဂါလုံးဝပျောက်ကင်းနိုင်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး (မုံရွာ) မှ တီဘီရောဂါအထူးကုဆရာဝန်ကြီးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်အတွင်း တီဘီရောဂါဝေဒနာခံစားခဲ့ရသူ ၁၁,၇၆၈ ဦးရှိပြီး ယခုနှစ်ဇွန်လအထိ တီဘီရောဂါဝေဒနာခံစားခဲ့ရသူ ၄,၄၆၀ ဦးအား အခမဲ့ဆေးဝါးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုအထက်မြန်မာပြည် အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းနှင့် တိုင်းဒေသကြီးတီဘီရောဂါတိုက်ဖျက်ရေးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

# ဆူပူမှုဖြစ်ပေါ်ရန် ဖန်တီးသူ ငါးဦးကို အလုပ်နှင့် ထောင်ဒဏ်များချမှတ်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ- ၂၁**

ကျောက်ဆည်မြို့နယ်တွင် ဘာသာရေးကိုအကြောင်းပြု၍ ဆူပူမှုဖြစ်ပေါ်အောင်လှုံ့ဆော်သူ ငါးဦးကို စက်တင်ဘာ ၂၀ ရက်၌ မြို့နယ်တရားရုံးမှ အလုပ်နှင့် ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ကျောက်ဆည်မြို့နယ်၊ လက်ပန်ကျေးရွာ၌ ၂၀၁၃ ခုနှစ် မတ်လ ၄ ရက် ညက အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန် အစ္စလာမ်ဘာသာဝင် ခင်မောင်အေးပါ သုံးဦးတို့က ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့ကို ကျောက်ဆည်ရဲစခန်းမှ ပြစ်မှုပုဒ်မ ၅၀၅(ခ)အရ တရားစွဲဆိုတင်ပို့ရာ မြို့နယ်တရားရုံးမှ စက်တင်ဘာ ၂၀ ရက်တွင် အလုပ်နှင့်ထောင်ဒဏ် တစ်နှစ်စီကျခံရန် အမိန့်ချမှတ်ခဲ့သည်။

ထို့အတူ ကျောက်ဆည်မြို့နယ်၊ သင်တောင်ကြီးရွာ ရွှေသိမ်တော်ဘုရား၌ မတ်လ ၄ ရက်ညက လူအများဘုရားဝတ်ပြုနေစဉ် ဗုဒ္ဓဘာသာဝင် မျိုးဝင်းသန့်ပါ နှစ်ဦးတို့သည် ပြည်သူများ အထိတ်တလန့်ဖြစ်အောင် လုပ်ကြံသတင်းများ ဖန်တီးခဲ့ကြသဖြင့် ကျောက်ဆည်ရဲစခန်းမှ ပြစ်မှုပုဒ်မ ၅၀၅(ခ)အရ တရားစွဲဆိုတင်ပို့ပြီး မြို့နယ်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်တစ်နှစ်စီကျခံရန် အမိန့်ချမှတ်ခဲ့သည်။

COMING SOON
MYANFOOD'13
MYANMAR'S No. 1 INTERNATIONAL FOOD & DRINKS SHOW
6-8 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
MYANHOTEL'13
MYANMAR'S NO.1 INTERNATIONAL HOSPITALITY INDUSTRY SHOW
6-8 NOVEMBER 2013 • TATMADAW HALL • YANGON, MYANMAR
မြန်မာ့အကောင်းဆုံး
စားသောက်ကုန် နှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲကြီး
MYANMAR'S NO.1 INTERNATIONAL HOSPITALITY AND FOOD & DRINKS SHOW
6 - 8 November 2013
TATMADAW HALL, YANGON
www.ambexpo.com
Opening Hours : 9.00am - 5.00pm
Organised by:
AMB EVENTS SDN. BHD
Tel: +(603) 4041 9889
Fax:+(603) 2770 5301
michelle@ambexpo.com
MYANMAR REP OFFICE
Tel : +95-1- 254765
Hp : 09-73050840
khant@ambexpo.com
AMB EVENTS GROUP

COMING SOON
MYANWATER'13
INTERNATIONAL WATER & WASTEWATER TECHNOLOGY SHOW
26-28 NOVEMBER 2013 • TATMADAW HALL, YANGON
မြန်မာ့အကောင်းဆုံး
ရေ နှင့် ရေသန့်စင်ရေး လုပ်ငန်းများ ဆိုင်ရာ နိုင်ငံတကာ စက်မှုကုန်စည်ပြပွဲကြီး
MYANMAR'S BIGGEST INTERNATIONAL WATER & WASTEWATER INDUSTRY SHOW
TATMADAW HALL, YANGON
26-28 November 2013
Opening Hours : 9.00am - 5.00pm
Co- Located with:
MYANMAR INFRASTRUCTURE '13
26-28 NOV 2013 • TATMADAW HALL, YANGON
www.myanwater.org
Organised by:
AMB EVENTS SDN. BHD
Tel: +(603) 4041 9889
Fax:+(603) 2770 5301
sham@ambexpo.com
MYANMAR REP OFFICE
Tel : +95-1- 254765
Hp : 09-73050840
khant@ambexpo.com
AMB EVENTS GROUP

Restaurant & Coffee Shop များအတွက် ...
ယနေ့အောင်မြင်နေသည့် စားသောက်ဆိုင်ကြီးများတွင် အသုံးပြုလျက်ရှိသော
Tablet အသုံးပြု "အရောင်းထိန်းကွန်ပျူတာစနစ်"
• Kitchen, Counter များသို့ လူကိုယ်တိုင်သွားရန်မလို၊ Waiter မှ Tablet အသုံးပြု၍ လွယ်ကူလျင်မြန်စွာ Order များ မှာကြားနိုင်ခြင်း။
• မြန်မာ/အင်္ဂလိပ် (၂) ဘာသာဖြင့် အသုံးပြုနိုင်ခြင်း။
• နေ့စဉ်အရောင်းစာရင်းများနှင့် ရောင်းချထားသော ဟင်းပွဲ အမျိုးအမည်များ၊ အရေအတွက်များကို နေ့စဉ် ဝင်ရောက် ကြည့်ရှုစစ်ဆေးနိုင်ခြင်း။
• လုံခြုံစိတ်ချရမှုရှိခြင်း တို့အပြင် .... အခြားသော အားသာချက်များစွာဖြင့် - Quick Tablet System
Blue Ocean Strategy
Software Development Co., Ltd.
09-420243505
09-421035377

**English Composition Class**
တစ်ကြိမ်သာ သင်တန်းတက်ထားရုံနဲ့ အင်္ဂလိပ်စာ တစ်လောကလုံးမှာရှိတဲ့ ဝါကျတွေအားလုံးကို သင်ပြီးလိုက်သလို ဖြစ်သွားပြီး ငါအမှန်တကယ် စာတတ်သွားပြီလို့ မိမိကိုယ်ကို အသိအမှတ်ပြုလိုသူများအတွက် နှစ်ပေါင်း(၃၀)နီးပါး ပျောက်လုမတတ်ဖြစ်နေသော (Sentences Constructions) ဝါကျပေါင်းများစွာ ပေါင်းစပ်ဖွဲ့စည်းမှု(ဝါကျဖြစ်ပေါ်လာပုံ၊ တည်ဆောက်ပုံ၊ ပေါင်းစပ်ပုံ၊ ခွဲခြားပုံ၊ အကြောင်းအကျိုးဆက်စပ်စဉ်းစားပုံ၊ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းနဲ့ ရေးသားတွေးခေါ်ပုံနှင့် Sentence(4) မျိုး၊ Clause (5) မျိုး၊ Speech (2) မျိုး၊ Voice (2) မျိုး၊ Phrase (12) မျိုးတို့ကို ပညာရှင်တစ်ယောက်ဖြစ်သည့်တိုင်အောင် အသေးစိတ်သင်ကြားပေးသည်။
*Tuition Fees*
Basic & Intermediate Level = 20000/-
Advanced Level = 30000/-
"သင်တန်းချိန်"
တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ
ညနေ(၃း၃၀)နာရီမှ(၆း၀၀)နာရီထိ (၁-၁၀-၂၀၁၃)စမည်။ (၂)လ သင်တန်း။
စနေ၊ တနင်္ဂနွေ
ညနေ(၅း၀၀)နာရီမှ(၇း၁၅)နာရီထိ (၅-၁၀-၂၀၁၃)စမည်။ (၅)လ သင်တန်း။
နေရာ - ပြည်တော်ဦးကျောင်း၊ ကျိုက္ကဆံဘုရားအနောက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၁၁၄၈၀၁၊ www.kyelzineng.blogspot.com

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

စာမျက်နှာ (၇) မှ

## ပြည်ပရောက် မြန်မာ့အင်အားများ အသုံးချရေး အလှမ်းဝေးနေဆဲ

မြန်မာမဟုတ်သော ကမ္ဘာလှည့်ခရီးသွားတစ်ဦးသည် ဗီဇာကြေး ဒေါ်လာ ၂၀ ဖြင့် လျှောက်ထားနိုင်ပြီး နယ်စပ်ဂိတ်များမှ ဆိုက်ရောက်ဗီဇာရနိုင်သည်။

မြန်မာနိုင်ငံသို့ သွားရောက်ခဲ့သော ပြည်ပရောက်မြန်မာများ တည်းခိုသည့် နေရာတွင်လည်း အဆင်မပြေမှုများရှိကြောင်း ပြောဆိုကြသည်။ မိမိတည်းခိုသည့် မိဘဆွေမျိုးများအိမ်ကို စစ်ဆေးခြင်း၊ အပိုစာရွက်စာတမ်းများ တောင်းဆိုခြင်းစသည့်မလိုလားအပ်သည့် ဖြစ်ရပ်များကြောင့် မိမိတည်းခိုသည့်အိမ်များအတွက် အနှောင့်အယှက်ပေးရာကျသည်ဟု ပြောကြသည်။

ဆိုလိုသည်မှာပြည်ပရောက်မြန်မာများကို ပြည်ပတွင် ကြိုဆိုသလို ပြည်တွင်းမှာပါကြိုဆိုနိုင်ရန်စည်းမျဉ်းစည်းကမ်းများ ပြင်ဆင်ရန် လိုအပ်ခြင်းဖြစ်သည်။ အမိမြေကို ချစ်ခင်သူများနှင့် လက်တွဲလုပ်ဆောင်နိုင်ရန် သူတို့အတွက် အထူးအခွင့်အရေးများ စီစဉ်ပေးရန်လိုသည်။ ၎င်းတို့၏ အရည်အသွေးများကို အသုံးချလိုလျှင် သူတို့တတ်သည့်ပညာများ အသုံးချရန်နေရာစီစဉ်ပေးရန်လိုသည်။ ငွေသန်းချီရင်းနှီးသူများ မဟုတ်ကြသော်လည်း မြန်မာနိုင်ငံပြန်လည်ထူထောင်ရေးအတွက် များစွာအသုံးချနိုင်မည့် လုပ်အားများကို နွေးထွေးစွာ ကြိုဆိုရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် တံခါးပိတ်ဝါဒကျင့်သုံးခဲ့သည့် ရာစုနှစ်ထက်ဝက်နီးပါး ကျဆင်းခဲ့ရသည့် လူသားအရင်းအမြစ်များကို အကြောင်းအမျိုးမျိုးကြောင့် ပြည်ပရောက်နေသူမြန်မာများဖြင့် အစားထိုးဖြည့်သည့်နည်းအားဖြင့် မြန်မာနိုင်ငံတွင် ရှားပါးနေသော ကျွမ်းကျင်လုပ်သားများ၊ ပညာရှင်များကိုရနိုင်သည်ဟု မက်ကင်ဆေးအစီရင်ခံစာက တွက်ချက်ပြခဲ့သည်။ မြန်မာနိုင်ငံတွင် ကျွမ်းကျင်သူများ ရှားပါးလွန်းသဖြင့် ရင်းနှီးမြှုပ်နှံရာတွင်၊ ဖွံ့ဖြိုးမှုတည်ဆောက်ရာတွင် အခက်အခဲကြီးစွာရှိနေသည့်အချက်ကို နိုင်ငံတကာကျွမ်းကျင်သူများ၊ စီးပွားရေးပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံမည့်သူများက စိုးရိမ်နေကြသည်။

မှန်ပါသည်။ မြန်မာ့အင်အားများစွာရှိနေပါသည်။ မြန်မာ့ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တု၊ သစ်တောများနည်းတူ အသုံးချနိုင်သော၊ လိုအပ်သော လူ့အရင်းအမြစ်အင်အားများရှိပါသည်။ မြေအောက်သယံဇာတများကို စီမံကိန်းချထုတ်လုပ်အသုံးချနေသလိုပင် ပြည်ပရောက်နေသော မြန်မာ့လူ့အရင်းအမြစ်အင်အားများကို ထုတ်ယူအသုံးပြုနိုင်ရန် ရည်ရွယ်ချက်ရှိရှိနှင့် သီးခြားစီမံကိန်းချမှတ်လုပ်ဆောင်မှသာလည်း လိုအပ်သည့်အချိန်တွင် အင်အားများအသင့်ဖြစ်နေမည်ဖြစ်သည်။

## ဟားခါးတွင်ပုဂ္ဂလိကတက္ကသိုလ်ဖွင့်နိုင်ရေး နိုင်ငံတော်သမ္မတထံတင်ပြထား

**နန်းအောင်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၁**

ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ပုဂ္ဂလိကတက္ကသိုလ်ဖွင့်လှစ်ပေးရန် ဟားခါးမြို့၊ ချင်းလူထု၏ သဘောတူညီချက်ဖြင့်နိုင်ငံတော်သမ္မတထံစာပေးပို့ထားကြောင်း ဟားခါးတက္ကသိုလ်ဖြစ်မြောက်ရေးအဖွဲ့အတွင်းရေးမှူးဦးဇကုတ်ထန်ကပြောသည်။

ဟားခါးမြို့တွင် တက္ကသိုလ်ဖွင့်လှစ်ပေးရန် ဒေသခံရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဇွန် ၂၉ရက်တွင်ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲတွင်နိုင်ငံတော်သမ္မတကြီးထံတောင်းဆိုသွားရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

"ဟားခါးမှာ တက္ကသိုလ်ဖွင့်ဖို့ကိစ္စကို ပြည်နယ်အစိုးရအဖွဲ့နဲ့တွေ့ဆုံပြီးသမ္မတကြီးဆီစာတင်ပေးဖို့ပြောတဲ့အခါပြည်နယ်ဝန်ကြီးက သမ္မတကြီးဆီကိုယ်တိုင်ပဲ စာတင်ပါလို့ ညွှန်ကြားလာတဲ့အတွက် စက်တင်ဘာ ၆ရက်မှာ သမ္မတရုံးမှာစာတင်ထားတယ်။ အခုထိတော့ ဘာမှအကြောင်းမကြားသေးဘူး"ဟု ဦးဇကုတ်ထန်က ပြောသည်။

သမ္မတထံသို့ မူရင်းစာပေးပို့ထားခြင်းဖြစ်ပြီး ပညာရေးဝန်ကြီးရုံး၊ အဆင့်မြင့်ပညာဦးစီးဌာနရုံးနှင့် သစ်တောနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံးများတွင် မိတ္တူများ ပေးပို့ထားသည်ဟုဆိုသည်။

ချင်းပြည်နယ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ် တက်ရောက်ရန်အခက်အခဲများရှိနေပြီးပြည်မတက္ကသိုလ်များသို့သွားရောက်ပညာသင်ယူနေရသဖြင့် သွားလာစရိတ်နှင့်ပညာသင်စရိတ်များ များစွာအခက်အခဲကြုံနေရသည်ဟု သိရသည်။

ဟားခါးမြို့တွင် ပုဂ္ဂလိကတက္ကသိုလ်ဖွင့်လှစ်ရေးနှင့် ပတ်သက်ပြီး "ဒီကိစ္စကအစိုးရမှာပဲတာဝန်ရှိပါတယ်။ အစိုးရကမလုပ်ပေးလို့သာချင်းလူကြီးတွေက ကိုယ်ယူကိုယ်ထစီစဉ်ပြီးလုပ်တာ။ အစိုးရကဆင်းရဲခက်ခဲတဲ့ဒေသ၊ ကျောင်းသားတွေနည်းတဲ့ဒေသကို ဦးစားပေးပြီးလုပ်ပေးရမှာကို ဦးစားမပေးဘဲနဲ့ နေရာဒေသခက်ခဲလို့၊ ကျောင်းသားတွေနည်းလို့ဆိုပြီး အကြောင်းပြနေရင်တော့ တိုင်းရင်းသားများနဲ့တန်းတူညီမျှမှုဆိုတာ ဘယ်လိုမှဖြစ်လာမှာ မဟုတ်ဘူး"ဟုချင်းအမျိုးသားပါတီ အထွေထွေအတွင်းရေးမှူးဆလိုင်းကျဲအိုဘိခ်ထောင်းကပြောသည်။

ချင်းပြည်နယ်တွင် တက္ကသိုလ်တစ်ခုဖွင့်လှစ်ရေးအတွက် နိုင်ငံတော်အစိုးရများ၊ လွှတ်တော်အဖွဲ့အစည်းများသို့အစဉ်အဆက်တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း ဖွင့်လှစ်ခွင့်မရရှိခဲ့ဟု ဆိုသည်။

ဟားခါးမြို့တွင် တက္ကသိုလ်ဖွင့်လှစ်ခွင့်ရရှိခဲ့ပါက ငါးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၄ ဒီဇင်ဘာတွင် ပထမအဆင့်ဖွင့်လှစ်သင်ကြားနိုင်အောင် ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း တက္ကသိုလ်ဖြစ်မြောက်ရေးအတွင်းရေးမှူးကဆိုသည်။

## တောထဲသွားပျောက်ရှာရင်း ဆင်ရိုင်းနင်းခံရပြီး သေဆုံး

**စိုင်းသာအောင်**

**သပိတ်ကျင်း၊ စက်တင်ဘာ- ၂၁**

သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စုတွင် တောဆင်ရိုင်းအနင်းခံရပြီးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု၊ ဇရစ်အိုင်ထဲတွင် စက်တင်ဘာ ၁၉ ရက် ညနေ ၃ နာရီခန့်က ဦးချစ်သိန်းနှင့်သားဖြစ်သူ ကျော်နိုင်တို့သည် တောထဲသို့ ပျောက်ဆုံးနေသော နွားရှာရန်သွားစဉ် တောဆင်ရိုင်းနှင့်တွေ့၍ ထွက်ပြေးခဲ့ရာ သားဖြစ်သူက လွတ်မြောက်ခဲ့သော်လည်း ဖခင်မှာ တောဆင်ရိုင်းအနင်းခံရပြီး သေဆုံးခဲ့သည်။

သပိတ်ကျင်းမြို့နယ်ရဲစခန်းမှ ရဲအရာရှိတစ်ဦးက "တောဆင်ရိုင်းတွေဟာ မိုးတွင်းမှာ ဝါးတောတွေမှာ အစာရှာပြီးနေတတ်တယ်။ သပိတ်ကျင်း-မိုးကုတ်လမ်း၊ မန္တလေး-မိုးကုတ်လမ်း၊ ချောင်းကြီး၊ ကျောက်ဖြူ၊ ဝါးဖြူတောင်လမ်းတွေမှာ တောဆင်ရိုင်းတွေဖြတ်တဲ့နေရာရှိတယ်။ အဲဒီနေရာတွေမှာ'တောဆင်ရိုင်းတွေဖြတ်ကူးသောနေရာ၊ သတိထားပါ'လို့စာတန်းတွေလည်းရေးထားပါတယ်။ တောထဲထင်းရှာ၊ မျှစ်ချိုး၊ တောလိုက်၊ နွားရှာ၊ ယာခင်းလုပ်ရင်း တောဆင်ရိုင်းတွေနဲ့ မကြာခဏတွေ့တတ်ပါတယ်။ တောဆင်ရိုင်းတွေကို ဘတ်နဲ့မပစ်ဖို့၊ အခြားနည်းနဲ့ရန်မရှာဖို့ ကျေးရွာတွေကို ပညာပေးထားပါတယ်။ နှစ်စဉ် ဒီနယ်မှာ တောဆင်ရိုင်းရန်ကြောင့် သုံးဦးလောက်သေဆုံးတတ်ပါတယ်" ဟု ပြောသည်။

သေဆုံးမှုနှင့် ပတ်သက်၍ သပိတ်ကျင်းမြို့မရဲစခန်းက သေမှုသေခင်းအမှတ် ၂၅/၁၃ဖြင့်အမှုဖွင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

ခေတ်မှီ ဆေးခန်း

ခေတ်မှီသောစက်ကိရိယာများနှင့် နည်းပညာများကို အသုံးပြု၍
အောက်ပါရောဂါများကို အထူးကုသပေးနေပါသည်။

PPH စအိုအူလမ်းကြောင်းကုထုံး
အတွင်းလိပ်၊ အပြင်လိပ်၊ ရောရာလိပ်၊
စအိုကွဲ၊ ဂရင်ဂျီနာ၊ ဝမ်းသွားသွေးပါခြင်းများ
နှင့် အစာအိမ်ရောင်၊ အူရောင်နာ

လေးဖက်နာနှင့် အရိုးကြောရောဂါ
ကြွက်သားကျုံ့ယုံ့ခြင်း၊ လေးဖက်နာအမျိုးမျိုး၊
အရိုးကျီးပေါင်းတက်ခြင်း၊ လေဖြတ်ခြင်း၏
နောက်ဆက်တွဲရောဂါ

အမျိုးသားများအတွက် အားဖြည့်စခန်း
ကျောက်ကပ်အားနည်းခြင်း၊ ပန်းသေ၊
ပန်းညှိုး၊ သုတ်လွှတ်မြန်၊ ကလေးမရ
မြုံခြင်း စသည့်ရောဂါများ

နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု
နှာတာရှည်နှာခေါင်း လည်ချောင်းရောင်နာ၊
နှာခေါင်းအလာဂျီ၊ နှာတွင်းအသားဖု၊ နားအူခြင်း၊
ပန်းနာရင်ကျပ်ခြင်း

အရေပြားရောဂါအမျိုးမျိုး
ဝှက်၊ ပွေး၊ ညှင်း၊ ခရုသင်း၊ နှင်းခူ၊
အာရုံကြောကြောင့် အရေပြားရောင်ခြင်းများ

ပိတ်ရက်မရှိ။
ဆေးခန်းဖွင့်ချိန် | နံနက် ၈း၀၀ မှ
ည ၈း၀၀ ထိ

စသည့်ရောဂါများကို အချိန်တိုအတွင်းပျောက်ကင်းအောင် ကုသပေးနေကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ်(၈)၊ စဉ်းအိုးတန်းအောက်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၂၁၃၈၀၈၀၀

ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက် MAI ) ခရီးစဉ် — 950 USD + ၅၀၀၀၀ိ/-
သံဝေဇနီယ ( ၄ )ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/ ၈ရက်) ခရီးစဉ် — 850 USD + ၅၀၀၀၀ိ/-
သက်သနဂိုရ် အစလစေတီတော်ဌာပနာပိတ်ပွဲ နှင့် သီတင်းကျွတ်လပြည့်နေ့ ဆီမီးတစ်ထောင်ပူဇော်ပွဲ အခမ်းအနားများသို့ တက်ရောက်လိုသူ ဘုရားဖူးအလှူရှင်များတို့သည် အောက်တိုဘာလ(၁၂)ရက်နေ့ ထွက်ခွာမည့်အဖွဲ့နှင့် လိုက်ပါစာရင်းသွင်းနိုင်ပြီဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။
(ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ အောက်တိုဘာလ (၅) ရက်နေ့မှ စ၍ အပတ်စဉ် စနေနေ့တိုင်း ထွက်ခွာပါမည်။)
ဒါနဘုရားဖူးအဖွဲ့ - အမှတ် (၂၅)၊ အခန်းအမှတ် (၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးတာဝါ၊ ဗဟိုစေတီလမ်း၊ စမ်းချောင်း၊
ဖုန်း - 536348, 537707, 537708,09 500 1763, 09 501 3727, 09 7322 5849, 09 516 4664
မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ပဟန်း၊ ရန်ကုန် • ဖုန်း - 545215, 545216, 555173
ပုဒ္ဓဗမ္မဒါနစေတနာရှင်များအဖွဲ့-ရွှေမြင်တင်ဦးညို - အမှတ် (၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန် • ဖုန်း- 542236
မန္တလေးရုံးခွဲ-(၃၀၀-B)၊၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေး • ဖုန်း -09 402 64 8989, 09 5300305

CHECK
Engine Doctor Engineering
မော်ဒယ်မြင့်ကားများအတွက်ကွန်ပြူတာထိန်းချုပ်မှုစနစ်သင်တန်း
အင်ဂျင်နီယာများကိုယ်တိုင်ကြီးကြပ်သင်ကြားသည်၊ သီအိုရီနှင့်လက်တွေ့လေ့ကျင့်မှု ပေါင်းစပ်သင်ကြားသည်၊ ခေတ်မီကွန်ပြူတာစမ်းသပ်ကိရိယာများ အသုံးပြုသင်ကြားသည်၊
အမှတ်စဉ် (၃၀)(၃၁)(၃၂) ပုံမှန်တန်းခွဲသစ်များကို
အောက်တိုဘာ ၃ ရက် နေ့တွင် စတင်ဖွင့်လှစ်ပါမည်
Tel: 09 4211 444 95, 09 4211 444 96, 09 4211 444 97
No. 102 Ground Floor, 52nd St., Middle Blk, Yangon.
OBDII

# Education

7 DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013


## တောင်ကြီးတွင် ဆေးတက္ကသိုလ်အသစ် ဆောက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

မြန်မာနိုင်ငံတွင် ငါးခုမြောက် ဆေးတက္ကသိုလ်တစ်ခုအနေဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင် ဆေးတက္ကသိုလ်အသစ် တည်ဆောက်ရန် ကျန်းမာရေးဝန်ကြီးဌာနက နိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါခေါ်ယူလိုက်သည်။

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ရှိ ဆေးတက္ကသိုလ်တွင် သင်ကြားရေးဆောင် နှစ်ဆောင်၊ သင်ကြားရေးခန်းမတစ်ဆောင်၊ ပင်မဆောင်နှင့် အခြားအဆောက်အအုံများ တည်ဆောက်သွားရန် ကြေညာထားခြင်းဖြစ်သည်။

လက်ရှိ ရန်ကုန်ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ဆေးတက္ကသိုလ်(၂)၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်တို့ကို အသုံးစရိတ်တိုးမြှင့်သုံးစွဲ၍ အရည်အသွေးမြှင့်တင်ရန် ပညာရှင်အချို့က ဝေဖန်ထောက်ပြမှုများရှိနေသော်လည်း တောင်ကြီးဆေးတက္ကသိုလ်ကို တိုးချဲ့ဖွင့်လှစ်ရန် ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုလိုက်ခြင်းဖြစ်သည်။

လွန်ခဲ့သည့် ပညာသင်နှစ်များတွင် ဆေးတက္ကသိုလ်များ၏ ကျောင်းဝင်ခွင့်လက်ခံသော ကျောင်းသားဦးရေကို ထက်ဝက်လျှော့ချလက်ခံခဲ့ရာ တောင်ကြီးဆေးတက္ကသိုလ်တည်ထောင်ပြီးပါက ဆေးပညာသင်ယူလိုသော ကျောင်းသားများအတွက် အခွင့်အလမ်း တိုးမြင့်ရရှိနိုင်မည်ဖြစ်သည်။

ထို့ပြင် ပြင်ပနိုင်ငံများကလည်း ပြည်တွင်း၌ ဆေးတက္ကသိုလ်လာရောက်တည်ထောင်ဖွင့်လှစ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများရှိနေပြီး မကြာမီတွင် ပုဂ္ဂလိကဆေးတက္ကသိုလ်များလည်း မြင်တွေ့ရဖွယ်ရှိနေသည်။



*ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းတစ်ခုမှ ကလေးငယ်များ*

ဓာတ်ပုံ- ဂျေမောင်မောင်(အမရပူရ)

## ရခိုင်ဒေသမှ ဒုက္ခသည် ကလေးငယ်များအတွက် ငြိမ်းချမ်းရေးပညာရေး အစီအစဉ်ဖြင့် ကူညီမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

ဒုက္ခသည် စခန်းများမှ ကလေးများအတွက် ရည်ရွယ်၍ ရခိုင်ပြည်နယ်ရှိ မြို့နယ်သုံးခုတွင် ငြိမ်းချမ်းရေးပညာရေး (Peace Education) အစီအစဉ်ကို ဘယ်လ်ဂျီယမ်အစိုးရအကူအညီဖြင့် ဆောင်ရွက်သွားရန် မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာနက အတည်ပြုလိုက်ကြောင်း UNESCO က သတင်းထုတ်ပြန်သည်။

ရခိုင်ပြည်နယ်ရှိ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် ပဋိပက္ခကြောင့် ထိခိုက်ခဲ့သော စာသင်ကျောင်း ၄၀ မှ ဆရာ၊ ဆရာမ ၃၅၀ ဦးအား သင်တန်းပေးသွားမည်ဖြစ်ပြီး ကျောင်းသားတစ်သောင်းခန့်အား အကျိုးပြုစေမည့် အစီအစဉ်ကို သဘောတူညီခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်တွင်မိဘ၊ ဆရာအသင်းအရေအတွက် ၄၀ ကို ပြန်လည်အသက်ဝင်စေရန် ရည်ရွယ်ထားသည့်အပြင် ရပ်ရွာပညာပဒေသာဌာန သုံးခုကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"ဒုက္ခသည်စခန်းကို ဗမာလည်း ဝင်လို့မရဘူး။ ရခိုင်လည်း ဝင်လို့မရဘူးဆိုတော့ အဲဒီမှာရှိတဲ့ ပညာတတ်ထားသူတွေကို သင်တန်းပေးမှာပါ။ အဲဒီစခန်းတွေက ကလေးတွေပညာသင်ယူနိုင်ဖို့ သင်တန်းပို့ချမယ့်အစီအစဉ်ကို ဆောင်ရွက်သွားမှာပါ" ဟု ပညာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောသည်။

ရခိုင်ပြည်နယ်၌ ပဋိပက္ခများဖြစ်ပွားပြီးနောက် ကျောင်းသားသောင်းချီနှင့် စာသင်ကျောင်း ရာချီ၍ သက်ရောက်မှုဖြစ်ပေါ်ခဲ့ပြီး မြန်မာအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် လူ့အဖွဲ့အစည်းအတွင်း တင်းမာမှုများ လျှော့ချနိုင်ရန် ငြိမ်းချမ်းရေးပညာရေးအစီအစဉ်ကို နံပါတ်တစ်ဦးစားပေးအနေဖြင့် သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးပညာရေး အစီအစဉ်သည် ဆရာ၊ ဆရာမများ၏ စွမ်းရည်ကိုမြှင့်တင်ခြင်း၊ ကျောင်းသားများနှင့် မိဘများအနေဖြင့် ပြဿနာဖြေရှင်းမှုဖြစ်စဉ်နှင့် လူမှုအဖွဲ့အစည်းများတွင် အများဆန္ဒသဘောထား တည်ဆောက်ခြင်း၊ နိုင်ငံသားအဖြစ် အကျုံးဝင်စေမည့် ကတိကဝတ်ဆောင်ရွက်သူများ ခိုင်မာလာစေရန် ရည်ရွယ်ထားကြောင်း UNESCO ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

အဆိုပါအစီအစဉ်သည် အများတန်းတူပညာရေး၊ လူ့အခွင့်အရေးကို အခြေခံထား၍ ခွဲခြားဆက်ဆံခြင်း၊ ဘေးဖယ်ထားခြင်းများကို ကျော်လွှားနိုင်မည့် ရေရှည်ပညာရေးပန်းတိုင်ကို ရောက်ရှိစေမည်ဖြစ်ပြီး ဒေသခံခေါင်းဆောင်များ၊ ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ အရပ်ဘက်အဖွဲ့အစည်းများကို ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိရခိုင်ပြည်နယ်ရှိဒုက္ခသည်စခန်းများတွင် ခိုလှုံနေရသော ကလေးငယ်များအတွက် ယာယီကျောင်းများ ဆောက်လုပ်၍ ပညာသင်ယူနိုင်ရန် စီစဉ်ထားသော်လည်း ဆရာအခက်အခဲ၊ စာသင်ဆောင်လိုအပ်ချက်တို့နှင့်ကြုံတွေ့နေရဆဲ ဖြစ်သည်။

## ကိုရီးယားဘွဲ့ကြိုသင်တန်း ပညာသင်ဆု အောက်တိုဘာပထမပတ်တွင် လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

ကိုရီးယားနိုင်ငံရှိ တက္ကသိုလ်တွင် ဘွဲ့ကြိုသင်တန်းတက်ရောက်နိုင်မည့် ပညာသင်ဆုအစီအစဉ်အား အောက်တိုဘာ ပထမပတ်တွင် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ကိုရီးယားသံရုံးက သတင်းထုတ်ပြန်ထားသည်။

မြန်မာကျောင်းသားနှစ်ဦး ရွေးချယ်မည့်ပညာသင်ဆုအစီအစဉ်အတွက် ပညာသင်ဆုလျှောက်လွှာများကို အောက်တိုဘာ၇ရက်မှ ၁၁ရက်အတွင်း ကိုရီးယားသံရုံးသို့ ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားရန်စည်းကမ်းချက်များတွင် ၁၉၈၉ ခုနှစ်မတ်လ ၁ရက်မတိုင်မီမွေးဖွားခဲ့သူများ၊ ဒီဂရီနှင့်အထက်ဘွဲ့ရရှိထားသူများနှင့် အထက်တန်းကျောင်းသားဘဝပညာအရည်အချင်းမှတ်တမ်းကောင်းမရရှိထားသူများကို ပညာသင်ဆုအတွက် ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်းကြေညာထားသည်။

ပညာသင်ဆုအစီအစဉ်အတွက် ရွေးချယ်ခံရသောကျောင်းသားနှစ်ဦးသည် ကိုရီးယားနိုင်ငံတွင် ၂၀၁၄ မှ ၂၀၁၉ခုနှစ်ထိပညာသင်ယူခွင့်ရရှိမည်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံကြား ပညာရေးနှင့်အပြန်လှန်ရင်းနှီးချစ်ကြည်ရေးဖလှယ်မှုအစီအစဉ်တွင် ပါဝင်ခွင့်ရရှိမည်ဖြစ်သည်။

နှစ်စဉ်ပေးအပ်နေသောကိုရီးယားပညာသင်ဆုအစီအစဉ်၌ လျှောက်ထားလိုသူများအနေဖြင့် www.niied.go.kr နှင့် www.gks.go.kr တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည်။




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# တက္ကသိုလ်နှင့်ကောလိပ်ကိုးခုတွင် စာသင်ဆောင်များတိုးချဲ့ရန်တင်ဒါခေါ်ယူ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်နှင့်ကောလိပ်ကိုးခုတွင် စာသင်ဆောင်သစ် ၁၀ခုကို တိုးချဲ့တည်ဆောက်ရန်အိတ်ဖွင့်တင်ဒါဖြင့် ခေါ်ယူကာလုပ်ငန်းရှင်များအား လုပ်ပိုင်ခွင့်ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယင်းတို့အနက်မှရန်ကုန်နည်းပညာတက္ကသိုလ်တွင်သုတေသနဆောင်ကိုခြောက်ထပ်RCသံကူကွန်ကရစ်ဖြင့်တည်ဆောက်ရမည်ဖြစ်သည်။

မုံရွာ၊ တောင်ငူ၊ မကွေးတို့ရှိနည်းပညာတက္ကသိုလ်များနှင့်မကွေးရှိအစိုးရနည်းပညာတက္က သိုလ်တို့တွင်သံကူကွန်ကရစ်သုံးထပ်စာသင်ဆောင်များကို တိုးချဲ့တည်ဆောက်ရမည်ဖြစ်သည်။

ထို့အပြင် ဇီဝနည်းပညာသုတေသနဦးစီးဌာနတွင်လည်း စာသင်ဆောင်ရုံးချုပ်နှင့် စွန်ရဲအင်းစာသင်ဆောင်တို့ကို သံကူကွန်ကရစ်နှစ်ထပ် နှစ်လုံးRCများတည် ဆောက်ခြင်းပြုလုပ်သွားရမည်ဖြစ်ကြောင်းသိရသည်။

သံကူကွန်ကရစ်နှစ်ထပ် ဆောင်များတည်ဆောက်ခြင်းကို အစိုးရနည်းပညာကောလိပ်(မြင်းခြံ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(သရက်)နှင့် ရန်ကုန်ကွန်ပျူတာတက္က သိုလ်တို့တွင်လည်း ပြုလုပ်သွားရမည်ဖြစ်သည်။

၎င်းအဆောက်အအုံများကိုဆောက်လုပ်လိုသော လုပ်ငန်းရှင်များမှာ တင်ဒါပုံစံများကိုစက်တင်ဘာ ၂၃ရက်မှစ၍ နည်းပညာဝန်ကြီးဌာန(နေပြည်တော်)တွင် လာရောက်ထုတ်ယူပြီး အောက်တိုဘာ ၂၂ရက်တွင် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

# ဧရာဝတီတိုင်းရှိ စာသင်ကျောင်း ၃၀၀ ကျော် ပြုပြင်ရန် ကျပ်သိန်းပေါင်းရှစ်သောင်းကျော်သုံးစွဲမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများတွင် စာသင်ကျောင်းဆောင် ၃၃၂ ကျောင်းကို ပြုပြင်ခြင်း၊ထိန်းသိမ်းခြင်းနှင့် အသစ်တည်ဆောက်ခြင်းများအတွက် ငွေကျပ်သိန်းရှစ်သောင်းကျော် သုံးစွဲမည်ဖြစ်ကြောင်း တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံးမှသိရသည်။

ယခုပညာသင်နှစ်တွင် အခြေခံပညာကျောင်း အဆောက်အအုံများတွင် အန္တရာယ်ရှိ၍ ဖြိုဖျက်ပြီး အသစ်တည်ဆောက်ခြင်း၊ ဥပဓိရုပ်မကောင်း၍ ပြုပြင်ခြင်း၊ ကျောင်းသားဦးရေတိုးလာ၍ တိုးချဲ့ဆောင်များဆောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်သောကျောင်းဆောင်များအတွက် ပညာရေးဝန်ကြီးဌာနမှ ငွေလုံးငွေရင်းတိုးမြှင့်ချထားပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

“မနှစ်က စာသင်ကျောင်း ၁၈၀ ကျော်အတွက် အသုံးစရိတ်ရခဲ့တယ်။ ပြီးခဲ့တဲ့ဇွန်လက စာသင်ကျောင်း ၁၆၀ ကျော်ကိုတင်ဒါခေါ်ခဲ့တယ်။ သင့်တော်တာနဲ့ နာမည်ကောင်းရှိတဲ့ ကုမ္ပဏီ ၁၅ ခုကို တာဝန်ပေးထားပြီ။ အခုဒုတိယအသုတ်အတွက် ၁၆၆ ကျောင်းကို တင်ဒါခေါ်ပြီး ကုမ္ပဏီတွေနဲ့ တွေ့မှာပါ”ဟု ဧရာဝတီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူကပြောသည်။

အစိုးရသစ်လက်ထက်တွင် ပညာရေးဝန်ကြီးဌာနသည် ပညာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲခွင့် ရရှိခဲ့၍ စာသင်ကျောင်းများပြုပြင်ခြင်း၊ အသစ်တည်ဆောက်ခြင်းတို့တွင် အဓိကဆောင်ရွက်နေပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးများကို လုပ်ပိုင်ခွင့်များစတင်လွှဲအပ်ပေးခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတွင်အခြေခံပညာကျောင်းပေါင်း ခြောက်ထောင်၊ကျောင်းသားပေါင်း တစ်သန်းကျော်တက်ရောက်ပညာသင်ယူနေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျောင်းသားအများဆုံးဒေသ တစ်ခုဖြစ်သည်။

# နိုင်ငံအတွင်း ပညာရေးလှုပ်ရှားသည့် အဖွဲ့ပေါင်း ၂၀၀ ကျော်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

မြန်မာနိုင်ငံတွင် ပညာရေးလုပ်ငန်းများ၌ ပါဝင်လှုပ်ရှားနေကြသော အဖွဲ့အစည်းပေါင်း ၂၂၄ ဖွဲ့ရှိနေပြီး ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အများဆုံး ဆောင်ရွက်နေကြကြောင်း ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး အစီရင်ခံစာအရ သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းများ ပူးတွဲ၍ လူမှုရေးနှင့် ပညာရေးဝန်ဆောင်မှုအထောက်အပံ့ပေးမှုခေတ်စားလာနေပြီး ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နာဂစ်မုန်တိုင်းကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအပါအဝင် စာသင်ကျောင်း ၆၀ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ပြီးနောက်ပိုင်း ပိုမိုကျယ်ပြန့်လာခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းနှင့်နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ပညာရေးနယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသော လုပ်ငန်းများမှာ ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျောင်းပြင်ပ ပညာရေးလုပ်ငန်း၊ အရည်အသွေးရှိ အခြေခံပညာရေး၊ ကျောင်းပညာရေးလုပ်ငန်းနှင့် အာဟာရပညာရေးလုပ်ငန်းတို့ ဖြစ်ကြောင်း အထက်ပါစာတမ်းတွင် ဖော်ပြထားသည်။

ပညာရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သူများကို လေ့လာဆန်းစစ်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကိုယ်ပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ မိဘ၊ ဆရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ ရွေးချယ်ခံအဖွဲ့အစည်းများ စသည်ဖြင့် နယ်ပယ်ကျယ်ပြန့်လျက်ရှိကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013



# ဂျပန်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲပြုလုပ်မည်

**ဟေမာနင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၁**

ဂျပန်နိုင်ငံတွင် သွားရောက်ပညာသင်လိုသူများနှင့် အလုပ်လုပ်ကိုင်လိုသူများအတွက် ဂျပန်ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာပြပွဲကို စက်တင်ဘာ ၂၉ ရက်တွင်ပြုလုပ်မည်ဖြစ်ကြောင်း RV အင်စတီကျူဒ်မှ သတင်းရရှိသည်။

ဂျပန်နိုင်ငံမှ အဖွဲ့အစည်းများဖြစ်ကြသော Asia Innovatoer's Initiative မှကြီးမှူးပြီး Japan Network for International Education, Japan Student Services Organization(JASSO) နှင့် Fourth Valley Concierge Corporation တို့မှ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်သည်။

“ဒီပြပွဲမှာဂျပန်ကတက္ကသိုလ်ကြီးတွေပါမယ်။ ဂျပန်ကော်ပိုရေးရှင်းတွေပါမယ်။ Seminor ပုံစံမျိုးနဲ့ လုပ်သွားမှာပါ။ ကိုယ်သိချင်တဲ့အကြောင်းကိုလည်း မေးမြန်းနိုင်ပါတယ်”ဟု RVအင်စတီကျူဒ်မှမန်နေဂျာဒေါ်ခင်ငြိမ်းအိစံကပြောသည်။

ပညာရေးပြပွဲတွင်ဂျပန်နိုင်ငံ၏ ပညာရေးစနစ်နှင့်ပတ်သက်၍ သိကောင်းစရာများ၊ ပညာသင်ဆုလျှောက်ထားခြင်း၊ ကျောင်းလခဆိုင်ရာသတင်းအချက်အလက်များ၊ ကျောင်းတက်ရင် အချိန်ပိုင်းအလုပ်လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများအကြောင်းတို့ကို ဆွေးနွေးပေးသွားမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် ဂျပန်ကုမ္ပဏီများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးမှုများ၊ အလုပ်သင်၊ အချိန်ပြည့်အလုပ်အကိုင်အခွင့်အလမ်းများ၊ အင်တာဗျူးနှင့် ပတ်သက်သည့်အကြံပြုချက်များအပြင် မိမိကိုသိလိုသည်များကိုတိုက်ရိုက်မေးမြန်းနိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲကို ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိပြုလုပ်မည်ဖြစ်သည်။




*မလေးရှားနိုင်ငံတွင် ကျင်းပသည့် ဂျပန်အလုပ်အကိုင်နှင့် ပညာရေးပြပွဲ*

ဓာတ်ပုံ-studyinjapan.org.my

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

Sales Manager (M-2 Posts), Sales Executive (M-3 Posts), Translator(Chinese) (M/F- 2 Posts), Driver (M- 5 Posts), HR Manager (M/F- 1 Post), HR Executive (M/F- 1 Post).

No.34/B, New University Avenue Street, Yangon. Family Entertainment Group Co.,Ltd (5 Network)

Ph: 01-8603993~7

---

**အလိုရှိသည်**

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)၊ အလုပ်သမားအလိုရှိသည်။ အသက် (၃၀)အောက်။ Vinyl ရိုက်ဖူးသူ။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

လိုင်စင်ရသူနာပြုကျွမ်းကျင် မ (၅) ဦး လစာ-တစ်သိန်းခွဲနှင့် အထက်။

ဖုန်း-၀၉ ၄၂၁၁၈၀၈၀၀

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ပုဂ္ဂလိက သစ်မာစိုက်ခင်းတွင် အုပ်ချုပ်နိုင်သူ မန်နေဂျာ ကျား (၁) ဦး

၂။ ကွန်ပျူတာကျွမ်းကျင်ပညာရှင် ခေတ်ပေါ် အိုင်တီပစ္စည်းများကို အသုံးပြုနိုင်၍ MD နှင့် မြန်မာနိုင်ငံအနှံ့ခရီးသွားနိုင်ရမည်။ ကျား (၁) ဦး

ဖုန်း-၀၂ ၂၈၇၇၀

---

**ဝန်ထမ်းအလိုရှိသည်**

အင်တာနက်ဆိုင်အကူ ဝန်ထမ်း ကျား (၁) ဦးအလိုရှိသည်။ အကျင့်စာရိတ္တကောင်းမွန်ပြီးယဉ်ကျေးစွာ ပြောဆိုနိုင်သူ။

ဖုန်း-၀၉ ၄၂၀၀၁၂၄၉၅

---

**ဝန်ထမ်းအလိုရှိသည်**

အင်္ဂလိပ်စာကျွမ်းကျင်သော ဘာသာပြန် ကျား (၁) ဦး အလိုရှိသည်။လစာညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၂၃၈၇၂၂

---

**ဝန်ထမ်းအလိုရှိသည်**

1. PR Staff F (2) Posts
2. Accountant F (1) Post
3. Car Driver F/M (2) Posts
4. Marketing F (2) Posts
5. English Translator F (3) Posts

PH:01 538552

---

**Naing Lin Air Con**

Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်စွာပြုပြင်နိုင်သူများ အလိုရှိသည်။

အမှတ်(၁၇၈)၊ ဗဟိုလမ်း၊ (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။ ဖုန်း၀၉ ၅၀၉၅၉၁၆

---

**ဝန်ထမ်းအလိုရှိသည်**

1. Thai Translator F (2) Posts
2. Media Buyer F (6) Posts
3. General Worker M (2) Posts
4. Operation Staff M/F (2) Posts
5. Event Planner M/F (2) Posts

PH: 01 505724

---

**ဝန်ထမ်းအလိုရှိသည်**

၁။ ယာဉ်မောင်း (၃) ဦး

၂။ Auto Gear မောင်းနိုင်သူ (၂) ဦး (အိမ် ကား (၁) ဦးပါဝင်)

၃။ Manual မောင်းနိုင်သူ (၁) ဦး

အနည်းဆုံးယာဉ်မောင်းသက်တမ်း (၃) နှစ် ဖုန်း- ၀၁ ၅၄၁၂၂၅

---

**ဝန်ထမ်းအလိုရှိသည်**

1.CCTV,PABX ကျွမ်းကျင် ကျား (၂) ဦး

2. Networking ကျွမ်းကျင် ကျား (၂) ဦး

ဖုန်း- ၀၁ ၅၁၉၅၈၀

---

**ဝန်ထမ်းအလိုရှိသည်**

အမျိုးသမီးစက်ချုပ်ကျွမ်းကျင် အလိုရှိသည်။

အမှတ် (၂၀၅)၊ ၅ လွှာ၊ လမ်း (၄၀)၊ (အလယ်ဘလောက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉ ၅၀၄၃၁၇၀

---

**101 Sport Bar Resturant**

Waitress (5) Posts

လစာ (၄၀၀၀၀+)၊ နေစားငြိမ်း၊ နယ်မှလာသူဦးစားပေးမည်။

ဖုန်း-၀၉ ၃၁၀၁၂၀၀၉

---

**ဝန်ထမ်းအလိုရှိသည်**

1. Receptionist Supervisor (1) M/F
2. Receptionist (3) M/(2)F
3. Housekeeping (2) M/F
4. Waiter/Waitress (2) M/F
5. Security (2) M
6. Driver (2) M

PH:01 525001

---

**ဝန်ထမ်းအလိုရှိသည်**

မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ/ဆရာမများအလိုရှိသည်။

ဖုန်း-၀၉ ၄၃၁၉၂၆၈၄

---

**ဝန်ထမ်းအလိုရှိသည်**

1. Marketing (3) Posts
2. Sales Girl (3) Posts
3. Driver (1) Post
4. Phone Operator (1) Post

PH: 09 5103839

---

**ဝန်ထမ်းအလိုရှိသည်**

Facebook Fashion တွင် တာဝန်ထမ်းဆောင်ရန် မအရောင်းဝန်ထမ်း (၃) ဦး အလိုရှိသည်။ လစာ (၆၀၀၀၀)ကျပ်။

ဖုန်း-၀၉ ၄၅၀၀၀၉၂၀၈

---

**ဝန်ထမ်းအလိုရှိသည်**

1. Ticketing Staff M/F (1) Post
2. Tour Staff M/F (1) Post

Urgent need

PH:01 558898

---

**အလိုရှိသည်**

၁။ မော်တာစက်ချုပ်ကျွမ်းကျင် ကျား/မ (၁၅) ဦး (စင်းကား/ဒါး/ကင်း)

၂။ လိုင်းကြပ် မ (၁) ဦး

အမှတ်-၄၆၊ ရန်ကြီးအောင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်။

ဖုန်း-၀၁ ၄၅၆၅၃၈

---

**ဝန်ထမ်းအလိုရှိသည်**

1. Technician (Hardware) M (2) Posts
2. အရောင်းဝန်ထမ်း M/F (2) Posts (Computer and Mobile)
3. အထွေထွေရုံးအကူဝန်ထမ်း M/F (2) Posts

ဖုန်း-၀၁ ၃၇၄၈၅၇

---

**ဝန်ထမ်းအလိုရှိသည်**

၁။ စာရင်းကိုင် ကျား/မ (၂) ဦး

၂။ အရောင်းဝန်ထမ်း ကျား/မ (၁၀) ဦး

၃။ Marketing ရုံးထိုင် ကျား/မ (၂) ဦး

၄။ ယာဉ်မောင်း ကျား (၂) ဦး

ဖုန်း-၀၁ ၂၃၀၄၃၄၄

---

**ဝန်ထမ်းအလိုရှိသည်**

၁။ တရုတ်စကားပြန် (၂) ဦး

၂။ ဂျပန်စကားပြန် (၂) ဦး

၃။ အင်္ဂလိပ်စကားပြန် (၂) ဦး

ဖုန်း-၀၁ ၅၈၅၄၄၉

---

**ဝန်ထမ်းအလိုရှိသည်**

1. Manager-Admin
2. Manager-Sale & Marketing
3. Manager Logistic
4. Manager Business Development
5. Assistant Manager Admin

ဖုန်း-၀၁ ၆၅၇၀၁၈၂၀

---

**ဟိုတယ်ရွှေဂုံတိုင်(နေပြည်တော်)**

1. Laundry Supervisor M (1) Post
2. Room Attendant F/M (3) Posts
3. Commis I M (1) Post

PH:01 552583

---

**Zawgyi House Cafe**

1. Service Manger M (1) Post
2. Waiter/Waitress M/F (3) Posts
3. Cook M (2) Post
4. Juicer M (1) Post
5. Steward M (1) Post

PH:01 380398

---

**U TOUR TRAVEL CO.,Ltd**

Marketing M/F (2) Posts

တရုတ်စကားပြောကျွမ်းကျင်ရမည်။

ဖုန်း-၀၁ ၂၀၉၂၀၉

---

**ဝန်ထမ်းအလိုရှိသည်(ရန်ကုန်/နယ်)**

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းတွင် စိတ်ပါဝင်စားသည့် ရိုးသားဖြောင့်မတ်သော ဝန်ထမ်းများ အလိုရှိသည်။

အမှတ်(၁၉၀-၁၉၂)၊ အခန်းအမှတ် (၂)၊ ဒုတိယထပ်၊ ဒဂုံတာဝါ၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**

1. HR Manager M (1) Post
2. အတွင်းရေးမှူး F (1) Post
3. မန်နေဂျာ(အလုပ်သင်) M (3) Posts

အမှတ် (၀၀၄/က)၊ တိုက်အေ၊ ယုဇနလမ်း၊ Highway Complex၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

---

**စာရင်းစစ်လုပ်ငန်း**

1. Assistant Auditor M/F (5) Posts
2. Admin Assitance M/F (1) Post
3. Admin Staff F (1) Post
4. Computer Operator M/F (1) Post
5. ကျွမ်းကျင်ယာဉ်မောင်း (3) Posts

ဖုန်း-၀၁ ၆၆၃၉၀၁

---

**ဝန်ထမ်းအလိုရှိသည်**

ယာဉ်မောင်းအလိုရှိသည်။

အမျိုးသမီး ၄၅ နှစ်အထက်၊ အောက်တိုဂီယာကျွမ်းကျင်စွာ မောင်းနိုင်သူ။

ဖုန်း-၀၉ ၇၃၀၅၆၀၄၃

---

**ဝန်ထမ်းအလိုရှိသည်**

1. Accounting Staff M (3) Posts
2. Security M (3) Posts

catherine.girl@gmail.com/ rita235163@gmail.com PH:09 43161005

---

**ဝန်ထမ်းအလိုရှိသည်**

1. Manager-Admin
2. Manager-Sale & Marketing
3. Manager Logistic
4. Manager Business Development
5. Assistant Manager Admin

ဖုန်း-၀၁ ၆၅၇၀၁၈၂၀

---

**လပ်ကီးရွှေအိုးခေါက်ဆွဲ**

လပ်ကီး ရွှေအိုးခေါက်ဆွဲလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန် အလိုရှိသည်။

Sales Representative 2 Posts, ဘွဲ့ရ၊ Delivery 2 Posts, ၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။(မန္တလေးမြို့အတွက်သာ)

ဖုန်း-၀၉ ၉၁၀၂၂၆၀၁၊ ၀၉ ၉၁၀၂၂၆၀၂

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# “မြန်မာဟာ ရင်းနှီးမြှုပ်နှံမှုတွေကို စုပ်ယူနိုင်ဖို့ စွမ်းဆောင်ရည်ကောင်းတွေ လိုအပ်နေပါတယ်”

## စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းနှင့် တွေ့ဆုံခြင်း

**အားမာန်**

စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းက မြန်မာအပါအဝင် အာဆီယံနိုင်ငံများမှသတင်းထောက်၁၅ဦးနှင့်စက်တင်ဘာ၁၇ရက်တွင်သမ္မတအိမ်တော်၌ သီးသန့်တွေ့ဆုံပြီး မေးခွန်းများကိုဖြေကြားပေးခဲ့သည်။ တောင်တရုတ်ပင်လယ်အရေး၊ အာဆီယံစီးပွားရေးအသိုက်အဝန်း၊ ၂၀၁၄ အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့်မြန်မာ၊နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုစသော မေးခွန်းများကို ဝန်ကြီးချုပ်က တစ်နာရီကျော်ကြာ ဖြေကြားပေးခဲ့သည်။ တွေ့ဆုံပွဲမှ အမေးအဖြေအချို့ကို စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

7Day - **ဝန်ကြီးချုပ်ခင်ဗျာ မြန်မာအကြောင်းမေးပါရစေ။ မြန်မာဟာ ခုဆိုရင် အပြောင်းအလဲကာလထဲကိုရောက်နေပါတယ်။ ဒီအချိန်မှာလည်း စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးမှုနဲ့ အကျင့်ပျက်ခြစားမှုဟာဆိုရင် နိုင်ငံအတွက် အကြီးဆုံးပြဿနာတွေထဲက တစ်ခုဖြစ်နေဆဲပါ။ ဒီပြဿနာတွေဖြေရှင်းဖို့အတွက် အကြံဉာဏ်ပေးနိုင်မလား။**

တစ်ဆင့်ချင်းသွားရမယ်လို့ ကျွန်တော်ထင်ပါတယ်။ မြန်မာဟာ အချိန်တွေဆုံးရှုံးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်းများစွာ ဒီဒေသကတိုးတက်နေချိန်မှာ မြန်မာက အချိန်ပြောင်းဆေး တစ်လုံးလိုဖြစ်နေတယ်။ အဲဒီဆေးက ပြင်ပကမ္ဘာကနေ သူ့ကိုဖယ်ထားခဲ့တယ်။ ဘာမှမပြောင်းလဲသလိုဖြစ်နေခဲ့တယ်။ ပြီးခဲ့တဲ့နှစ်ပေါင်း ၅၀၊ ၆၀ လောက်ကမြန်မာကို ပြန်ကြည့်မယ် ဆိုရင် ရန်ကုန်ဟာ ဘန်ကောက်နဲ့ စင်ကာပူနဲ့ ယှဉ်လို့ရတယ်။ ကွဲပြားခြားနားမှုက သိပ်မကြီးဘူး။ ဒါပေမဲ့ ဒီနေ့မှာတော့ အရှေ့တောင်အာရှတစ်ခုလုံးက ရွေ့လျားသွားပြီ။ မြန်မာကလည်း အခုဆိုရင် ရွေ့လျားချင်လား၊ ပါဝင်ချင်လားဆိုတာကို ဆုံးဖြတ်ရတော့မယ်။

7 Day- **ခုဆိုရင် မြန်မာမှာ စင်ကာပူရင်းနှီးမြှုပ်နှံမှုဟာ ဒေါ်လာနှစ်ဘီလီယံကျော်နေပါတယ်။ အနာဂတ်မှာရော မြန်မာမှာ ဘယ်ကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားပါသလဲ။**

ဟုတ်ကဲ့။ အဲဒါက မြန်မာ့စီးပွားရေးက ဘယ်ကဏ္ဍတွေဖွံ့ဖြိုးသလဲ၊ ဘယ်လိုရင်းနှီးမြှုပ်နှံမှုမျိုးကို ခင်ဗျားတို့က အားပေးသလဲ ဆိုတဲ့အပေါ် မူတည်တာပေါ့။ ဥပမာ ခင်ဗျားတို့အခြေအနေကောင်းကောင်းလုပ်နိုင်မယ်ဆိုရင် စက်မှုဇုန်တွေ၊ ဆိပ်ကမ်းတွေစတဲ့အခြေခံ အဆောက်အအုံကဏ္ဍတွေမှာ စိတ်ဝင်စားဖို့ကောင်းလာမှာပါ။ ကုန်ထုတ်လုပ်ရေးအတွက် ရင်းနှီးမြှုပ်နှံဖို့လည်း စိတ်ဝင်စားဖို့ကောင်းလာနိုင်ပါတယ်။ တစ်ခါထပ်ပြီး ခင်ဗျားတို့ကသာ အခြေအနေတွေကို ကောင်းအောင်ပြင်ဆင်ထားရင် ခရီးသွားလုပ်ငန်း၊ ဟိုတယ်နဲ့ ဧည့်သည်ကြိုဆိုရေးကဏ္ဍတွေမှာလည်း စိတ်ဝင်စားလာမယ်ဆိုတာ သေချာပေါက်ပြောရပါတယ်။ မြန်မာဟာ ဒီရင်းနှီးမြှုပ်နှံမှုတွေကို စုပ်ယူနိုင်ဖို့ စွမ်းဆောင်ရည်ကောင်းတွေလိုအပ်နေပါတယ်။ ဒါတွေကိုစီမံခန့်ခွဲဖို့၊ ရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့လည်း ဒါတွေကဥပဒေစည်းမျဉ်းတွေ၊ ဒါတွေကတော့ အကန့်အသတ်တွေ၊ ဒါကဖြင့် ကိုယ်လုပ်နိုင်တာစသည်ဖြင့်လိုအပ်နေပါတယ်။ ဥပဒေစည်းမျဉ်းတွေ ရှင်းရှင်းလင်းလင်းဖြစ်သွားရင် ဝင်လာမယ့်သူတွေအတွက် အလွန်ကောင်းတဲ့ မက်လုံးဖြစ်လာမှာပါ။

7Day- **၂၀၁၄ မှာမြန်မာ အာဆီယံဥက္ကဋ္ဌရာထူး တာဝန် ထမ်းဆောင်နေတုန်းမှာအဓိက ကြုံတွေ့ရမယ့် အခက်အခဲနဲ့ စိန်ခေါ်မှုတွေက ဘာများဖြစ်မလဲ။**

ကျွန်တော်မသိပါဘူး။ ဘာကြောင့်လဲဆိုတော့ အာဆီယံနိုင်ငံအများစုဟာ ဥက္ကဋ္ဌရာထူးယူဖူးကြလို့ပါ။ နိုင်ငံငယ်တစ်ခုအတွက်ဆိုရင် ဒီအလုပ်က တောင်းဆိုမှုများတာပေါ့။ ဘရူနိုင်းဆိုရင် ဒီနှစ်ထဲမှာ ထိပ်သီးအစည်းအဝေးနှစ်ခုအပါအဝင် အစည်းအဝေးအသေးအကြီးတွေရာနဲ့ချီပြီး အရမ်းအလုပ်များခဲ့မယ်ထင်ပါတယ်။ မြန်မာကတော့ ဒါကိုစီမံခန့်ခွဲနိုင်လိမ့်မယ်လို့ကျွန်တော် သေချာပြောရဲပါတယ်။

**လှလှဌေး(အေအက်ဖ်ပီ)- မြန်မာဟာ နောက်နှစ်ဆိုရင် အာဆီယံဥက္ကဋ္ဌဖြစ်တော့မှာပါ။ မြန်မာဟာ စိန်ခေါ်မှုအတွက် အသင့်ဖြစ်နေပြီလို့လူကြီးမင်းထင်ပါသလား။ ပြီးတော့ အာဆီယံရဲ့အနှစ်သာရကို လူကြီးမင်းဘယ်လိုမြင်ချင်ပါ သလဲ။**

မြန်မာဟာ ဒါကိုအချိန်တချို့ယူပြီးတော့ ပြင်ထားတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစောပိုင်း ၂၀၀၆ မှာ



မြန်မာအလှည့်ကျကတည်းက မြန်မာတွေးတဲ့ပုံက ‘ကျွန်တော်တို့ကို အလှည့်ကျော်ခွင့်ပေးပါ။ ကျွန်တော်တို့အဆင်သင့်မဖြစ်သေးဘူး။ အသင့်ဖြစ်ရင် ကျွန်တော်တို့ တဝန်ယူပါမယ်’လို့ပြောခဲ့တာပါ။ ဒါကြောင့် မြန်မာဟာ အခုတော့ အဆင်သင့်ဖြစ်ပြီ။ မြန်မာရဲ့ဥက္ကဋ္ဌရာထူးကို ကျွန်တော်တို့ရှေ့ဆက်မြင်ရဖို့ရှိပါပြီ။ မြန်မာရဲ့ဥက္ကဋ္ဌရာထူးအတွက် အာဘော် theme တစ်ခုရထားပြီးပြီလို့ ကျွန်တော်ထင်ပါတယ်။ ညီညွတ်မှုနဲ့ရှေ့ဆက်စို့၊ ငြိမ်းချမ်းကြွယ်ဝသောအသိုင်းအဝိုင်းဆီသို့’လို့ဖြစ်မယ်ထင်ပါတယ်။ ဒါက သင့်လျော်တဲ့ အာဘော်လို့ကျွန်တော်ထင်ပါတယ်။ အာဆီယံရဲ့အလုပ်က ဆက်လုပ်နေရဆဲအလုပ်ပါ။ ဒါကြောင့် နှစ်တိုင်းပဲ ဒါကိုနည်းနည်းစီထပ်ဖြည့်ရတာပေါ့။ ဒါပေမဲ့ အစကစဖို့မလိုပါဘူး။

**ဖန္ဒမ်းပင်ပိုစ်- ၂၀၁၅ အာဆီယံစီးပွားရေးအသိုက်အဝန်း အောင်မြင်မှုရှိမယ်ဆိုရင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာတို့လို အာဆီယံနိုင်ငံသစ်တွေအတွက် အကျိုးအမြတ်ရှိလာနိုင်မယ် ထင်ပါသလား။**

ဟုတ်ကဲ့။ အရင်ဆုံး အာဆီယံစီးပွားရေးပိုပြီးပေါင်းစပ်လာတယ်ဆိုရင် အဖွဲ့ဝင်နိုင်ငံသစ်တွေဖြစ်တဲ့ အင်ဒိုချိုင်းနားဒေသနိုင်ငံတွေအတွက် ဈေးကွက်တွေပိုပွင့်လာမယ်လို့ထင်မိပါတယ်။ မလေးရှား၊ ထိုင်းနဲ့ စင်ကာပူဈေးကွက်တွေကို ပိုပြီးကောင်းကောင်းချိတ်ဆက်လာနိုင်မယ်။ ဒုတိယတစ်ချက်က ကျွန်တော်တို့ဥပဒေစည်းမျဉ်းကောင်းကောင်းလုပ်ထားမယ်၊ ရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်ကောင်းရှိထားမယ်ဆိုရင် တခြားနိုင်ငံတွေက ကုမ္ပဏီတွေကို ဒီအင်ဒိုချိုင်းနားနိုင်ငံတွေမှာ ရင်းနှီးမြှုပ်နှံဖို့ တွန်းအားပေးနိုင်မှာဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်မှာပါ။ တတိယအချက်ကတော့ ကျွန်တော်တို့မှာ ဝန်ဆောင်မှုတွေတိုးမြှင့်ထားရင် ဒါက အာဆီယံချိတ်ဆက်မှုနဲ့ အာဆီယံအသိုင်းအဝိုင်းစီမံကိန်းတွေရဲ့ တစ်စိတ်တစ်ပိုင်းလည်းဖြစ်တာပါ။ ဒီတော့ အဲဒါတွေက အင်ဒိုချိုင်းနားနိုင်ငံတွေ ဖွံ့ဖြိုးရေးကို ကြီးမားစေမှာပါ။ သူတို့အလုပ်တွေ ပိုလုပ်နိုင်ပြီး သူတို့နိုင်ငံတွေအတွက် ကောင်းသွားစေမှာပါ။ စတုတ္ထအချက်ကတော့ အာဆီယံအသိုင်းအဝိုင်းမှာ နိုင်ငံသစ်တွေ ဖွံ့ဖြိုးရေးကူညီဖို့၊ အစီအစဉ်တွေလည်း ပါဝင်ပြီးသားပါ။ အဖွဲ့ဝင်နိုင်ငံသစ်တွေကိုကူညီဖို့အစီအစဉ်သစ်တွေ ရှိပါတယ်။ IAI လို Initiative for ASEAN Integration လိုမျိုးပေါ့။

**အေအမ်စီ ရုပ်သံ- အာဆီယံဟာ အဖွဲ့သုံး တစ်ခုတည်းသော ငွေကြေးကိုသုံးစွဲမယ့်ပုံတော့ မရှိပါဘူး။ လာမယ့် အာဆီယံစီးပွားရေးအသိုက်အဝန်း *(AEC)*က အကြီးမားဆုံး အန္တရာယ်က ဘာများဖြစ်နိုင်မယ်ထင်ပါသလဲ။**

ကျွန်တော်တို့မှာ တစ်ခုတည်းသောငွေကြေးရှိလာမယ်လို့လည်း ကျွန်တော်မထင်ပါဘူး။ ဆိုလိုတာက အီးယူရဲ့နမူနာမပါဘဲ တောင်မှ ကျွန်တော်တို့မှာ တစ်ခုတည်းသောငွေကြေးအတွက် ကြိုတင်ပြင်ဆင်ထားတဲ့အခြေအနေတွေမရှိပါဘူး။ ဆိုလိုတာက ကျွန်တော်တို့မှာအချုပ်အခြာအာဏာပိုင်တဲ့နိုင်ငံဆယ်ခုရှိတယ်။ နိုင်ငံရေးအရ ကျွန်တော်တို့မှာပေါင်းစပ်မှုရှိမထားဘူး။ ကျွန်တော်တို့စနစ်တွေက အရမ်းကွာခြားပြီး ဖွံ့ဖြိုးမှုအဆင့်တွေကလည်း ကွာလွန်းကြတယ်။ ဒါပေမဲ့ ဥရောပမှာဖြစ်ခဲ့သလိုမျိုးက ကျွန်တော်တို့ကို သက်ရောက်မှုရှိတယ်ဆိုရင် ဒါဟာ ဥရောပမှာဘာဖြစ်သလဲဆိုတာအပေါ်မှာမူတည်ပါလိမ့်မယ်။ ပြီးခဲ့တဲ့တစ်နှစ်၊ ၂ နှစ်လောက်ကတော့ ဥရောပမှာ ဘဏ္ဍာရေးကျိုးပျက်မှုဖြစ်တာ လူတွေစိုးရိမ်ခဲ့ကြတယ်။ ဥပမာပြရရင် ဂရိက အီးယူထဲကထွက်သွားရင် (သို့မဟုတ်) စပိန်မှာ၊ အီတလီမှာ ယုံကြည်မှုပျောက်ဆုံးနေခဲ့တယ်ဆိုရင် အဲဒါ စင်ကာပူနဲ့အာဆီယံအပါအဝင် တစ်ကမ္ဘာလုံးကို အကျိုးဆက်တွေဖြစ်လာစေပါလိမ့်မယ်။ အရင်ဆုံးတစ်ချက်က အီးယူဟာ ကျွန်တော်တို့ရဲ့ အကြီးဆုံးကုန်သွယ်ရေးမိတ်ဖက်တွေထဲကတစ်ခုဖြစ်လို့ပဲ။ စင်ကာပူအတွက်ဆိုရင် အီးယူဟာ တစ်ဖွဲ့လုံးအနေနဲ့ အကြီးဆုံးကုန်သွယ်ဖက်ပဲ။ ကျွန်တော်တို့နဲ့ ကပ်လျက်နိုင်ငံဖြစ်တဲ့ မလေးရှားထက်တောင်မှ ပိုကြီးပါတယ်။ ဒါပေမဲ့ ဒုတိယတစ်ချက်ကတော့ ဒါလည်း အာဆီယံနိုင်ငံတွေအတော်များများအတွက်လည်း ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အီးယူဘဏ်တွေနဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတော်တော်များများဟာ ဒီဒေသထဲမှာ တော်တော်လေးတက်ကြွပြီး အခြေခံအဆောက်အအုံစီမံကိန်းတွေ၊ စီးပွားရေးလုပ်ငန်းပရောဂျက်တွေကို သူတို့က ရန်ပုံငွေထောက်ပံ့ပေးထားတာပါ။ ဒီတော့ သူတို့မတည်မငြိမ်ဖြစ်သွားရင် ကျွန်တော်တို့ရဲ့ဘဏ္ဍာရေးကဏ္ဍကို ထိခိုက်နိုင်ပြီး သူတို့ရန်ပုံငွေထောက်ပံ့ပေးထားတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ ပရောဂျက်တွေ၊ ကုမ္ပဏီတွေကိုလည်း ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ကံကောင်းထောက်မစွာပဲ အဲဒါဟာ မဖြစ်ခဲ့ဘူး။ အဲဒါဖြစ်နိုင်သလားဆိုရင် ဘယ်အချိန်ပြဿနာက နောက်တစ်ကြိမ်ထပ်ဖြစ်မလဲဆိုတာ ကျွန်တော်တို့မသိနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က ရှေ့ဆက်တိုးတက်မယ့်ခြေလှမ်းတွေကို ထူးထူးခြားခြားလုပ်ထားပေမယ့်လည်း အခြေခံအားဖြင့် ပဋိပက္ခတွေကိုဖြေရှင်းမထားဘူး။ ပြီးတော့ အားနည်းချက်တွေကလည်းရှိတာမို့အဲဒါတွေက ၂၀၀၈၊ ၀၉၊ ၁၀ ကဖြစ်ခဲ့တာမျိုးတွေလို အကျပ်အတည်းဆီ ဦးဆောင်သွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့သတိရှိရှိစောင့်ကြည့်ရပါမယ်။

**လှလှဌေး(အေအက်ဖ်ပီ)- လာမယ့်ရွေးကောက်ပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အင်န်အယ်လ်ဒီပါတီအနိုင်ရသွားခဲ့ရင် အာဆီယံရဲ့ကျန်တဲ့နိုင်ငံတွေ ဘယ်လိုခံစားရမလဲ။ သူနဲ့ပူးပေါင်းလုပ်ဆောင်ဖို့ရော လူကြီးမင်းတို့အဆင်သင့်ရှိပါသလား။**

နိုင်ငံရဲ့ တရားဝင်အစိုးရဖြစ်တဲ့ ဘယ်အစိုးရနဲ့မဆို ကျွန်တော်တို့ ပူးပေါင်းလုပ်ဆောင်နိုင်တယ်ထင်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့မှာ မဲပေးဖို့မရှိပါဘူး။ မှတ်ချက်ပေးပိုင်ခွင့်အခွင့်အရေးမရှိပါဘူး။ နိုင်ငံတွေကြားမှာ ပြည်တွင်းနိုင်ငံရေးဖြစ်စဉ်က ဘာကိုပဲထုတ်လုပ်နေပါစေ၊ ကျွန်တော်တို့ တစ်နိုင်ငံနဲ့တစ်နိုင်ငံ လက်ခံထားပါတယ်။ ဒါဟာ ကျွန်တော်တို့ထိတွေ့ရမယ့် နိုင်ငံနဲ့ခေါင်းဆောင်မှုပိုင်းပေါ့။ ဒေါ်အောင်ဆန်းစုကြည်ဟာ ရွေးကောက်တင်မြှောက်ခံခဲ့ရရင်ဖြင့် သူ့နိုင်ငံကို ဦးဆောင်နိုင်တဲ့သူဖြစ်မယ်လို့ ကျွန်တော်ယုံကြည်မှုရှိပါတယ်။

7 DAY NEWS JOURNAL
Vol.12, No.29 ▪ SEPTEMBER 25 , 2013

# Commodity Watch

စာမျက်နှာ (၂၄) မှ

## မင်းဒင်ရဲ့သက်ခိုင် (၂)

မြို့ပြင်ကိုမသွားဖို့ တတ်နိုင်ရင် ဟိုတယ်ထဲမှာပဲနေဖို့ မှာရှာတယ်။ ဒါပေမဲ့ ကျွန်တော်လိုခြေထောက်ဖွေ့ပါပြီးနေရာတကာစပ်စပ်စုစုနိုင်တဲ့ ကောင်က ဘယ်မှာ အငြိမ်နေနိုင်ပါ့မလဲ။ ကျွန်တော့်စိတ်ထဲ ရနောင်းမြို့မှာ ထိုင်းလူမျိုး အများစုသာ ရှိနေကြမယ်လို့ တွေးခဲ့မိတာ တက်တက်စင်အောင် လွဲနေသဗျ။ တဖြည်းဖြည်းတောင်သွား၊ မြောက်သွား လုပ်ကြည့်လိုက်တော့မှ လားလား ဈေးထဲမှာလည်း ဗမာ၊ ဖန်ဖလား ဆိပ်ကမ်းမှာလည်း ဗမာ၊ နေရာတကာမှာ ဗမာတွေချည်းပဲဗျာ။ ဗမာလို့သာ အားလုံးကို ခြုံပြောရတာ အမှန်တော့ မွန်ထားဝယ်တွေ များတယ်ဗျ။ မြိတ်သားတွေလည်း ရှိလေရဲ့။ နောက်ဆုံး ကုန်ကုန်ပြောရရင် ဇိမ်ခန်းတွေ မှိုလိုပေါက်နေတဲ့ ဆွယ်ဆောင်(လမ်းသွယ် ၂) ဆွယ်စံ (လမ်းသွယ် ၃) တွေဘက်ကို အဖော်ကောင်းလို့ ရောက်ပြန်တော့ မြန်မာဇိမ်မယ်တွေမှိုလိုပေါက်နေသဗျာ။ ဘယ်လိုရောက်သွားတာလဲ။ ဘာတွေလုပ်ခဲ့သလဲဆိုတာတော့မမေးပါနဲ့တော့။

ဆင်းထဝီးဟိုတယ်မှာ တစ်ပတ်လောက်လည်း ကြာရော၊ ကျွန်တော်ဘန်ကောက်ကို ဘတ်စ်ကားနဲ့ တက်ခဲ့တယ်။ ကျွန်တော့်ကို ကိုမျိုးဝေဇနီး မထားသင်ပေးလိုက်တဲ့ စကားနှစ်လုံးကတော့ "ဘော်ကစော်"နဲ့ "စိုင်တိုင်းမိုင်"တဲ့။ ကျွန်တော်ကသာ နှစ်လုံးထင်နေတာ အမှန်က စကားလုံးတစ်လုံး၊ တစ်လုံးတည်းလို့ ပြောလို့ရပါတယ်။ ကျွန်တော်ဆင်းရမယ့် နေရာကို ပြောပြနိုင်ဖို့ သင်ပေးလိုက်တာပေါ့ဗျာ။ နောက်ဆုံးတော့ ထိုင်းလို တစ်နှစ်သုံးလေးတောင် မရေတွက်တတ်တဲ့ ကျွန်တော်ဟာ ဘော်ကစော်၊ စိုင်းတိုင်းမိုင် စကားနှစ်လုံးနဲ့တင် ဘန်ကောက် စူခုန်ဗစ် ၄၉ လမ်းက ကိုကျော်စိုးပိုင်တဲ့ တည်းခိုခန်း အသေးစားလေးကို ဒုတ်ဒုတ်ထိ ရောက်ရောဆိုပါတော့။ ကိုကျော်စိုးက သင်္ဘောသားဟောင်းမို့ သူ့တည်းခိုခန်းမှာ သင်္ဘောပေါ် အဆင်းအတက် မြန်မာတွေ စုပုံနေတတ်တယ်။ ဇနီးက ထိုင်းအမျိုးသမီး၊ တည်းခိုခန်းဘေးနားက ဆဲဗင်းအလဲဗင်းဆိုင်လေးကလည်း သူတို့ပိုင်တယ်ဆိုပဲ။ ပိုင်တယ်ဆိုတာ ကန်ထရိုက်သဘော လုပ်ပိုင်ခွင့်ရတာပေါ့ဗျာ။

ဘန်ကောက်ကို ကျွန်တော်လာတဲ့ ရည်ရွယ်ချက်က စင်ကာပူကို ခရီးဆက်ဖို့ပါပဲ။ ကိုကျော်စိုးဟာ ကျွန်တော့်အနေအထားကို အကဲခတ်မိဟန်တူပါရဲ့။ ကျွန်တော့်အပေါ် အတော်ကောင်းရှာတယ်။ အခုတော့ သူကွယ်လွန်သွားရှာပြီ။ ကိုကျော်စိုးနဲ့ ကျွန်တော်သွားသွားလာလာ အတော်ကြာ နေခဲ့ဖူးတယ်။ ကိုကျော်စိုးဟာ ထိုင်းအမျိုးသမီးနဲ့သာညားနေတာ ထိုင်း စကားကို ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ဘူးဗျ။ ကျွန်တော် ဈေးဝယ်ချင်လို့ ကုန်တိုက်တွေဆီခေါ်သွားရင် ဘိုစကားညှပ်၊ ထိုင်းစကားနည်း နည်းညှပ်ပြီးသာ ပြောလေ့ရှိတယ်။ သူပြောပြတဲ့ သူ့ဘဝအကြောင်းတွေထဲမှာ ကျွန်တော်တစ်သက်လုံး မမေ့နိုင်တဲ့ အကြောင်းအရာတစ်ခု ရှိတယ်ဗျ။ ဒီနေ့တော့ ဒီလောက်နဲ့ ရပ်ကြဦးစို့။ အေရိုးဗစ်သီချင်းသံကော၊ တရုတ်ထိုက်ကျိသီချင်းသံတွေရော ဆူညံနေပြီ။ စကားပြောလို့ မကောင်းတော့ဘူး”

**(ဆက်လက်ဖော်ပြပါမည်)**

စာမျက်နှာ(၂၃) မှ

## ရသစာပေ ဘာကြောင့်အရေးကြီးသလဲ

ရသစာပေအဖွင့်နှင့် နိဒါန်းပြုစုသူဆရာဇော်ဂျီကမူ 'ရသစာပေဆိုင်ရာစိတ်ကူးဉာဏ်ဆိုသည်မှာ တောရောက်တောင်ရောက်လွင့်တတ်သောစိတ်မျိုးမဟုတ်။ ဘဝအတွေ့အကြုံ၊ စိတ်ခံစားလှုပ်ရှားမှု၊ ဘဝသတိ၊ ဘဝအသိတည်းဟူသော အထိန်းအမဖြင့်လှုပ်ရှားတတ်သော ဉာဏ်မျိုးသာဖြစ်သည်' ဟုဖွင့်ဆိုခဲ့ပါသည်။

(၅)

ဦးစွာဖော်ပြခဲ့သော လူနှင့်လူ့ပတ်ဝန်းကျင်၌ ကြုံတွေ့နေရသည့် အဖြစ်အပျက်များ နောက်ကွယ်တွင် အရင်းခံဖြစ်ပွားရသော အကြောင်းတရား ကိုယ်စီရှိကြသော်လည်း မူလဘူတမှာ ရှေးမွန်မဆွက ဖော်ပြခဲ့သည့် ရသဓာတ်ခံ၊ ရသပင်ကိုအား နည်းခြင်းကြောင့်သာဖြစ်ပါသည်။ ထစ်ခနဲဆို တုတ်တပြက် ဓါးတပြက်ဖြစ်ကြသည်။ ဗေထိဆို ငါနှင့်သာလျှင်ကော်တုတ်တတ်ကြသည်။ သည်းခံမှုမရှိ၊ စာနာမှုဆိုလျှင်ဝေလာဝေး၊ မိမိသန္တာန်၌သာမက ဝန်းကျင်ရှိလူအများကိုပါ ထိုအပူကူးစက်လောင်ကျွမ်းစေလေသည်။ ယခုဆောင်းပါးသည် ရသစာပေနှင့် လူတို့ကြားချိတ်ဆက်ထားမှုကိုသာ ရည်ရွယ်ရေးသားခြင်းဖြစ်ပြီး ကိုးကွယ်ရာဘာသာတစ်မျိုးမျိုးဖြင့် ချဉ်းကပ်ထားခြင်းမရှိပါ။ ဘာသာတရားတို့မည်သည် မိမိကိုးကွယ်ရာ ဘာသာအလိုက် လူတို့၌ အစွဲလေးများရှိတတ်ပေရာ ဝိရောဓိအသွင်ဆောင်ပြီး တစ်ဦးချင်းစီအတွက် စိတ်နှလုံး နူးညံ့သိမ်မွေ့အောင် လေ့ကျင့်ပျိုးထောင်ရာ၌ တစ်သားတည်းဖြစ်စေခြင်းငှာ မစွမ်းဆောင်နိုင်ပါ။ ထို့ကြောင့် ထိုတစ်သားတည်းဖြစ်မှုကို ဖော်ကျူးရာတွင် ရသသည်သာ အခရာကျနေပါသည်။

ရသစာမွန်ကောင်းများပေါ်ထွန်းအခွန့်ရှည်စေရေး စစ်မှန်သောရသစာပေများများ ဖတ်ရှုခြင်းဖြင့် လောကကို လှပဖူးပွင့်နိုင်ပါစေ။ ။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 100,000 |
| Galaxy S Advance | 240,000 |
| Galaxy Express | 265,000 |
| Galaxy Grand(GSM) | 308,000 |
| Galaxy S3 | 415,000 |
| Galaxy S4 Mini | 410,000 |
| Galaxy S4 | 580,000 |
| Galaxy Mega 5.8 | 370,000 |
| Galaxy Note II | 495,000 |
| Galaxy Tab3 7" | 335,000 |

လူကြီးမင်း(လသာ)ဆိုင်မှ ဈေးနှုန်းများဖြစ်ပါသည်။

### Sony

| Model | Price |
|---|---|
| Xperia Z | 480,000 |
| Xperia J | 175,000 |
| Xperia P | 230,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 820,000 |
| iPhone 5 (32 GB) | 785,000 |
| iPhone 5 (16 GB) | 680,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| Y 300 | 100,000 |
| G 510 | 120,000 |
| C 8813D | 135,000 |
| G 520 | 120,000 |
| G 610s | 149,000 |
| G 700 | 220,000 |
| Ascend P6 | 350,000 |
| C 8813 (CDMA) | 110,000 |
| G 610c (CDMA) | 185,000 |
| Y 300c (CDMA) | 100,000 |

စက်တင်ဘာ(၂၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 32S5500AR | 497,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 275,000 |
| Sony (LED) | 32EX33 | 325,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 194,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 210,000 |
| Samsung | WT10J | 185,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 280,000 |
| Mitsubishi | 1.0HP(Heavy) | 230,000 |
| Samsung | (1.0HP)AS09TUQN | 230,000 |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၂၅၀ |
| ဘိလပ်မြေ (ကြံ) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (AAဗိုလ်ယက်နမ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၇ |
| နေပြည်တော် စက်အုတ် (၁၀ ပေါက်) | တစ်လုံး | ၇၀-၈၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၂၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁၀,၀၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည့်ယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၄၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃,၈၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၈၀၀-၉၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၃၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၇,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၂,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

စက်တင်ဘာ(၂၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Aug(26) | 815 | 920 | 920 | 940 |
| Aug(27) | 815 | 920 | 920 | 940 |
| Aug(28) | 815 | 920 | 920 | 940 |
| Aug(29) | 815 | 920 | 920 | 940 |
| Aug(30) | 815 | 920 | 920 | 940 |
| Aug(31) | 815 | 920 | 920 | 940 |
| Sep (1) | 815 | 920 | 920 | 940 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။


## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i3 1.9GHz, 4GB DDR3,500GB HDD, 14" | 551,000 |
| Intel Core i3 1.4GHz, 2GB DDR3, 60GB SSD, HD,11.6" | 697,000 |
| Intel Core i5 1.8 GHz,4GB DDR3,500GB HDD,14" | 639,000 |
| Intel Core i7 2.0 GHz, 8GB DDR3, 500GB HDD,14" | 765,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 2GB DDR3, 500GB HDD, 14" | 542,000 |
| Intel Core i5 1.8 GHz, 4GB DDR3,1TB HDD, 14" | 648,000 |
| Intel Core i5 1.3 GHz, 4GB DDR3,128GB , HD, 11" | 1,139,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 500 HDD+SSD 8GB,15.6" | 949,000 |
| **MSI** | |
| Intel Core i3 2.5 GHz, 4GB DDR3, 500GB HDD, HD, 14" | 460,000 |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 556,000 |
| Intel Core i7 2.4GHz, 8GB DDR3, 1TB, 15.6" | 1,047,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 750GB, 17.3" | 1,057,000 |

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ရှေ့တန်းနောက်တန်းညီပါမှ ဂိုးရလိမ့်မည်ထင်သည်

သင်းရီ




လာမည့် အောက်တိုဘာ (၁) ရက်ဆိုလျှင် အဌမအကြိမ်မြောက်ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကိုပြန်လည်စတင်ပေဦးတော့မည်ဖြစ်သည်။ ၂၀၁၀ ရွေးကောက်ပွဲတွင် ပြည်သူများကရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏သက်တမ်းနှင့် အစိုးရသစ်၏ သက်တမ်းလည်း တစ်ဝက်ကျိုးခဲ့ပြီဖြစ်သည်။ ထူးခြားသိသာသော တိုးတက်လာမှုများကဖြင့်မရှိလှသေးဘူးလားထင်၏။ ဒုံရင်း၊ ဒုံရင်းတွေက များသည်။

သတ္တမအကြိမ်ပုံမှန်အစည်းအဝေးတုန်းက ဒီမိုကရေစီနိုင်ငံသစ်အတွက်ဟု ဝန်ကြီးဌာနတွေလွှတ်တော်သို့ ရေးဆွဲတင်ပြပေးလိုက်ကြသည့် ဆက်သွယ်ရေးဥပဒေမူကြမ်း၊ ပုံနှိပ်နှင့်ထုတ်ဝေရေး ဥပဒေမူကြမ်း၊ အသင်းအဖွဲ့ဆိုင်ရာ ဥပဒေမူကြမ်းတွေက အသစ်မဟုတ်ဘဲ အဟောင်းတွေသာဖြစ်နေခဲ့သည်။ လမ်းစဉ်ပါတီခေတ်နှင့် နဝတ၊ နအဖလက်ထက်တွေတုန်းက ပြည်သူတွေကိုလက်လှုပ်ခြေလှုပ် ပါးစပ်လှုပ်လို့မရအောင် ရေးဆွဲကွပ်ညှပ်ထားခဲ့သည့် ဥပဒေတွေနှင့် မထူးမခြားထပ်တူနီးပါးတွေသာဖြစ်နေခဲ့ကြသဖြင့် လွှတ်တော်ပြင်ပမှ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူညံပူညံအငြင်းပွားစရာတွေ ဖြစ်ခဲ့ကြရသည်။ ဝိုင်းကြဝန်းကြ အော်ကြဟစ်ကြမှ ဝန်ကြီးဌာနတွေက တင်ပေးလိုက်ကြသည့် ဥပဒေမူကြမ်းတွေကိုအမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်တွေမှာ ပြန်လည်သုံးသပ် ညှိနှိုင်းပြင်ဆင်တာတွေ လုပ်ခဲ့ကြရသည်။

အထူးသဖြင့် ဝန်ကြီးဌာနမှ ရေးဆွဲထားသည့် ပုံနှိပ်နှင့်ထုတ်ဝေရေး ဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်ပေးလိုက်သည့်အခါတင်ပေးလိုက်သည့်အတိုင်းပင် အကန့်အကွက်အဆွေးအနွေးမရှိဘဲ ပြည်သူ့လွှတ်တော်အမတ်တွေက အတည်ပြုပေးလိုက်ခဲ့ကြသဖြင့် ပူညံပူညံအသံတွေ ထွက်လာခဲ့ကြခြင်းဖြစ်၏။ သည်လောက်တောင်မှ နဂိုမူမပျက် တင်းကျပ်ဖိနှိပ်ထားသည့် မီဒီယာဥပဒေမျိုးကိုဒီမိုကရေစီလူ့ဘောင်ကို ဖန်ဆင်းမည့် အမတ်ဆိုသူတွေက အစစ်အဆေး အမေးအမြန်းမရှိ ထောက်ခံပစ်လိုက်ကြရကောင်းလား။ သည်လိုသာဖြင့် သည်လိုလွှတ်တော်ကိုယ်စားလှယ်တွေကို အားကိုးလို့ရနိုင်ပါတော့မလားဆိုသည့် အသံတွေကိုအတော်ပင်ကျယ်ကျယ်လောင်လောင် ကြားလိုက်ရသေး၏။

ထိုသို့ဖြစ်ရပုံမှာ ပုံနှိပ်နှင့်ထုတ်ဝေရေးဥပဒေကြမ်းကိုပြည်သူ့လွှတ်တော်သို့ တင်စဉ်တုန်းက ပြန်ကြားရေးဝန်ကြီးဌာနနှင့် စာနယ်ဇင်းကော်မတီတို့ ကြိုတင်ညှိနှိုင်းထားပြီးဖြစ်သည့် ဥပဒေဖြစ်သည်ဟု နားလည်ထားကြသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တစ်ခဲနက်အတည်ပြုပေးလိုက်ကြခြင်းဖြစ်သည်ဟု ဆိုလေ၏။ သို့သော် စာနယ်ဇင်းကော်မတီမှ ရေးဆွဲထားသည့် မီဒီယာဥပဒေမူကြမ်းဆိုသည်ကိုလည်း တစ်ကြိမ်တစ်ခါမျှပင် ဖတ်ဖူးခဲ့ခြင်းမရှိသေးပါဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောပြန်ကြလေကြောင်းလည်း ကြားလိုက်ရ၏။

ဘယ့်နှယ်ဘယ့်နှယ်ကြောင့် သည်လိုဖြစ်ရပါလိမ့်ဟု စိတ်ထဲမှာ မကြည်မလင်ဖြစ်ရသည်။ ဒီမိုကရေစီခေတ်အတွက် ရည်ရွယ်ရေးဆွဲပါသည်ဆိုသည့် ဥပဒေတစ်ရပ်ကို လေ့လာသုံးသပ်မှုမပြုလုပ်ရပါသေးဘဲနှင့် ဘယ်သူနှင့်ဘယ်သူ ကြိုတင်ညှိနှိုင်းသဘောတူပြီးပြီဆိုလား ထင်ပါရဲ့လောက်နှင့် ဒီမိုကရက်တစ်အမတ်တွေက တစ်ခဲနက် ထောက်ခံပစ်လိုက်ခြင်းအပေါ် ဘယ်လိုပဲတွေးတွေး ခံတွင်းမတွေ့သလို ခံစားရသည်။

ပူညံပူညံ ထလုပ်ကြသည့် ဥစ္စာရှင်လို ဥစ္စာရှင်ခဲကြသူတွေကိုပဲ ကျေးဇူးတင်ရတော့မလိုလို၊ ဥပဒေမူကြမ်းများနှင့် ပတ်သက်၍ လွှတ်တော်ဝင်းအတွင်းရှိ ဥပဒေကြမ်းကော်မတီရေးရာဆောင်သို့ မည်သူမဆို လူကိုယ်တိုင်လာရောက် အကြံပြုဆွေးနွေးနိုင်ကြောင်း ထုတ်ပြန်ကြေညာထားချက်ကိုပင် ကျေးဇူးတင်ရတော့မလိုလိုဖြစ်ရသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်တွေရယ်လို့ သူတို့ချည်းပစ်ထားလို့မရနိုင်လောက်ဘူးလားလည်း စိတ်မကောင်းစွာ တွေးမိရ၏။

ဆက်တွေးမိပြန်တော့ စိတ်ထဲနားမလည်သလိုရှိရတာ တစ်ခုရှိလာပြန်၏။ ပုံနှိပ်ဥပဒေဆိုလည်း မီဒီယာလောကသားတွေက၊ ဆက်သွယ်ရေးဥပဒေဆိုလည်း ဆက်သွယ်ရေးနည်းပညာရှင်တွေက နေပြည်တော်သို့တက်ရောက်အကြံပြုဆွေးနွေးခဲ့ကြသော်လည်း နိုင်ငံရေးပါတီတွေဆီမှ သည်ကိစ္စတွေနှင့်ပတ်သက်၍ ထူးထူးခြားခြား အသံထွက်မလာခဲ့တာ ဘာကြောင့်ပါလိမ့်ဆိုသည့် နားမလည်မှုဖြစ်သည်။

ဥပဒေပြုရေးအခန်းကဏ္ဍတွင် ရှေ့တန်းမှတာဝန်ယူဆောင်ရွက်နေကြသည့် မိမိတို့၏ လွှတ်တော်ကိုယ်စားလှယ်များအတွက် သိသင့်သိရာ သိထိုက်သည်များကို နောက်တန်းမှ ပြည့်စုံလုံလောက်အောင် ရှာဖွေပြုစုပေးပို့ကူညီမှုများကို ထိုထိုသော နိုင်ငံရေးပါတီတွေက ဆောင်ရွက်မပေးခဲ့ကြဘူးလားဆိုသည့် နားမလည်နိုင်မှုဖြစ်သည်။

အခြားနိုင်ငံတွေတွင်တော့ လွှတ်တော်အမတ်တွေကို ထောက်ကူပေးနိုင်သည့် သုတေသနဌာနတွေကိုလွှတ်တော်မှာဖွဲ့စည်းစီစဉ်ပေးထားသည်ဟု ကြားဖူးသည်။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး သိလိုသော အချက်အလက်များကို ထိုဌာနမှ အသင့်ရှာဖွေထုတ်ပေးနိုင်သည်တဲ့။ ကျွန်တော်တို့နိုင်ငံတွင်တော့သည်လို ရှိ၊ မရှိမသိ။

**စာမျက်နှာ (၃၂)သို့**




29 September 2013 (Sunday) 10:00 AM to 4:00 PM PARKROYAL Yangon Hotel, Padamyar 5

■ ဂျပန်နိုင်ငံရှိတက္ကသိုလ်ကြီးများတွင် ပညာသင်ယူနိုင်မည့် အခွင့်အလမ်း
- ဂျပန်နိုင်ငံ၏ ပညာရေးစနစ်အကြောင်း
- ဂျပန်တက္ကသိုလ်ကျောင်းသားဘဝ
- ဂျပန်တက္ကသိုလ်ကြီးများ၏ ပညာရေး ဟောပြော ဆွေးနွေးပွဲများ
- ဂျပန်နိုင်ငံတွင် ပညာသင်ကြားခဲ့သော နိုင်ငံခြားကျောင်းသားများ၏ မိတ်ဆက်ဆွေးနွေးမှုများ
- ကျောင်းတက်ရင်း အချိန်ပိုင်းအလုပ်(Part Time Job) လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများအကြောင်း
- ပညာသင်ဆုလျှောက်ထားခြင်းနှင့် ကျောင်းလခဆိုင်ရာ သတင်းအချက်အလက်များ
- အမေးအဖြေကဏ္ဍ

■ ဂျပန်ကုမ္ပဏီကြီးများတွင် အလုပ်အကိုင် ရရှိနိုင်မည့် အခွင့်အလမ်း
- ဂျပန်ကုမ္ပဏီများ၏ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးမှုများ
- အလုပ်သင် အခွင့်အလမ်းများ
- အချိန်ပြည့် (Full Time Position) အလုပ်အကိုင် အခွင့်အလမ်းများ
- လူတွေ့မေးမြန်းခြင်း (Interview) နှင့်ပတ်သက်သည့် အကြံပြုချက်များ
- အမေးအဖြေကဏ္ဍ

မည်သူတွေလာရောက်သင့်သလဲ ?
အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား/သူများ
ဂျပန်နိုင်ငံတွင် ပညာသင်ကြားလိုသူများ
ဂျပန်ဘာသာစကားကို လေ့လာနေသူများ
ဂျပန်ကုမ္ပဏီကြီးများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ

နေရာအကန့်အသတ်ရှိပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပေးပါရန် (Tel) 01-535 433, 09-861 2246, 09-876 2910, +813-3263 6847

Organizer: Asia Innovators' Initiative | Supporting Organization: JAFSA, Japan Student Services Organization | Planner & Operator: Fourth Valley Concierge, Fourth Valley Concierge Corporation | Operation Partner: RVi Institute

Technology

7 DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013

# အစိုးရက ထိရောက်စွာ လုပ်ဆောင်မပေးခဲ့ခြင်းကြောင့် အိုင်တီကဏ္ဍဖွံ့ဖြိုးမှု အားနည်းဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၁**

ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များကို ယခင် ရှစ်နှစ်တာကာလအတွင်း အစိုးရအနေဖြင့် ထိထိရောက်ရောက်လုပ်ဆောင်ပေးခြင်းမရှိခဲ့ကြောင်း ပြည်တွင်းကွန်ပျူတာလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။

"လွန်ခဲ့တဲ့ ၈ နှစ် ၉ နှစ်လောက်အတွင်းမှာ အစိုးရအနေနဲ့ ICT ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက်ကူညီပံ့ပိုးမှုအနေနဲ့ မလုပ်ပေးခဲ့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့ ICT ကဏ္ဍဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့တာကိုတွေ့ရပါတယ်"ဟု မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌဦးခွန်ဦးကပြောသည်။

လက်ရှိတွင် ဆက်သွယ်ရေးကဏ္ဍအတွက် ပြောင်းလဲမှုပြုလုပ်နေပြီး အခွင့်အရေးအများအပြားရရှိနေရာ လိုအပ်သည့် Industry ကိုအောင်မြင်ဆောင်ရွက်နိုင်ခြင်းမရှိပါက ဆက်သွယ်ရေးကဏ္ဍအတွက် ပိုမိုခက်ခဲလာနိုင်ဖွယ်ရှိကြောင်း ဦးခွန်ဦးက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နှင့် ကွန်ပျူတာအသင်းများ၏ နှစ်ပတ်လည်အခမ်းအနားတွင်ပြောကြားခဲ့သည်။

ဆက်သွယ်ရေးကဏ္ဍ၏ Industry လိုအပ်ချက်များကို အစိုးရအနေဖြင့် ကူညီပံ့ပိုးခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံကွန်ပျူတာဖွံ့ဖြိုးရေးကောင်စီအနေဖြင့်သော်လည်းကောင်း၊ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့်သော်လည်းကောင်း ကူညီပံ့ပိုးနိုင်လျှင် အဆင်ပြေနိုင်ကြောင်း ကွန်ပျူတာလုပ်ငန်းရှင်များက ပြောသည်။

နိုင်ငံအတွင်း ICT ကဏ္ဍအသုံးချမှုနှင့် Industry တိုးတက်လာစေရန်လိုအပ်သည့် အခြေခံများဖန်တီးခြင်း၊ အခွင့်အလမ်းများဖန်တီးပေးခြင်းတို့ကို ခက်ရှိအချိန်အခါနှင့်ကိုက်ညီစေရန် ကွန်ပျူတာဖွံ့ဖြိုးရေးဥပဒေတွင် ထည့်သွင်းရေးဆွဲသင့်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းဦးကပြောသည်။

ထို့ပြင် ကွန်ပျူတာပညာရှင်များအနေဖြင့်လည်း ICT Indstry တိုးတက်စေရေးအတွက် အပိုင်းနှစ်ပိုင်းခွဲ၍ ကူညီဆောင်ရွက်သွားမည်ဖြစ်ပြီး အိုင်တီ Industry လိုအပ်ချက်များအတွက်လိုအပ်သည့် ပညာရှင်များမွေးထုတ်ပေးသွားရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်းဥက္ကဋ္ဌ ဦးရဲရင့်ဝင်းကပြောသည်။




# Z30 စမတ်ဖုန်းအသစ်ကို Blackberry ထုတ်ဖော်ပြသ

**နယူးယောက်၊ စက်တင်ဘာ- ၂၀**

Blackberry ကုမ္ပဏီမှ နောက်ဆုံးထုတ်လုပ်ထားသော စမတ်ဖုန်းအသစ် Z30 ကို ထုတ်ဖော်ပြသလိုက်ပြီး ယင်းစမတ်ဖုန်းသည် Black Berry ကုမ္ပဏီ၏ အကြီးဆုံး၊ အမြန်ဆုံးနှင့် အဆင့်အမြင့်ဆုံး စမတ်ဖုန်းဖြစ်ကြောင်း Balck Berry ကုမ္ပဏီက ပြောကြားသည်။

Z30 စမတ်ဖုန်းသည် alltouch အမျိုးအစားဖြစ်ပြီး မျက်နှာပြင်အကျယ် ၅ လက်မရှိကာ Balck Be-rry ကုမ္ပဏီထုတ် အကြီးဆုံးဘက်ထရီကို အသုံးပြုထုတ်ထားသည်။ ယင်းစမတ်ဖုန်းကိုဆက်သွယ်မှုများ၊ မက်ဆေ့ချ်ပို့ခြင်းနှင့် အလုပ်တွင်ကျယ်စေသော စမတ်ဖုန်းတစ်လုံးရှာဖွေနေသူများအတွက် ရည်ရွယ်ထုတ်လုပ်ထားကြောင်းသိရသည်။

Black Berry ကုမ္ပဏီ၏ Documents To Go ဆော့ဖ်ဝဲအပြည့်အဝကို တစ်ပါတည်းထည့်သွင်းပေးထားပြီး နောက်ဆုံးပေါ် Black Beerry 10 operating system ကို အသုံးပြုထားသည်။

Z30 စမတ်ဖုန်းများကို ဗြိတိန်နိုင်ငံနှင့် အရှေ့အလယ်ပိုင်း၌ လာမည့် ရက်သီတင်းပတ်တွင် စတင်ရောင်းချပေးမည်ဖြစ်သည်။

စမတ်ဖုန်းထုတ်လုပ်သည့် ကုမ္ပဏီများဖြစ်သော Apple နှင့် Samsung တို့ကဲ့သို့ပြိုင်ဘက်ကုမ္ပဏီများနှင့် ခက်ခဲစွာ ယှဉ်ပြိုင်နေရချိန်တွင် Balck Berry ကုမ္ပဏီမှ ယင်းကဲ့သို့စမတ်ဖုန်းအသစ်ထွက်ရှိလာခြင်းဖြစ်သည်။ —*Ref: AP*

# iPhone ၏ လက်ဗွေသုံး လုံခြုံရေးစနစ်ကို ချိုးဖောက်နိုင်သူအား ငွေသားနှင့် အရက် ချီးမြှင့်မည်

**ဘော်စတွန်၊ စက်တင်ဘာ- ၂၀**

iPhone အသုံးပြုသူများ၏ အချက်အလက်များကို ပိုမိုလုံခြုံစေသည်ဟု Apple ကုမ္ပဏီက ပြောကြားထားသော နည်းပညာမြင့်လက်ဗွေရာသုံး လုံခြုံရေးစနစ်ကို ချိုးဖောက်ဝင်ရောက်နိုင်သူhacker အား ကန်ဒေါ်လာ ၁၃၀၀၀ နှင့်အတူအရက်ပုလင်းများပါ ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ချီကာဂိုမြို့ရှိ IO မတည်ငွေလုပ်ငန်းနှင့် လုံခြုံရေးသုတေသနအဖွဲ့တစ်ဖွဲ့က ကမ်းလှမ်းလိုက်ကြောင်းသိရသည်။

http://istouchidhackedyet.com တွင် ပြုလုပ်သွားမည့် hacker ပြိုင်ပွဲအတွက် ချီကာဂိုမြို့ရှိ IO မတည်ငွေအဖွဲ့က ကန်ဒေါ်လာ တစ်သောင်း လှူဒါန်းထားသည်။ "ဒါက ပြဿနာတစ်ခုဖြစ်မလာမီပြဿနာအတွက် ကြိုတင်ပြင်ဆင်နိုင်ဖို့ပါ" ဟု IO အဖွဲ့တည်ထောင်သူ အာတူရက်စ်ရိုဆန်ဘာရှာက ပြောသည်။

ထိုအတောအတွင်း စပိန်နိုင်ငံ ကာနရီအိုင်းလန်း၌ နေထိုင်သူ စစ်သား ဂျိုးစ်ရိုဒရီဂုတ် (၃၆) နှစ်သည် iOS7 ၏ လုံခြုံရေးအားနည်းချက်ကို ရှာတွေ့ထားပြီဖြစ်ကြောင်း Forbes.com သတင်းဝက်ဘ်ဆိုက်က ဖော်ပြသည်။ ယင်း iPhone များမှ ဓာတ်ပုံများ၊ အီးမေးလ်၊ တွစ်တာနှင့် အခြားသော application များသို့ စက္ကန့်ပိုင်းအတွင်း ဝင်ရောက်ရန် သော့ပိတ်ထားသော မျက်နှာပြင်ကို ကျော်လွှားဝင်ရောက်နိုင်ကြောင်း လူအများက ပြောဆိုထားသည်။ ယင်းလမ်းလွှဲနည်းပညာကိုiPhone သုံးစွဲသူများ မည်သို့ပျက်ပြယ်စေနိုင်ကြောင်း အကြံပေးထားပြီး ဗီဒီယိုသရုပ်ပြမှုတစ်ခုကို http://onforb.es/16IU6Y3 တွင် ဖော်ပြထားသည်။

Apple ကုမ္ပဏီက ပြင်ဆင်နေပြီး အဆင်သင့်ဖြစ်ချိန်တွင် iOS7 ကို ပေးပို့သွားမည်ဟု Apple ကုမ္ပဏီမှ ပြောခွင့်ရအမျိုးသမီး ထရူဒီမျူလာက ရိုက်တာသတင်းဌာနအား ပြောသည်။

**စာမျက်နှာ (၂၂)သို့**



# မိုက်ကရိုဆော့ဖ်ဝဲများကိုဆက်သွယ်ရေးဝန်ကြီးဌာနလိုင်စင်ဖြင့်သုံးစွဲမည်ဟုဆို

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအနေဖြင့်မိုက်ခရိုဆော့ဖ်ဝဲများကိုလိုင်စင်ဖြင့်သုံးစွဲသွားရန် စီစဉ်နေပြီး နောက်ပိုင်းတွင် အခြားဝန်ကြီးဌာနများတွင်လည်း လိုင်စင်ဖြင့်သုံးစွဲသွားရန်ရှိကြောင်း သတင်းရရှိသည်။

လက်ရှိတွင်ပြည်တွင်း၌မိုက်ကရိုဆော့ဖ်ကို အခမဲ့သုံးစွဲနေကြပြီး လိုင်စင်လျှော့က်ထားသုံးစွဲမှုနည်းပါးသော်လည်း ယခုအခါ လိုင်စင်ဖြင့် သုံးစွဲရန်အတွက် ဝန်ကြီးဌာနများကို သင့်တင့်သည့်ဈေးနှုန်းတစ်ခုဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းမှ မိုက်ကရိုဆော့ဖ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် MITဆော့ဖ်ဝဲကုမ္ပဏီ အမှုဆောင်အရာရှိ ဦးထွန်းသူရသက်ကပြောသည်။

"ဝန်ကြီးဌာနတွေမှာသုံးမယ့် ဆော့ဖ်ဝဲတွေအတွက် သင့်တော်သောဈေးနှုန်းတစ်ခုဖြစ်အောင် လုပ်ပေးဖို့ရှိပါတယ်။ အခုလက်ရှိဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနဲ့ကျွန်တော်တို့ပြောနေပါတယ်။ ဝန်ကြီးဌာနအနေနဲ့သုံးမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့မိုက်ကရိုဆော့ဖ်ကိုပြောပေးလို့ရပါတယ်"ဟု ၎င်းကပြောသည်။

မိုက်ကရိုဆော့ဖ်ကိုပြည်တွင်း၌ လိုင်စင်ဖြင့် ရောင်းချပေးမည့်ကုမ္ပဏီခုနစ်ခုခန့်ရှိပြီး MITဆော့ဖ်ဝဲကုမ္ပဏီ ဝန်ကြီးဌာနများကိုလုပ်ဆောင်ပေးသွားမည်ဖြစ်ရာ အထူးဈေးနှုန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ပြည်တွင်းအနေအထားအရလက်ရှိတွင် လိုင်စင်ဖြင့်အသုံးပြုခြင်းမရှိသည်များကို စစ်ဆေးခြင်းများဆောင်ရွက်သွားရန် မရှိသော်လည်း လိုင်စင်ဖြင့်ရောင်းချပေးနေမှုများရှိခြင်းကြောင့်ဝယ်ယူအသုံးပြုနိုင်ကြောင်းသတင်းရရှိသည်။

"လိုင်စင်ကပုံမှန်တော့ကျွန်တော်တို့ OS ကစပြီးဝယ်ရတာပေ့ါ။ Office, Adobe Photoshop စသည်ဖြင့်ဝယ်ရတာပေ့ါ။ OS ဝယ်ရင်အားလုံးဝယ်ဖို့လိုလားဆိုတော့ တကယ်တမ်းကျတော့ကျွန်တော်တို့ဝယ်ရမှာပေ့ါ။ လိုင်ဝင်ဗားရှင်းမဖြစ်ရင်တော့ Contrat မဟုတ်ဘူး"ဟု ဦးထွန်းသူရသက်ကပြောသည်။

လိုင်စင်ဖြင့်အသုံးပြုပါက မိုက်ကရိုဆော့ဖ်နှင့်ပတ်သက်သည့် အခက်အခဲများရှိပါက ၂၄ နာရီဆက်သွယ်မေးမြန်းနိုင်ခြင်း၊ အွန်လိုင်းပေါ်မှတစ်ဆင့်မေးမြန်းနိုင်ခြင်းများအပြင် Version အသစ်များထွက်ရှိပါက အွန်လိုင်းပေါ်မှ အခမဲ့ Upgrade လုပ်နိုင်မည်ဖြစ်ကြောင်း မိုက်ကရိုဆော့ဖ် ကုမ္ပဏီ၏ ပါတနာဖြစ်သည့် Knowledge Centricity (Myanmar) မှ ဒါရိုက်တာဒေါ်လွင်လွင်ငြိမ်းချမ်းကပြောသည်။




# မိုဘိုင်းဖုန်းအခက်အခဲများအတွက် Complaint စင်တာ ခြောက်ခု ထပ်မံ တိုးချဲ့

**ဆွေမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

မိုဘိုင်းဖုန်းဆိုင်ရာ အခက်အခဲများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက စက်တင်ဘာလအတွင်း Mobile Complaint စင်တာ ခြောက်ခုဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ကျပ်၁၅၀၀တန်ဆင်းမ်ကတ်များရောင်းချပေးပြီးနောက်မိုဘိုင်းဖုန်းသုံးစွဲမှုများပြားလာသည့် နေရာများတွင် ဆက်သွယ်မှု မိုဘိုင်းဖုန်းဆိုင်ရာ အခက်အခဲနှင့် လိုအပ်ချက်များ လာရောက်ပြောကြားခြင်းနှင့် တယ်လီဖုန်းနှင့်ဆက်သွယ်ပြောကြားခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ထပ်မံဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အရာရှိတစ်ဦးက ပြောသည်။

Mobile Complaint စင်တာများကိုယခင်ကတိုင်းနှင့်ပြည်နယ်ခုနစ်ခုတွင်သာ ဖွင့်လှစ်ထားပြီး ယခုလအတွင်း၌ ခြောက်ခုထပ်မံဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလ ၁၅ ရက်မှစတင်၍ ပဲခူးတိုင်းဒေသကြီး (ပြည်)၊ စစ်ကိုင်းတိုင်းဒေသကြီး (မုံရွာ)၊ ကရင်ပြည်နယ်တို့တွင် ဖွင့်လှစ်ခဲ့ပြီး စက်တင်ဘာလ ၁၈ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ၊ စက်တင်ဘာ ၁၉ ရက်တွင် ရခိုင်ပြည်နယ် (စစ်တွေ)နှင့် ကယားပြည်နယ် (ဟားခါး)တို့၌ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း စုံစမ်းသိရသည်။

လက်ရှိတွင် ဖုန်းလိုင်းအင်အားများပြားလာသည်နှင့်အမျှ လိုင်းကျပ်ခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် နယ်မြို့အများစုတွင် ဖုန်းလိုင်းခက်ခဲမှု အများအပြားဖြစ်ပေါ်နေကြောင်း အဆိုပါ မြို့များတွင် နေထိုင်သည့် ၁၅၀၀ တန်ဖုန်းသုံးစွဲသူများက ပြောသည်။

ယခင်က ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ဆက်သွယ်ရေးအိတ်ချိန်းရုံးများသာ ထားရှိပြီး မိုဘိုင်းဖုန်းဆိုင်ရာ ခက်ခဲမှုများရှိပါက ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ ၁၅၀၀ တန်ဖုန်းများ၏ Complaint ဌာနများကိုသာ ဆက်သွယ်မေးမြန်း ဖြေရှင်းရခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

မိုဘိုင်း Complaint စင်တာများကို ယခင်က ရန်ကုန်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ် (ဟားခါး)၊ ကချင်(မြစ်ကြီးနား)၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း(တောင်ကြီး)၊ မွန်ပြည်နယ် စသည့်ဒေသ အသီးသီးတို့တွင် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ သတင်းရရှိသည်။

**စာမျက်နှာ (၂၁) မှ**

ပစ္စည်းတစ်ခု၏ အပြစ်အနာအဆာများကို ဖော်ထုတ်ကာ ထုတ်လုပ်သူများထံ သတင်းပို့ပေးသည့် ရည်မွန်သော ဟက်ကာများက program အမှားများကို မကြာခဏဖော်ပြပေးခြင်းကြောင့် ထုတ်လုပ်သူများ ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြသည်။ သို့သော် ယင်းအပြစ်အနာအဆာများကို လူကောင်းများဖြစ်သည့် ဟက်ကာများက ဖျက်ဆီးတိုက်ခိုက်သူ လူဆိုးဟက်ကာများ မတွေ့မီကြိုတင်တွေ့ရှိရန် မျှော်လင့်ရမည်ဖြစ်သည်။

*—Ref:*

# ရသစာပေ ဘာကြောင့်အရေးကြီးသလဲ

ချမ်းငြိမ်း



(၁)

လူအုပ်စုကြီးနှစ်ဖက်သည် တစ်ဖက်နှင့်တစ်ဖက် အကြီးအကျယ်ရန်စောင်နေကြသည်။ လက်ထဲတွင်လည်း တုတ်၊ ဓားတို့ ဖြင့် လက်နက်ကိုယ်စီနှင့် . . . ။ နှုတ်မှလည်း မခံချိမခံသာ တစ်ဦးနှင့်တစ်ဦး ဖရုသဝါစာဆဲရေးတိုင်းတာနေကြသည်။ ၎င်းတို့၏ ဒေါသအထွတ်အထိပ်သို့ရောက်သည့် အဆုံး တစ်အုပ်စုနှင့်တစ်စုအသေအကျေထိုးနှက်ရိုက်နှက် သတ်ဖြတ်ကြတော့သည်။ တစ်မုဟုတ်ချင်း ပတ်ဝန်းကျင်ဝယ် သွေးညှီနံ့များလွှမ်းသွားသည်။ သွေးရဲရဲသံရဲရဲဖြင့် အလဲလဲအပြိုပြို၊ တုံးလုံးပက်လက် သေပွဲဝင်ကြသည်။ အသက်မသေဘဲ ကျန်ရစ်သူအချို့ ခြေပြတ်၊ လက်ပြတ် ဦးခေါင်းကွဲ၍ ထိုနေရာမှ ဒယိမ်းဒယိုင်တရွေ့ရွေ့ ထွက်သွားကြသည်။ ပတ်ဝန်းကျင်သည် တစပြင်နှယ်ကျန်ခဲ့သည်။

မနက်မိုးလင်းတိုင်း ခုနစ်အိမ်ကြားရှစ်အိမ်ကြား အော်ကြီးဟစ်ကျယ် ရန်ဖြစ်နေသောအိမ်မျိုး တွေ့ဖူးပါသလား။ အဖေကတစ်မျိုး၊ အမေကတစ်ဖုံ၊ သားကတစ်သွယ်တစ်ဦးနှင့်တစ်ဦး မတိုင်ပင်ဘဲလုပ်ချင်ရာလုပ်ဆောင်နေကြသောမိသားစုမျိုး ကြုံဖူးပါသလား။ ခိုးဆိုးလုယက် သရဲသဘက်နှယ် မောင်နှမရင်းချာ၊ သမီးရင်းချာပင် မကျန်ဖောက်လွဲဖောက်ပြန်ပြုမူသူမျိုး ပတ်ဝန်းကျင်တွင် မြင်ဖူးကြပါသလား။

ယင်းအဖြစ်အပျက်များသည် မိမိတို့ဝန်းကျင်တွင်တစ်မျိုးနှင့်တစ်မျိုး မတူညီနိုင်သော်လည်း မကြာခဏဖြစ်ပွားနေသော ဆင်ခြင်တုံတရားမရှိသည့်ပုဂ္ဂိုလ်တို့၏ လုပ်ရပ်များသာဖြစ်ချေသည်။ ဆိုရလျှင် အကြင်သူတို့၏ နှလုံးသားသည် ခက်တရော်ကြမ်းတမ်းရက်စက်အသွင်ဆောင်ကုန်ကြသည်။ အဘယ်ကြောင့်ဤမျှအထိ ဖြစ်ရပါနည်း။ အဘယ်ကြောင့်ဤသို့ဖြစ်ရပါသနည်း။

(၂)

ချစ်ရွှင်သနား၊ တည်ကြားကြမ်းကြုတ် အစရှိသည့် ရသကိုးပါးသည် ရသစာပေတွင်အရေးကြီးသောအခန်းကဏ္ဍ၌ပါဝင်လေသည်။ ရသသည်

(၁) ချစ်ခြင်း (သိင်္ဂါရ)၊
(၂) ပြုံးရယ်ခြင်း(ဟာသ)
(၃) သနားခြင်း(ကရုဏာ)
(၄) အမျက်ထွက်ခြင်း(ရုဒ္ဒ)
(၅) ရဲရင့်ခြင်း(ဝီရ)
(၆) ကြောက်ရွံ့ခြင်း(ဘယာနက)
(၇) စက်ဆုပ်ခြင်း (ဗီဘစ္ဆ)
(၈) အံ့သြခြင်း (အဗ္ဘုတ)
(၉)ငြိမ်းချမ်းခြင်း(သန္တ)အားဖြင့် ၉ပါးရှိပါသည်။ အကြမ်းအားဖြင့် ရသစာပေဆိုသည်မှာ ဝတ္ထု၊ ကဗျာ၊အက်ဆေး၊ ပြဇာတ်အစရှိသည့် စာပေအမျိုးအစားဖြစ်သည်။သုတနှင့်ကွာခြားသည့် အချက်မှာရသသည် လူ့လောကအကြောင်း၊ လူ့သဘာဝ၊လူတို့၏စိတ်နေစိတ်ထားနှင့် ပြုမူချက်များကို ဖွဲ့နွဲ့ထားသောအနုပညာရပ်ဖြစ်သည်။ ရသစာပေကောင်းဖတ်ရှုသူတစ်ဦးသည်ပတ်ဝန်းကျင်ကို အလိုအလျောက် သတိပြုမိလာသည်။ လောဘထွက်သူသည် ထွက်နေသော လောဘ၊ ဒေါသထွက်သူသည် ထွက်နေသောဒေါသ၊ မာန်မာနတက်သူသည် တက်နေသော မာနတို့ကိုသတိပြုဆင်ခြင်မိပြီး ယင်းမှတစ်ဖန်ထိုအပူများလျော့နည်းကင်းငြိမ်းအောင်ကြံဆောင်လာတတ်သည်။ သုတစာပေဆိုသည်မှာဘဝတိုးတက်ရာတိုးတက်ကြောင်း အထောက်အပံ့ပြုသည့် စာမျိုးဆိုလျှင် ရသစာပေမှာ ဘဝနေနည်းစာဟု ပညာရှင်များက အများနားလည်အောင်အဓိပ္ပာယ်ဖွင့်ခဲ့သည်။

**ရသ** ဟူသည့်စကားမှာ ပါဠိဘာသာဖြစ်၍ မြန်မာပြန်လျှင် **ခံစားနှစ်သက်ခြင်း** ဟူသောအနက်ရသည်။ထို့ကြောင့်စာပေပညာရှင်များသည် လူ့သဘာဝအကြောင်း၊ လူ့လောကအကြောင်း၊ လူတို့၏ ပြုမူလုပ်ဆောင်ချက်များကို ရသစာပေတစ်မျိုးမျိုးဖြင့် ဖလှယ်ရာ၌ စာပေပုံသဏ္ဌာန်များဖြစ်ကြသော ကဗျာ၊ ဝတ္ထု၊ အက်ဆေး၊ ပြဇာတ်စသည်တို့ဖြင့် ခင်းကျင်းပြလေ့ရှိကြသည်။ ထိုခင်းကျင်းပြသည့်ပုံသဏ္ဌာန်မှနေ၍ စာဖတ်သူတို့၏ ဥဒါဟရုဏ်ကို ရိုက်ခတ်ကာ ညွတ်ပျောင်းသည့်စိတ်နေသဘာဝပေါ်အောင်လှုံ့ဆော်ပေးလေ့ရှိသည်။

ရသစာပေနှင့် စပ်လျဉ်း၍ ကွယ်လွန်သူ ဆရာဦးရွှေအောင်က အောက်ပါအတိုင်းရေးသားခဲ့သည်။ ရသဟူသည် မိမိနှင့်ပတ်ဝန်းကျင်လူ့အဖွဲ့အစည်း(သို့မဟုတ်) အတ္တနှင့်ပရကို တစ်သားတည်းပြုခြင်းဖြစ်ပါသည်။ ထိုသို့တစ်သားတည်းပြုခြင်းသည် ဆန့်ကျင်ဘက်အုပ်စုနှစ်ခုတို့ စေ့စပ်အောင်ဆောင်ရွက်ရာ၌ အန္တရာယ်အကင်းဆုံးနှင့် အထိရောက်ဆုံးနည်းဖြစ်သည်။ လူ့လောကဓလေ့ထုံးစံများ၊ အစိုးရဥပဒေများနှင့် ဘာသာရေးသိက္ခာပုဒ်များသည်တစ်ဦးနှင့်အများတည်းဟူသော ဆန့်ကျင်ဘက်အင်အားစုနှစ်ရပ်ကို စေ့စပ်အောင်ဆောင်ရွက်ရာ၌ မိမိတို့ကိုယ်ကို ကြားခံအဖြစ်၊ ဖျန်ဖြေသူအဖြစ်ထား၍ ဆောင်ရွက်သောကြောင့် အန္တရာယ်မကင်းဘဲ နှစ်ဖက်လုံး၏ အတိုက်အခိုက်ကိုခံရလေသည်။ မိမိအကျိုးအတွက် မိမိ၏ပုဂ္ဂလိကလွတ်လပ်မှုကို နည်းနည်းမှအထိမခံလိုသော အင်အားစုကလည်း ယင်းတို့ကိုမကျေနပ်။ အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ပရမ်းပတာနိုင်လှသော ပုဂ္ဂလိကလွတ်လပ်မှုကိုနည်းနည်းမှခွင့်မပြုနိုင်သော အင်အားစုကလည်း ယင်းတို့ကိုမကျေနပ်။

သို့ဖြစ်၍ ထိုဓလေ့ထုံးစံဥပဒေနှင့်သိက္ခာပုဒ်များသည် ဆန့်ကျင်ဘက်အင်အားစုနှစ်ခုတို့၏ အလယ်ဗဟို၌ ညှပ်ပူးညှပ်ပိတ်မိကာနှစ်ဖက်လုံး၏ အတိုက်အခိုက်ကိုခံရပါသည်။

**ရသသည် ထိုအကျဉ်းအကျပ်နှင့် အခက်အခဲကိုနားလည်သဘောပေါက်သဖြင့် ဆန့်ကျင်ဘက်အင်အားစုနှစ်ခုတို့၏ အလယ်ဗဟို၌ ကြားခံဖျန်ဖြေသူ အဖြစ်မရပ်တည်ဘဲ ယင်းနှစ်ခုတို့ တစ်သားတည်းအဖြစ် ပေါင်းစည်းရာ ရပ်တည်ခဲ့ခြင်းဖြစ်ပါသည်။**

**ယင်းသို့ ရပ်တည်နိုင်ခဲ့၍လည်း ရသသည်အန္တရာယ် အကင်းဆုံးနှင့်အထိရောက်ဆုံးနည်းဖြင့် ဆန့်ကျင်ဘက်အင်အားစုနှစ်ရပ်ကို တစ်သားတည်းအဖြစ် ပေါင်းစည်း ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့်စစ်မှန်သောရသစာပေ၌ ဒဿနသဘော၊ သိပ္ပံသဘော၊ ဝိဇ္ဇာသဘော၊ အနုပညာသဘော၊ အကျင့်ယောဂသဘော၊ လုပ်ငန်းကမ္မသဘောမပါဟူ၍မရှိချေ** ဟုရေးခဲ့သည်။

(၃)

လူတို့သည် ရသစာပေများဖြစ်ကြသည့် အက်ဆေးကောင်းတစ်ပုဒ်ဖတ်ရ၍ လွတ်လပ်ပေါ့ပါးသည့် အာရုံခံစားရနိုင်သည်။ ကဗျာကောင်းတစ်ပုဒ်ဖတ်ရ၍ကြည်နူးနှစ်သိမ့်မှုကို ရနိုင်သည်။ ပြဇာတ်ကောင်းတစ်ပုဒ်ကို ဖတ်ရ၊ ကြည့်ရသောအခါ အင်္ဂအသော၊ အလွမ်းအဆွေးတို့ကို ကိုယ်တိုင်ကြုံရလေသည်။ ထိုသို့ကြုံသောအခါစိတ်ကူးပုံရိပ်ထဲ လှိုင်းတွန့်လေးများပေါ်လာပြီး ဘဝင်စိတ်ကိုငြိမ်းသွားစေသည်။ ဝတ္ထုတိုလေးတစ်ပုဒ်မှ တစ်ဘဝလုံးအတွက် အသိကိုရနိုင်သည်။ ဝတ္ထုရှည်(Novel)ကြီးများဖတ်ရသောအခါ ဓမ္မနှင့်အဓမ္မ၊ အမှားနှင့်အမှန်၊ လူ့ကျင့်ဝတ်မှစ၍ လူ့သဘောစောကြောမိကာ မလုပ်သင့်တာကို မလုပ်ဘဲနေနိုင်ခြင်း၊ လုပ်သင့်လုပ်ထိုက်သည်ကို လက်တွေ့ကျကျလုပ်ဆောင်ခြင်းနှင့်တစ်ပါးသူ ပြောတိုင်း မယုံကြည်သော ဆင်ခြင်အသိကိုရရှိလေသည်။ဤသည်တို့မှာ လူ့လောက၊ လူ့ဘဝသို့ရောက်လာသူတိုင်း လူဖြစ်ရကျိုးနပ်အောင်ပြုပြင်ပေးနိုင်သည့် ရသစာပေ၏ စွမ်းအားများဖြစ်ပေသည်။

ထိုသို့ပြုပြင်ပေးနိုင်သူသည် မိမိတစ်ဦးတည်း၏ အကျိုးစီးပွားသာမက ပတ်ဝန်းကျင်၌ ကျင်လည်နေကြသော သတ္တဝါများ၏ အကျိုးစီးပွားအတွက်လည်းကြည့်တတ်မြင်တတ်၊ ကရုဏာဖြစ်တတ်လာသည်။ ထို့ပြင် လောကဓမ္မကို ဆင်ခြင်၍ ‘ယောနိသောမနသိကာရ’ တည်းဟူသော သင့်တင့်လျောက်ပတ်သည့် နှလုံးသွင်းဆင်ခြင်မှုမျိုး မလွဲမသွေဖြစ်ပေါ်လာပါသည်။ ထိုအခါ ပဋိပက္ခတည်းဟူသော အသွင်မဆောင်ဘဲ စိတ်တို့သည်သန္တရသသဘော၌ အေးငြိမ်း၍ သွားပါသည်။


(၄)

**ရွှေဥဒေါင်း၏ အယူအဆ**

ဝတ္ထုကောင်းကြီးများ ဖတ်ပြီး ဆင်ခြင်သုံးသပ်ခြင်း စားမြုံ့ပြန်တတ်ခြင်းတို့ကြောင့် ရရှိအပ်သော အကျိုးတရားများသည် အထင်အရှားရှိပါပေသည်။ အရေးကြီးဆုံးကား လူ့သဘာဝကို အသေးစိတ်ဝေဖန်တတ်ခြင်းပင်ဖြစ်၏။ ဝတ္ထုကောင်းကြီးတွေကို ဖတ်ပြီး သုံးသပ်ဆင်ခြင်သောအလေ့အကျင့်ပြုလုပ်ထားသူတစ်ယောက်သည် မိမိနှင့်ဆက်ဆံသော လူများအကြောင်းကို အသေးစိတ်သိတတ်၏။ လူတစ်ယောက်အပေါ်တွင် အပြစ်ချည်းမမြင်ဘဲ ဘယ်အချက်တွင် ဘယ်လိုကောင်းပါပေခြင်းကိုလည်းအသိအမှတ်ပြုတတ်၏။ ဝတ္ထုကောင်းကြီးများ ဖတ်ခြင်းကြောင့်ရရှိသော အကျိုးတရားတစ်ခုကို ဖော်ပြရပေဦးမည်။ ဘာသာတိုင်းနှင့်အကျုံးဝင်၍ လောကဆက်ဆံရေးတွင် အရေးအကြီးဆုံးသော သဘောတရားတစ်ခုသည်ကား အတ္တပရိစာဂခေါ် ကိုယ်ချင်းစာတရားပင်ဖြစ်၏။ တကယ်ဝတ္ထုကောင်းကြီးများသည် စာဖတ်ပရိသတ်၏ နှလုံးထဲ၌ကိုယ်ချင်းစာတရားဖော်ပေး၍ ရင့်သန်သည်ထက်ရင့်သန်အောင်ပြုစုပျိုးထောင်ပေးရာရောက်ပေရကား ဆက်ဆံရေးအတွက် ဘယ်စာနှင့်မျှမတူအောင်တန်ဖိုးရှိသည်ဟု ဆိုလိုက်ရပါတော့သတည်းဟူ၍ ဆရာကြီးရွှေဥဒေါင်းက ရသစာပေ၊ ရသဝတ္ထုများနှင့် ပတ်သက်၍ ၎င်း၏သဘောထားကိုရေးခဲ့သည်။

**စာမျက်နှာ(၁၉)သို့**

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013




# မင်းဒင်ရဲ့ သက်ခိုင် (၂)

မင်းဒင်

(ယခင်အပတ်မှ အဆက်)

နောင် ကျွန်တော်ဖူးခက်ရောက်ပြီး တစ်နှစ်လောက်အကြာမှာပါ တောင်ဘက်ကနေ ဖူးခက်မြို့မဘက်အပြန် စံကျောက်စူရာတောင်ကို ကျော်နေတုန်း တောင်အောက်ကို အမှတ်မထင်လှမ်းကြည့်လိုက်မိတော့ . . ငါဒီရှုခင်းကိုမြင်ဖူးနေပါတယ်လို့ ခံစားမိရာက သေချာတွေးကြည့်လိုက်တော့ ကျွန်တော့်အာရုံထဲမှာ ပေါ်လာခဲ့ဖူးတဲ့မြင်ကွင်းဆိုတာ အမှတ်ရလာတယ်ဗျ။ ယုံချင်ယုံ၊ မယုံချင်လည်းနေပေတော့ဗျာ။

ကျွန်တော်ဟာ ကာမာကူရဘုရားကြီးကိုလည်း ရောက်ခဲ့တယ်။ ဖူးခက်မှာလည်း အခြေချဖြစ်ခဲ့တယ်။ ဂျပန်ခရီးစဉ်ကို ခဏထားလိုက်ဦးဗျာ။ ဖူးခက်အကြောင်း ရှေ့ဆက်ရအောင်။

ကိုသက်တင်နေရာချပေးတဲ့ သာကေတဘက်ကအိမ်မှာ ကျွန်တော် ဆယ့်ငါးရက်လောက်တည်းပြီးတဲ့နောက် ကားလမ်းခရီးနဲ့ မော်လမြိုင်၊ အဲဒီကနေတစ်ဆင့် ထားဝယ်ကိုရောက်လာတယ်။ ဦးတည်ရာက ရနောင်းပေါ့။ ရနောင်းရောက်မှ ယိုးဒယားရောက်မှာမဟုတ်လား။ မော်လမြိုင်၊ ထားဝယ်ကားလမ်းမှာ စစ်ဆေးရေးဂိတ်တွေအတော်ပေါတယ်။ ကားပေါ်က လူကုန်ဆင်းခိုင်းမှတ်ပုံတင်စစ်၊ မသင်္ကာရင်တစ်ယောက်ချင်းခေါ်မေး၊ ကြောက်တတ်ရင် အတော်စိုးရိမ်စရာပါပဲ။ ကျွန်တော့်ကို လိုက်ပို့တဲ့သူက ကိုသက်တင်တပည့် ကိုသန်းလင်းဗျ။ သူကတပ်ကြပ်ကြီးစာရေးဘဝကနေ ပင်စင်ယူထားတာဆိုပေမယ့် အသက်ကသုံးဆယ်ကျော်သာ ရှိပါသေးတယ်။ မှတ်မှတ်ရရမြို့နာမည်၊ ရွာ နာမည် ကျွန်တော်မမှတ်မိတဲ့ ကားလမ်းဘေးထမင်းဆိုင်ကြီးတစ်ဆိုင်မှာ ကားရပ်ပြီး ထမင်းစားနေကြတုန်း ဖြုန်းဆိုစစ်ကားတစ်စီးထိုးဆိုက်လာပြီး လက်နက်အပြည့်နဲ့ စစ်သားတွေ ဆင်းလာပါလေရော။ ကိုသန်းလင်းကတော့ အတော်စိုးရိမ်ထိတ်လန့်တဲ့ပုံပဲ။ မျက်နှာအတော်ပျက်နေပြီ။ ကျွန်တော်ကတော့ စစ်သားဆိုတာ နေရာတကာတွေ့နိုင်တယ်လို့သာ စိတ်ထဲမှာ မှတ်ထားတာကြောင့် ဘာမှမပူပန်တာအမှန်ပဲ။ ခင်ဗျားစဉ်းစားကြည့်လေ။ ကျွန်တော့်လို ဖွတ်ကြား၊ ရဲဘက်ပြေးကို စစ်သားသုံးဆယ်လောက်ဝိုင်းဖမ်းစရာမှ မလိုတာ။ နောက်မကြာပါဘူး။ ဆလွန်းကားအဖြူတစ်စီးနဲ့ ဗိုလ်မှူးကြီးအဆင့် အရာရှိတစ်ယောက်ရောက်လာတယ်။ အမှန်က အဲဒီအရာရှိထမင်းစားဖို့တပ်သားတွေက လုံခြုံရေးယူဟန်တူပါတယ်။ ကိုသန်းလင်းကို လှည့်ကြည့်လိုက်တော့ တိုက်ဆိုင်တယ်ဆိုရမလား။ အိမ်သာဘက်ဆီသွားနေလေရဲ့ဗျာ။

ကျွန်တော်တို့ ထားဝယ်ကိုရောက်တော့ညနေ၆နာရီလောက်ရှိပြီ။ ကိုသက်တင်ကထားဝယ်သားဗျ။ ဒါကြောင့် ဒီလမ်းကို ရွေးတယ်ထင်ပါရဲ့။ ထားဝယ်ကနေ ကော့သောင်းကို ည ၁၀နာရီမှာ ထွက်မယ့် ရုပ်ပြေးယာဉ်ရှိသတဲ့။ တည်းခိုခန်းခပ်သေးသေးတစ်ခုမှာ ကျွန်တော်တို့ ခဏတည်းပြီး ၉ နာရီလောက်မှာ ရုပ်ပြေးယာဉ်ပေါ်ရောက်တယ် ဆိုပါတော့။ ကော့သောင်းမှာ ကျွန်တော်လေးရက်လောက်နေတယ်။ မနက်စောစောထ။ မိုးကျော်ဆိုတဲ့ နယ်ခံလူငယ်တစ်ယောက်နဲ့လက်ဖက်ရည်ဆိုင်ထိုင် ကျွန်တော့်အမူအကျင့်ကတော့ဘာမှ သိပ်မထူးခြားသလိုပါပဲ။ မိုးကျော်ဆိုတဲ့မောင်က ကော့သောင်းမှာ အတော်လူရာဝင်တယ်ဆိုရမယ်။ ကမ်းနီးငါးဖမ်းရှင်များအသင်းဥက္ကဋ္ဌဆိုလား၊ ဘာဆိုလား။ အမှန်တော့ မိုးကျော်ဟာ ကမ်းအဝေးမှာရော ကမ်းအနီးမှာပါ ငါးဖမ်းစရာ ဝါးလတ်လှေရှိဖို့နေနေသာသာ ကူးတို့သမ္ဗန်လှေတောင် မပိုင်ရှာပါဘူး။ ငါးဖမ်းထွက်မယ့်လှေတွေ လိုအပ်တဲ့ငွေကြိုထုတ်ပေးတဲ့ ပွဲစားသဘောလုပ်နေပုံရပါတယ်။ သူနေရာရနေတာကကော့သောင်းနယ်ခံစစ်ဘက်အရာရှိတွေနဲ့ ဂေါက်ရိုက်ဖက်ဆိုလား။ ဒါကြောင့်ပါ။ သူ့မိန်းမနာမည်က အေးအေးဟန်တဲ့။ တမင်မှတ်ထားတာတော့ မဟုတ်ပါဘူး။ သွားလေသူ ကျွန်တော့်ယောက်ဖအေးဟန်နာမည်နဲ့ တူနေလို့ မိုးကျော်ကို ကျွန်တော်စတွေ့ကတည်းက သူ့ပြောပေါက်ဆိုပေါက်တွေဟာ နည်းနည်းလူရည်လည်လွန်းသလားထင်မိတယ်။

ကျွန်တော်ထင်တာမမှားပါဘူး။ မကြာမီမှာ မိုးကျော်ဟာ ကျွန်တော့်ဆီက ဘတ်သုံးသိန်းကို အတိုးနဲ့ ချေးသလိုလို၊ အကူအညီတောင်းသလိုလိုနဲ့ အပျောက်ရိုက်သွားခဲ့ပါတယ်။ နောက်ဆက်တွဲသတင်းကတော့ မိုးကျော်ဟာ ကော့သောင်းကအိမ်ကိုပါ အကြွေးနဲ့ ထိုးဆပ်လိုက်ရသတဲ့။ မိုးကျော်ဟာ ကျွန်တော့်ငွေကို တပတ်ရိုက်နိုင်လိုက်လို့ ဂုဏ်ယူနေကောင်းနေလိမ့်မယ်။ အမှန်တော့ ကျွန်တော် သူ့လုပ်ရပ်ကို ရိပ်မိလို့ ကြိုတင်အကွက်ချထားတာကိုများ သူသိရင် လန့်ဖျားဖျားသွားလောက်တယ်။ ဟုတ်တယ်။ ကျွန်တော်သူ့ခြေလှမ်းတွေကို ကျွန်တော်ကြိုသိနေတယ်။ သူက နယ်စပ်မြို့က လူလည်ချာတိတ်အဆင့်ပါ။ ကျွန်တော့်ငွေကို ပြန်မပေးတော့ဘူးဆိုတာ ရိပ်မိကတည်းက သူ့ကို ရနောင်းဘက်ချော့ခေါ်ပြီး အိမ်မှာတစ်ညသိပ်လိုက်တယ်။ စားသောက်ဆိုင်ချော့ခေါ်သွားပြီး ရနောင်းနယ်ခံလူမိုက်တယောက်နဲ့ မှတ်လောက်သားလောက်အောင် ဆုံးမမလို့။ သူ့ဆီမှာပါလာတဲ့ကော့သောင်းအိမ်ဂရန်ကိုပါ သိမ်းမလို့ပဲဗျာ။

အေးဗျာ၊ ကျွန်တော်ကျိတ်ကြံနေသမျှ ဘာမှမသိရှာတဲ့ မိုးကျော်ကိုကြည့်ပြီး သူ့ကိုသနားလာတယ်။ ကျွန်တော့်ဘေး ကျွန်တော်အချက်ပြမှာကိုစောင့်နေတဲ့ ရာမန်ကလည်းကျွန်တော့်မျက်နှာကိုပဲ ခဏခဏလှမ်းလှမ်းကြည့်နေတယ်။ နောက်ဆုံးတော့ ငါလည်း သူတစ်ပါးငွေကြေးဥစ္စာမတော်မတရားလုပ်မိတာတွေရှိကောင်းရှိမယ်။ ဝဋ်ကြွေးရှိရင်ကျေပါစေတော့ဆိုတဲ့ စိတ်သာမွေးလိုက်ရတော့တယ်။ နောက်တစ်ချက်က ကော့သောင်းကနေ ရနောင်းကိုကူးဖို့ပြင်ဆင်ကူညီပေးခဲ့တာ သူ့ကျေးဇူးလည်းပါပါတယ်။

ကော့သောင်းမြို့ဟာ နယ်စပ်မြို့ဖြစ်နေတာကြောင့် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းတချို့တော့ ပျောက်နေပြီဆိုနိုင်တယ်။ နယ်ခံအများစုဟာ ဘယ်ညှော့သည်ကိုမှ ထမင်းဖိတ်မကျွေးဘူး။ အိမ်မှာခေါ်မသိပ်ဘူးလို့ဆိုတယ်ဗျ။ နယ်စပ်လိုနေရာမျိုးဆိုတော့ ဘယ်ကလာမှန်းမသိ၊ ဘယ်ကိုသွားမှန်းမသိတဲ့ ညှော့သည်တွေများတာကြောင့် ထင်ပါရဲ့။ အဆိုးလို့လည်း ပြောမရပြန်ဘူး။

ကော့သောင်းကနေရနောင်းဘက်ကို ကျွန်တော်စက်လှေနဲ့ကူးလာတော့ ပါချန်မြစ်ကိုဖြတ်ရတယ်။ အဲဒီဒေသဟာ ရှေးမြန်မာတပ်တွေ ယိုးဒယားတောင်ပိုင်းကိုသိမ်းဖို့ စစ်လမ်းကြောင်းကျခဲ့တဲ့နေရာပေါ့။ ပါချန်ကျွန်းဆိုတာ သမိုင်းစာအုပ်မှာ ဖတ်ရပေမယ့် လက်ရှိတော့ ပါချန်ကျွန်းဆိုတာ ဘယ်နေရာကိုခေါ်သလဲမသိကြတော့ဘူးတဲ့။ ပါချန်မြစ်ကို ဖြတ်နေတဲ့အချိန်လေးကို ကျွန်တော့်တစ်သက်မှာ ဘယ်တော့မှ မမေ့နိုင်ဘူး။ ငါဟာရေမြေခြားကို အချိန်အကြာကြီးသွားရောက်ခိုလှုံဖို့တရားမဝင်လမ်းကြောင်းတစ်ခုကနေ ဖြတ်ကျော်နေပြီဆိုတဲ့အတွေးက ခေါင်းထဲကို အဆက်မပြတ်ဝင်နေတယ်။ မြစ်ပြင်ကလှိုင်းတွေ၊ လှေပေါ်ကလူတွေဟာ ကျွန်တော်နဲ့ ဘာမှမဆိုင်သလို ခံစားရတယ်။ ရနောင်းဆိပ်ကမ်းကိုလှေကပ်တော့ ပွဲချိတ်တွေရာချီကပ်ထားတဲ့ ဆိပ်ခံဇောတံတားဆီကနေ ကျွန်တော့်နာမည်ကို အော်ခေါ်နေသံကြားရပါတော့တယ်။ ကိုသက်တင်အသံပေါ့။ ဖန်ဖလားဆိပ်ကမ်းကနေ ကားတစ်စီးနဲ့ ကျွန်တော်တည်းခိုရမယ့် အန်တီအုန်းတို့အိမ် သွားလမ်းတစ်လျှောက်မှာ တစ်လမ်းလုံးအတွေးမျိုးစုံနဲ့ ငြိမ်ပြီးလိုက်လာခဲ့တာမို့ ကျွန်တော်မှတ်မိတာကတော့ ရနောင်းမြို့ရဲ့လမ်းမကျယ်ကြီး တစ်ခုပါပဲ။ အန်တီအုန်းရဲ့ခင်ပွန်းဟာ မကြာမီကမှ ဆုံးပါးသွားခဲ့ပြီး အဲဒီတုန်းက အန်တီအုန်းအသက်ဟာ ငါးဆယ်မကျော်လောက်သေးပါဘူး။ သူ့ခင်ပွန်းနဲ့ ကိုသက်တင်တို့ အမျိုးနီးစပ်တော်တယ်လို့ဆိုပါတယ်။ Ranoung Pearl Queen ဆိုတဲ့ ရနောင်းဈေးရှေ့နဲ့ မလှမ်းမကမ်းလမ်းသွယ်လေးထဲကဆိုင်ဟာ အန်တီအုန်းဆိုင်ပါပဲ။ အန်တီအုန်းဟာ နဝတ၊ နအဖခေတ်အဆက်ဆက်က ထိပ်တန်းအရာရှိတချို့နဲ့ အဆက်အသွယ်ရှိတာကြောင့် မြန်မာ့ကျောက်မျက်ရတနာတွေကို နိုင်ငံတကာပြပွဲတွေမှာ တည်ခင်းရောင်းနိုင်တဲ့အထိလက်တံရှည်တယ်လို့လည်း ကျွန်တော်တစွန်းတစသိခဲ့ရတယ်။ အန်တီအုန်းနဲ့ အတူနေတာကသူ့ညီမ မထား။ မထားရဲ့ခင်ပွန်း ကိုမျိုးဝေကထားဝယ်လေသံနဲ့ စကားပြောပေမယ့် မွတ်ဆလင်ဘာသာကိုးကွယ်တယ်။ အန်တီအုန်းရော၊ မထားတို့လင်မယားပါ ညှော့ဝတ်အတော့်ကိုကျေတယ်။ ထူးခြားတာက မထားဟာ မွတ်ဆလင်ဖြစ်မသွားဘူး။ မိုးကုတ်ဆရာတော်ကြီးရဲ့ တရားခွေတွေ၊ စာအုပ်တွေ နာနေ၊ ဖတ်နေတာ ကျွန်တော်တွေ့မိတယ်။ ကိုမျိုးဝေကလည်း အချိန်မှန်ဗလီတက်နေတာ တွေ့ရလေရဲ့။

ရနောင်းကို ကျွန်တော်ရောက်ပြီး တစ်ပတ်လောက်အကြာမှာ ကျွန်တော့်လိပ်စာနဲ့ ကျွန်တော့် ပတ်စ်ပို့ရောက်လာတယ်။ စီစဉ်သူက ကိုသက်တင်ပါပဲ။ အမှန်က လူကသာ ရေလမ်းက တရားမဝင်ရောက်လာတာ။ ကျွန်တော့်စာအုပ်က လေယာဉ်ပျံစီးပြီး လေဆိပ်မှာ ဗီဇာအဝင် တံဆိပ်တုံးနဲ့ပေါ့။ အလကားတော့ ဘယ်ရပ့်မလဲ။ ကျွန်တော့်အိတ်ကပ်ထဲက ဗမာငွေသိန်းအစိတ်ထွက်သွားလေရဲ့။

စာအုပ်မှာ အဝင်တုံးထုတဲ့ကိစ္စဟာ ပေါက်ဈေးဘတ်လေးငါးထောင်သာ ပေါက်တာကျွန်တော်သိနေပါတယ်။ သက်တင်ဂွင်ရိုက်လိုက်တဲ့အကွက်ကိုလည်း ကျွန်တော် သိနေတယ်။ ကျွန်တော်ဘာမှ မပြောသာဘူး။ ပြောချင်စိတ်လည်း မရှိလှဘူး။ နောင်ကာလတွေမှာ ပတ်စ်ပို့နဲ့ ပတ်သက်တဲ့ အကြံအဖန်မှန်သမျှ ကျွန်တော် မသိတာမရှိလောက်အောင် ကျွမ်းကျင်လာပါတယ်။ စွတ်အထင်မကြီးလေနဲ့။ ကျွန် တော့် ဘဝပေး အခြေနေကိုမကျွမ်းကျင်ရင်လမ်းပေါ်မှာ လမ်းပျောက်သွားနိုင်တယ်လေ။


ဒီလိုနဲ့ အန်တီအုန်းတို့ အိမ်မှာသောင်တင်အပြီးရက်နှစ်ဆယ်လောက်ကြာတော့ကျွန်တော့်ဘဝရှေ့ရေးခရီးဆက် နိုင်ဖို့အတွက် အကွက်ချစီစဉ်ရပါတော့တယ်။ ကျွန်တော့်ဗီဇာသက်တမ်းဟာ သုံးလသာရှိတာမို့ တစ်ပြည်တစ်ရွာမှာအခြေကျဖို့ကျွန်တော်လုံးပန်းမှ ဖြစ်တော့မှာ မဟုတ်လား။ သက်တင်ပြန်သွားတဲ့ အချိန်မှာတော့ ကျွန်တော် ရနောင်းဈေးနားက ဆင်းထဝီးဟိုတယ်ကို ပြောင်းနေလိုက်ပါတယ်။ ကိုမျိုးဝေဟာ ကျွန်တော့်ကို စိတ်ပူတယ်ထင်ပါရဲ့။

စာမျက်နှာ(၁၉)သို့

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# စိန်ဘီးနဲ့ သနပ်ခါးလူးပြီးတော့မှ ကူးခဲ့ကြတဲ့ တံတား

မောင်သာချို



(တစ်)

မကြာသေးမီက ဧရာဝတီမြစ်ကြီးထဲတွင် ရေတွေ ဖောင်ဖောင်ကြီးနေသည့် ရက်တွေထဲ၌ စစ်ကိုင်းတောင်ခြေမှာ တစ်ညသွား အိပ်ဖြစ်ပါသည်။

စစ်ကိုင်းက ကျွန်တော်နှင့် မစိမ်းပါ။ ရွှေဘို၊ မုံရွာ၊ မြစ်ကြီးနား၊ ကန့်ဘလူ၊ မြင်းမူ၊ မြောင်၊ ပုံတောင်ပုံညာ ဘယ်လိုပဲ သွားသွား စစ်ကိုင်းကိုမှ ဖြတ်ရပြီဆိုလျှင်ဖြင့် ကျွန်တော်က ခဏဝင်နားမြဲဖြစ်ပါသည်။ သို့သော် ညကားမအိပ်ဖြစ်။ စစ်ကိုင်းမြို့ပေါ်၌ ဟောပြောပွဲရှိသဖြင့်ညဥ့်သန်းခေါင်သန်းလွဲအထိ စစ်ကိုင်းမြို့တွင်းမှာရှိနေခဲ့ဖူးသည့်တိုင် အိပ်ကြစို့ဟု ဆိုသည်နှင့် ကျွန်တော်က မန္တလေးမြို့တော်ကြီးရှိရာဆီသို့သာ ပြန်၍ အိပ်တတ်မြဲဖြစ်ပါသည်။

အခုတော့ စစ်ကိုင်းမှာ တစ်ညအိပ်ဖြစ်ပါပြီ။ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ မေတ္တာတရားဖြင့် စစ်ကိုင်းတောင်ခြေရှိ ဆရာတော့်မွေးရပ်ဌာနေ သောတာပန်ဟူသည့် ရွာကလေးမှာ ကျွန်တော်တစ်ညအိပ်ဖြစ်ပါသည်။ ဗုဒ္ဓဘာသာရဟန်းသံဃာတော်များနှင့် သီလရှင်ဆရာလေးများကို အဓိကထားပြီး ပြောကြားရသည့် ဟောပြောပွဲအပြီးတွင် စစ်ကိုင်း၌ အိပ်ဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

သောတာပန်ရွာက စစ်ကိုင်းတောင်ခြေမှာရှိပါသည်။ တောင်ခြေရင်းမှာက ဧရာဝတီမြစ်ကြီး တသွင်သွင်စီးဆင်း၍ ရှိနေလေရာ တောင်နှင့်မြစ်၏ စပ်ကြားက ရှားရှားပါးပါး မြေပြင်ညီကလေး ဟိုနား လက်တစ်ဝါးသာသာ သည်နား လက်တစ်ဝါးသာသာပေါ်မှာ ရွာဖြစ်အောင် တည်ထားရခြင်းဖြစ်ပါသည်။

ဆရာတော်ဒေါက်တာအရှင်ဆေကိန္ဒက စစ်ကိုင်းတောင်ရိုး၏ ခြေရင်းရှိ မြစ်မင်းရော၏ ကမ်းနဖူးအစပ်မှာ တည်းခိုရိပ်သာကို ဆောက်ထားခဲ့ခြင်းဖြစ်ပါသည်။ သုံးထပ်တိုက်။ တစ်ထပ်စီ၌ ဆယ်ခန်းဝန်းကျင်။ တစ်ခန်းတွင် ခုတင်သုံးလုံး။ အခန်းတိုင်းမှာ ရေချိုးခန်း၊ အိမ်သာ၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ကျောက်ပျဉ်နှင့် သနပ်ခါးတုံးများကိုပင် ထားပေးလိုက်သေး။ စကြံနှစ်ခု။ မြစ်ဘက်မှာလည်း စကြံ၊ တောင်တန်းဘက်မှာလည်း စကြံ။ ဒကာ၊ ဒကာမတွေ တည်းဖို့တဲ့။

ကျွန်တော်က သည်တိုက်တန်းမှာ တစ်ယောက်တည်းအိပ်ရဲကြောင်းပြောသဖြင့် ဒေသခံတို့ပြန်သွားကြပြီးနောက် တိုက်ခေါင်မိုးပေါ်သို့ ကြောင်လိမ်လှေကားမှ တစ်ဆင်တက်ပြီး စစ်ကိုင်းရှုခင်းကို ကြည့်လိုက်ရာတော်တော်နှင့် ပြန်မဆင်းနိုင်ပါလေတော့။

မလှမ်းမကမ်းမှာက ရှင်ပင်နံ့ကိုင်းစေတီ။ ဟိုးတောင်ထွတ်ဖျားဆီမှာက ဆွမ်းဦးပုညရှင်။ ဟိုဘက်ကမ်းဆီမှာက မန္တလေးတောင်၊ ရွှေကြက်ယက် ရွှေကြက်ကျ။ ပြီးတော့ စစ်ကိုင်းတံတား။ လှမ်းဖို့ကောင်းလိုက်တာ။ ညရှုခင်းထဲက စစ်ကိုင်းတံတား။

(နှစ်)

သည်နေရာမှာ မြစ်ကူးတံတားကြီးနှစ်စင်းက အပြိုင်ရှိလေရာ အညာဘက်သို့ နည်းနည်းရောက်သည့်တံတားက နောက်မှဆောက်သည့် ရတနာပုံတံတားဖြစ်ပါသည်။ အကြေဘက်က တံတားက မူလတံတားဖြစ်ပါသည်။ စစ်ကိုင်းတံတား၊ အင်းဝတံတားစသည်ဖြင့်ကိုယ့်ပါးစပ်နှင့်ကိုယ်ဟပ်သလိုခေါ်နေကြသည့် တံတားကြီးလည်း ဖြစ်ပါသည်။ နာမည်ကျော်တံတား။ သီချင်းတစ်ပုဒ်ဖြစ်အောင်ကိုလုပ်ဆိုထားခဲ့ရသည့်တံတား။

စစ်ကိုင်းတံတားကို×××
ဆုံးအောင် စေ့ပြန်တော့××
သုံးထောင်နဲ့ ရှစ်ရာ့ငါး
ဆယ်ပေ
မီးရထားလမ်း××
ကျယ်ဝန်းသည်မှာ××
နှစ်ဆယ်နဲ့လေးပေ
မပိုမစောင်း×××
(မော်တော်ကားလမ်း
အမြောင်ဆွယ်ကာရယ်)၂×
အတောင်နှစ်ဆယ်သာသာ
လူသွားလမ်းခုနစ်ပေထား×

ဒါက နန်းတော်ရှေ့ဆရာတင်၏ လက်ရာ "စစ်ကိုင်းတံတားပေါ်" သီချင်း၏ ပထမအပိုဒ် ဖြစ်ပါသည်။ စစ်ကိုင်းတံတားကြီး ၃,၈၅၀ ပေရှည်လျားတာ၊ မီးရထားလမ်းက ၂၄ ပေကျယ်ပြီး မော်တော်ကားနှင့်ယှဉ်ထားတာ၊ လူသွားလမ်းက ခုနစ်ပေကျယ်တာ စသည် စသည်ဖြင့် ဖွဲ့ထားသော အပိုဒ်ဖြစ်ပါသည်။

(အုတ်တိုင်ကြီးတွေက
အကွက်သားမြိုင်သည်)၂
တစ်ဆယ့်နဲ့ငါးတိုင်
တန်းစဉ်ထား××
ခုံးပေါင်းတစ်ဆယ်
လမ်းဖွင့်ခြား၍
အခန်းတစ်ဒါဇင်အား
ရှိပေသည်×××
ကုန်ကျငွေတွေ
ယခု နေသင့်ပြန်တော့
တစ်ကုဋေနဲ့
ငါးသန်းကျော်ပေသည်
(ရေမှအမြင့်
တွေးမျှော်ပြန်လျှင်)၂
လေးဆယ်ကျော်
ငါးပေစွန်းပါလို့××
တံတားအညွှန်းရေးခဲ့ပါ
သည်
တေးဖွဲ့စာစီ××
နန်းတော်ရှေ့တစ်နာမည်မှာ
ကမ္ဘာ့ရှည်တည်ကြောင်း
သာပလေး

ဒါက သီချင်းဒုတိယအပိုဒ်။ တံတားတိုင်ကြီးတွေက ၁၅ တိုင်တဲ့။ ခုံးကြီးတွေက ၁၀ ခုံးတဲ့။ အခန်းပေါင်းက ၁၂ ခန်းတဲ့။ ရေပြင်အထက်အမြင့်က ၄၅ ပေတဲ့။ ကုန်ကျငွေ စုစုပေါင်းက ကျပ်တစ်ကုဋေနဲ့ ငါးသန်းတဲ့။

သီချင်းထဲက သည်စစ်ကိုင်းတံတားကြီးကို ကိုလိုနီခေတ်ဗြိတိသျှအစိုးရက မြန်မာပြည်မီးရထားကုမ္ပဏီနှင့် ပူးပေါင်းဆောက်လုပ်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ပြီးနောက် ၁၉၂၄ သို့ရောက်မှ ဆောက်ရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။ ရန်ဒဲလ်ပါးမားနှင့် ထရစ်တန်ကုမ္ပဏီကို ကန်ထရိုက်ပေးလိုက်ရာ ၁၉၃၄ ခု ဇန်နဝါရီလ ၂ ရက်က သည်တံတားကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါသည်။ တံတားကို အခမ်းအနားနှင့် ဖွင့်လှစ်ပေးခဲ့သူက မြန်မာပြည်ဘုရင်ခံ ဆာဟူးဂျ်လင်းစဒေါင်းစတီဖင်ဆန်။ တံတားအရှည်ကမူ သီချင်းထဲမှာက ၃,၈၅၀ ပေတဲ့။ တချို့စာအုပ်တွေမှာက ၃,၈၆၀ ပေ။ တချို့ကလည်း ၃,၉၄၈ ပေတဲ့။

စစ်ကိုင်းတံတားက မြန်မာ့သမိုင်းနှင့် ဆက်စပ်ပါသည်။ ဂျပန်တို့ဝင်ရောက်လာသောအခါ အင်္ဂလိပ်က သူဆောက်သည့်တံတားကို သူပဲချိုးဖောက်ဖျက်ဆီးကာ ဆုတ်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။

တပ်မှူးဗိုလ်ချုပ်စလင်း (slim) ၏ အမိန့်ဖြင့် ၁၉၄၂ ခုနှစ်ဧပြီ ၃၀ ရက်ည ၁၁ နာရီ ၅၉ မိနစ်၌ သည်တံတားကို ဖောက်ခွဲပစ်ခဲ့လိုက်ခြင်းဖြစ်ပါသည်။

ထို့နောက် ဂျပန်တော်လှန်ရေးအပြီး အင်္ဂလိပ်ပြန်အဝင် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ကြပြီးသည့်နောက် လွတ်လပ်စမြန်မာပြည်၏ ၁၉၅၄ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင် သမ္မတကြီးဒေါက်တာဘဦးက စစ်ကိုင်းတံတားကို ပြန်လည်ဖွင့်လှစ်ပေး လိုက်ခြင်းဖြစ်ပါသည်။

"ထပါနော်××× မရာကျော်ဂဟေဆက်လို့ ရွှေကြက်ယက်ဘုရားဖူးပြီးတော့ စစ်ကိုင်းတံတားကူးတော့မည်။ ကံဆုံ×××× ရန်ကုန်သူတွေ ပုသိမ်ထီးနဲ့ စိန်ဘီးနဲ့ သနပ်ခါးလူးပြီးတော့ စစ်ကိုင်းတံတားကူးတော့မည် မေကညာ×× ဧရာသူတွေ ပုသိမ်ထီးနဲ့ စိန်ဘီးနဲ့ သနပ်ခါးလူးပြီးတော့ စစ်ကိုင်းတံတားကူးတော့မည် နေညိုညိုငယ်လေ ရွှေဘိုသူတွေလာပြန်ပြီ တံတားထိပ်မှာ ထမင်းချက်မလို့ ဟင်းရွက်ကလေးလည်း သွားခူးသည်"

နန်းတော်ရှေ့ ဆရာတင်က စစ်ကိုင်းတံတားကို ဒေသပေါင်းစုံက လူတွေအံ့သြတကြီးဖြစ်ကာ တကူးတကန့် တခမ်းတနားလာကြည့်ကြရကြောင်း ဆက်ဖွဲ့ထားခြင်းဖြစ်ပါသည်။ စိန်ဘီးနဲ့ ပုသိမ်ထီးနဲ့ သနပ်ခါးတွေ ဘာတွေလူးပြီး လာကြည့်ကြရပါလေသတဲ့။

မြန်မာပြည်×××
အဆန်းပေါ်သရွေ့
နန်းတော်ရှေ့စီရေးသည်
ကံဆုံ××× ရန်ကုန်မြို့က
ကြည့်ရန်လာပြန်ပြီ
သတင်းမြတ်စကား
အင်းဝတံတားလို့
နှုတ်ဖျားအောင်လံချီ

နန်းတော်ရှေ့ ဆရာတင်က စစ်ကိုင်းတံတားကြောင့် ငှက်သမ္မန်ခတ်စားရသည့် ဒေသခံတို့ အလုပ်လက်မဲ့ဖြစ်သွားကြရပုံကိုလည်း ဤသို့ ဖွဲ့ပါသည်။

တံတားဆက်ပြီးပြီ
သွားမယ့်ခရီးသည်
ငှက်သမ္မန်ကူးတို့ဆိပ်က
အိပ်ရရှာသည်
ခုများတစ်လီ
မြန်မာလူမျိုးတွေ
အလုပ်မရှိတော့
တံတားကြီးကိုကြည့်ကာ
ငိုမိသည်×××
ငိုမိပါသည်××× တဲ့။

စက်မှုခေတ်ကြီးထဲသို့ အဝင်၌ မိရိုးဖလာလက်မှုလုပ်ငန်းကလေးတို့၏ ထမင်းအိုးဟင်းကလေးများ အကျပ်ရိုက်သွားရပုံကို သီချင်းထဲမှာ ထည့်ပစ်လိုက်ခြင်းဖြစ်ပါသည်။

ဩော် . . . စစ်ကိုင်းတံတားကြီး။

(သုံး)

အခုတော့ မြန်မာပြည်မှာ မြစ်အမင်းမင်း၌ တံတားအစင်းစင်းထိုးပြီးခဲ့ပါပြီ။ စစ်ကိုင်းတံတားလိုတော့ သီချင်းမဖြစ်သေး။


တကောင်းကနေ ဖောင်ဖြင့် မျောပါလာကြသည့် မဟာသမ္ဘဝ စူဠသမ္ဘဝ မျက်မမြင်ညီနောင်တို့၏ ဖောင်တော်စစ်ပင်ကိုင်းကြီးနှင့် ငြိနေရာက စန္ဒမုခီဘီလူးမနှင့် တွေ့ကြသည်ဆိုသော ဒဏ္ဍာရီထဲက စစ်ကိုင်းကမ်းခြေမှာ စစ်ကိုင်းတံတားကို နောက်ဆုံးလှမ်းကြည့်မိပြန်တော့ သန်းခေါင်က အကျူးကြီးကျူးခဲ့ပါပြီ။ ။

ဂ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဉက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော်၊ နန်းအောင်၊ ဟေမာနှင်း၊ အေကေသော်၊ ချစ်ဝိုင်း၊ ဖွဲ့မာန် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒါနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ ၊ ဝလုံး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊စည်သူအောင်၊ နှင်းဝေဝေ၊ ဆုရည်လွင် |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006




# ခြင်တစ်ကောင်အတွက် သေဒဏ်

■ ခွန်းဆင့်သူသူ

သတင်းတွေထဲမှာ မဖတ်ချင်ဆုံး သတင်းက ရက်ခြားဆိုသလို ဖတ်နေရတဲ့ မုဒိမ်းမှုတွေပါ။ အနယ်နယ် အရပ်ရပ်က မုဒိမ်းမှု သတင်းတွေဖတ်တိုင်း၊ လက်သည်းဆိတ်တော့ လက်ထိပ်နာသလို၊ ကျွန်မ ဒေါသက ငယ်ထိပ်တက်ဆောင့်တော့တာပါပဲ။ ကလေးသူငယ် မုဒိမ်းမှုဆိုရင်တော့ရင်ထဲ အသည်းထဲကို ကျွဲဝင်ခတ်သွားသလို နာကျင်ခံစားရပါတော့တယ်။

အရင်နှစ်တွေထက်စာရင် ဒီနှစ်မှာ မုဒိမ်းမှုတွေက ပိုပြီးများလာသလားပဲ။ ရက်ခြားဆိုသလို သတင်းစာတွေမှာ နိုင်ငံရေးသတင်းတွေနဲ့အပြိုင် မုဒိမ်းမှုတွေက နေရာယူထားလေတော့ ဒီအကြောင်းတွေ မပြောချင်၊ မရေးချင်ပေမယ့် ရက်ရက်စက်စက်၊ ပက်ပက်စက်စက်ဖြစ်အင်တွေကနှလုံးသားကိုလာပြီး တွန်းတိုက်၊ ရိုက်ခတ်ကြလေတော့ ကျွန်မ မနေသာတော့။

ယဉ်ကျေးလှပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးမှာ မြင့်မြတ်တဲ့ဘဝကို ရကြပါတယ်ဆိုတဲ့ ပုရိသကြီးကြီး ရွယ်ရွယ်တွေက အားနွဲ့တဲ့ မိန်းမသားကြီးကြီး၊ ငယ်ငယ်တွေကို စိတ်ရှိတိုင်း ရိုင်းနေကြတဲ့အဖြစ်။ အသက်(၅)နှစ် ကနေ (၈၀)ကျော်အထိ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုကို စိန်ခေါ်နေကြပြီ။

ချဉ်ပေါင်ရွက် ကလေးခူးတာ ဘဝပေးလိုက်ရသတဲ့။ ဆန်ပေးမယ်ဆိုလို ဖခင်က ယုံကြည်ပြီး သမီးကိုလိုက်သွားခိုင်းလိုက်တာ။ ရလာပါတယ် ဆန်နှစ်ပြည်။ ပေးလိုက်ရတာက အပျိုစင်ဘဝ။ အိမ်ဘေးနားက စာသင်တဲ့ ဆရာက(၇)နှစ်အရွယ်လေးကိုစာသင်ရင်း သားမယားအဖြစ် ကြံစည်တော့ ကလေးက ထုံအအကလေးမဟုတ်လို့သာပေ့ါ။ နို့မို့ဆို ကိုယ်ကျိုးနည်းတော့မှာ။ မိန်းကလေးတွေကို ကြက်ကလေး၊ ငှက်ကလေးတွေလိုများ သဘောထားကြလေတော့သလား။ တဏှာရူးတွေရဲ့ ဆင်ခြင်မဲ့လုပ်ရပ်ကြောက်စရာ၊ ရွံ့စရာလူသားကမ္ဘာကြီးကို ဖန်တီးနေကြသလိုပါပဲ။

အခုတောင် ဒီလိုဖြစ်နေကြရင် နောက်ဆယ်နှစ်၊ ၁၅ နှစ်အကြာမှာ ကျွန်မတို့လူ့အဖွဲ့အစည်းက ဒီထက်ပိုပြီး ဆိုးရွားနေကြမလားဘဲ။ ဒီထက်ပိုပြီး ဆိုးရွားမလား။ ဒီထက်ပိုပြီး တော်လာမလားဆိုတာ မခန့်မှန်းနိုင်ပေမယ့် ဒီထက်ပိုပြီး တော်လာတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့က အခုလက်ရှိမျိုးဆက်တွေရဲ့ တာဝန်ပါ။ ကလေးတွေ တက်နေကြတဲ့ ယဉ်ကျေးလိမ္မာသင်တန်းတွေကို လူကြီးတွေပါ တက်ခိုင်းရမလိုပါပဲ။ အသက်(၁၈)နှစ်ပြည့်ရင် လူ ကြီးဖြစ်ပြီဆိုတော့ လူကြီးလိမ္မာသင်တန်းဆိုပြီးတော့ပေ့ါ။ လောကနီတိတွေ၊ ၃၈ ဖြာမင်္ဂလာတွေကို ပြန်သင်ပေးပြီး စိတ်ဓာတ်တွေ ပြုပြင်ပေးရမလို ဖြစ်နေပြီ။

ငယ်ငယ်က မုဒိမ်းကောင်ကို မြင်ဖူးတာက ရုပ်ရှင်ထဲမှာပါ။ အကယ်ဒမီမင်းသားကြီး ဦးကျော်လုံးပေ့ါ။ ရုပ်ရှင်ထဲမှာတော့ သူက အမြဲလိုလို ဗီလိန်သမား၊ စားနေကျကြောင်ဖား။ သူ့ရဲ့ သရုပ်ဆောင်ချက်ကပဲ ပီပြင်လွန်းတာလား။ သူ့ရုပ်သွင်ပြင်ကပဲ ဗီလိန်ရုပ်ပေါက်နေတာလားတော့ မသိပေမယ့် သူ့ကိုမြင်တာနဲ့ ကျွန်မတို့ကလေးတွေ ရွံ့မုန်းကြတာတော့ အမှန်ပဲ။ နောက်တော့ အံ့ကျော်ခေတ်၊ အကယ်ဒမီအံ့ကျော်ကလည်း မိုက်မယ်၊ ကြမ်းမယ်၊ ရမ်းမယ်ဆိုတဲ့ လူကြမ်းရုပ်၊ ဗီလိန်ရုပ်ကို အပီအပြင် သရုပ်ဆောင်နိုင်တာပါ။ ရုပ်ရှင်ထဲမှာ ဦးကျော်လုံး၊ အံ့ကျော်တို့က အရွယ်ရောက်ပြီး မိန်းမသားတွေကိုပဲ ခြေတော်တင်ကြတာ(ပစ်မှတ်ထားကြတာ)။

ဟိုတစ်လောတုန်းကတော့ ရန်ကုန်တိုင်းအတွင်း ဖမ်းမိတဲ့ ညစ်ညမ်းခွေတွေကို လမ်းကြိတ်စက်နဲ့ ကြိတ်ပြီး ဖျက်ဆီးပစ်လိုက်တယ်ဆိုတဲ့ သတင်းဖတ်ရတယ်။ ဒီအခွေတွေက လူထုကြားထဲကို ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနေခဲ့တာကြာပါပြီ။ အပြီးတိုင်ချေမှုန်းသုတ်သင်နိုင်ဖို့ကတော့ အခုလို အိုင်တီခေတ်ကြီးမှာ မဖြစ်နိုင်တော့ပါဘူး။ ဒီအခွေတွေက မုဒိမ်းမှုဖြစ်စေတဲ့ စေ့ဆော်ချက်တွေဖြစ်ပေမယ့် ဒီအကြောင်းတရား တစ်ခုတည်းနဲ့တော့ ပြောလို့မရဘဲ လူတစ်ဦးချင်းစီရဲ့ ကျင့်ဝတ်၊ စိတ်ထားတွေနဲ့လည်း သက်ဆိုင်တာပါပဲ။

လွန်ကြူးခြင်းသည် ဘယ်အရာမှ ကောင်းရိုးထုံးစံမရှိဆိုတော့ အစားကြူး၊ အအိပ်ကြူး၊ တဏှာကြူး၊ အာဏာကြူး၊ ဘယ်အရာမှ မကောင်း။ မိုက်မဲသောသူတို့သာ ပြုမူကြခြင်းပါ။ လူမိုက်တွေကို မပေါင်းဘဲရှောင်ရမှာဖြစ်ပေမယ့် တဏှာကြူးဖြစ်တဲ့ လူမိုက်ကိုတော့ ရှောင်နေရုံ၊ ကင်းကင်းနေရုံနဲ့ မရဘဲ။ အပြီးတိုင် သုတ်သင်ရှင်းလင်းပစ်ရမှာပါ။

လူဖြစ်ပြီး မိုက်မဲတဲ့ မုဒိမ်းကောင်တွေကို ဘာနဲ့ခိုင်းနှိုင်းရမလဲလို့ စဉ်းစားကြည့်တော့ ခြင်တွေကို မျက်စိထဲပြေးမြင်မိပါတယ်။ 'ခြင်'ဆိုတဲ့ သတ္တဝါက ကိုယ်က အရင်တွေ့ရင် ဦးအောင်ဆော်ရင်ဆော်၊ မဆော်လို့ကတော့ သူက ကိုယ့်ကို ကိုက်တော့မှာ။ သနားပါတယ်ဆိုပြီး လက်ကလေးနဲ့အသာပုတ်ထုတ်လိုက်ရင်တစ်ယောက်ပြီးတစ်ယောက် သူက ပြောင်းကိုက်တော့မှာ။ ဒါကြောင့်ခြင်တစ်ကောင်အတွက် သူနဲ့ထိုက်တန်တာကတော့ သေဒဏ်ပဲ။

အိန္ဒိယနိုင်ငံ၊ ဘတ်စ်ကားပေါ်မှာ ဆေးကျောင်းသူကို မုဒိမ်းကျင့်ကြတဲ့ သူလေးဦးကို အပြစ်ပေးလိုက်တာ သေဒဏ်။ အမေရိကန်မှာ မိန်းကလေးသုံးဦးကို ဆယ်နှစ်ကျော်ကြာ နေအိမ်တွင် ဖမ်းဆီးချုပ်နှောင်ထားပြီး သားမယားအဖြစ် ပြုကျင့်၊ ရိုက်နှက်သူကို ပြစ်ဒဏ်ပေးလိုက်တာလည်း သေဒဏ်ပဲ။

ဒါကြောင့် လူ့အဖွဲ့အစည်းအတွင်းထဲက 'ခြင်'လို လူတွေကို အပြစ်ပေးဖို့ ထိုက်တန်တာကတော့ သေဒဏ်ပဲလို့ဆိုရင် နည်းနည်းမှ မလွန်လောက်ပါဘူးနော်။

# Business

7DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013





*ရန်ကုန်မြို့လယ်တစ်နေရာရှိ အထပ်မြင့်အဆောက်အအုံများ* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အိမ်ခြံမြေငှားရမ်းခဈေးကြီးမှု ရင်းနှီးမြှုပ်နှံသူများကို အခက်တွေ့စေဟုဆို

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

မြန်မာနိုင်ငံသည် ယခင်နှစ်များကထက်ပိုပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့သော်လည်း လုပ်ငန်းများလုပ်ကိုင်နေသည့်ကုမ္ပဏီများမှာ ရုံးခန်းနှင့်အိမ်ခန်းများ ဈေးကြီးသည့်ပြဿနာနှင့် တွေ့ကြုံရကြောင်း အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးကို ကိုးကား၍ ရိုက်တာသတင်းက ရေးသားထားသည်။

ဧပြီ ၁ ရက်တွင် စခဲ့ပြီး ဩဂုတ်လအထိ ယခုဘဏ္ဍာရေးနှစ်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံအထိ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့ကြောင်း ၄င်းကဆိုသည်။ ယခင်နှစ်က ၁ ဒသမ ၄ ဘီလီယံကိုသာခွင့်ပြုခဲ့သည်။

သို့သော်လည်း ရုံးခန်းငှားရန်ပြဿနာအခက်အခဲကြုံတွေ့မှုကြောင့် အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနောက်ဆုတ်သွားသည်ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

မြန်မာသို့ တိုက်ရိုက်ရင်းနှီးမှုအများစုမှာ အာရှနိုင်ငံများ ဖြစ်သည်။

“နစ်ဆန်းကားထုတ်လုပ်ဖို့လာတဲ့မလေးရှားကဒေါ်လာသန်း ၅၀၀ လောက်မြှုပ်နှံမှာဖြစ်တယ်။ ဒီနှစ်ဘဏ္ဍာရေးနှစ်မှာတော့ သူက အင်အားအကြီးဆုံးပဲ။ သူ့နောက်မှာတော့ အထည်ချုပ်စက်ရုံလုပ်ငန်းလုပ်မယ့် ဟောင်ကောင်နဲ့တောင်ကိုရီးယားတွေရှိတယ်” ဟု ဦးအောင်နိုင်ဦးကဆိုသည်။

ရုံးခန်း၊ အိမ်ခန်းငှားခများ မြင့်တက်နေသည့်ပြဿနာကို ကူညီဖြေရှင်းပေးရန်အတွက် အစိုးရက ကြိုးပမ်းနေပြီး ရင်းနှီးမြှုပ်နှံသူများတင်ထားသည့် အဆိုပြုလွှာများကို အစိုးရက လျင်မြန်စွာခွင့်ပြုပေးနေသည်ဟုလည်း ရိုက်တာသတင်း၌ ဖော်ပြထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၀ | ၉၇၇ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၇၄ | ၇၈၄ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၃၀၈ | ၁၃၂၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၁ | ၃၁. ၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၂ | ကျပ် |

၂၀၁၃ စက်တင်ဘာ ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၆ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၉၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၉၉. ၃၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၂၁ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၆၂. ၂၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၅၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၆. ၀၂ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၆၄ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၁,၀၉၅. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၀၈၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၁၁၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၂၄ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၆၄၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၁၉၄၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၂၉၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၈၅၈ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၃၃၀. ၇၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၂၈ |
| ငွေ | အောင်စ | ၂၁. ၇၇ |
| ကြေးနီ | ပေါင် | ၃. ၃၁ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၆၉ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ စက်တင်ဘာ ၂၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ရန်ကုန်ရှိ ဂိုဒေါင်များတွင် ပင်လယ်ရေကြောင်းမှ တရားမဝင်တင်သွင်းလာသည့် အရက်ပုလင်း သောင်းနှင့်ချီ ဖမ်းမိ

**ပြည်သိမ်း**
**ရန်ကုန်၊ စက်တင်ဘာ-၂၃**

ပင်လယ်ရေကြောင်းမှ တရားမဝင်တင်သွင်းလာသည့် အမှတ်တံဆိပ်မျိုးစုံအရက်ပုလင်းပေါင်း သောင်းချီ၍ ရန်ကုန်မြို့ ဂိုဒေါင်များမှ ဖမ်းဆီးမိကြောင်း တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြောကြားသည်။

"အရက်က သွင်းခွင့်ပေးမထားဘူး။ ဒါကြောင့် ပစ္စည်းကိုလည်း သိမ်းမယ်။ ဥပဒေအတိုင်းလည်း အရေးယူမယ်"ဟု ဦးဝင်းမြင့်က စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးရမိသည့် အရက်များကို စတင်စစ်ဆေးနေပြီး မကြာမီ သတင်းထုတ်ပြန်ပေးမည်ဟု ၎င်းကဆိုသည်။ အဆိုပါအရက်ပုလင်းများမှာ လက်ရှိအချိန်တွင် အတုအစစ်ခွဲခြားသိရန် မလွယ်သေးဘဲ စစ်ဆေးပြီးမှ သာအသေးစိတ်ပြောနိုင်မည်ဟု အထက်ပါပုဂ္ဂိုလ်ကဆက်လက်ပြောသည်။

ပင်လယ် ရေကြောင်းမှ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရာတွင် စက်တင်ဘာ ၁၆ ရက်မှစတင်၍ ပို့ကုန်သွင်းကုန်ဥပဒေအရအရေးယူမည်ဟုဆိုသည်။

အဆိုပါဥပဒေတွင် တရားမဝင်ကုန်ပစ္စည်းများတင်ပို့၊ တင်သွင်းရောင်းချပါက ငွေဒဏ်အပြင် ထောင်ဒဏ် သုံးနှစ်ထိချမှတ်နိုင်သည်ဟုပါရှိသည်။

တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးဆောင်ရွက်ရခြင်းမှာ ပြည်တွင်းမှ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ထိခိုက်မည်ကို စိုးရိမ်ခြင်းကြောင့်ဟု ဦးဝင်းမြင့်က ပြောသည်။ ပင်လယ်ရေကြောင်းမှ မှောင်ခိုတင်သွင်းလာသော ပစ္စည်းများကို ဂိုဒေါင်များသို့ပါ စနစ်တကျလိုက်လံဖမ်းဆီးခြင်းမှာ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

တရားမဝင်ပစ္စည်းများမှာ တစ်စုံတစ်ရာစစ်ဆေးမှုမရှိသည့်အတွက် စားသုံးသူများစိုးရိမ်ရသည့်အခြေအနေတွင်ရှိသည်။ တရားမဝင်ကုန်ပစ္စည်းများတားဆီးထိန်းချုပ်ခြင်းဖြင့် စားသုံးသူကာကွယ်ရေးကိုလည်းအထောက်အကူဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။




# ကမ္ဘာ့ရွှေဈေးအတက်အကျကြမ်း ပြည်တွင်းရွှေဈေး အပြောင်းအလဲများနေ



*ရွှေဆိုင်အတွင်းမြင်ရစဉ်*
ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**
**ရန်ကုန်၊ စက်တင်ဘာ-၂၃**

ကမ္ဘာ့ရွှေဈေးနှုန်း အတက်အကျကြမ်းသော ကာလဖြစ်နေသည့် ပြည်တွင်းဈေးကွက်တွင် စီးပွားရေးလုပ်ငန်းရှင်အချို့ ဝင်ရောက်အရောင်းအဝယ်ပြုလုပ်သူများလည်းရှိလာကြောင်း ဈေးကွက်အတွင်းမှ သတင်းရရှိသည်။

ပုံမှန်ဈေးကွက်အတွင်း၌ ရှိနေသော ရွှေလုပ်ငန်းရှင်များ မဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများကပွဲစားများ၏ နောက်ကွယ်မှနေကာ ဝင်ရောက်ကစားနေခြင်းလည်း ရှိကြောင်း သိရသည်။

"ဈေးက ပြောင်းလဲတာများတော့ အပြင်ကုန်သည်တွေ ဝင်ကစားတာတွေတော့ ရှိတယ်။ ပွဲစားတွေနောက်ကနေ လှုပ်ရှားနေကြတာ။ ပွဲစားတစ်ယောက်ကို နောက်ကသုံးယောက်လောက်နဲ့ လုပ်နေကြတာတွေလည်း ရှိတယ်" ဟု အပိုင်းဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောသည်။

ဈေးအတက်အကျပေါ်တွင် အမြတ်ရှာလိုသည့် သဘောဖြင့် ဝင်လာသူ များသည့်အတွက် ၎င်းတို့ကြောင့် ဈေးကွက်များစွာ ပြောင်းလဲခြင်းမရှိကြောင်း အပိုင်းဈေးကွက်မှ ကုန်သည်များက ပြောသည်။

"ဈေးက ကမ္ဘာ့ဈေးကြောင့်ပဲ ပြောင်းလဲတာများတာ။ ကုန်သည်တွေ ဈေးကစားတာကြောင့်တော့ အများကြီးမပြောင်းဘူး။ အများဆုံး အတက်အကျဖြစ်တာ ၃,၀၀၀ ပဲ။ ဒီထက်မပိုပါဘူး" ဟု ရွှေဘုံသာလမ်း ဈေးကွက်မှ ကုန်သည်တစ်ဦးက ပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ပြီးခဲ့သည့် စက်တင်ဘာ ၁၉ ရက်တွင် တစ်အောင်စလျှင် ၁,၃၆၅ ဒေါ်လာထိမြင့်တက်သွားခဲ့သည့်အတွက် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း တစ်ကျပ်သားလျှင် ၇၁၀,၀၀၀ ကျပ်နီးပါး မြင့်တက်သွားခဲ့သည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းမှာလည်း တစ်အောင်စလျှင်၁,၃၂၀ဒေါ်လာဝန်းကျင်သာရှိသည့်အတွက်ပြည်တွင်းရွှေဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၆၉၆,၀၀၀ကျပ်အထိ ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သည်။

ပြည်တွင်းရွှေဈေးနှုန်းသည် နယ်စပ်ရွှေပေါက်ဈေးများထက် စာလျှင်ကျပ်၆,၀၀၀ကျော်များနေသည့်အတွက် မော်လမြိုင်ဘက်မှ နယ်စပ်ရွှေများ ဝင်ရောက်မှုဆက်လက်ရှိနေကြောင်း သိရသည်။

# ကဒါဖီခေတ်လွန် လစ်ဗျားကို လှမ်းမျှော်ကြည့်သောအခါ


STRINGER/REUTERS

**ကြည်နေဝင်းမင်း**

"နိဗ္ဗာန်ဘုံသို့သွားရာ တစ်ခုတည်းသောလမ်းမှာ နိုင်ငံတကာလေဆိပ်ပင်ဖြစ်သည်" ယင်းမှာ လစ်ဗျားနိုင်ငံ ပင်လယ်ကမ်းရိုးတန်းမြို့တော်ထရီပိုလီမြို့ ကော်ဖီဆိုင်များတွင် ခေတ်စားနေသောဟာသဖြစ်သည်။ လစ်ဗျားနိုင်ငံသားအများစုမှာ လွန်ခဲ့သော ၂ နှစ်က ဗိုလ်မှူးကြီးကဒါဖီကိုရာထူးမှ ဖြုတ်ချခဲ့သော နေတိုးအဖွဲ့ကကျော ထောက်နောက်ခံပေးခဲ့သော စစ်ပွဲနောက်ပိုင်း ရရှိလာသော လွတ်လပ်မှုနှင့် ဖြစ်နိုင်ခြေများကို နှစ်ခြိုက်နေကြဆဲဖြစ်ပါသည်။

"ဒါပေမဲ့လည်း အရင်တုန်းက လူတစ်ယောက်ယောက် ပျောက်သွားတယ်ဆိုရင် ဒါကဒါဖီတပ်ဖွဲ့တွေရဲ့ လက်ချက်ပဲလို့ လူတိုင်းသိကြတယ်။ အခုဆိုရင် ဘယ်သူ့လက်ချက်မှန်းကို မသိတော့ဘူး"ဟု သူပုန်ကနေ လုံခြုံရေးတပ်ဖွဲ့ တပ်ဖွဲ့ဝင်ဖြစ်လာသူတစ်ဦးက ပြန်ပြောင်းသတိရသည်။

ယခုလအတွင်း ကဒါဖီလက်ထက် သူလျှိုအကြီးအကဲဟောင်း အဗ္ဗဒူလာ အယ်လ်ဆာနူစီ၏ သမီးဖြစ်သူအား ပြန်ပေးဆွဲခဲ့ခြင်းကို အစိုးရက ရှုတ်ချလိုက်ပြီးနောက်ပိုင်းတွင် ၎င်းကို ဖမ်းဆီးသူမှာ ၎င်းတို့ထဲမှ တစ်ဖွဲ့ဖြစ်နေသည်ကို သိရှိလိုက်ချိန်တွင် ယင်းအချက်မှာ ပိုမိုထင်ရှားလာသည်။ ရက်အနည်းငယ်အကြာတွင် ဆာနူစီ၏ သမီး လွတ်မြောက်ခဲ့ပါသည်။

လစ်ဗျားနိုင်ငံမှာ ကဒါဖီဇာတ်သိမ်းသွားပြီးနောက်ပိုင်း အခက်ခဲဆုံးကာလကို ဖြတ်သန်းနေရသည်။ ကဒါဖီ၏သံလက်သီးအုပ်ချုပ်မှုအောက်တွင် အတင်းပေါင်းစည်းထားခဲ့သော လူမျိုးစုများ၊ ဒေသများနှင့် ကွဲပြားသောအင်အားစုများကို မည်သူကမျှ ပိုင်ပိုင်နိုင်နိုင် ဩဇာမလွှမ်းနိုင်ဖြစ်နေသည်။

ကဒါဖီလက်ထက်က မရှိခဲ့သော နိုင်ငံတော်အဖွဲ့အစည်းများမှာလည်း ပီပြင်စွာပုံပေါ်မလာသေး။ ပြီးခဲ့သောသီတင်းပတ်အနည်းငယ်အတွင်း နိုင်ငံ၏အဓိကရေနံဆိပ်ကမ်းများကို မကျေမချမ်းဖြစ်နေသော အလုပ်သမားများနှင့် လက်နက်ကိုင်များက ပိတ်ဆို့ထားခဲ့သည်။ ကားခိုးမှု၊ လုပ်ကြံသတ်ဖြတ်မှုများ တောထနေသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း ထရီပိုလီမြို့တွင် မီးနှင့်ရေ ဖြတ်တောက်ခံထားခဲ့ရသည်။ စက်တင်ဘာ ၁၁ ရက်က ထရီပိုလီမြို့တွင် ဗုံးတစ်လုံးကို စနက်တံဖြုတ်ခဲ့ရသည်။ အခြားဗုံးတစ်လုံး ဘင်ဂါဇီမြို့တွင် ပေါက်ကွဲခဲ့သည်။ ဘင်ဂါဇီမြို့မှာ ကဒါဖီတော်လှန်ရေးမွေးဖွားရာမြို့ ဖြစ်သည်။

လုံခြုံရေးမှာ လူအများဆုံး ညည်းတွားတိုင်တန်းမှုကိစ္စဖြစ်သည်။ "နိုင်ငံတစ်နိုင်ငံရဲ့ အခြေခံအကျဆုံးအချက်ဆိုတာ စစ်တပ်တစ်ခုတည်း ထားရှိမှုဖြစ်ပါတယ်" လစ်ဗျားတတ်သိပညာရှင်များအဖွဲ့ ဆာဒက်ကိုဦးဆောင်နေသူ အနက်စ်အယ်လ်ဂိုမာတီက ပြောသည်။ "ဒီမှာက အစိုးရက လက်နက်ကိုင်အဖွဲ့တွေအတွက် အလုပ်လုပ်နေတယ်လို့တောင် ပြောနိုင်တယ်"ဟု ၎င်းကဆက်လက်ပြောသည်။

အာဏာပိုင်များကလည်း အနောက်နိုင်ငံများ၏ အကူအညီဖြင့် ၎င်းတို့နှင့် ပူးပေါင်းထားသော လက်နက်ကိုင်အဖွဲ့များထံမှ တာဝန်များ လွှဲပြောင်းရယူရန်ဖြစ်သော စစ်တပ်နှင့် ရဲတပ်ဖွဲ့ထူထောင်ရေးအတွက် လုပ်ဆောင်နေကြသည်။ အထူးသဖြင့် ရဲတပ်ဖွဲ့အဖြစ် ယာယီတာဝန်ယူထားသော ယခင်သူပုန်အဖွဲ့များကို စုစည်းထားသည့် ထိပ်သီးလုံခြုံရေးကော်မတီ (SSC)နှင့် စစ်တပ်သဖွယ်တာဝန်ယူနေသောအစ္စလာမ်မစ်လက်နက်ကိုင်အဖွဲ့များကို စုပေါင်းထားသည့် လစ်ဗျားဒိုင်းအဖွဲ့တို့ဖြစ်သည်။ သို့သော် ယင်းအုပ်စုများမှ လူသုံးဦးလျှင်တစ်ဦးမှာ ၎င်းတို့၏လက်နက်ကို အပ်နှံ၍ တပ်ဖွဲ့သစ်လုံခြုံရေးအာဏာပိုင်အောက် ဝင်ရောက်ရေး ငြင်းဆန်ကြလိမ့်မည်ဟု ထရီပိုလီမြို့ (SSC) အဖွဲ့ခေါင်းဆောင် ဟာရှမ်ဘီရှာက ဆိုပါသည်။ အထူးသဖြင့် အစ္စလာမ်မစ်များက ကဒါဖီလက်ထက်ကကဲ့သို့ ဖိနှိပ်ခံရမည်ကို စိုးရိမ်၍ တပ်ဖျက်ရမည့်ကိစ္စ မလိုလားကြပေ။

ထို့ကြောင့်ပင် ထရီပိုလီမြို့ပြင်ပတွင် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေး အစိုးရ၏လုပ်ဆောင်နိုင်စွမ်းအားနည်းသည်။ ထရီပိုလီမြို့တွင်းမှာပင် အားနည်းနေသည်ဟု အငြင်းပွားဖွယ်ရာဆိုနိုင်ကြောင်း ဘရပ်ဆဲလ်မြို့အခြေစိုက် ဉာဏ်ကြီးရှင်အဖွဲ့ နိုင်ငံတကာ ပဋိပက္ခစောင့်ကြည့်ရေးအုပ်စု (International Crisis Group) မှ ကလော်ဒီယိုဂက်ဇီနီကပြောသည်၊ ယင်းအတွက် အထင်ရှားဆုံးနမူနာမှာ အစိုးရ၏အဓိကဝင်ငွေလမ်းကြောင်းဖြစ်သော နိုင်ငံခြားရေနံတင်ပို့မှုပိတ်ဆို့ထားခြင်းကို အဆုံးမသတ်နိုင်သောကိစ္စဖြစ်သည်။ အုံကြွမှုမတိုင်မီက တစ်နေ့လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆ သန်း ထုတ်လုပ်ခဲ့သော လစ်ဗျားနိုင်ငံမှာ ယခုအခါ ရေနံထုတ်လုပ်မှု ယင်းပမာဏ၏ ဆယ်ပုံတစ်ပုံပင် မရှိတော့ပေ။ အချို့အဖွဲ့များကလည်း နိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီကို မြို့တော်ထား၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ပေါ်ရေး စည်းရုံးလှုံ့ဆော်ရန် ဖက်ဒရယ်ဝါဒထူထောင်ရေးအတွက် ရေနံများ ရောင်းချနေပုံရသည်။ အခြားအဖွဲ့များကလည်း အစိုးရ၏အထွေထွေအရည်အချင်းပြည့်မီမှု မရှိခြင်းအပေါ် ပြစ်တင်ပြောကြားနေကြသည်။

ပြီးခဲ့သည့်နှစ်က ပါလီမန်တစ်ရပ် ဖြစ်ပေါ်လာရေး ရွေးကောက်တင်မြှောက်ခဲ့သော အထွေထွေအမျိုးသားကွန်ဂရက်နှင့် ယင်းကထောက်ခံချက်ပေးထားသော အစိုးရမှာ အားနည်းချည့်နဲ့နေသည်။ ပြီးခဲ့သည့်နှစ်ကွန်ဂရက်ရွေးကောက်ပွဲတွင် သဘောထားအလယ်အလတ် အစ္စလာမ်မစ်အုပ်စု အမျိုးသားအင်အားစုညွန့်ပေါင်း (NFA)အဖွဲ့က မဲအများဆုံးရရှိခဲ့သည်။ သို့သော်လည်း ကွန်ဂရက်၏ တစ်သီးပုဂ္ဂလအဖွဲ့ဝင်အများအပြားစုပေါင်းကာ တရားမျှတရေးနှင့် တည်ဆောက်ရေးပါတီ (Justice and Construction Party) ကိုဝိုင်းဝန်းထောက်ခံလိုက်ကြသည်။ ယင်းပါတီမှာ လစ်ဗျား၏ မွတ်ဆလင်ဘရားသားဟုဒ်အဖွဲ့ဟုပင် ဆိုရမည်ဖြစ်သည်။ ထို့အပြင် မေလအတွင်း လက်နက်ကိုင်အုပ်စုများက ထရီပိုလီမြို့ဝန်ကြီးဌာနများကို ဝိုင်းထားပြီးနောက် တောင်းဆိုခဲ့သော "အထီးကျန်ထားရေးဥပဒေ" ပြဋ္ဌာန်းခဲ့ပြီးနောက် အစ္စလာမ်မစ်ဆန်သူများဂိုဏ်းအဖွဲ့ ဩဇာပိုကြီးသွားခဲ့သည်။ အဆိုပါဥပဒေမှာ ကဒါဖီလက်ထက် လက်ကျန်အရာရှိကြီးများကို ရာထူးမှ ဖယ်ရှားရေးဖြစ်ရာ ယင်းနှင့်အတူ အဖိုးတန်အတွေ့အကြုံ ကြွယ်ဝသူများပါဝင်သော အမျိုးသားအင်အားစုများညွန့်ပေါင်း (NFA)အဖွဲ့လည်း အမျိုးသားကွန်ဂရက်မှ ထွက်ခွာသွားခဲ့ပြီးနောက်ပိုင်း အစ္စလာမ်မစ်များက လုံးဝထိန်းချုပ်မှု ရယူသွားခဲ့သည်။

အစိုးရအဖွဲ့အတွက် ရှုန်းကန်နေရသော လစ်ဗျားဝန်ကြီးချုပ် အလီဇီဒန်က အီဂျစ်နိုင်ငံတွင် မိုဟာမက်မော်စီ ပြုတ်ကျခဲ့သော ဖြစ်စဉ်ကို ကြိုးကြပ်ခဲ့သော ဗိုလ်ချုပ်ကြီးအက်ဘ်ဒယ်ဖာတာ အယ်လ်စီစီကို ရင်းနှီးစွာတွေ့ဆုံခဲ့ပြီးနောက်ပိုင်း တင်းမာမှုများ ပိုမိုမြင့်တက်လာသည်။ ယခုအခါတွင် လစ်ဗျား၏ (Justice and Construction Party)က ဝန်ကြီးချုပ်ဇီဒန် နုတ်ထွက်ရေးတောင်းဆိုနေသည်။

နိုင်ငံအရှေ့ပိုင်း ဘင်ဂါဇီမြို့တွင်လည်း လွန်ခဲ့သောတစ်နှစ်က အမေရိကန်သံအမတ်ကြီး သတ်ဖြတ်ခံရပြီးနောက်ပိုင်း ဖယ်ရှားခံထားရသော ဂျီဟတ်ဒ်အုပ်စု အန်ဆာအယ်လ်ရှာရီယားအဖွဲ့ တိတ်တဆိတ်ပြန်လည်ဝင်ရောက်လာသည်။ ဆေးခန်းများဖွင့်လှစ်ပေးရင်း ၎င်းတို့က ဒေသခံများကိုပြန်လည်စည်းရုံးလာသည်။ အစိုးရနှင့် ပူးပေါင်းထားသော တပ်ဖွဲ့များကလည်း ၎င်းတို့ကို နှိမ်နင်းရေး စိတ်အားမထက်သန်ကြ။ ဇွန်လ ဆန္ဒပြမှုအတွင်း ဆန္ဒပြသူများအပေါ် လေယာဉ်ပစ်သေနတ်ကြီးများ အသုံးပြုခဲ့၍ လစ်ဗျားဒိုင်းတပ်ဖွဲ့အချို့ကို အစိုးရကဖျက်သိမ်းခဲ့ရသည်။

လွန်ခဲ့သော တစ်နှစ်က လစ်ဗျားနိုင်ငံကို ရင်းနှီးမြှုပ်နှံမှုဈေးကွက်သစ်ဟု ကြွေးကြော်ခဲ့ကြသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကလည်း လက်ရှောင်နေကြသည်။ ကန်ထရိုက်စာချုပ်များအပြီးမသတ်ရသေး၍ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကရိန်းများမှာ မလှုပ်မယှက်။ ကုမ္ပဏီတစ်ခု၏ တွက်ချက်မှုအရဆိုလျှင် ကန်ဒေါ်လာ ၂၅ သန်းတန် ကန်ထရိုက်စာချုပ်တွင် လုံခြုံရေးအတွက် ကန်ဒေါ်လာနှစ်သန်း ထပ်ဆောင်းပေးရမည်ဟု ဆိုသည်။

သို့သော် လူတိုင်းက မျှော်လင့်ချက်စွန့်လွှတ်ထားသည်တော့ မဟုတ်ပါ။ နိုင်ငံအရှေ့ပိုင်းမှ တိုင်းရင်းသားမျိုးနွယ်အချို့က ကိုယ့်ဒေသကိုယ် ပစ်စလက်ခတ် မဖြစ်အောင် ထိန်းထားကြသည်။ ဟိုနားသည်နား မြို့နယ်ကောင်စီများက ဆေးရုံများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ် လုပ်ကိုင်နေကြသည်။ "ဆုံးဖြတ်ချက်တွေချပေးဖို့ ဒါမှမဟုတ် ပိုက်ဆံပေးဖို့ အစိုးရကို ကျွန်တော်တို့ စောင့်နေစရာမလိုပါဘူး"ဟု ထရီပိုလီမြို့အရှေ့ဘက် အမှီအခိုကင်းစိတ်ဓာတ်ပြင်းထန်သည်ဟု ကျော်ကြားသော မစ်စထရာတာမြို့နယ် ကောင်စီဝင်တစ်ဦးဖြစ်သူ ဂျီဘရီးလ်ရာအစ်ကဆိုပါသည်။ အဖွဲ့အစည်းများကို အစကပြန်၍ တည်ဆောက်နေသော မြို့အချို့ထဲက တစ်မြို့ဖြစ်သည်။ မြို့နယ်တစ်ဝန်း စီးပွားရေးလုပ်ငန်းရှင်များကို ကြာပွတ်ဖြင့် ဝှေ့ရမ်းလိုက်ရာတွင် မြို့နယ်လေဆိပ် ဆိုက်ရောက်ခန်းမဆောင်သစ်တစ်ခု ဆောက်လုပ်ရေးနှင့် အဓိကလမ်းမကြီး ပြန်လည်ပြုပြင်ရေး ရန်ပုံငွေများ ရှာဖွေနိုင်ခဲ့သည်။

အခြေခံလူထုညီညွတ်မှုဖြင့် နိုင်ငံပြိုကွဲသွားမည့်အရေး ရပ်တန့်နိုင်မည်ဟု လစ်ဗျားနိုင်ငံသားအများစုက ထင်မြင်နေကြဆဲဖြစ်သည်။ လစ်ဗျားနိုင်ငံမှာ အခြေအနေပြန်ကောင်းလာမည့် အဖျားတက်နေသော လူနာပင်ဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဘင်ဂါဇီမြို့မှ သံတမန်တစ်ဦးကပြောပါသည်။

*—Ref: Must it get worse before it gets better*

7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# 7DAY BOOK REVIEW







## သမိုင်းတစ်ခေတ်၏ ပြေးလမ်းပေါ် မှာ

(ထင်အောင်ကျော်)

မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုများ၏ အကျပ်အတည်းကာလ နှစ်ပေါင်းနှစ်ဆယ်(၁၉၉၀-၂၀၁၀)တွင် မြန်မာနိုင်ငံ၏ အရေးအရာများကို စာမျက်နှာများပေါ်တွင် တိုက်ရိုက်ဖော်ပြခွင့်မရခဲ့ချိန်က ဘာသာပြန်စာရေးဆရာများ၏ ကျေးဇူးကြောင့် ကမ္ဘာ့အရေးအရာများကိုဖတ်ရှုရင်း မြန်မာ့နိုင်ငံရေးနှင့် နှိုင်းယှဉ်ချိန်ထိုးခွင့်ရခဲ့ကြသည်။ ထိုဘာသာပြန်ဆောင်းပါးများတွင် ဆရာထင်အောင်ကျော်၏စာများကလည်းတစ်ထောင့်တစ်နေရာမှပါဝင်ခဲ့သည်။ ယခုအခါ စာရေးသူ ထင်အောင်ကျော်က သူရေးသားခဲ့သောဘာသာပြန်ဆောင်းပါးများကို စုစည်း၍ စာအုပ်ထုတ်ဝေလိုက်သည်။

“ကျွန်တော်တို့နိုင်ငံကဲ့သို့ပင် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရန် ကြိုးစားနေသောတိုင်းပြည်များ၊ ပြုပြင်ပြောင်းလဲရေးကို ဥစ္စာရင်လို ဥစ္စာရင်ခဲလုပ်ဆောင်ခဲ့ကြ၍ တိုးတက်ဖွံ့ဖြိုးလာသော တိုင်းပြည်များ၊ ပြုပြင်ပြောင်းလဲရေး လမ်းကြောင်းအပေါ် အများပြည် သူက တွန်းတင်ပေးခဲ့သော်လည်း ထိုအခွင့်ကောင်းကို လက်ဝယ်ပိုင် ပိုင်မရယူနိုင်သောတိုင်းပြည်များ၊ ပြည်တွင်းပဋိပက္ခနှင့် အကြမ်းဖက်မှု ဝဲသြဃထဲမှာပင် နစ်မွန်းနေသော တိုင်းပြည်များ စသည်ဖြင့် အနေအထားမျိုးစုံကိုတွေ့ရပေမည်”ဟု အမှာစာတွင် ရေးသားထားသည်။ နိုင်ငံတကာရေးရာများကို စိတ်ဝင်စားသူတိုင်း မလွတ်တမ်းဖတ်ရှုသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။ ဗိသုကာစာပေက ဖြန့်ချိပြီး တန်ဖိုး ကျပ် ၅,၀၀၀ ဖြစ်သည်။

## မှောင်ထဲကအလံတော်နှင့် အခြားဆောင်းပါးများ

သရဝဏ်(ပြည်)

“ဤဆောင်းပါးများတွင်ပါဝင်သည့် အချက်အလက်အတွေးအမြင်များသည် စာဖတ်သူအနေဖြင့် အမြင်တူသည်လည်းရှိမည်။ အမြင်မတူသည်လည်း ရှိနိုင်ပါသည်။ သဘောကျသောအချက်ရှိသလို သဘောမကျသော အချက်များလည်းရှိနိုင်ပါသည်။ ကိုယ်ဖြတ်သန်းရသောခေတ်နှင့် ကိုယ်ကြီးပြင်းခဲ့ရာပတ်ဝန်းကျင်ကို မူတည်၍ လူတို့၏အတွေးခေါ်၊ အသိအမြင်များသည်ခြားနားနိုင်ပါသည်။ ဤကဲ့သို့ခြားနားသည့် အတွေးအခေါ်၊ အယူအဆများ ငြိမ်းချမ်းစွာ အတူယှဉ်တွဲဖြစ်ပေါ်နေခြင်းသည်ပင်လျှင် ယဉ်ကျေးသော လူ့အသိုင်းအဝိုင်း၏ ပြယုဂ်တစ်ခုဖြစ်ပါသည်။ ငါနှင့်မတူငါ့ရန်သူဟူသော အယူအဆဟောင်းများကို အတိတ်မှာ ထားခဲ့သင့်ပါပြီ။ ဒီမိုကရေစီအနှစ်သာရမှာ ကွဲပြားမှုကိုလက်ခံခြင်း (Agreeto disagree) ပင်မဟုတ်ပါလား”ဟု အမှာစာတွင်ရေးသားကာ သရဝဏ်(ပြည်)၏ နိုင်ငံရေးဆောင်းပါးများနှင့် ခရီးသွားဆောင်းပါးများကိုစုစည်းထားသော စာအုပ်ထွက်လာသည်။ စာအုပ်တွင် နိုင်ငံရေးဆောင်းပါး (၁၁)ပုဒ်နှင့် ခရီးသွားဆောင်းပါး (၁၀) ပုဒ်ပါဝင်သည်။

စာရေးသူသည် ညေ့်လမ်းညွှန်တစ်ဦးဖြစ်၍ နိုင်ငံခြားခရီးသွားများ၏ မြန်မာနိုင်ငံနှင့် လူမျိုးတို့အပေါ် အမြင်များကို ဖော်ပြထားပြီး နိုင်ငံရေးဆောင်းပါးများကလည်း စာရေးသူ၏အမြင်ကို ပြတ်သားစွာမြင်တွေ့ရသည်။ ရတနာပုံစာအုပ်တိုက်က တန်ဖိုးကျပ် ၂,၀၀၀ ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### အင်တာနက်လိပ်စာအမည် .com တွေကို ဘယ်အချိန်ကစသုံးတာလဲ

အင်တာနက်လိပ်စာများတွင် သက်ဆိုင်ရာအမည်များနောက်၌ ဒေါ့ကွန်း (.com) စာလုံးကို လူတိုင်းမြင်ဖူးကြပြီး ထိုစာလုံး၏ဆိုလိုရင်းအဓိပ္ပာယ်မှာ မူလတီထွင်အသုံးပြုစဉ်က commercial ဟူသော စကားလုံးအတိုကောက်မှ ဆင်းသက်လာခြင်းဖြစ်သည်။ မူလက စီးပွားရေးဆိုင်ရာ အဖွဲ့အစည်းလိပ်စာများကို သီးခြားမှတ်သားနိုင်ရန် ရည်ရွယ်သုံးစွဲခဲ့ခြင်းဖြစ်ကာ နောက်ပိုင်းတွင်မူ .net၊ .org စသော စကားလုံးများကဲ့သို့ပင် စီးပွားရေးသာ မက လူမှုရေးနှင့် အခြားရေးရာဆိုင်ရာ ဝက်ဘ်ဆိုက်များတွင်လည်း ရောထွေးသုံးစွဲလာခဲ့သည်။ ဤဒိုမိန်းအမည်ကို မူလက အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ကြီးကြပ်ခဲ့သော်လည်း ယနေ့တွင် Verisign သို့ လွှဲပြောင်းပေးထားသည်။ ဒေါ့ကွန်း (.com) ဒိုမိန်းအမည်များကို အင်တာနက်ကွန်ရက်တွင် ဒိုမိန်းအမည်များ သတ်မှတ်သုံးစွဲမှု စတင်သည့် ၁၉၈၅ ဇန်နဝါရီတွင် စတင်သုံးစွဲခဲ့ပြီး အခြားဒိုမိန်းအမည်များဖြစ်သည့် edu, gov, mil, net, org စသည့် အမည်များထက် တွင်ကျယ်စွာသုံးစွဲနေသော အမည်တစ်ခုအဖြစ် ယနေ့တိုင်ရပ်တည်နေသည်။ —*Ref:Wiki*

## တစ်ပတ်တာကံကြမ္မာ

စက်တင်ဘာ ၂၅ မှ အောက်တိုဘာ ၁ ရက်အ ထိ

စံဇာဏီဘို



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အရပ်တစ်ပါးမှ ဝေးကွာနေသော မိတ်ဟောင်းများနှင့် ပြန်လည်ဆက်သွယ်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် လုပ်ငန်းလုပ်ကိုင်သူများအဖို့ ထင်ရှားသော အောင်မြင်မှုရရှိမည်။ နေအိမ်သို့ ခြေနှစ်ချောင်းဝင်ကိန်းရှိသည်။ မင်္ဂလာကိစ္စ၊ အလှူအတန်းကိစ္စများ ပါဝင်ပတ်သက်ရမည်။ တောင်အရပ်မှ တရုတ်လူမျိုးထံမှ ကူညီမှုများရရှိနိုင်သည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်ရွယ်ထားခြင်းမရှိဘဲ ဘာသာရေးကိစ္စ၊ အလှူအတန်းကိစ္စများဆောင်ရွက်ရမည်။ ထူးခြားသောအဆောင်ကောင်း၊ လက်ဆောင်ကောင်းများရရှိမည်။ အနောက်တောင်အရပ်သို့ မမျှော်လင့်ဘဲ သွားလာရင်း ထူးခြားသော ကံကောင်းခြင်းနှင့် အဆင်ပြေခြင်းဖြစ်ပေါ်လာမည်။ မိဘအကြီးအကဲများ သက်ရှိထင်ရှားရှိပါက ၎င်းတို့၏ ကျန်းမာရေးကို ဂရုစိုက်ရမည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဘဝတိုးတက်ခြင်း၊ အလုပ်စီးပွားတိုးတက်ခြင်းကောင်းသော အပြောင်းအလဲကြုံခြင်းရှိမည်။ ငွေကြေးစီးပွားကံကောင်းမည်။ ပညာအတတ်နှင့်ပတ်သက်သော ကံအထူးကောင်းသည်။ ဆရာကောင်း၊ သမားကောင်းများကြုံမည်။ ပညာသင်ကြားနေသူ ကျောင်းသူ၊ ကျောင်းသားများအဖို့ အတတ်ပညာပိုင်းတွင် ထူးခြားစွာ အောင်မြင်မည်။ လုပ်ငန်းခွင်မှသူများအဖို့ လုပ်ငန်းခွင်သင်တန်းတက်ရောက်ရမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

မသွားဖူး၊ မရောက်ဖူးသေးသော အရပ်ဒေသများသို့ သွားရောက်ရမည်။ သွားရောက်၍လည်း အကျိုးရှိမည်။ အပြောင်းအလဲနှင့် တိုးတက်ခြင်းရှိမည်။ မည်သည့်ကိစ္စဆောင်ရွက်သည်ဖြစ်စေ အလွယ်တကူပြီးမြောက်မည်မဟုတ်။ အနှောင့်အယှက်၊ အခက်အခဲတစ်ခုမဟုတ်တစ်ခုကြုံပြီးမှ လိုရာပြည့်စုံမည်။ လမ်းသစ်တွင် လုပ်ကိုင်မှုများမှ ထူးခြားသောအကျိုးဆက်ရရှိမည်။ မိဘအကြီးအကဲ ကျန်းမာရေးချူချာမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလုပ်တွင်လည်းကောင်း၊ နေအိမ်တွင်လည်းကောင်း စိတ်ငြိုငြင်စရာများ တစ်မျိုးပြီးတစ်မျိုးဖြစ်တတ်သည်။ မိမိနှင့် မတည့်သူများ မိမိအပေါ် မလိုမုန်းထားစိတ်ရှိသူများနှင့် လက်တွဲလုပ်ကိုင်ရတတ်သည်။ ယာဉ်ကားမောင်းနှင်မှုများ သတိရှိပါ။ မြောက်အရပ်သို့ဦးတည်မောင်းနှင်နေစဉ် အန္တရာယ်များဖြစ်တတ်သည်။ မိသားစုဝင်များ ကျန်းမာရေးအညံ့ကြုံနိုင်ခြင်းရှိမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ကောင်းသောအပြောင်းအလဲနှင့် တိုးတက်မည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်အောင်မြင်ခြင်း၊ စိတ်ကူးသစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်းရှိမည်။ ခရီးနှင့်ပတ်သက်သော ကံကောင်းသည်။ ပြည်တွင်းခရီးသာမက ပြည်ပခရီးအထိပင် ကံပွင့်မည်။ ကာလရှည်ကြာ စောင့်ဆိုင်းနေသည့် တိုးတက်မှုအခွင့်အရေးကောင်းများကို ပိုင်ပိုင်နိုင်နိုင် ရရှိပေမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အပြောင်းအလဲနှင့် တိုးတက်မှုများဖြစ်ပေါ်လာမည်။ အကြံအစည်သစ်များကို လက်တွေ့ကျကျဆောင်ရွက်နိုင်မည်။ ကာလအတန်ကြာ နှောင့်နှေးနေသည်များကို ပြီးမြောက်စေမည်။ တစ်ပါးသူနှင့် ယှဉ်ပြိုင်၍ လုပ်ကိုင်သည့်ကိစ္စမှန်သမျှတွင်မည်မျှအင်အားကြီးသောသူနှင့်ယှဉ်ရသည်ဖြစ်စေဇွဲကြီးကြီးနှင့်ရှေ့တိုးဆောင် ရွက်ရမည်။ ငွေကြေးကိစ္စနှင့်ပတ်သက်သော ရေးရာအဖြာဖြာမှန်သမျှတွင် သတိနှင့်ယှဉ်ပြီး ဆောင်ရွက်သင့်ပါသည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အကြီးအကဲဖြစ်သူတို့၏ ကူညီခြင်း၊ စောင့်ရှောက်ခြင်းကိုရရှိနိုင်မည်။ အိုးအိမ်ပြုပြင်ရမည်။ မည်မျှပြုပြင်စေ ကြမ်းတွင်လည်းကောင်း၊ အိမ်ခေါင်တွင်လည်းကောင်း တစ်စုံတစ်ရာ အပျက်အစီးရှိနေမည်။ ငွေကြေးနှင့်ပတ်သက်၍ လိမ်ညာကောက်ကျစ်ခံရတတ်သည်။ ဆုံးရှုံးနစ်နာခြင်းကြုံနိုင်သည်။ ခါးတွင်လည်းကောင်း၊ ခြေတွင်လည်းကောင်း မတော်တဆ ထိရှမှုအန္တရာယ်ဖြစ်တတ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ကောင်းသော အပြောင်းအလဲနှင့် တိုးတက်မှုများ ဖြစ်ထွန်းမည်။ ဘဝအတွက် အရေးပါသော ဦးတည်ချက်များ၊ အခွင့်အရေးသစ်များပေါ် လာမည်။ ကြိုတင်စိတ်ကူးရည်မှန်းထားသည်များကို စနစ်တကျရှေ့တိုးသင့်သည်။ ရောဂါဝေဒနာဟောင်းများပြန်ပေါ် တတ်သည်။ အနေအထိုင်ကို ကြိုတင်ဂရုစိုက်ပါ။ အသွားအလာဆင်ခြင်ရမည်။ ရွှေ၊ ငွေဝင်ကိန်းရှိသည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဥစ္စာဓနတိုးပွား၍ အကြံအစည်၊ ရည်ရွယ်ချက်များ အောင်မြင်သည်။ ကိုယ်လုပ်သည့် ကိစ္စမှန်သမျှတွင် ကူညီမည်ဟု ပြောဆိုကတိထားသူများထံမှ အကူအညီမရနိုင်ပါ။ နောက်ဆုံးပြီးမြောက်ခါနီးအချိန်ရောက်မှ ထိုသူ၏ ကတိပျက်ခြင်းကြုံမည်။ ငွေရေး၊ ကြေးရေးကိစ္စပြောဆိုမှုများတွင်လည်း ကိုယ်တိုင်ဖြေဆိုပါက အဆင်ပြေမည်။ အထူးသတိပြုရန်မှာ သံစူးခြင်း၊ သံပြားရှခြင်းဖြစ်တတ်သည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ငွေဝင်မှု အားကောင်းမည်။ အစုလိုက်အပုံလိုက်ဝင်မည်။ စည်းစိမ်ပြည့်စုံမည်။ ခရီးမကြာခဏသွားရမည်။ အပြောင်းအလဲရှိမည်။ အလုပ်တိုးတက်ခြင်းနှင့် အကြီးအကဲတို့၏ နေရာပေး၊ ချီးမြှင့်မှုကြုံမည်။ တစ်အိမ်မှတစ်အိမ်သို့ နေရာပြောင်းရွှေ့ခြင်းရှိမည်။ အိမ်အနီးအပါးရှိ အပျိုကြီး၊ လူပျိုကြီးများ၏ အလှူသို့သွားရင်း အပြန်လမ်းတွင် ထူးခြားသော ကံပွင့်ခြင်းရှိမည်။ သူခိုးသူဝှက်အန္တရာယ် သတိရှိရမည်။




### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အတိုက်အခံ၊ အနှောင့်အယှက်ကြားမှ တိုးတက်မှုကို ရှာဖွေရမည်။ ပြဿနာများကြားမှ တိုးတက်မည်။ ကာလအတန်ကြာ ပိတ်နေသော လမ်းကြောင်းများ ပြန်ပွင့်မည်။ အလုပ်အကြံအစည်သစ်၊ ရည်ရွယ်ချက်သစ်များကို အကောင်အထည်ဖော်ရာတွင် အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်ရနိုင်သည်။ မူလရည်ရွယ်၊ ရည်မှန်းထားသည့် လမ်းကြောင်းအတိုင်း ဆောင်ရွက်၍မရ။

# 7DAY PUZZLE

ပဟေဠိ အမှတ်စဉ်(၂၅၂)



**အလျားလိုက်**

၇။ စိတ်တွင်ရထားသောဒဏ်ရာ
၈။ မိုးကျရွှေကိုယ်တွေဟု ရည်ညွှန်းခံရသူများ
၉။ မြန်မာတွင် လျှပ်စစ်ထုတ်ရန်သုံးသော စွမ်းအင်ပစ္စည်းတစ်မျိုး
၁၀။ ဗုဒ္ဓဘာသာသင်ခန်းစာ သင်ရိုးရေးဆွဲသောအဖွဲ့
၁၁။ မြန်မာနိုင်ငံသို့သွားရန်အကြောင်းရင်းတစ်ခု
၁၂။ မြန်မာတွင် ကားပြခန်းဖွင့်ထားသော အနောက်တိုင်းကားအမှတ်တံဆိပ်တစ်ခု


**ဒေါင်လိုက်**

၁။ အင်းလေးကန်အတွက် သုံးစွဲသွားမည့်အရာ
၂။ အမုန်းပွားစေမည့် ဝေဖန်မှုများရှောင်ရှားကြရန်ပြောသူ
၃။ သွေးလျှူရှင်များထံမှ အတွေ့ရများလာသောရောဂါ
၄။ ချက်နိုင်ငံနှင့် ပတ်သက်သော သမိုင်းဝင်ဒေသတစ်ခု
၅။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကျေးလက်များ အတွက်ရအောင် လုပ်ပေးမည့်အရာတစ်ခု
၆။ ပြည်တွင်းနှင့် နိုင်ငံခြားဆက်သွယ်ရေး ကုမ္ပဏီများကို ချိတ်ပေးသောပွဲ

**Smart Dictionary ကံထူးသူ**

၁။ ဦးသန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၁၁၉ တိုက် ၂/၃၀၄၊ သုခမြိုင်အိမ်ရာ၊ အင်းစိန်လမ်း၊ လှိုင်၊ ရန်ကုန်။

**ပဟေဠိ အမှတ်စဉ်(၂၅၁)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ....................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၇-၉-၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုန်းသု

**ပဟေဠိ ဝါသနာရှင်များသို့ -** 7 Day Daily တနင်္ဂနွေနေ့ သတင်းစာတွင် ပဟေဠိကဏ္ဍပါရှိပြီး အဖြေမှန်သူ ဝါသနာရှင်များအား ဆုချီးမြှင့်သည့် အစီအစဉ် စတင်လိုက်ပြီဖြစ်ပါသည်။ ဝါသနာရှင်များအနေဖြင့် 7 Day News ဂျာနယ်တွင်သာမက၊ သတင်းစာတွင်ပါပဟေဠိ အဖြေညှိကြည့်ပါရန် သတင်းကောင်းပါးလိုက်ပါသည်။


**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ အမှတ် (W-2)၊ ရန်ကင်းပန်းခြံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၇၃၀၃၇၇၇၆
၀၉-၇၃၂၀၄၃၇၄

**သင်တန်း**

(IELTS) (foundation and preparation) နှင့် Vocabulary in Use, Grammar in Use, Idiom Drills, English spoken, Reading, Translation တို့ကို အခမဲ့သင်ကြားပို့ချပေးသွားပါမည်။

ဖုန်း-၀၉-၄၂၀၁၁၄၈၀၁

**'အာလားလား ရေခဲမုန့်'**

အလှူ၊ မင်္ဂလာဆောင်အမျိုးမျိုးအ တွက် အော်ဒါများ မှာယူနိုင်သည်။

ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်းနှင့် လယ်သမားလမ်းထောင့်၊ အပြင်ပဒံ၊ လှိုင်သာယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ စုံစမ်းရန် - ရုံးချိန်ပြင်ပ၊ (ကျပ်-၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**ZN Satallite Group**

စလောင်းအမျိုးမျိုး ပြုပြင်တပ်ဆင်ပေးသည်။

ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

**ဝန်ဆောင်မှု**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကို စိတ်တိုင်းကျသည်အထိ ဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၉-၇၃၀၆၆၁၉၄

**ရောင်းမည်**

မြေ(၇)ကေနီးပါး၊ အင်းတကော်(၁၀)မိုင်၊ စိုက်ပျိုးမွေးမြူရေးစခန်း၊ ပဏ္ဍိတာရာမ အကျော်၊ဟံသာဝတီလေဆိပ်အနီး၊ပဲခူးမြို့။

ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

**ZN အိမ်ရွှေ့ပြောင်းဝန်ဆောင်မှုလုပ်ငန်း**

နေအိမ်ပြောင်းရွှေ့မှုများအတွက် ကား၊ အလုပ်သမား အပါအဝင် အပြီးအစီး ဝန်ဆောင်မှုပေးနေပါသည်။

ဖုန်း-၀၉-၇၃၁၂၂၅၅၈
၀၉-၄၃၀၈၄၃၉၈

**ဆိုင်ခန်း/ရုံးခန်းငှားမည်**

ရွှေဂုံတိုင်လမ်းမ၊ ပေ(၂၅×၆၀)၊ ကိုယ်ပိုင်ကားပါကင်ပါ၊ အဲကွန်း(၇)လုံး၊ ဖုန်း (၁)၊ အင်တာနက်(၁)၊ အိပ်ခန်း (၁)၊ အဆင့်မြင့်ပြင်ဆင်ပြီး။

(လစာ- ကျပ် ၂၅ သိန်း)

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**သချ်ာ-အင်္ဂလိပ်စာတော်လာဖို့**

Subject Idea များရရှိလာပြီး တစ်လအတွင်းမှာပင် ထူးခြားစွာ တိုးတက်လာအောင် စေတနာနှင့် တတ်ကျွမ်းမှုကို အခြေပြု၍ သင်ကြားပေးပါသည်။

ဖုန်း-၀၉-၅၀၁၅၉၇၉

**ဒေါ်အေးအေးသွဲ့**

**B.Sc(Physics)**

အင်္ဂလိပ်နှင့် ရူပဗေဒ ဘာသာရပ်ကို Teaching/Guide လိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။(ပြည်မြို့တွင်း လက်ခံ သင်ကြားပေးသည်)

ဖုန်း- ၀၉ ၃၁၅၉၃၅၂၂

**Tr.Mu**

၉တန်းနှင့် ၁၀တန်းဇီဝဗေဒ သီးသန့် အိမ်ဝိုင်းများစီစဉ်သင်ကြားပေးသည်။

ဖုန်း- ၀၉ ၄၅၀၀၀၁၄၉၅

**သင်ကြားပေးသည်**

IGCSE/GCE 'O'

www.facebook.com/superstarigcse

PH: 09 5139298

**Teaching & Study Guide**

၁၀တန်းကျောင်းသားများအတွက် သချ်ာ သီးသန့် အိမ်အရောက်သင်ကြား ပေးသည်။ ဖုန်း- ၀၉ ၄၂၀၀၃၀၈၇၈

**English One by One Classes**

General English from Basic (4 Skills & Grammar).IELTS (Foundation/Preparation)

PH: 09 450001079

**ဆရာ Bryan**

စင်ကာပူတွင် စာသင်ကြားပေးခဲ့သော ဝါရင့်၊ ကျွမ်းကျင်သင်ကြားလမ်းညွှန်မှု (၁၂ နှစ်)ရှိInt'l School (Primary & Secondary Levels)(All Subjects)

PH: 09 420070692

**ငှားမည်**

ဝါးတန်း Residence (2000)sqft ပရိဘောဂအစုံပါ။ M (2), B(2) $ 3000

ဖုန်း-၀၁ ၄၃၀၃၀၆

**ငှားမည်**

ယောမင်းကြီးကွန်ဒို၊ (19000) sqft ၂၅ သိန်း။ ပရိဘောဂအစုံပါ။ M(2), B(2).

ဖုန်း-၀၁ ၄၃၀၃၀၆

**ငှားမည်**

ကွန်ဒိုငှားမည်။ လှည်းတန်းလမ်းဆုံအနီး 1400 sqft၊ ပရိဘောဂနှင့် လူနေမှုပစ္စည်းများပြည့်စုံစွာ ပါရှိသည်။ အကျိုးဆောင်ခ ပေးရန်မလို။ လစာ-USD 1700 (ညှိနှိုင်း) (နိုင်ငံခြားသားသီးသန့်)

ဖုန်း-၀၉ ၄၃၀၈၃၇၈၁

**ငှားမည်**

Blazon ကွန်ဒို၊ (2000)sqft 4$ 2000

Alc 4၊ ပါကေးခင်း၊ ဖုန်း။

ဖုန်း-၀၉ ၄၃၁၈၀၈၆၉

**ရောင်းမည်**

မြောက်ဥက္ကလာ(၄)ရပ်ကွက်၊ ပေ (၁၈×၆၀)၊ ရေမီး၊ (စလစ်)၊ လမ်းဆုံးထောင့် အိမ်၊ အိမ်ကောင်း(ဈေး၊ ကျောင်း၊ ကားဂိတ်နီး) သိန်း (၂၄၀)။

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

**ရောင်းမည်**

အင်းစိန်၊ ဘုရင့်နောင်ကားလမ်းမကြီး ဘေး၊ ဘိုးဘွားပိုင်မြေ၊ ပေ (၃၀×၉၀) အိမ်နှင့် ခြံ၊ ရေ(၂)၊ မီတာ(၂)။ သိန်း (၂၅၀၀) ညှိနှိုင်း။

ဖုန်း-၀၉ ၄၂၀၁၄၂၁၅၆

**ရောင်းမည်**

မြောက်ဥက္ကလာ၊ ရွှေပေါက်ကံမြို့နယ်။ ပေ(၂၆×၆၀)၊ ရေမီး၊ဂရန်မူရင်း။ ပုဂံလမ်း၊ ကျောကပ်။ သိန်း(၂၇၀)

ဖုန်း-၀၉ ၂၅၀၂၀၄၃၀၄

**ရောင်းမည်**

ရွှေပေါက်ကံ ၂၀ ရပ်ကွက်၊ အနော်ရထာလမ်း ပေ (၄၀×၆၀)၊ အိမ်နှင့် ခြံ။ ရောင်းဈေး- သိန်း ၅၀၀။

ဖုန်း-၀၁ ၆၉၅၉၁၈

**ရောင်းမည်**

တ/ဥ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန် (၃) လမ်း၊ အမှတ်(၁၃၂/က)၊ ၂ထပ်၊ BN, နှစ် (၆၀) ဂရန်အမည်ပေါက်။ ရောင်းဈေး-သိန်း၁၂၈၀(ညှိနှိုင်း)

ဖုန်း-၀၉ ၅၁၁၀၉၉၅

**ကျော် Car Rental**

မြို့တွင်း၊ မြို့ပြင်၊ နယ်ဝေးလချုပ်၊ နှစ်ချုပ် ခရီးစဉ်အမျိုးမျိုးကို ကိုယ်ပိုင်ယာဉ်များအား သင့်တင့်သောနှုန်းဖြင့် အငှားဝန်ဆောင်မှုပေးပါသည်။

ဖုန်း-၀၉ ၇၃၀၉၉၁၆၉

**Living Real Estate Services**

ရှင်သန်ခြင်း အိမ်၊ ခြံ၊ မြေအကျိုးဆောင် အိမ်၊ခြံ၊မြေနှင့်ပတ်သက်၍ ဝယ်/ရောင်း/ငှားခြင်း အကျိုးဆောင်နှင့် ဆက်သွယ်ပေးပါသည်။

ဖုန်း- ၀၉ ၃၃၂၇၀၂၇၇

**ယာဉ်မောင်းဝန်ဆောင်မှု**

ယာဉ်မောင်းလိုအပ်သူများ၊ ယာဉ်မောင်းလုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။

ဖုန်း- ၀၁ ၅၂၄၄၄၆

**ရောင်းမည်**

စက်ရုံ၊ အလုပ်ရုံအတွက် ဒီဇယ်ဆီများကို ငါးပီပါမှ ၂၀ ပီပါအထိလူကြီးမင်း တို့နေရာအရောက်စနစ်ဖြင့် ရောင်းချနေပါသည်။ အရည်အသွေးမှန် A9Business Group မှ တာဝန်ယူပါသည်။

ဖုန်း-၀၉ ၇၃၂၀၆၆၂၃

**ရောင်းမည်**

MAS-Air Con Group မှ အာမခံ သုံးနှစ်ပါ အသစ်စက်စက် Air Con (1) HP အားရောင်းမည်။ Frame+ Safe guard+ Copper pipe (၁၀) ပေအပါ (၂၁၀,၀၀၀) အပြီးအစီး။

ဖုန်း-၀၉ ၇၃၂၄၀၂၃၇

**ရောင်းမည်**

Huawei Y220T

android,၆လအာမခံပါရှိသည်။ ၁၀၀ ရာခိုင်နှုန်းအသစ်ဖြစ်ရမည်။

ဈေးနှုန်း-၄၉၀၀၀(ညှိနှိုင်း)

ဖုန်း-၀၉ ၄၂၅၀၂၂၆၃၃

**ဆရာမ ဒေါ်နီလာအောင်**

"တေဒင်္ဂပညာရေးဝန်ဆောင်မှု"

Grade-8,9,10,11

ဘာသာစုံအိမ်လိုက်သင်သည်။ (ဝါရင့်ဆရာ၊ ဆရာမများနှင့်သာ)

ဖုန်း-၀၉ ၄၀၁၅၄၀၉၈၁

**Saya U Myint Mg**

အင်္ဂလိပ်စာနှင့်ဝေးနေပြီး အခြေခံအားနည်းသူများအား Grammar, Vocab, Reading,Speaking & Writing ကို Basic မှပြန်စ၍ အိမ်လာသင်ပေးသည်။

ဖုန်း- ၀၉ ၇၃၆၃၀၆၆၂

**S.o.E Lady Fashion**

Design Training Class

အမျိုးသမီးသီးသန့်သင်တန်း

ဖုန်း-၀၉ ၇၃၁၇၇၂၅၄

**သင်ကြားပေးသည်**

AutoCAD (2D,3D, Isometric,Rendering), AutoCAD (M& E),Microstation, Graphic (photoshop, illustrator, Corel Draw),BASIC DTP For Office

PH: 09 43056543

**Dynasty Designing & Training**

Basic-13000,I-Office Advance-25000, Business in Excel special-20000, DTP-20000, Professional Graphic Design-35000 PH: 09 421109778

**ဆန်းသစ်**

ရေခဲသေတ္တာ၊ အဲကွန်း၊ အဝတ်လျှော်စက်၊ ပြုပြင်/ရောင်းဝယ်၊ တပ်ဆင်၊ ဆေးကြောသည်။ စက်ရုံ၊ အိမ်၊ လျှပ်စစ်မီးသွယ်တန်းပေးသည်။

ဖုန်း- ၀၉ ၄၂၀၈၇၉၁၃

**အိမ်တိုင်ရာရောက်ပြုပြင်ပေးသည်**

ကွန်ပျူတာများအတွက် Windows တင်သည်။ Virus သတ်သည်။ Software, Games သွင်းသည်။

ဖုန်း-၀၉ ၃၁၆၃၉၉၇၆

**ရောင်းမည်**

၃၂ရပ်ကွက်၊ မ/ဒဂုံ၊ ကျောင်းလမ်းမကြီး ကျောကပ်၊ ပေ (၂၀×၆၀)၊ 1 ½RC,450L

ဖုန်း-၀၉ ၄၅၀၀၀၀၅၀၁

7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

စာမျက်နှာ(၂၀)မှ

## ရှေ့တန်းနောက်တန်းညီပါမှ ဂိုးရလိမ့်မည်ထင်သည်

လွှတ်တော်မှာ မရှိသည်ထားဦးတော့ မိမိပါတီမှ လွှတ်တော်ကိုယ်စားလှယ်များအတွက်သိလိုသော အချက်အလက်တွေကို အသင့်ထုတ်ပေးနိုင်သည့် သုတေသနဌာနတွေ ပါတီအသီးသီးမှာ ရှိဖို့ ကောင်းသည်ဟု ထင်မိသည်။ ဒါလည်း ရှိ၊မရှိတော့ မသိ။ ရှိကောင်း၏တော့ ထင်မိ၏။ အထူးသဖြင့်တော့ အတိုက်အခံပါတီတွေမှာ ရှိအပ်သည်ဟု ထင်၏။

အသင်းအဖွဲ့ဥပဒေကို ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာလိုက်သည့်အခါတွင်လည်း ဝန်ကြီးဌာနမှ ရေးဆွဲသည့် ဥပဒေကအသင်းအဖွဲ့တွေကို ဖိနှိပ်ကွပ်ညှပ်သည့် ဥပဒေပဲဖြစ်နေပြန်သဖြင့် လူမှုရေးကိစ္စများကို ယခုလက်ရှိဆောင်ရွက်နေကြသည့်အသင်းအဖွဲ့များက ထိုဥပဒေကိုအကြံပြုဆွေးနွေးရန် နေပြည်တော်သို့ အင်တိုက်အားတိုက်တက်သွားခဲ့ကြသည်။ ထိုအကြံပြုဆွေးနွေးပွဲသို့ ဥပဒေကြမ်းကော်မတီဝင်များအပြင် အခြားလွှတ်တော်ကိုယ်စားလှယ်တွေလည်း ၁၀၀ ကျော်ကျော်လောက် အားတက်သရော တက်ရောက်လာခဲ့သည်ဆို၏။

တက်ရောက်လာကြသည့်လွှတ်တော်ကိုယ်စားလှယ်တွေကသူတို့မှာ လွှတ်တော်ထဲ ရောက်နေကြသဖြင့် ပြင်ပနှင့်အဆက်အသွယ်ပြတ်သလို ဖြစ်နေကြရကြောင်း၊ ယခုလို လာရောက်၍အကြံပြုဆွေးနွေးခြင်းကို ဝမ်းမြောက်ဝမ်းသာဖြင့် ကျေးဇူးတင်ကြိုဆိုရပါကြောင်း၊ နောက်လည်းယခုလိုလာရောက်အကြံပြုကြစေလိုပါကြောင်းကို ကျေးဇူးတတင်တင်ဖြင့် ပြောလိုက်ကြသည်တဲ့။ ဆိုသည့်အခါ ခမျာများကို ကိုယ်ချင်းစာမိရသည်။ နောက်တန်းမှ ရိက္ခာလက်နက်မပို့ဘဲ ရှေ့တန်းမှာဘယ်လိုတိုက်ကြရပါမည်လဲပေါ့။

လွှတ်တော်နားချိန်ကျတော့လည်း ကိုယ့်မဲဆန္ဒနယ်မှ ပြည်သူတွေကို ပြေးတွေ့ရ၊ လိုအပ်ချက်တွေ ကူညီနိုင်စရာရှိတာလေးတွေမေးရမြန်းရ၊ ဟိုနိုင်ငံလေ့လာ ရေး၊သည်နိုင်ငံလေ့လာရေးဆို လည်းခရီးထွက်ရနှင့်ပင် လွှတ်တော်ထဲပြန်သွားရချိန်ရောက်တော့ လွှတ်တော်ထဲမှာပြုကြ၊ပြင်ကြ တင်ကြ၊ရေးကြသည့်ဟိုဥပဒေ၊သည်ဥပဒေအတွက် အကြံပြုစရာ ဆွေးနွေးစရာဆိုလို့ ထုပ်ထုပ်ထည်ထည်ရယ်နှင့် ဘာမှမည်မည်ရရပါသွားနိုင်ခဲ့ကြလေမည်မထင်။ သို့ဆိုလျှင်ဖြင့် သက်ဆိုင်ရာ ပါတီတွေကတော့ရော ကိုယ့်ပါတီက မွေးထုတ်တင်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်တွေအတွက်ရယ်လို့ ဘယ်ဥပဒေ၊ ဘယ်အကြောင်းအရာတွေအတွက် ဘယ်လိုအကြံပြုချက် အထောက်အထား ခိုင်ခိုင်လုံလုံတွေ ပြုစုထောက်ပံ့ပေးနိုင်ခဲ့ကြပြီလဲ မပြောတတ်။ ပေးနိုင်ခဲ့ကြလေသည်လား မပေးနိုင်ခဲ့ကြဘူးလားတော့မသိ။ လွှတ်တော်ထဲမှာ သတင်းအချက်အလက်ရိက္ခာ ပြတ်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်ခမျာ များကတော့ပြင်ပမှလာရောက် အကြံပြုသူတွေကို ကြိုဆိုပါသည်၊ လိုအပ်သည်များကိုလည်း ယခုလို လာရောက်အကြံပြုကြစေလိုပါသည်ဟု ဆိုနေကြလေ၏။

အကျဉ်းထောင်ထဲတွင် နေခဲ့ရသည့် နိုင်ငံရေးအကျဉ်းသားတွေ ထောင်ဝင်စာလာမှ အပြင်သတင်းဝရင်းလေး ကြားရသလိုမျိုးနှင့် ခပ်ဆင်ဆင်တူနေသည်။

နေပြည်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနားနေဆောင်သို့ အလည်အပတ်ရောက်သွားဖူးသူ တစ်ယောက်ကတော့“လွှတ်တော်ကိုယ်စားလှယ်တွေ တည်းခိုသည့် အဆောင်ကတိတ်ဆိတ်ငြိမ်သက်လွန်းလို့ အဲဒီနေရာကိုသွားပြီး မဂ်ဆိုက် ဖိုလ်ဆိုက်တရားပွားများ အားထုတ်ဖို့ပင် ကောင်းလှ၏” ဟု ပြောသံကြားမိသည်။

နိုင်ငံသစ်ကို တည်ဆောက်ပြုပြင်မည့် နိုင်ငံရေးသမားတို့ စုဝေးရာအရပ်ဆိုပေသည့် ဆွေးနွေးသံမကြားရ၊ တိုင်ပင်ညှိနှိုင်းသံမကြားရ၊ ငြင်းခုံသံ မကြားရ။ ပီဘိရိပ်သာလေးလို ကိုယ့်အခန်းတံခါးလေးကိုယ်ပိတ်၊ တိတ်တိတ်ကလေးတွေနှင့် ဝစီပိတ်ကျင့်နေကြသည်နှင့်ပင် တူနေသည်ဟု ဆိုသည်။ ထို့ကြောင့်ပင်လားတော့ မသိ။ အသိမိတ်ဆွေထဲမှ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ကတော့ လွှတ်တော်ထဲ ပြန်သွားရမှာပင် ကြောက်နေသည်တဲ့။ သည်အတိုင်း ငုတ်တုတ်လေးသွားထိုင်နေရသည်ကို ကြောက်နေတာလားတော့ မသိ။

အချို့ကတော့ သည်အတိုင်းထိုင်မနေရအောင် အိုင်ဖုန်းလေးတွေ ဘာလေးတွေနှင့် လွှတ်တော်ထဲမှာ ကလေးတွေလို ဂိမ်းဆော့နေကြသည်ဟုလည်း ကြားနေရသည်။ အချို့ကတော့မူ တီထွင်ထားသည့် ငိုက်နည်းအသစ်တွေနှင့် အိပ်ငိုက်ကြသည်တဲ့။ အချို့အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်တွေကျတော့လည်း စိန်ရွှေကျောက်သံပတ္တမြား အရောင်းအဝယ်လေးဘာလေးတွေနှင့် လွှတ်တော်ထဲမှာ အလုပ်ဖြစ်နေကြသည်ဆိုလားကြားရသည်။ ဘာပဲပြောပြော သူတို့တွေကမှ လက်တွေ့မျက်တွေ့ မြိုးမြိုးမြက်မြက်အကျိုးခံစားရသည့် အလုပ်ပေမို့ ငိုက်သူတွေ၊ ဂိမ်းဆော့သူတွေနှင့်စာလျှင်ဖြင့် တော်သေးသလားထင်သည်။

တကယ်တော့ လွှတ်တော်ဆိုသည်မှာ အချင်းချင်းပဲဖြစ်ဖြစ်ဆန့်ကျင်ဘက်အတွေးအခေါ် ရှိသူတွေနှင့်ပဲဖြစ်ဖြစ် တိုင်ပင်ကြ၊ဆွေးနွေးကြ၊ ငြင်းခုံကြဆိုသည့်အသံတွေနှင့် သွေးနွေးတက်ကြွနေသည့် အရပ်ဒေသမျိုးဖြစ်၏ဟုထင်သည်။ အချို့နိုင်ငံတွေမှ လွှတ်တော်တွေထဲမှာ အပြင်းအထန်ငြင်းကြခုံကြရင်း တစ်ဦးနှင့်တစ်ဦး ကိုယ်ထိလက်ရောက်တိုက်ခိုက်ကြသည်ထိပင် ရှိသည်ဆိုတာတွေလည်း တီဗီထဲဘာထဲ မြင်ဖူးထားတော့ အိပ်ပဲငိုက်နေရတော့သည့် ကျွန်တော်တို့လွှတ်တော်ထဲမှ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖြစ်ရလေ. ဟု ကိုယ်ချင်းစာစိတ်ဖြစ်မိသည်။

၁၉၉၀ ရွေးကောက်ပွဲ မဲဆွယ်စဉ်က မြန်မာ့ရုပ်မြင်သံကြားမှာ ၁၀ မိနစ်စာ စကားပြောခွင့်ရခဲ့သည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးကြည်မောင်ပြောသွားခဲ့တာလေးကို သတိရမိသည်။

ဦးကြည်မောင်က ကျွန်တော်တို့ ပါတီသာ အနိုင်ရရင်ဘာလုပ်ပေးပါ့မယ်၊ ညာလုပ်ပေးပါ့မယ်ဆိုသည့် စကားမျိုးတွေမပြော။ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေဆိုတာ ပါတီတွေကနေ ရွေးချယ်ပြီး ပျိုးပေးလိုက်သည့်ပျိုးပင်တွေပဲဖြစ်ပါတယ်။ ပြည်သူတွေက ပျိုးကောင်းပျိုးသန့်ကို ရွေးပြီးစိုက်နိုင်ကြဖို့ပါပဲဟု ပြောခဲ့တာအမှတ်ရနေသည်။

လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ပါတီကနေ ရွေးချယ်ပြီး ပျိုးပေးလိုက်သည့် ပျိုးပင်တွေဟု ဆိုသည်။ ထိုစကားကို ကျွန်တော်ဖြင့် တွေးမိတိုင်း မနောခွေ့နေမိသည်။

ပျိုးထောင်ပေးထားသည့်ပျိုးပင်ပါဆိုကတည်းက တွေ့လေရာမျိုးစေ့ကို ကောက်ပျိုးလို့လည်းရသည်မဟုတ်။ ပျိုးပြီးတော့လည်းပြီးပြီးရော ပစ်ထားလို့ရကောင်းသည်မဟုတ်။ အားကောင်းမောင်းသန်ပျိုးပင်ဖြစ်ဖို့ရေကြည်လောင်းမြေစာကျွေး လုပ်ဖို့လည်း အထူးလိုအပ်သည် ထင်၏။

လွှတ်တော်ထဲတွင် ရောက်နေကြသည့် လွှတ်တော်ကိုယ်စားလှယ်များကတော့ မျိုးကောင်းမျိုးသန့်တွေဖြစ်လေမည်ဟု ယုံကြည်ပြီးသားဖြစ်သည့်တိုင် သက်ဆိုင်ရာပါတီတွေက ရေကြည်လောင်းမြေစာကျွေးမှုတွေများ ပျက်ကွက်နေကြသလား ထင်သည်။

ထိုကြောင့်များ လွှတ်တော်ထဲမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အသံမကျယ်နိုင်ဘဲ အိပ်ငိုက်ပြိုင်နေကြသလားထင်သည်။

လွှတ်တော်ထဲမှ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေပြုရေးရှေ့တန်းတာဝန်ယူနေကြသည့်နည်းတူ နောက်တန်းတွင်အထိုင်နှင့်ကစားဖို့ တာဝန်ယူထားသည့် ပါတီ၏ အခန်းကဏ္ဍကလည်း လွှတ်တော်ကိုယ်စားလှယ်များအတွက် လေးမြားရိက္ခာဒိုင်းအကာတွေ အပြည့်အဝ ရှာဖွေစုဆောင်းပေးဖို့ လိုအပ်သည်ဟုမြင်သည်။

ဘောလုံးစကားဖြင့် ပြောရလျှင် နောက်တန်းမှ တင်ပေးနိုင်သည့် ဘောလုံးကောင်းမရှိသဖြင့် ရှေ့တန်းတိုက်စစ်မှူးတွေ အိပ်ငိုက်နေကြရသလောဟု စောကြောမိရသည်။ လောလောဆယ်တွင်တော့အလယ်တန်း ခါးပြတ်ကာ နောက်တန်းအားနည်း နေသလားဟု ထင်မိသည်။ ဘာပဲပြောပြော ရှေ့တန်းနောက်တန်းညီပါမှ ဂိုးရမည်ထင်ပါသည်။



## JOKE

### မမှတ်မိတော့ဘူး

နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေသော စစ်သားတစ်ဦးသည် မိမိနိုင်ငံတွင်ရှိသော ရည်းစားဖြစ်သူထံမှ စာတစ်စောင်ရ၍ ပျော်နေသည်။ သို့သော်ရည်းစားက ဖြတ်စာရေးထားပြီး သူ့ဓာတ်ပုံပြန်လိုချင်ကြောင်း ရေးထားသဖြင့် အလွန်စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ သို့ဖြင့် စစ်သားကရင်း၏ တပ်စိတ်၊ တပ်ခွဲမှ အပေါင်းအသင်းများအလိုမရှိတော့သော အမျိုးသမီးဓာတ်ပုံများကို အားလုံးစု၍ စာအိတ်ထဲထည့်ကာ အောက်ပါအတိုင်း စာရေးလိုက်သည်။ “ငါ့ရည်းစားဘယ်သူလဲဆိုတာ ငါမမှတ်မိတော့ဘူး။ မင်းဓာတ်ပုံယူထားပြီး ကျန်တာကို ပြန်ပို့လိုက်ပါ” ဟူ၏။

### ဆုတောင်း

လင်မယားစုံတွဲတစ်တွဲသည် ဆုတောင်းပြည့်သည်ဆိုသော ရေတွင်းတစ်တွင်းဆီသို့ လာရောက်ကြသည်။ ပထမဦးစွာ ယောကျ်ားဖြစ်သူက ရေတွင်းနားတိုး၍ ရှေ့သို့ကိုင်းကာ ဆုတောင်းပြီး ပဲနီစေ့တစ်စေ့ရေတွင်းထဲ သို့ပစ်ချလိုက်သည်။ ယောကျ်ားဆုတောင်းပြီးနောက် မိန်းမဖြစ်သူက ရှေ့တိုးပြီး ဆုတောင်းစဉ် ရှေ့သို့အလွန်ကိုင်းမိသွားပြီး ရေတွင်းထဲအားလွန်၍ ပြုတ်ကျသွားသည်။ ယောကျ်ားမှာအစပထမတွင် မှင်တက်အံ့သြသွားပြီး ခဏအကြာတွင် မိန့်မိန့်ကြီးပြုံးလိုက်ကာ “အင်း၊ ရေတွင်းက ဆုတောင်းပြည့်သားပဲ”ဟု ရေရွတ်လိုက်၏။


## ဝန်ထမ်းအလိုရှိသည်

❖ စက်ဆရာ (ပတ်လည်ပုံနှိပ်စက်) ကျား (၂) ဦး
- သတင်းစာ ပတ်လည်စက် ကျွမ်းကျင်စွာ ရိုက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

❖ စက်ဆရာ (4 Unit) ကျား (၂) ဦး
- 4-Unit ပုံနှိပ်စက် ကျွမ်းကျင်စွာ ရိုက်နိုင်သူ ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံ ရှိရမည်။

❖ ပုံနှိပ်စက်အကူ (နောက်ကြည့်) ကျား (၂) ဦး
- ပုံနှိပ်စက်လုပ်ငန်း အတွေ့အကြုံ ရှိရမည်။

❖ Production Executive ကျား (၂) ဦး
- ဘွဲ့ရ၊ အသက် (၃၅) နှစ်အောက် ဖြစ်ရမည်။
- ကွန်ပျူတာ အသုံးပြုနိုင်ရမည်။ Excel ကျွမ်းကျင်ရမည်။
- ရုံးလုပ်ငန်းပိုင်းဆိုင်ရာ နားလည်တတ်ကျွမ်းရမည်။

❖ Production Assistant ကျား (၂) ဦး
- အခြေခံပညာအထက်တန်းအောင်မြင်ရမည်။
- အသက် (၃၀) နှစ်အောက်ဖြစ်ရမည်။ ကွန်ပျူတာ အသုံးပြုနိုင်ရမည်။

အထက်ပါရာထူးများအားလုံးကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး၊ ညပိုင်းအလုပ်ဆင်းနိုင်သူဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံပေါ်မူတည်ပြီး လစာညှိနှိုင်းပေးပါမည်။ လျှောက်ထားလိုသူများ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်မိတ္တူ ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူတို့နှင့်အတူ (၁၀.၁၀.၁၃) ရက်နေ့ နောက်ဆုံးထား၍ အောက်ပါ လိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

7Day Daily သတင်းစာ
ဒိုင်းမွန်းကွန်ဒို (E)၊ ပထမထပ်၊ အမှတ် (၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၁၂၈၈၇

Environment

7 DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013

# အပူပိုင်းဒေသတွင် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသစ်တစ်ခု သတ်မှတ်

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**



သဘာဝထိန်းသိမ်းရေး နယ်မြေ ၃၈ ခုမြောက် ချောင်းပုံကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသစ်ကို ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်တွင် အသစ်ဖွဲ့စည်းခဲ့ကြောင်းပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှသတင်းထုတ်ပြန်သည်။ အဆိုပါ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၂ခုနှစ် စက်တင်ဘာ ၁၁ ရက်က ပတ်ဝန်းကျင် ကျေးရွာငါးရွာက ဘေးမဲ့တောအဖြစ် သတ်မှတ်ပေးရန် တင်ပြတောင်းဆိုခဲ့ခြင်းဖြစ်သည်။ အဆိုပြုတင်သွင်းပြီး တစ်နှစ်ခန့်အကြာတွင် အဆိုပါဒေသရှိ သစ်တောကို ဘေးမဲ့တောအဖြစ်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

အသစ်ဖွဲ့စည်းလိုက်သည့် အဆိုပါဘေးမဲ့တောသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ အိုင်းမအနောက်ကျေးရွာနှင့်ညောင်တွင်းအနောက်ကျေးရွာချင်းဆက်လမ်း၏ အနောက်ဘက်တွင်ရှိပြီး ကေ ၅၄၅ကျယ်ဝန်းသည်။

ဘေးမဲ့တောအတွင်းမြန်မာနိုင်ငံ၌သာ ရှင်သန်ကျက်စားသည့် မျိုးသုဉ်းပျောက်ကွယ်ရန် အန္တရာယ်ရှိသည့် မြန်မာ့ရွှေသမင်နှင့် အပူပိုင်းခြောက်သွေ့သစ်တောအတွင်းတွေ့ရှိသည့် ရှားပါးသစ်ပင်များရှိခြင်း၊ ဂေဟစနစ်ကောင်းခြင်းတို့ကြောင့် ဘေးမဲ့တောအသစ်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးအေးမြင့်မောင်ကပြောသည်။

အဆိုပါသစ်တောကို ဘေးမဲ့တောအဖြစ်သတ်မှတ်ရန် ပြည်သူလူထုကတောင်းဆိုသဖြင့် ဘေးမဲ့တိရစ္ဆာန်ထိန်းသိမ်းရေးအတွက် ပထမဆုံးပြည်သူလူထုဗဟိုပြုပြုစုထိန်းသိမ်းရေးစနစ်ကို အကောင်အထည်ဖော်မည်ဟုသိရသည်။

ပထမဆုံးပြည်သူလူထုဗဟိုပြု ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီကိုဖွဲ့စည်းမည်ဖြစ်ပြီး သစ်တောဦးစီးဌာနက ပညာရပ်ဆိုင်ရာ နည်းပညာ ပံ့ပိုးခြင်းများနှင့် တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များကာကွယ်ခြင်းဥပဒေ၊ သဘာဝထိန်းသိမ်းရေး နည်းဥပဒေများကို အသိပညာပေး လုပ်ဆောင်မည်ဟုဆိုသည်။

သစ်တောဖုံးလွှမ်းနေသောနိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ရန်အစိုးရကမူဝါဒချမှတ်ခဲ့ရာ ယခုအခါနိုင်ငံဧရိယာ၏ ၅ဒသမ ၆၂ ရာခိုင်နှုန်းကို ဖွဲ့စည်းနိုင်ခဲ့သည်။

# အင်းလေးပဲ့တင်သံ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အနုပညာပြပွဲ ကျင်းပမည်

**နိုင်နိုင်စိုး**

**ရန်ကုန်၊**

**စက်တင်ဘာ- ၂၀**

အင်းလေးပဲ့တင်သံ အမည်ရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုဝန်းကျင်ဆိုင်ရာအနုပညာပြပွဲကို ညောင်ရွှေမြို့တွင် ပြုလုပ်မည်ဟု သတင်းရရှိသည်။

အင်းလေးပဲ့တင်သံသဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လူမှုဝန်းကျင်ဆိုင်ရာ အနုပညာပြပွဲကို အင်းလေးဖောင်တော်ဦးဘုရားပွဲ ကျင်းပချိန်ကာလတွင် အောက်တိုဘာ ၈ ရက်မှ ၁၃ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း တို့ချစ်တဲ့ ကမ္ဘာလူငယ်ကွန်ရက်မှ ကိုစိုးက ပြောသည်။

အဆိုပါ အနုပညာပြပွဲတွင် အင်းလေးကန် ရေဝေရေလဲနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ လူမှုဝန်းကျင်နှင့် စားသုံးသူကာကွယ်ရေး ပညာပေးကဏ္ဍစသည်တို့ကို ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ဓာတ်ပုံ၊ Installation, Vinyl print graphic art တို့ဖြင့် ပြသသွားမည်ဟု ၎င်းက ပြောကြားသည်။

"အင်းလေးကန် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို သတိထားမိပြီး သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်အောင် အနုပညာနဲ့ပေါင်းစပ်ပြီး ပြသတာ' ဟု ကိုစိုးက ပြောသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်အနုပညာပြပွဲကိုတို့ချစ်တဲ့ကမ္ဘာလူငယ်ကွန်ရက်နှင့် ညောင်ရွှေမြို့နယ် ဒေသခံများ ပူးပေါင်း၍ ဒုတိယအကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်သည်။

# လောင်စာလိုအပ်ချက်နှင့်စီးပွားရေးလုပ်ငန်းများကြောင့် အပူပိုင်းဒေသတွင် သစ်တောများ လျော့နည်းလာ

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ- ၂၀**

အပူပိုင်း ဒေသများတွင် ထင်းလောင်စာလိုအပ်ချက်နှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများကြောင့် အပူပိုင်းဒေသရှိ သစ်တောများ လျော့နည်းလာကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီးဦးအေးမြင့်မောင်ကပြောသည်။

သစ်တောပြုန်းတီးခြင်းကို အဆင့်နှစ်ဆင့် သတ်မှတ်ပြီး၊ ပထမအဆင့်မှာ သစ်တောမရှိသည့်ကွက်လပ်၊ဒုတိယအဆင့်ကို သစ်တောရှိသော်လည်း သစ်ပင်ကောင်းများ မရှိသည့် နေရာဟုသတ်မှတ်သည်။ဝန်ကြီးဌာနက သတ်မှတ်ချက်နှင့်ကိုက်ညီသည့် နေရာများကို အပူပိုင်းမိုးနည်းရပ်ဝန်းဒေသရှိ နယ်မြေဧရိယာကေ ၂၁သန်းအတွင်းရှိ အပူပိုင်းခရိုင်ကိုးခုတွင် ကွက်ကျားတွေ့ရှိရကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

"နဂိုတကည်းက သစ်ပင်ကျဲကျဲပေါက်တဲ့နေရာတွေပါ။မြင်နေရ၊ တွေ့နေရတဲ့မြင်ကွင်းတွေကို အခြေခံပြီး သစ်တောပြုန်းတီးလာတယ်လို့ အကြမ်းဖျင်း ပြောလိုက်တာပါ။ ဘယ်လောက်အထိပြုန်းတီးလာတယ်ဆိုတာကိုဆက်ပြီးတိုင်းတာဖို့ရှိတယ်"ဟု အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဦးဘကောင်းကပြောသည်။

အဆိုပါဒေသ၏ သစ်တောဖုံးလွှမ်းသည့်ခုနှစ်ကိုအခြေခံပြီး အပူပိုင်းဒေသကိုးခရိုင်အတွင်းရှိမည်သည့်ဒေသတွင်ပြုန်းတီးမှု၊ မည်သည့်နှစ်တွင် လျော့နည်းမှုများကိုထပ်မံလေ့လာနေကြောင်း ဦးဘကောင်းကပြောသည်။

လက်ရှိတွင်သစ်တောလျော့နည်းပြုန်းတီးမှုကိုကာမိရန် ဒေသအလိုက် နှစ်စဉ် သစ်ပင်စိုက်ပျိုးခြင်းများပြုလုပ်လျက်ရှိပြီး တစ်နှစ်လျှင် သစ်ပင်နှစ်ထောင်နှင့်ငါးထောင်အကြားစိုက်ပျိုးနေသော်လည်း ကျယ်ပြန့်သည့်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် လုံလောက်မှုရှိရန် လိုအပ်နေသည်ဟုဦးဘကောင်းကဆိုသည်။

သစ်တောများ လျော့နည်းလာခြင်းနှင့်ရာသီဥတုပြောင်းလဲလာခြင်းတို့ကြောင့် မိုးရေချိန်လက်မ ၄၀အောက်ရရှိသည့် မန္တလေး၊ မကွေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရေချိုရရှိမှုနည်းသည့် ပြဿနာကိုနှစ်စဉ်ကြုံတွေ့နေရသည်။



# Tourism

7DAY NEWS JOURNAL

Vol.12, No.29 • SEPTEMBER 25 , 2013


# မိုးရာသီဖြစ်သော်လည်း ချောင်းသာသို့ ခရီးသွားသူ ယခင်နှစ်ထက် နှစ်ဆရှိဟုဆို



*ချောင်းသာကမ်းခြေတွင် စက်ဘီးစီးအပန်းဖြေနေသူများ*

ဓာတ်ပုံ - အိဖြူလွင်

**ခန့်ထက်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ခရီးသွားရာသီမဟုတ်သည့် ယခုနှစ်မိုးရာသီ၌ ချောင်းသာသို့ ခရီးသွားသူများ ယခင်နှစ်ကထက် ပိုများနေကြောင်း သတင်းရရှိသည်။

မိုးကာလဖြစ်သော ဇွန်၊ ဇူလိုင်မှစ၍ ယခုအချိန်ထိ ခရီးသည်ဝင်ရောက်မှုပြီးခဲ့သည့်နှစ်များနှင့် နှိုင်းယှဉ်ပါက နှစ်ဆခန့် ပိုမိုလာရောက်ကြောင်း ချောင်းသာဟိုတယ်ဇုန် အတွင်းရေးမှူး ဦးမင်းကျော်ဦးက ခန့်မှန်းပြောသည်။

“ပြောရမယ်ဆိုရင် ဒီနှစ်မှာ အရင်နှစ်တွေထက် လူပိုများနေတာကို တွေ့နေရတယ်။ ခရီးသွားရာသီမဟုတ်တော့ ဟိုတယ်ခတွေကလည်း လျှော့ပေးထားတယ်လေ” ဟု ဦးမင်းကျော်ဦးက ပြောသည်။

ယခုနှစ်မိုးရာသီတွင်ချောင်းသာကမ်းခြေသို့ ခရီးသည် လာရောက်မှု လေဖိအားနည်းရပ်ဝန်းရှိသည့် ရက်များတွင်သာ နည်းတတ်ပြီး မိုးတွင်းတစ်တွင်းလုံး လူမပြတ်ကြောင်း ၎င်းကပြောသည်။

ခရီးသွားရာသီကို အောက်တိုဘာမှစ၍ သတ်မှတ်မည်ဖြစ်သော်လည်း ယခုနှစ် မိုးရာသီတွင် ယခင်နှစ်များထက် ကားလိုင်းပြေးဆွဲမှုမှာလည်း ပုံမှန်ပြေးဆွဲနေရကြောင်း ချောင်းသာခရီးစဉ်ပြေးဆွဲသော ဂိုးဒင်းစတား ခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“ဒီနှစ်မိုးတွင်းမှာချောင်းသာကို ခရီးသည်သွားတာ များတယ်။ အရင်က မိုးတွင်းဆိုရင် ကားလေးလောက်နဲ့ပဲ ခရီးစဉ်ပြေးဆွဲရတယ်။ ဒီနှစ်က ကားကြီးတွေနဲ့ ပုံမှန်အပတ်စဉ် ပြေးဆွဲနေရတယ်” ဟု ဂိုးဒင်းစတားမှ တာဝန်ရှိသူက ဆိုသည်။

ချောင်းသာသို့လူငယ်အများစု သွားရောက်ကြသည်ကို တွေ့ရပြီး တည်းခိုခမှာ ဟိုတယ်အခန်းခနှစ်ယောက်ခန်းတစ်ခန်းလျှင် ကျပ်နှစ်သောင်း၊ နှစ်သောင်းခွဲဝန်းကျင်သာ ပေးရကြောင်း မိုးတွင်းကာလ ချောင်းသာသို့ အပန်းဖြေခရီးထွက်ခဲ့သူ အမျိုးသမီးတစ်ဦးက ဆိုသည်။

# အဲကွန်းစနစ်ပါ RBE မြို့ပတ်ရထား အောက်တိုဘာတွင် ပြေးဆွဲနိုင်ရန် ပြင်ဆင်

**အိမွန်ကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၂၁**

ဂျပန်နိုင်ငံထုတ် အဲကွန်းစနစ်ပါရှိသော RBE မြို့ပတ်ရထားကို ခြေနင်းခုံနှင့်လက်ကိုင်ကိုင်းများပြန်လည်ပြုပြင်ပြီး စမ်းသပ်ပြေးဆွဲခြင်းများပြုလုပ်နေကြောင်း မြန်မာ့မီးရထားမှသတင်းရရှိသည်။

အဲကွန်းစနစ်ပါရှိသော RBE မြို့ပတ်ရထားကိုလာမည့်အောက်တိုဘာတွင် စတင်ပြေးဆွဲရန် စီစဉ်ထားပြီး မြန်မာနိုင်ငံရှိဘူတာရုံပလက်ဖောင်းများနှင့် အဆင်ပြေစေရန်ပြုပြင်ခြင်းဖြစ်သည်။

“ခြေနင်းခုံတွေက ပလက်ဖောင်းတွေနဲ့ကိုက်ညီအောင်ပြန်ပြင်ရတာပေါ့။ လှေကားကမတ်မတ်ကြီးဖြစ်နေလို့ အတက်အဆင်းကောင်းအောင်လုပ်လိုက်ပါပြီ”ဟုမြန်မာ့မီးရထား(သွားလာရေး)မှလက်ထောက်အထွေထွေမန်နေဂျာဦးကျော်ကျော်မျိုးက ပြောသည်။

အဆိုပါအဲကွန်းစနစ်ပါ ရထားသစ်ကို ရန်ကုန်-ပဲခူးခရီးစဉ်နှစ်ကြိမ်၊ ရန်ကုန်-ဒါးပိန်ခရီးစဉ်နှစ်ကြိမ်စမ်းသပ်ပြေးဆွဲမှုများပြုလုပ်ခဲ့ပြီးဖြစ်သည်ဟုဆိုသည်။

လက်ရှိအချိန်အထိ ရထားရပ်မည့်ဘူတာနှင့် လက်မှတ်ခကိုမသတ်မှတ်ရသေးဘဲ အပြီးသတ်စမ်းသပ်မှုတစ်ကြိမ်ပြုလုပ်ပြီးပါက သတ်မှတ်နိုင်မည်ဟု ဦးကျော်ကျော်မျိုးကပြောသည်။

ရထားသန့်ရှင်းမှုအတွက် ရိုးရိုးမြို့ပတ်ရထားများနည်းတူ ခေါင်းလှည့်ဘူတာများဖြစ်သည့် ရန်ကုန်ဘူတာကြီး၊ အင်းစိန်၊ မင်္ဂလာဒုံနှင့် လှော်ကားဘူတာများတွင် အချိန်ပိုင်းသန့်ရှင်းရေးဆောင်ရွက်မည်ဟုဆိုသည်။

“အင်ဂျင်ပိုင်းဆိုင်ရာလိုအပ်တာတွေ၊ စက်ချို့ယွင်းမှုမဖြစ်အောင် ပြင်ဆင်နေပါတယ်။ အောက်တိုဘာမှာ သေချာပေါက်ပြေးနိုင်အောင်ပြင်ဆင်နေပါတယ်”ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

လက်ရှိတွင် ရိုးရိုးမြို့ပတ်ရထားများအား အဆင့်မြှင့်တင်မှုမပြုလုပ်နိုင်သေးသော်လည်း တွဲဆိုင်းမပြည့်သောရထားများကိုတွဲဆိုင်းပြည့်ထည့်နိုင်ရန်ပြုလုပ်နေကြောင်းမြန်မာ့မီးရထားမှသတင်းရရှိသည်။

အသစ်ထပ်မံပြေးဆွဲမည့် RBE မြို့ပတ်ရထားမှာ ရန်ကုန်-ကျိုက်ထိုအထူးအမြန်ရထားနှင့် အမျိုးအစားတူဖြစ်သည်။




# Cartoon
































7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ‘ဒီစာအုပ်ကိုရေးတော့ ဖွင့်ဟဖြစ်တာတွေက ကျွန်မမိဘတွေရဲ့ ဒဏ်ရာအနာတရတွေ အများဆုံးပါ’

## Golden Parasol စာအုပ်ရေးသားသူ နေးရှင်းဦးလောရုံ၏သမီး ဝင်ဒီလောရုံနှင့် တွေ့ဆုံခြင်း



ကျော်မျိုး

ပြီးခဲ့တဲ့ဩဂုတ်လဟာမြန်မာနိုင်ငံအတွက် ကျောင်းသားတွေဦးဆောင်ဆန္ဒပြတဲ့ ပြည်လုံးကျွတ်သပိတ်ကြီးဖြစ်ပေါ်ခဲ့ပါတယ်။ နောက်တော့ ဆိုရှယ်လစ်အစိုးရပြုတ်ကျကာ စစ်အစိုးရသစ်ပြန်တက်လာပြီး လူထုကိုအကြမ်းပတမ်းဖြိုခွဲခဲ့တဲ့ ငွေရတု(၂၅)ပြည့်နှစ်ပတ်လည်အချိန်လည်းဖြစ်ခဲ့ပါတယ်။ ဒီအချိန်အခါဟာ လက်ရှိမှာ အရင်ဗိုလ်ချုပ်ဟောင်းတွေဦးဆောင်နေတဲ့ အရပ်သားတစ်ပိုင်း အစိုးရသစ်အတွက် ပြုပြင်ပြောင်းလဲရေးတွေကိုဘယ်လိုလုပ်ဆောင်မလဲဆိုတဲ့ စမ်းသပ်ချက်တစ်ရပ်လည်းဖြစ်လာမှာပါ။ ဒါပေမဲ့ အပြစ်ကင်းတဲ့လူထုရဲ့ အသက်တွေထောင်ချီပြီး ဆုံးရှုံးခဲ့ရမှုကို သင့်တင့်လျောက်ပတ်စွာပြန်ပြီး အသိအမှတ်ပြုမှတ်တမ်းတင်ဖို့ဆိုရင် ပြည်သူတွေရွေးချယ်တင်မြှောက်တဲ့ အုပ်ချုပ်ရေးဟာ ၁၉၆၂ မှာစစ်အာဏာသိမ်းခံရပြီး ပျောက်ဆုံးခဲ့ရတာကို ဘယ်တော့မှ မမေ့ဖို့ လိုမှာဖြစ်ပါတယ်။ ဒါဟာဖြင့် စာရေးဆရာမ ဝင်ဒီလောရုံက ၎င်းရဲ့ စာအုပ်သစ် Golden Parasol မှာ ခြယ်မှုန်းပြထားတဲ့ အရာပါပဲဖြစ်ပါတယ်။ ၎င်းရဲ့ ဒီစာအုပ်ဟာဖြင့် သာမန်သမိုင်းစာအုပ်တစ်အုပ်လိုမဟုတ်ဘဲ စိတ်ကြည်နူးစရာ ဇာတ်လမ်းဇာတ်ကွက်ကလေးတွေ၊ နှစ်သက်ဖွယ်ဇာတ်ဆောင်တွေပါ ပါဝင်နေပါတယ်။ မစ္စဝင်ဒီလောရုံနဲ့ အဖေ အက်ဒဝပ်လောရုံ(ခေါ်) နေးရှင်းဦးလောရုံဟာဖြင့် မြန်မာစာနယ်ဇင်းလောကမှာ နာမည်ကြီးတစ်ဦးဖြစ်ပြီး မဆလခေတ်မှာ အာဏာရှင်ဦးနေဝင်းနဲ့ သဘောထားကွဲသူဖြစ်ပါတယ်။ ၎င်းဟာ ဦးနေဝင်းနဲ့ တစ်ချိန်က အိမ်နီးချင်းဖြစ်ပေမယ့် မိသားစုချင်း မိတ်ဆွေတွေဖြစ်ပေမယ့် နိုင်ငံရေးအကျဉ်းသားအဖြစ်နှစ်ပေါင်းအတော်ကြာဖြစ်ခဲ့ရဖူးသလို နောက်ပိုင်းမှာ ဗမာပြည်မှထွက်ကာ ပြည်ပြေးဘဝနဲ့ နေထိုင်ပြီး ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို ဆက်လုပ်ခဲ့ရသူပါ။ မစ္စဝင်ဒီလောရုံကိုယ်တိုင်လည်း နိုင်ငံကထွက်ဖို့ကြိုးစားစဉ်မှာ ခေတ္တထိန်းသိမ်းခံရပြီးနောက်ပိုင်းမှာ အမေရိကန်ပြည်ထောင်စုမှာ အခြေချနေထိုင်ခဲ့သူဖြစ်ပါတယ်။ မစ္စဝင်ဒီဟာ အရင်က The Coffin Tree, Irrawaddy Tango နဲ့ The Road to Wanting တို့ကိုလည်း ရေးသားခဲ့ပါသေးတယ်။ ဒါ့ကြောင့် တိုင်းမ်မဂ္ဂဇင်းက ၎င်းနဲ့တွေ့ဆုံပြီး မိသားစုဘဝအမှတ်တရတွေအကြောင်း ဘာ့ကြောင့်ရေးဖြစ်လာတယ်၊ မြန်မာပြည်က အဖြစ်အပျက်တွေအပေါ် အမြင်ဘယ်လိုရှိတယ်ဆိုတာတွေရယ်ကို ဆွေးနွေးမေးမြန်းထားတာကို ပြန်လည်တင်ဆက်လိုက်ရပါတယ်။ မေးမြန်းသူက ချာလီကမ်းပ်ပဲ ဖြစ်ပါတယ်။

**အခု ဒီစာအုပ် Golden Parasol ကို ဘာကြောင့်ရေးဖြစ်ဖို့ ဆုံးဖြတ်ခဲ့ရတာပါလဲ။**

စာအုပ်မှာပါတဲ့အတိုင်းပါပဲ။ မြန်မာပြည်ရဲ့ ဒီမိုကရေစီနဲ့ အစောပိုင်း ထိတွေ့စမ်းသပ်မှု၊ လွတ်လပ်တဲ့စာနယ်ဇင်းပေါ်ထွန်းရေး၊ ကျွန်မအဖေရဲ့ အခန်းကဏ္ဍတွေနဲ့ တိုင်းပြည်က အခုဆိုရင် နည်းနည်းတော့ အပြောင်းအလဲကာလထဲ ရောက်နေတဲ့အကြောင်းတွေပေါ့။ ဒါပေမဲ့ ဒီစာအုပ်နဲ့တော့ ဥပမာဆိုရင် ဒီနှစ်စောစောပိုင်းမှာ မီဒီယာကို ကန့်သတ်ထားတာတွေကို ဆင်ဆာလျှော့ပေါ့ပေးခဲ့တာမျိုးတွေကိုတော့ ကျွန်မအသိအမှတ်မပြုဘဲမနေနိုင်ပါဘူး။ ပုဂ္ဂလိကသတင်းစာတွေကို ထုတ်ဝေခွင့်ပြုလိုက်လို့ လူတွေဟာ ရာစုနှစ်တစ်ဝက်အတွင်းပထမဆုံးအကြိမ်အနေနဲ့ နေ့စဉ်ထုတ်သတင်းစာတွေကို ကျွန်မအဖေခေတ်ကလို ဖတ်လာနိုင်ခဲ့ပါတယ်။

**(စာအုပ်ရဲ့)ကုန်ကြမ်းအနေနဲ့ ပြောမယ်ဆိုရင် ဆရာမရဲ့ အမှတ်တရတွေနဲ့ စာရွက်စာတမ်းအထောက်အထားတွေ (သို့မဟုတ်) မိသားစုတွေနဲ့ မိတ်ဆွေသူငယ်ချင်းတွေရဲ့ပြန်ပြောင်းပြောပြချက်တွေကရော ဘယ်လောက်များများ စာအုပ်မှာပါနေပါသလဲခင်ဗျ။**

အစကတည်းက စာအုပ်ကို ကျွန်မစိတ်ထဲပုံဖော်နေကတည်းက ကျွန်မ မလုပ်ချင်တာ ဘာဆိုတာကျွန်မသိခဲ့တယ်။ ကျွန်မကိုယ့်အဖေအကြောင်း အတ္ထုပ္ပတ္တိတစ်အုပ်မရေးချင်ဘူး။ ကျွန်မ သူ့ဘဝကြောင်း ကိုယ့်ဘာသာရေးတဲ့ အမှတ်တရမှတ်တမ်းစာအုပ်တစ်အုပ်ပဲ ရေးချင်ခဲ့တယ်။ ဒီလိုနည်းလမ်းကို ရွေးလိုက်တော့ ကျွန်မအနေနဲ့ ကိုယ့်အဖေအကြောင်းသိတဲ့သူတွေကို အင်တာဗျူးလုပ်ပြီး သေချာအောင် ရေးစရာမလိုတော့ဘူးပေါ့။ ဒါပေမဲ့ အဆုံးမှာတော့ ဒါဟာကျွန်မကြိုးစားပုံသန်းကြည့်မိတဲ့ တစ်ကိုယ်တော်ခရီးစဉ်လေးပါ။ ပျက်ကျခဲ့ရင်လည်း ကျွန်မတစ်ယောက်တည်းပေါ့နော်။

**စာအုပ်ကို သုတေသနလုပ်ရင်းက ထွက်ပေါ်လာတဲ့ သီးခြားအံ့သြစရာတစ်ခု(သို့မဟုတ်)ဖွင့်ဟချက်တစ်ခုခုများ ရှိခဲ့ပါသလား။**

ဘာမှမရှိဘူးလို့ ကျွန်မပြောရင် အဲဒါက ကျွန်မအဖေရဲ့ ပုံမှန်မဟုတ်တဲ့ ပွင့်လင်းမြင်သာတဲ့ စရိုက်အကြောင်း ရှင့်ကို အတွေးတချို့ပေးကောင်းပေးမှာပဲ။ သူက ဘာလျှို့ဝှက်ချက်မှမရှိတဲ့ လူတစ်ယောက်၊ ဒါမှမဟုတ် တစ်ခုတလေရှိရင်လည်း သူနဲ့ဝေးဝေးကို ခွာထားတတ်တဲ့သူတစ်ယောက်ပေါ့။ သူက ပြောင်ကျကျပွင့်လင်းတဲ့ စရိုက်အမှန်အတိုင်းပဲနေခဲ့တယ်။ အံ့အားသင့်စရာတွေကတော့ သူ့ဘဝရဲ့အဖြစ်အပျက်တွေ၊ အဲဒီအဖြစ်တွေနဲ့ ဆက်နွှယ်လာခဲ့တဲ့ ပိုကြီးတဲ့ တခြားသမိုင်းအဖြစ်အပျက်တွေနဲ့ ဆက်နွှယ်နေပါတယ်။ ဒါမှမဟုတ် ကျွန်မသိပ်သတိမထားမိတဲ့ ငြင်းပယ်ထားတဲ့ တချို့ကိစ္စတွေနဲ့လည်း ဆက်နွှယ်ချင် ဆက်နွှယ်နေမှာပေါ့။ ဥပမာအားဖြင့် ရိုးရိုးလေးအကြောင်းတစ်ချက်ကို ပြောရရင် သူက သံသယတွေ၊ ဘာတွေကို တစ်ခါမှ မဖော်ပြဘူး၊ မထားဘူးဆိုတာက သူ့မှာတော့ ဘာသံသယမျိုးကိုမှ ခံစားတွေ့ကြုံဖူးတာမဟုတ်ဘူးရယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။




**ဒီစာအုပ်ကိုရေးတော့ ရေးတဲ့ဖြစ်စဉ်မှာ ဒဏ်ရာနာကြည်းမှုတွေကို ပြန်သန့်စင်ဆေးကြောလိုက်သလိုမျိုးဖြစ်ခဲ့လား။ ဒါမှမဟုတ် အနာဟောင်းတွေကိုပြန်ဖွင့်လိုက်သလိုမျိုးများဖြစ်ခဲ့လား။**

နှစ်ခုလုံးပါပဲ။ ဒါပေမဲ့ ဒီစာအုပ်ကိုရေးတော့ ဖွင့်ဟဖြစ်တာတွေက ကျွန်မမိဘတွေရဲ့ ဒဏ်ရာအနာတရတွေ အများဆုံးပါ။ သူတို့ကြုံခဲ့ရတဲ့ အခက်အခဲတွေဆီကို ပြန်သွားရတာဟာ သီးခြားပုဂ္ဂိုလ်ရေး အနာတရတစ်ခုခုကို ပြန်ဖြေဖျောက်ရတာထက်ပိုပြီး နာကျင်ခံစားရပါတယ်။

**ဆရာမအဖေက လူမျိုးကတော့ ကချင်ပဲ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဗမာလူမျိုးတစ်ဦးလို မှတ်ယူပြီး ကိုယ်တိုင်လည်း ရန်ကုန်နိုင်ငံရေးအထက်တန်းလွှာနဲ့ တွဲခဲ့တယ်။ သူဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ ဆုံးရှုံးမှုတွေကြောင့် အမြင်မှားပြီး ပုဂ္ဂိုလ်ရေးကွဲပြားခြားနားမှုတွေကို ဘေးချိတ်ပြီး နေဝင်းကို ဖြုတ်ချရေးအားလုံးရဲ့ ဘုံရည်မှန်းချက်ပန်းတိုင်အနားကို ချီတက်ခဲ့တာမဟုတ်လား။**

ဟင့်အင်း။ သူ့ရဲ့စိတ်ပျက်ညစ်ညူးမှုက ဘယ်လူနည်းစုတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြောင့်လို့မှ ကျွန်မ မထင်ပါဘူး။ လူထုလှုပ်ရှားမှု ကျဆုံးရတာမှာ အကြောင်းပြချက်တွေ အများကြီးရှိခဲ့ပါတယ်။ ဒီထဲကတစ်ခုက ကွဲပြားနေတဲ့အဖွဲ့အစည်းစုံရဲ့မစွမ်းဆောင်နိုင်မှု။ အဲဒီမှာ လူများစုဗမာလူမျိုးတွေလည်း ပါသလို တိုင်းရင်းသားလူနည်းစုတွေလည်း ပါတာပေါ့လေ။ ထိရောက်အင်အားရှိတဲ့ တပ်ဦးတစ်ရပ်အဖြစ် မစုစည်းနိုင်ခဲ့တာကိုပေါ့။ အဖေ့ရဲ့ စိတ်ပျက်ရမှုက ပြည်ပြေးဘဝမှာ သူပါဝင်ကိုယ်စားပြုခဲ့ရတဲ့ ဗမာလူမျိုးအများစုဦးဆောင်တဲ့ ပါတီကိုပါပဲ။ တိုင်းရင်းသားလူနည်းစုတွေကိုမဟုတ်ပါဘူး။ ဒါကပဲ သူ့ကို တိုက်ခိုက်ခဲ့တဲ့နေဝင်းကို ပြန်ဖြုတ်ချနိုင်ရေးသေချာလုပ်ဆောင်ဖို့အတွက် ဒီနိုင်ငံရေးသမားရဲ့ အရှုံးဖြစ်ခဲ့တာပေါ့။

**(စာအုပ်ထဲမှာ) နေဝင်းကို မကောင်းဆိုးရွားတစ်ကောင်သဖွယ် အသွင်ပြောင်းသွားတဲ့ အရင်က စိတ်ကောင်းရှိတဲ့သူတစ်ဦးအဖြစ် သရုပ်ဖော်မိတ်ဆက်ထားတယ်နော်။ ဒါဟာ နိုင်ငံရေးခြစားမှုတွေ အားလုံးအတွက် ရိုးရိုးရှင်းရှင်းပေးလိုက်တဲ့ ဥပမာတစ်ခုပဲလား။ ဒါမှမဟုတ် လူတစ်ဦးတစ်ယောက်စိတ်ထဲမှာ အမြဲရှိနေတတ်တဲ့ မလိုမုန်းထားမှုပဲလားခင်ဗျ။**

ကျွန်မအဖေက စရိုက်တစ်ခုကို သုံးသပ်ဆုံးဖြတ်ရတော့မယ်ဆိုရင် မြန်မြန်ပဲလေ့လာတတ်တယ်။ သူဟာ အစဦးပိုင်းကတည်းက ဦးနေဝင်းရဲ့ လူစာရင်းမှာပါခဲ့တယ်လို့ ကျွန်မယုံပါတယ်။ ဒါပေမဲ့ သတင်းစာသမားတစ်ဦးဖြစ်နေတော့ အဲဒါ သူ့ကို နိုင်ငံရေးသမားတွေကို လူသားတွေလိုပဲအကောင်းနဲ့အဆိုးတွဲပြီးရောမြင်ဖို့ ဖြစ်စေခဲ့တယ်။ အဖေ့ကို စူးစမ်းကြည့်ရသလောက်ကတော့ သူဟာ ရန်သူတွေကို အနီးမှာထားတဲ့လုပ်နည်းလုပ်ဟန်ကတစ်ဆင့် ဗိုလ်နေဝင်းကိုကိုင်တွယ်ဆက်ဆံနိုင်လိမ့်မယ်လို့ ထင်ခဲ့တယ်လို့ ကျွန်မယူဆတယ်။ ဒီနည်းဗျူဟာက သူ့ရန်သူက နေဝင်းဖြစ်သလိုမျိုး လုံးဝရှုံးသွပ်သွားတဲ့အချိန်မရောက်မချင်းတော့ ကောင်းပါတယ်။

**ဆရာမရဲ့ ဖခင်ကြီးဟာ သူ့ဘဝတစ်လျှောက်မှာ အလုပ်တွေအစုံလုပ်ကိုင်ဖူးတယ်။ သူသာ ဒီကနေ့ဗမာပြည်မှာရှိနေမယ်ဆိုရင် သူ့အနေနဲ့ စာနယ်ဇင်းသမားဘဝကိုပဲ ပြန်သွားနေမလား။ ဒါမှမဟုတ် နိုင်ငံရေးထဲမှာ ပိုပြီးဝင်ပါနေမလား။ ဘယ်လိုတွေးမိပါသလဲခင်ဗျ။**

အဖေ့ကို ဗမာပြည်ထဲမှာရှိနေမယ်လို့တော့ ကျွန်မတကယ်တွေးလို့ မရခဲ့ဘူး။ ဆိုလိုတာက ယုတ္တိနည်းကျတစ်စုံတစ်ခုနဲ့ ပြောရင် သူ့အမိမြေမှာ ပြန်ရောက်နေတယ်လို့သာ ကျွန်မစိတ်ကူးယဉ်ကြည့်ရရင် သူ့ကို စာနယ်ဇင်းသမား(သို့မဟုတ်)နိုင်ငံရေးသမားတစ်ဦးအဖြစ်မဟုတ်ဘဲ ကျောင်းဆရာတစ်ဦးအဖြစ်သာ ကျွန်မမြင်မိမှာ။ သူ့ဘဝကုန်ဆုံးခါနီးတော့ မြောက်ကာရိုလိုင်းနား ပြည်နယ်ကျေးလက်မှာ ဆင်းဆင်းရဲရဲနေရတာနဲ့ပြည်ပြေးဘဝနဲ့ နေထိုင်ရှင်သန်ရတဲ့ဒုက္ခကို လျှော့ချနိုင်ဖို့ လစ်ဘရယ်အတ်ကောလိပ်လေးတစ်ခုက ဧည့်ပါမောက္ခရာထူးကမ်းလှမ်းတာကို လက်ခံခဲ့တယ်။ သူက တပည့် ကျောင်းသားတွေနဲ့ ဘယ်လောက်ပျော်ရွှင်နေခဲ့တယ်မှတ်သလဲ။ ကျောင်းသားတွေက သူ့အိမ်ကို ဆီမီနာတွေလုပ်ဖို့ လာလည်ကြတယ်။ သူပြောသမျှ စကားတိုင်းကို နားထောင်ကြတယ်။ ပြီးတော့ သူချက်တွေ့တဲ့ ဗမာဟင်းခွက်တိုင်းကို ပြောင်စင်အောင်စားသောက်ကြ



တယ်။ ဟုတ်ပါတယ်။ အခုကာလမှာသာဆိုရင် သူ့ဘဝကို အဓိပ္ပာယ်ရှိအောင်လုပ်ကောင်းလုပ်ပေးနိုင်တဲ့ တစ်ခုတည်းသော အလုပ်အကိုင်ကစာသင်ကြားရေးပဲ။ မျိုးဆက်သစ်ကို လက်ထဲမှာထားပြီး သူတို့သမိုင်းရဲ့အကြောင်းတွေကို မြှုပ်နှံလိုက်ဖို့ (သို့မဟုတ်) မေ့ပစ်လိုက်ဖို့ သူတို့မျက်လုံးတွေကို ဖွင့်ပေးတာမျိုးပေါ့။ ဒီလိုပဲကလေးတွေကို သူလုပ်ပေးမှာ။ သံသယရှိစရာကို မလိုတာ။

**ရှစ်လေးလုံးအရေးတော်ပုံနှစ်ပတ်လည်ငွေရတုကို ရောက်လာခဲ့တော့ တချို့က လူထုကိုဖိနှိပ်ရာမှာ တာဝန်ရှိခဲ့တဲ့သူတွေကို သူတို့ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို မှတ်တမ်းတင်ဖို့ ပြန်တောင်းဆိုကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဥပဒေအရပြန်အပြစ်ပေးလက်စားချေဖို့ထက် သင်ပုန်းချေတည်ငြိမ်ရေးအတွက်ပဲ အလေးထားနေခဲ့တယ်။ ဆရာမရော ဘယ်ဘက်က ရပ်တည်မှာလဲ။**

စစ်အစိုးရရဲ့ဖိနှိပ်မှုကို ခံခဲ့ရတဲ့သားကောင်တွေအနေနဲ့ ခွင့်လွှတ်ဖို့နဲ့ မေ့ပစ်ဖို့ စိတ်ဆန္ဒအကြောင်းကို ကျွန်မထပ်ခါထပ်ခါကြားနေရပါတယ်။ ဗုဒ္ဓဝါဒကလည်း ဒီလိုမျိုးနူးညံ့ပျော့ပျောင်းတာကို ပြောတယ်။ ဒါပေမဲ့ ဒီစကားလုံးကို ကျွန်မအယုံကြည်မရှိပါဘူး။ လိုအပ်လို့မေ့ပစ်ခြင်းဟာလည်း လိုအပ်လို့သတိရတာထက်ပိုပြီး စိတ်အနှောင့်အယှက်ဖြစ်ရတာမျိုးမရှိပါဘူး။ ဒဿနဆရာ အဘိရှိုင်းမာဂရစ်က မေးသလိုမျိုးပဲ နှလုံးကြွက်သားတွေလို တမင်တကာမဟုတ်ဘဲ သူ့ဘာသာ အလုပ်လုပ်နေသလား။ ဒါမှမဟုတ် လက်မောင်းကြွက်သားတွေလို တမင်တကာအလုပ်လုပ်မှရတာမျိုးလားဆိုတာကို ကျွန်မတို့ မေးရပါမယ်။ ကျွန်မ ယုံကြည်တာကတော့ မှတ်ဉာဏ်ဆိုတဲ့ သတိရမှုဟာ လက်ထက်စာရင် နှလုံးသားနဲ့ အလုပ်လုပ်ပုံပိုနီးစပ်တယ်။

**ဗမာပြည်ဟာ ပြီးခဲ့တဲ့ ၂ နှစ်လောက်အတွင်းမှာပဲ အပြောင်းအလဲတွေ အများကြီးဖြစ်ခဲ့တယ်။ တိုင်းပြည်ရဲ့ အနာဂတ်ကိုရော ဆရာမအနေနဲ့ဘယ်လောက်များအကောင်းမျှော်လင့်ထားပါသလဲ။**

ဗမာပြည်နဲ့ပတ်သက်လာရင်တော့ ကျွန်မက လက်ရှိပစ္စုပ္ပန်ကိုပဲ ပိုပြီးအပြုသဘောတွေးပါတယ်။ တိုင်းပြည်အနှံ့မှာ စီးပွားရေးနဲ့ လူမှုရေးရှုမျှော်ခင်းတွေကို သူ့ဘာသာသူ ကြီးကြီးသေးသေး သက်ဝင်လှုပ်ရှားနေတာတွေကို မျက်မြင်ကြည့်ရဖို့က ငြီးငွေ့မောလှပါပြီ။ နိုင်ငံရေးအရရော သူ့လက်တွေ့ သဘောသဘာဝအရ ပါစိန်ခေါ်မှုတွေနဲ့ အခက်အခဲအတားအဆီးတွေ ရှိနေပေမယ့်လည်းပေါ့လေ။ ပြုပြင်ပြောင်းလဲရေးဆိုတာမှာ မပြည့်စုံတဲ့ပြုပြင်ပြောင်းလဲရေးပဲ ဖြစ်နေပါစေ။ ဒါဟာ အမြဲတမ်းအပြုသဘောဆောင်တဲ့လက္ခဏာပါ။ ဒါပေမဲ့ အနာဂတ်တဲ့လား။ အနာဂတ်ကတော့ ကိုယ်အကျွမ်းတဝင်ဖြစ်တဲ့အရာမဟုတ်ဘူးရှင့်။

*—Ref: Q&A: Golden Parasol Author Wendy Law-Yone on Gauging Dictators and Burma's Reforms By Charlie Campbell Aug.25,Time.*

## Leader's Profile

## Bank of America ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်

# ဘရိုင်ယန်မွိုင်နီဟန်



ရဲမင်း

ဘရိုင်ယန်သောမတ်စ်မွိုင်နီဟန်သည် အမေရိကန်ရှေ့နေ၊ စီးပွားရေးသမား၊ အမေရိကဘဏ် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သည်။ ယင်းဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင်လည်းဖြစ်သည်။

မွိုင်နီဟန်ကို ၁၉၅၉ ခုနှစ်က အိုဟိုင်းယိုးပြည်နယ်တွင် မွေးဖွားခဲ့ပြီး မွေးချင်းရှစ်ယောက်အနက် ဆဋ္ဌမမြောက်သားဖြစ်သည်။ ဘရောင်းတက္ကသိုလ်မှ ၁၉၈၁ တွင် သမိုင်းဘာသာရပ်အဓိကဖြင့် ဘွဲ့ရရှိခဲ့သည်။ Notre Dame ဥပဒေကျောင်းမှလည်း ဥပဒေဘွဲ့ရရှိခဲ့သည်။ ယင်းနောက်တွင် ရို့ဒ်အိုင်းလန်းဒေသသို့ ပြန်လာပြီး စီးပွားရေးကော်ပိုရေးရှင်းများအတွက် ဝန်ဆောင်မှုပေးသော ဥပဒေအတိုင်ပင်ခံ ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

မစ္စတာမွိုင်နီဟန်သည်၁၉၉၃ ခုနှစ်တွင် FleetBoston ဘဏ္ဍာရေးလုပ်ငန်း၌ လက်ထောက် အထွေထွေအတိုင်ပင်ခံအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ယင်းမှနေ၍ ၂၀၀၄ ခုနှစ်တွင် Fleet Boston နှင့် Bank of America ပေါင်းစည်းချိန်တွင် ကမ္ဘာလုံးဆိုင်ရာ ကြွယ်ဝချမ်းသာမှုနှင့် ရင်းနှီးမြှုပ်နှံမှု စီမံခန့်ခွဲရေးဌာန ဥက္ကဋ္ဌအဖြစ် ပါဝင်လာခဲ့သည်။

Bank of America သို့ရောက်ချိန်တွင် မစ္စတာမွိုင်နီဟန်သည် ဘဏ်၏ အထွေထွေအတိုင်ပင်ခံအဖြစ်လည်း လုပ်ကိုင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင်ငွေအပ်နှံသူတစ်ဦးချင်းနှင့် စီးပွားရေးလုပ်ငန်းငယ်များဌာန ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ ယင်းအပြင် ၂၀၀၈ ခုနှစ်တွင် မာရီးလ်လင့်ချ်ဘဏ္ဍာရေးလုပ်ငန်းကုမ္ပဏီအား Bank of America ထံ ရောင်းချချိန်တွင်လည်း အဆိုပါ ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။

မစ္စတာမွိုင်နီဟန်သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဘဏ္ဍာရေးလုပ်ငန်းတစ်ခုတွင် ပါဝင်လုပ်ကိုင်ရင်း ကမ္ဘာလုံးဆိုင်ရာ ကုမ္ပဏီနှင့် ရင်းနှီးမြှုပ်နှံမှုဌာန၊ ကမ္ဘာလုံးဆိုင်ရာ ကြွယ်ဝမှုနှင့် ရင်းနှီးမြှုပ်နှံမှုဌာန အစရှိသည်တို့တွင် အကြီးအကဲအဖြစ် တာဝန်ယူလုပ်ကိုင်ခဲ့သည်။ Bank of America မှာလည်း နိုင်ငံပေါင်း ၁၅၀ ကျော်တွင် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်နေသော ဘဏ္ဍာရေးအဖွဲ့အစည်းကြီးဖြစ်သည်။ လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၊ အစိုးရများ၊ ကော်ပိုရေးရှင်းကြီးများအတွက် ဘဏ္ဍာရေးဝန်ဆောင်မှုများပေးအပ်ပြီး စီးပွားရေးလုပ်ငန်းငယ်များအတွက်လည်း တီထွင်ဆန်းသစ်သောနည်းလမ်းများ၊ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်။ ဘဏ်ခွဲပေါင်း ၅,၉၀၀ နှင့် ATM စက်ပေါင်း ၁၈,၀၀၀ ကို စီမံခန့်ခွဲပြီး ဖောက်သည် ၅၈ သန်းခန့် ပိုင်ဆိုင်ထားသည်။

မစ္စတာမွိုင်နီဟန်သည် ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် Bank of America ကို ဦးဆောင်ရန် ဒါရိုက်တာဘုတ်အဖွဲ့၏ ရွေးချယ်ခန့်အပ်ခြင်းခံရပြီး ၂၀၀၁ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူသည်။

မစ္စတာ မွိုင်နီဟန်သည် Youth Build Boston နှင့် Boys and Girls Clubs of Boston အဖွဲ့တို့၏ ဒါရိုက်တာဘုတ်အဖွဲ့များတွင် ပါဝင်ဆောင်ရွက်နေပြီး ဘော်စတွန်မြို့ ဆင်ခြေဖုံးတွင် မိသားစုနှင့်အတူ နေထိုင်သည်။

*—Ref: Wikipedia*

# အီတလီလူကုန်ကူးမှုပြဿနာများ ပိုမိုဆိုးရွားလာဟု ကုလသမဂ္ဂပြော

**ရောမ၊ စက်တင်ဘာ-၂၁**

လူကုန်ကူးမှုပြဿနာများကို ပိုမိုတိုက်ဖျက်ရန် ကုလသမဂ္ဂလူကုန်ကူးမှု ကျွမ်းကျင်သူက အီတလီအစိုးရအား တိုက်တွန်းလိုက်သည်။

အီတလီနိုင်ငံရှိလူကုန်ကူးမှုများကို လေ့လာပြီးနောက် အခြေအနေမှာ ပိုမိုဆိုးရွားလာကြောင်း ကုလသမဂ္ဂအထူးသတင်းထောက်ဂျိုင်းအဇီလိုကပြောသည်။ လူကုန်ကူးခံရသူများသည်လိင်မှုဖျော်ဖြေရန် အတင်းအကျပ်စေခိုင်းခံရကြောင်း (သို့မဟုတ်) အတင်းအကျပ်စေခိုင်းခံရသည့်အလုပ်ကြမ်းသမားများဖြစ်လာကြကြောင်းဖြင်းကပြောသည်။



အီတလီနိုင်ငံ၏ပထဝီအနေအထားနှင့် ရှည်လျားသည့် ကမ်းရိုးတန်းရှိခြင်းကြောင့် လူမှောင်ခိုကူးသူများအတွက် အထူးသဖြင့်ဟာကွက်ဖြစ်ပေါ်နေသည်။

အထည်ချုပ်စက်ရုံတစ်ခုတွင် ကြောက်မက်ဖွယ်အကြမ်းဖက်ခံရသည့် အာရှအမျိုးသမီးတစ်ဦး အမြင်အာရုံဆုံးရှုံးခဲ့ရကြောင်း အပါအဝင် ကြောက်မက်ဖွယ်သက်သေခံထွက်ဆိုချက်များနားထောင်ခဲ့ရကြောင်း မစ္စစ်အဇီလိုက ဘီဘီစီသတင်းဌာနအားပြောသည်။

နိုင်ဂျီးရီးယားအမျိုးသမီးတစ်ဦးကို လူကုန်ကူးသူများက ဥရောပသို့ ခေါ်လာပေးသည့်အတွက် အကြွေးများ ပေးဆပ်ရမည်ဟု ၎င်း၏မိသားစုများကို ခြိမ်းခြောက်အကျပ်ကိုင်ကာပြည့်တန်ဆာအဖြစ် အတင်းအကျပ်ခိုင်းစေခဲ့ကြသည်ဟု ယင်းအမျိုးသမီးက မစ္စစ်အဇီလိုကို ပြောကြားခဲ့သည်။

အီးယူ၏ လတ်တလော သတင်းအချက်အလက်များအရ အီတလီနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်အတွင်းလူကုန်ကူးခံရသူ ၂,၄၀၀ ရှိပြီး ၎င်းတို့အနက် လေးပုံတစ်ပုံကို တစ်နေရာတည်းတွင် ရှာဖွေတွေ့ရှိခဲ့ရသည်။

အီတလီနိုင်ငံသည် လူကုန်ကူးခံရသူများ၏ နောက်ဆုံးပန်းတိုင်နေရာဖြစ်သကဲ့သို့ဥရောပအရှေ့ပိုင်းနှင့်အာဖရိကမှလူကုန်ကူးခံရသူများအတွက် ခရီးတစ်ထောက်နားရာနေရာဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ *—Ref: BBC*

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# အနာဂတ် တရုတ်အာကာသစခန်းတွင် နိုင်ငံတကာယာဉ်မှူးများ လက်ခံမည်

**ဘေဂျင်း၊စက်တင်ဘာ-၂၁**

တရုတ်နိုင်ငံက အနာဂတ်တွင် တည်ဆောက်လွှတ်တင်မည့်နိုင်ငံတကာအာကာသစခန်း၌ နိုင်ငံတကာမှ အာကာသယာဉ်မှူးများကိုလည်း လက်ခံကာ သုတေသနများ ပြုလုပ်သွားစေမည်ဖြစ်ကြောင်း တရုတ်ထိပ်တန်းအာကာသပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

ဘေဂျင်းတွင် စက်တင်ဘာ ၁၆မှ ၂၀ရက်အထိကျင်းပခဲ့သော နိုင်ငံတကာ ဆင်ပိုစီယမ်အပြီးတွင် နိုင်ငံ၏ လူလိုက်ပါမည့် အာကာသအစီအစဉ်မှ ဒီဇိုင်နာအကြီးအကဲ ကျောက်ကျန်းပင်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

"တရုတ်အာကာသစခန်းဟာ တစ်ကမ္ဘာလုံးက အာကာသယာဉ်မှူးတွေကို သုတေသနနဲ့ စမ်းသပ်မှုတွေလုပ်နိုင်ဖို့ ခွင့်ပြုသွားမှာပါ"ဟု ၎င်းကအတည်ပြုပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည်အာကာသနည်းပညာတွင် တိုးတက်လာနေပြီး နိုင်ငံ၏ ပထမဆုံးသော အာကာသစခန်းကို လာမည့် ၂၀၂၀ ဝန်းကျင်တွင် အပြီးသတ်တည်ဆောက်သွားနိုင်ရန် မျှော်မှန်းထားသည်။

ဘေဂျင်းတွင် ကျင်းပခဲ့သောနိုင်ငံတကာအာကာသဆင်ပိုစီယမ်ဆွေးနွေးပွဲသို့ အဖွဲ့အစည်းနှင့် နိုင်ငံပေါင်း ၂၀ ကျော်မှကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အာကာသနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာများသုံးစွဲမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံ၏ အာကာသစခန်းသည် ယာဉ်မှူးသုံးဦးခန့်နေထိုင်အလုပ်လုပ်နိုင်အောင် ဒီဇိုင်းဆင် တည်ဆောက်မည်ဖြစ်ကာ သိပ္ပံသုတေသနများ လုပ်နိုင်ရန်အတွက်လည်း အပိုဆောင်းထားသည့်တွဲများ ထပ်မံထည့်သွင်းတည်ဆောက်သွားမည်ဖြစ်သည်။

*—Ref: China.org*

# ဂျပန်စာရေးဆရာမူရာကာမိ စာပေနိုဗယ်ဆုရရန် ရေပန်းစား

**တိုကျို၊စက်တင်ဘာ-၂၁**

ဂျပန်နိုင်ငံမှ နိုင်ငံတကာသိ ထင်ရှားသည့် စာရေးဆရာ မူရာကာမိသည် ယခုနှစ်အတွက် ချီးမြှင့်မည့် စာပေနိုဗယ်ဆုကို ရရှိနိုင်ကြောင်း အွန်လိုင်း လောင်းကစားဒိုင် Ladbrokes.com တစ်ပေးကာ ခန့်မှန်းဖော်ပြလိုက်သည်။

စာပေနိုဗယ်ဆုရရှိသူအမည်ကို လာမည့်လတွင် ဆွီဒင်နိုင်ငံ၌ ကြေညာတော့မည်ဖြစ်ရာ ယမန်နှစ်ကလည်း ထိုဆုအတွက် ရေပန်းစားခဲ့ပြီး မရခဲ့သူ မူရာကာမိမှာ ထပ်မံထင်ကြေးပေးခံရမှုများဖြင့် တက်လာခြင်းဖြစ်သည်။ မူရာကာမိယခုနှစ်ဆုရနိုင်ခြေကိုထိုဝက်ဘ်ဆိုက်က ထိပ်ဆုံးမှနေ၍ သုံးလေးတစ်လေးဖြင့် လောင်းကြေးခေါ်ထားပြီး ၎င်းနောက်တွင် အမေရိကန်စာရေးဆရာ ဂျွိုက်စ်ကာရိုးအုတ်က ၆-၁ လေး၊ ဟန်ဂေရီစာရေးဆရာ ပီတာနာဒတ်စ်က ၇-၁ လေး၊ တောင်ကိုရီးယားစာရေးဆရာ ကိုအန်နှင့် အယ်လ်ဂျီးရီးယားစာရေးဆရာ အဆီယာဂျီဘာတို့နှစ်ဦးက ၁၀-၁ လေးစီဖြင့် ရှိနေသည်။



AFP

၎င်း၏ဘဝအချိန်အများစုကို အမေရိကန်ပြည်ထောင်စုတွင် နေထိုင်ခဲ့သည့် မူရာကာမိသည် ဝတ္ထုများကို သရုပ်မှန်လွန်ဆန်ဆန်၊ ကဗျာဆန်ဆန် ရေးဖွဲ့လေ့ရှိ၍ လူသိများသူဖြစ်ကာ နိုင်ငံတကာတွင် လူကြိုက်များသော ဂျပန်စာရေးဆရာတစ်ဦးဖြစ်ခဲ့သည်မှာ ကြာမြင့်လာပြီဖြစ်သည်။ ၎င်း၏ သုံးအုပ်တွဲဝတ္ထုရှည် "1Q84"မှာ နိုင်ငံတကာတွင် လူသိများပြီး လာမည့်နှစ်တွင် ဂျပန်နိုင်ငံမှ အင်္ဂလိပ်ဘာသာပြန် ထွက်ရှိလာမည့် Colourless Tsukuru Tazaki and His Years of Pilgrimage ဝတ္ထုကိုလည်း နိုင်ငံတကာစာဖတ်ပရိသတ်များက စောင့်မျှော်နေသည်။

မူရာကာမိသည် ယမန်နှစ်က စာပေနိုဗယ်ဆုရရန် ထင်ကြေးပေးခံခဲ့ရသော်လည်း တရုတ်စာရေးဆရာမိုယန်က ၎င်းကိုကျော်ဖြတ်ကာ ဆုရရှိသွားခဲ့သည်။ ယခုအခါ မူရာကာမိ၏ဝတ္ထုများကို ဘာသာပေါင်း ၄၀ ကျော်သို့ ဘာသာပြန်ဆိုပြီးဖြစ်သည်။

*—Ref: CNA*

# ဖိလစ်ပိုင်တွင် စစ်စခန်းတစ်ခုထားရှိရေး ကြိုးစားမည်မဟုတ်ဟု ကန်ကာကွယ်ရေးဝန်ကြီးဌာန အတည်ပြု

**မနီလာ၊စက်တင်ဘာ-၂၁**

အမေရိကန်ပြည်ထောင်စုသည် အာဆီယံတွင် အဓိကမဟာမိတ်ဖြစ်သော ဖိလစ်ပိုင်နိုင်ငံ၌ အချိန်ပြည့် စစ်စခန်းတစ်ခုထားရှိရေး ကြိုးစားသွားမည်မဟုတ်ကြောင်း ကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားလိုက်သည်။

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်နိုင်ငံနှင့် တောင်တရုတ်ပင်လယ်အတွင်း ပိုင်နက်အငြင်းပွားမှု ပြဿနာများရှိနေပြီး မကြာမီကပင် အမေရိကန်နှင့် စစ်ရေးဆက်ဆံမှုများ တိုးချဲ့လာနေသည်။

"ကျွန်မ ရှင်းရှင်းလင်းလင်း ပြောချင်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ဖိလစ်ပိုင်နိုင်ငံမှာ မည်သည့်စစ်အခြေစိုက်စခန်းကိုမှ ပြန်လည်ဖွင့်လှစ်ဖို့၊ အသစ်တည်ဆောက်ဖို့ ကြိုးစားသွားမှာမဟုတ်ပါဘူး"ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မာရီဟတ်ဖ်က သတင်းထောက်များအား ပြောသည်။

ယခုအခါ အမေရိကန်နှင့် ဖိလစ်ပိုင်အစိုးရတို့သည် သမ္မတအိုဘားမား မနီလာမြို့သို့ အောက်တိုဘာ ၁၁၊ ၁၂ ရက်တွင် လာရောက်မည့်ခရီးစဉ် မတိုင်မီ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးစာချုပ်သစ်တစ်ရပ် ချုပ်ဆိုနိုင်ရန် ကြိုးစားနေသည်။

ပြောခွင့်ရပုဂ္ဂိုလ်မစ္စစ်ဟတ်ဖ်က အမေရိကန်နှင့် ဖိလစ်ပိုင်အစိုးရတို့သည် နိုင်ငံနှင့် ဒေသတွင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် ဆွေးနွေးနေကြောင်းဆိုသည်။

ဖိလစ်ပိုင်သမ္မတ အကွီနိုသည် အမေရိကန်နှင့် စစ်ရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ထုတ်ဖော်ထားသော်လည်း နိုင်ငံတွင်း၌ ကန်စစ်အခြေစိုက်စခန်းများပြန်ဖွင့်လိုက်ပါက ပြည်သူများကြား ကန့်ကွက်မှုများကို ရင်ဆိုင်ရဖွယ်ရှိသည်။ အမေရိကန်အစိုးရသည် ၁၉၉၂ ခုနှစ်တွင် ဖိလစ်ပိုင်ပြည်သူများ ကန့်ကွက်မှုများ ပြင်းထန်လာသောကြောင့်နိုင်ငံတွင်းမှ ၎င်း၏ စစ်အခြေစိုက်စခန်းနှစ်ခုကို ပြန်လည်ရုပ်သိမ်းခဲ့သည်။

*—Ref: Bangkokpost*




BCF

လိုင်စင်ရအသေးစားငွေရေးကြေးရေးလုပ်ငန်း တစ်ခုဖြစ်သည့် BC Finance Limited (BCF) သည် ရန်ကုန်နှင့် အခြားအချက်အချာကျသောဒေသများရှိရုံးများတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်ရန် အရည်အချင်းပြည့်စုံသောဝန်ထမ်းများကို ရှာဖွေလျက်ရှိပါသည်။

ကျွန်ုပ်တို့သည် ချေးငွေအရာရှိများ၊ ရုံးမန်နေဂျာများ၊ စာရင်းကိုင်များ၊ IT systems specialists များနှင့် Human Resources အရာရှိများစသည့် ရာထူးများခန့်အပ်ရန်ရှာဖွေလျက်ရှိပါသည်။ သင့်တွင် မြန်မာနိုင်ငံရှိ အများအယုံကြည်ဆုံး၊ အလက်ခံဆုံးဖြစ်သော ကျွန်ုပ်တို့၏ အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် စွမ်းရည်များ၊ ကျွမ်းကျင်မှုများ၊ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များရှိပါသလား။

ကျွန်ုပ်တို့သည် ကောင်းမွန်သော အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကောင်းမွန်သော လစာကို အောင်မြင်သော လျှောက်ထားသူများသို့ကမ်းလှမ်းပါမည်။ သို့ဖြစ်ပါ၍ ကျေးဇူးပြုပြီး သင်၏ကိုယ်ရေးအကျဉ်းကို recruitment@bcfmyanmar.com သို့ အီးမေးလ်ဖြင့်သော်လည်းကောင်း(သို့)အမှတ် ၄၃/၂ သီရိမင်္ဂလာလမ်း (အာဇာနည်လမ်း)၊(၈)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊ ရန်ကုန်သို့သော်လည်းကောင်း ပေးပို့နိုင်ပါသည်။



7 DAY NEWS JOURNAL

# Entertainment

Vol.12, No.29 • SEPTEMBER 25 , 2013

# မြန်မာတစ်မျိုးသားလုံးရဲ့စိတ်ဓာတ်က အနိုင်တစ်ခု၊ ဆုတစ်ခုခုကို ငတ်မွတ်နေကြတယ်ဆိုတာ သိသာပါတယ်

## Miss Myanmar International ဂုဏ်ရည်အေးကျော်နှင့်တွေ့ဆုံခြင်း

ကြူကြူဟန်

မြန်မာနိုင်ငံအနေဖြင့် နှစ်ပေါင်း ၅၀အတွင်း ပြန်လည်ယှဉ်ပြိုင်ခဲ့သော Miss International ပြိုင်ပွဲကို ဒုတိယမြောက်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရန် မန္တလေးသူ ဂုဏ်ရည်အေးကျော်ပြင်ဆင်နေပြီဖြစ်သည်။ ပြီးခဲ့သောနှစ်က နန်းခင်ဇေယျာဟု လူသိများသွားစေခဲ့သည့် Miss International ပြိုင်ပွဲကို ယခုနှစ်အတွက် ဒီဇင်ဘာ ၁၇ ရက်တွင် ကျင်းပတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည့် Miss Myanmar International ဆုရ ဂုဏ်ရည်အေးကျော်၏ ပြိုင်ပွဲမဝင်မီ ကြိုဆင်ပြင်ဆင်မှုများကို တွေ့ဆုံမေးမြန်းထားပါသည်။




**Miss Myanmar International ဆု ရခဲ့တုန်းက အစ်မအပေါ် ဝေဖန်မှုတချို့ ထွက်ပေါ်ခဲ့တယ်။ အဲဒီတော့ ကိုယ်ရထားတဲ့ ဆုနဲ့ ထိုက်တန်တဲ့အရည်အသွေးရှိတယ်ဆိုတာ သက်သေပြဖို့အတွက် တခြား Miss တွေထက် အစ်မမှာ ဘယ်လိုစိန်ခေါ်မှုတွေက ပိုများနိုင်မလဲ။**

ဂုဏ်ရည်တို့ Myanmar Tourism Federation က ဟိုတယ်နဲ့ခရီးဝန်ကြီးဌာန အောက်မှာရှိပါတယ်။ Miss Myanmar International သည် အစိုးရဌာနအောက်မှာ တိုက်ရိုက်တည်ရှိနေတဲ့ Title တစ်ခုလို့ပဲ ပြောချင်ပါတယ်။ အဲဒီတော့ နိုင်ငံနဲ့ပိုပြီး သက်ဆိုင်တယ်လို့ ခံယူထားပါတယ်။ ဂုဏ်ရည်ရရှိထားတဲ့ Miss သည် တခြား Title ထက်လည်း ကြီးသလို ဂုဏ်ရည့်အတွက်လည်း တာဝန်ပိုကြီးတာသိပါတယ်။ ဒါသည် နိုင်ငံကိုကိုယ်စားပြုပြီးတော့ သွားပြိုင်ရဦးမယ်။ ဒီ Title တစ်ခုသည် ဂုဏ်ရည်အေးကျော် တစ်ယောက်အတွက်ဆိုတာထက် နိုင်ငံတစ်ခုအတွက်ဆိုရင် ပိုပြီး မှန်ပါတယ်။ အင်တာနေရှင်နယ်မှာ သွားယှဉ်ရပြီဆိုရင်လည်း နိုင်ငံတကာမှာ ဘယ်သူဆုရသွားတယ်ဆိုတာ မသိကြပါဘူး။ ဘယ်နိုင်ငံဆုရတယ်ဆိုတာပဲ သိတာပါ။ အင်တာနေရှင်နယ်မှာ မြန်မာသည် နိုင်သွားပါတယ်။ Title တစ်ခုပါလာပါတယ်။ မြန်မာသည် ဒီဆုအတွက် အကျုံးဝင်ပါတယ်ဆိုတာကို ပြခဲ့စေချင်တယ်။ အဲဒီအတွက် ကြိုးစားနေပါတယ်။

**အခု နိုင်ငံတကာမှာ ပြိုင်ခဲ့တဲ့ ပြိုင်ပွဲနှစ်ခုမှာ မြန်မာမယ်တွေရတဲ့ Miss Internet ဆုက လုပ်ယူလို့ရတဲ့ဆုလို့ ဝေဖန်သံတွေ ပေါ်ထွက်လာပါတယ်။ ဂုဏ်ရည်ကရော လူအင်အားနဲ့ မဲပေးရတဲ့ ဒီဆုအပေါ် ဘယ်လို သုံးသပ်မိပါသလဲ။**

ဒီပြိုင်ပွဲတွေကိုကြည့်ရင်မြန်မာတွေဟာ မျိုးချစ်စိတ် အရမ်းပြင်းထန်နေသလိုပဲ။ ပြီးတော့ နိုင်ငံတကာပြိုင်ပွဲတွေနဲ့ အရမ်းဝေးကွာခဲ့ပါပြီ။ အားကစားမှာရော Miss ပြိုင်ပွဲတွေမှာရော အခုမှ ပွင့်လင်းလာတဲ့အပေါ်မှာ အားကစားမှာလည်း တခြားနိုင်ငံတွေသွားပြီး ယှဉ်ပြိုင်လာကြတယ်။ အဲဒီတော့ ဂုဏ်ရည်တို့ မြန်မာတစ်မျိုးသားလုံးရဲ့ စိတ်ဓာတ်သည် ဘာဖြစ်နေလဲဆိုတော့ အနိုင်တစ်ခု၊ ဆုတစ်ခုခုကိုငတ်မွတ်နေကြတယ်ဆိုတာ သိသာပါတယ်။ **စာ(၄၁)သို့**

စာ(၄၁)သို့



# တစ်ကိုယ်တော်ခွေထွက်ဖို့ပြင်နေတဲ့ R ဇာနည်

ဖွဲ့ညက်

**ရန်ကုန်၊ စက်တင်ဘာ-၂၀**

စတုတ္ထမြောက်တစ်ကိုယ်တော်စီးရီးတွင် ကိုယ်ပိုင်သံစဉ်သီချင်းများသာပါဝင်မည်ဖြစ်ပြီး သီချင်းများစတင်၍ စီစဉ်နေပြီဖြစ်ကြောင်း အဆိုတော် Rဇာနည်က ပြောသည်။

"စတုတ္ထအခွေကလုပ်နေပြီ။ ခြောက်ပုဒ်လောက်ပြီးသွားပြီ။ The Tree နဲ့လုပ်နေတယ်။ ဒီအခွေက Own Tune တွေပဲဖြစ်မှာပါ"ဟု Rဇာနည်ကပြောသည်။

နှစ်လကြာအမေရိကန်ဖျော်ဖြေရေးခရီးစဉ်မှ စက်တင်ဘာ ၁၉ ရက်တွင်မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့ပြီး ယင်းခရီးစဉ်တွင် စတုတ္ထမြောက်စီးရီးအတွက် အမ်တီဗီတစ်ပုဒ်ရိုက်ကူးခဲ့ကြောင်း ၎င်းက ပြောသည်။

စက်တင်ဘာ ၂၆ရက်တွင် ထိုင်းဘုရင့်သမီးတော်မွေးနေ့ပွဲဖျော်ဖြေရေးအဖြစ် ထိုင်းနိုင်ငံတွင်ရှိသောမြန်မာပရိသတ်များကိုဝိုင်းစုခိုင်သိန်း၊ ချမ်းချမ်းတို့နှင့် အတူသွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ထို့အပြင် ထိုင်းနိုင်ငံ၌ပင် အောက်တိုဘာလဆန်းပိုင်းတွင် ပြုလုပ်မည့်ဖျော်ဖြေပွဲတစ်ခုထပ်မံဖျော်ဖြေမည်ဖြစ်ပြီးယင်းပွဲတွင်မူ ဖိုးကာ၊ Lဆိုင်းဇီတို့လည်းပါဝင်သည်ဟု Rဇာနည်ကပြောသည်။

နှစ်ပွဲဆက်ဖြစ်နေသောကြောင့် ထိုင်းခရီးစဉ်တွင် သားဖြစ်သူကိုပါခေါ်ဆောင်သွားမည်ဖြစ်ကြောင်း Rဇာနည်ကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# အောက်တိုဘာလမှာ အယ်လ်ဘမ်သစ်ထွက်ရှိမယ့် IU



**ဆိုလ်း၊ စက်တင်ဘာ-၂၁** တောင်ကိုရီးယားသရုပ်ဆောင်အဆိုတော် IU သည် 'Spring Of a Twenty Year Old' အယ်လ်ဘမ်ထွက်ရှိပြီးနောက်တစ်နှစ်ခွဲခန့် အကြာတွင် ၎င်း၏တတိယမြောက်အယ်လ်ဘမ်ထွက်ရှိမည်ဖြစ်သည်။

IU ၏ အယ်လ်ဘမ်သစ် 'Modern Times' ကို အောက်တိုဘာ ၇ရက်၌ ထွက်ရှိမည်ဖြစ်ဖြစ်ပြီး အယ်လ်ဘမ်သစ်မထွက်မီ အယ်လ်ဘမ်အတွက် ကြော်ငြာဓာတ်ပုံများ အကြိုထွက်ရှိခဲ့ကြောင်း IU ၏အေဂျင်စီ Lone Entertainment ကပြောကြားသည်။

ကြော်ငြာဓာတ်ပုံများမှာ အဖြူအမည်းအရောင်ဖြစ်ပြီး အယ်လ်ဘမ်မျက်နှာဖုံးဓာတ်ပုံ နှစ်ပုံတွင် လူငယ်အဆိုတော် IU ကို ယခင်နှင့်မတူကွဲပြားသောအရွယ်ရောက်ပြီးအမျိုးသမီး၏ဟန်ပန်ဖြင့် တွေ့ရသည်။ အဆိုတော် IU သည် Modern Times အယ်လ်ဘမ်အတွက် အချိန်၉လကျော်ကြာအားထုတ်ထားပြီးယင်းအယ်လ်ဘမ်တွင် ဂျက်ဇ်၊ လက်တင်ပေါ့ပ်၊ ဘော့ဆာနိုဗာ စသည့်သံစဉ်အမျိုးမျိုးပါဝင်သည်ဟုလည်း ၎င်း၏အေဂျင်စီကပြောကြားသည်။

အသက်(၂၀)ရှိပြီဖြစ်သော IU သည် ပြီးခဲ့သောလက You Are The Best, Lee Soon-Shin ဒရာမာဇာတ်လမ်းတွဲကို အောင်မြင်စွာရိုက်ကူးနိုင်ခဲ့သည်ဟုလည်း သိရသည်။ —*Ref: Korea Times*













7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# Miss Myanmar International ဂုဏ်ရည်အေးကျော်နှင့်တွေ့ဆုံခြင်း

ပရိသတ်တွေက ကိုယ်တိုင်သာသွားမပြိုင်တာ။ ရတဲ့နည်းလမ်းကို အသုံးချပြီး ဆုတစ်ခုကိုရအောင် ယူပေးမှာပဲ။ အဲဒါမြန်မာပြည်သူပြည်သားတွေရဲ့ မျိုးချစ်စိတ်ဓာတ်ပေါ့။ အခုအဲဒီလိုစိတ်နဲ့ပဲသွားပြိုင်တဲ့ Miss တွေအနိုင်တွေရလာတယ်။ဆုတွေရလာတယ်။ အဲဒီတော့ ဂုဏ်ရည်သွားပြိုင်တဲ့အချိန်မှာလည်း အဲဒီဆုအတွက် မပူပါဘူး။ ဆုပြန်ပါလာမယ်ဆိုတာ မြန်မာလူမျိုးတွေကို ယုံကြည်ထားပြီးသားပါ။ အဲဒီအတွက် ပရိသတ်ဆီက ဘာတွေယူမလဲဆိုတာထက် ပရိသတ်ကို တစ်ခုခုပြန်ပေးနိုင်အောင် ကြိုးစားနေပါတယ်။

**လူမှုရေးလုပ်ငန်းတွေကို ဒီဆုမရခင်ကတည်းက လုပ်ကိုင်ခဲ့တယ်လို့သိရပါတယ်။အရင်ကတည်းက ဒီ လူမှုရေးကိုလုပ်ခဲ့တဲ့ လူတစ်ယောက်အနေနဲ့ Miss ရတော့မှ လူမှုရေးလုပ်တယ်လို့ ရောထွေးဝေဖန်ခံကြရမှာကိုရော စိတ်ပူလား။**

ဘာကိုမှရည်ရွယ်ပြီးတော့ ဘာအကျိုးမှမျှော်လင့်ပြီးတော့ လုပ်ခဲ့တာမဟုတ်ပါဘူး။ မော်ဒယ်စမလုပ်ခင်ကတည်းက ပရဟိတလောကထဲ ရောက်နေတာပါ။ ဂုဏ်ရည်က ချမ်းမြသုခမှာ နာရေးကားမောင်းပေမယ့် အဖေကဖြဟ္မစိုရ်အခမဲ့ဆေးခန်းထိုင်ပေးတာပါ။ ဂုဏ်ရည်တို့မိသားစု ဒီလောကမှာ တက်ကြွစွာပါဝင်နေတာအမေဆိုလည်း တရားစခန်းမှာ လုပ်အားပေး အကူအနေနဲ့ အများကြီးဝင်လုပ်ခဲ့တယ်ဆိုတော့ ဒီလိုမျိုးရောထွေးသွားမှာကို မပူပါဘူး။ ခုနက Miss တွေ လုပ်နေတယ်ဆိုတဲ့ ပရဟိတဆိုတာကလည်းကောင်းစေချင်လို့ လိုအပ်တဲ့နေရာတွေကို ပံ့ပိုးပေးနေတာလေ။ ဂုဏ်ရည်တို့ လုပ်တယ်ဆိုတာကလည်း ကောင်းစေချင်လို့ပိုပြီး ပြည့်စုံသွားစေချင်လို့ အကုန်လုံးမဟုတ်တောင် တတ်နိုင်သလောက်လေး ပံ့ပိုးပေးတာဆိုတော့ အားလုံးက အားလုံးလိုအပ်တဲ့နေရာမှာ ဖြည့်တင်းပေးနေတဲ့အတွက် ကိုယ့်အတိုင်းအတာနဲ့ ကိုယ်သွားနေကြတာပါ။ ကိုယ့်လမ်းကိုယ်လျှောက်တာဖြစ်တဲ့အတွက်ကြောင့် ရောထွေးမှာကိုပူသလားမေးတော့ မပူပါဘူး။

**ပြိုင်ပွဲမှာ ကိုယ့်ရဲ့လုပ်ဆောင်ချက်နဲ့ ဆုရဖို့အတွက် ဘယ်လိုအရာတွေက ကိုယ့်အတွက် စိန်ခေါ်မှုဖြစ်စေလဲ။ အနည်းဆုံးဆုတစ်ဆုရဖို့ မျှော်လင့်ထားလား။**

ဂုဏ်ရည်မှာ ပရဟိတလုပ်လာတဲ့ နှစ်က နည်းနည်းကြာပြီဆိုတော့ အဲဒီမှတ်တမ်းတွေလည်း ရှိပါတယ်။ မနှစ်က ပွဲကိုကြည့်တော့ အဲဒီအတွက် ဆုတစ်ဆုပါလာတာတွေ့ရပါတယ်။ မနှစ်ကရတ်အင်ဒီယန်းမလေးရသွားတယ်ပေါ့။ ဂုဏ်ရည်အတွက် အဲဒီဆုကို အကျုံးဝင်နိုင်အောင် ကြိုးစားနေပါတယ်။ မှတ်တမ်းတွေ များများစုတယ်။ ပွဲနီးလို့ရှိရင် အင် တာနက်မှာ များများတင်မယ်။ စိတ်ကူးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဂုဏ်ရည်တို့ရဲ့ ကိုယ်ပိုင် page ကို စောင့်ကြည့်နေတော့လေ အဲဒီဆုအတွက်လည်း အကျုံးဝင်အောင်ပြီးတော့ ပြိုင်ပွဲအတွင်းမှာ စခန်းသွင်းတဲ့ အချိန်တွေမှာ အချိန်လေးစားမှု၊ တစ်ဦး နဲ့တစ်ဦး ပေါင်းသင်းဆက်ဆံရေးတွေ၊ ရှင်မြူးတက်ကြွနေမှု၊ ခေါင်းဆောင်မှုစွမ်းရည်တွေ အများကြီးကြည့်တဲ့အတွက် camp (စခန်းသွင်းလေ့ကျင့်မှု) အတွင်းမှာလည်း ဂရုတစိုက်နေထိုင်သွားရင်းနဲ့ တင်စာရင်းမှာပါဖို့၊ သူတို့ မေးခွန်းတွေဖြေနိုင်ပြီး မိုက်ကိုင်ခွင့်ရဖို့အတွက် ကြိုးစားနေပါတယ်။

**အခုဆိုရင် မြန်မာနိုင်ငံမှာ Miss ပြိုင်ပွဲတွေကို ဝင်ပြိုင်ဖို့ မော်ဒယ်တွေ ပြင်ဆင်လာကြတယ်။ နိုင်ငံတကာဝင်ဆံ့တဲ့ မော်ဒယ်တစ်ယောက်အတွက် ဘယ်လိုပြင်ဆင်မှုတွေ ရှိထားဖို့ လိုအပ်မလဲ။**

ဂုဏ်ရည်ဒီနှစ်စမှာ ပြိုင်ခဲ့ပြီး ဆုရခဲ့တယ်။ အခု ထပ်ပြိုင်ရမယ့်အင်တာနေရှင်နယ်Missပွဲကလည်း နှစ်ကုန်မှဖြစ်တဲ့အတွက်ကြောင့် အချိန်နည်းနည်းပိုရတယ်။ လေ့လာချိန်လည်းပိုရတဲ့အတွက်ကြောင့် လုပ်ရင်းလုပ်ရင်း ကိုယ်သိလာသလောက်ကို ပြန်ရှယ်ရမှာပါ။ သိလွန်းလို့ ပြောတာတော့မဟုတ်ပါဘူး။ အင်တာနေရှင်နယ်ပွဲသွားမယ်ဆိုရင် မြန်မာနိုင်ငံပွဲမှာပဲ လူမှုဆက်ဆံရေးတွေ၊ အချိန်လေးစားမှု၊ ခေါင်းဆောင်နိုင်စွမ်းရည်တွေ၊ အမေးအဖြေတွေကို ထိန်းညှိပြီး လုပ်သွားတာတွေ၊ တခြားဟာတွေ အများကြီးစစ်ပါတယ်။ နိုင်ငံတွင်းပွဲမှာတောင် အဲဒီလောက်စစ်တာအင်တာနေရှင်နယ်ပွဲမှာ အဲဒါတွေအကုန်အကျုံးဝင်မယ်လို့ ခံယူထားပါတယ်။ နိုင်ငံတကာပွဲမှာလည်း ပေါင်းသင်းဆက်ဆံရေးတွေ ခုနက ပြောသလို အများကြီးလိုအပ်မယ်ထင်ပါတယ်။ ဂုဏ်ရည်ပြိုင်ပွဲ သွားမပြိုင်ခင်မှာပဲ စိတ်ရော၊ လူရော အလှဆုံးပြင်နေရမှာမဟုတ်ဘဲနဲ့ ပြိုင်ပွဲတစ်လျှောက်လုံး အလှဆုံးဖြစ်နေမှ သတိထားမိမယ်။ နေ့တိုင်းနေ့တိုင်းကို ပြိုင်ပွဲလို သဘောထားပြီး ပြင်ဆင်သင့်ပါတယ်။

**လူမှုရေးလုပ်ငန်းတွေလုပ်တဲ့အခါ မြန်မာပြည်တွင်းက ဘယ်လိုကဏ္ဍတွေကို ဦးစားပေးပြီး လုပ်ချင်ပါသလဲ။ ဘာကြောင့်ပါလဲ။**

အခု လောလောဆယ်နောက်ထပ်လုပ်ဖြစ်တာတစ်ခုကတော့ စင်ကာပူအခြေစိုက် TOFLA ဖောင်ဒေးရှင်းတစ်ခု ထူထောင်ထားပါတယ်။ ကလေးငယ်တွေရဲ့ ပညာရေးကို ဦးစားပေးထားတာပါ။ ကလေးတွေရဲ့ အနာဂတ်တောက်ပဖို့အတွက် ပညာရေးမှာလိုအပ်တာတွေ အများကြီးရှိပါတယ်။ အစားအသောက်လိုအပ်တယ်။ဗိုက်ဆာနေတယ်၊ မုန့်ကျွေးလိုက်မယ်။ ဗိုက်က ပြန်ဆာမှာပဲလေ။ အဝတ်စားမရှိဘူး အဝတ်စားပေးလိုက်တယ်။ ဟောင်းသွားရင် ထပ်လိုဦးမှာပဲ။ ပိုက်ဆံပေးရင် ကုန်သွားရင် ထပ်လိုဦးမှာပဲ။ အခု ဂုဏ်ရည်တို့ ပံ့ပိုးပေးမှာပညာရေးပါ။ အဲဒီပညာရေးကို အသုံးချပြီး နေ့စဉ် ဘဝမှာ ပုံမှန်ဝင်ငွေရဖို့အတွက် TOFLA ရည်ရွယ်ချက်ပါ။ TOFLA မှာ အင်္ဂလိပ်စာပြန်သင်ပေးဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီဘက်ကလည်း တရားဝင်ကမ်းလှမ်းထားပြီးတော့ ဖြည်းဖြည်းချင်းလုပ်နေပါပြီ။

**Miss International က ဒီဇင်ဘာ ၁၇ ရက် ဂျပန်မှာလုပ်မှာဆိုတော့ ပြိုင်ပွဲအတွက် အဓိကဘာတွေလေ့ကျင့်ပြင်ဆင်နေလဲ။**

ပြိုင်ပွဲမှာ အဓိကက အဝတ်စားဒီဇိုင်းတွေပါမယ်။ Talent ရှိုးကစင်ပေါ်မှာ မပါပေမယ့် ယဉ်ကျေးမှုတွေကို ဖလှယ်ဖို့အတွက် တစ်ယောက်ချင်းစီကို Talent ပြရမှာဖြစ်တဲ့အတွက် စောင်းတီးကျင့်သွားပါမယ်။ Mis Myanmar တုန်းက မြန်မာသီချင်းတီးခဲ့ပေမယ့် ဂျပန်နိုင်ငံမှာသွားပြိုင်ရမှာဖြစ်တဲ့အတွက် ဂျပန်သီချင်းတီးဖို့ စိတ်ကူးထားပါတယ်။ အစအဆုံးကို မြန်မာရိုးရာသီချင်းနဲ့ သိမ်းပေမယ့် အလယ်မှာ ဂျပန်ရိုးရာသီချင်း ဆူကီရာကီကို စောင်းနဲ့တီးသွားမှာပါ။ အဲဒီဘက်က ပို့လိုက်တဲ့ ဖောင်ထဲမှာ အဓိကမှာတာတွေက နိုင်ငံရဲ့ ယဉ်ကျေးမှုကို ကိုယ်စားပြုမယ့် ရိုးရာပစ္စည်းတစ်ခုခုကို ယူခဲ့ပါ။ အဲဒီပစ္စည်းကိုလေလံတင်ပါမယ်။ လေလံကရတဲ့ ပိုက်ဆံတွေကို ဘိုးဘွားရိပ်သာတို့ကလေးသူငယ်တွေဆီသွားမယ်လို့လည်း ပြောထားပါတယ်။ အဲဒီအတွက် လေလံပစ္စည်းကို အများကြီးစဉ်းစားကြရင်းနဲ့ ဂုဏ်ရည်တီးမယ့်စောင်းကို လေလံပစ်ပါမယ်။ အဲဒီအတွက်လည်း အများကြီးပြင်ဆင်ထားပါတယ်။

**ပြိုင်ပွဲမှာ Talent အတွက် ဂျပန်သီချင်းကို ရွေးထားတယ်ဆိုတော့ ပြိုင်ပွဲမှာ ဘယ်လိုအားသာချက်တွေ ရနိုင်မလဲ။ နောက်ပြီးတော့ ကိုယ့်ရဲ့ရိုးရာဂီတကို မထုတ်ဖော်တဲ့အတွက်မြန်မာပရိသတ်အထင်လွဲမှာကိုရော မစိုးရိမ်ဘူးလား။**

မစိုးရိမ်ပါဘူး။ အဓိကဆုံးဖြတ်ပြီး အမှတ်ပေးမယ့်ဒိုင်တွေက ဂျပန်ဒိုင်လူကြီးချည်းပါပဲ။ အစတုန်းက အင်တာနေရှင်နယ်ပွဲဖြစ်တဲ့အတွက် အင်တာနေရှင်နယ်သီချင်းကိုပဲတီးဖို့ ရည်ရွယ်ခဲ့ပါတယ်။ ဒါပေမဲ့ နောက်ပိုင်းသိလာရတာက စင်ပေါ်မှာ Talent ရှိုးမပါဘဲနဲ့ ဒေသခံဒိုင်လူကြီးတွေနဲ့ ဆုံးဖြတ်ပေးမယ့် ပွဲဖြစ်တဲ့အတွက် မြန်မာပရိသတ်တွေ စိတ်ကျေနပ်အောင်ထက် ဒိုင်လူကြီးတွေမှာ အမှတ်များများ ရပြီး ဆုသယ်လာဖို့ကိုပဲ စိတ်ကူးပါတယ်။ ပိုပြီး အဓိကထားပါတယ်။ မြန်မာပရိသတ် ပြိုင်ပွဲမှာမပူပါဘူး။ အစအဆုံး မြန်မာရိုးရာအသံနဲ့ပိတ်ပြီးတော့ အလယ်က ဂျပန်သီချင်းအမြူးကိုတီးတာပါ။ စောင်းနဲ့တီးတာ စောင်းက သာမန်ငြိမ့်ငြိမ့်ညောင်းညောင်းအသံထက် အမြူးတွေပါထွက်တယ်ဆိုတာ တီးပြချင်တာပါ။

**ပြိုင်ပွဲစည်းကမ်းအရ ဘီကနီဝတ်ရတာကိုမြန်မာပရိသတ်တွေကြားမှာ ဝေဖန်မှုတွေ ရှိနေသေးတော့ အစ်မလည်း ပြိုင်ပွဲမှာ မလွဲမသွေ ဘီကနီဝတ်ဆင်ရတော့မှာဆိုတော့ ပရိသတ်တွေကို ဘာများပြောချင်ပါလဲ။**

ဂုဏ်ရည်ကြိုပြီးပြောချင်ပါတယ်။ ဒါက ရွေးချယ်စရာ မရှိပါဘူး။ ကိုယ့်နိုင်ငံဖွံ့ဖြိုးတိုးတက်လာလို့ အခုလို နိုင်ငံတကာပွဲကို တက်လှမ်းခွင့်ရတာပါ။ နိုင်ငံတကာကို တက်လှမ်းခွင့်ရလို့ စည်းမျဉ်းစည်းကမ်းတွေကြောင့်မြန်မာအမျိုးသမီးတွေ ရွေးချယ် ခွင့်မရှိလို့ ဒီလိုဝတ်ရတယ်လို့ပဲ မြင်စေချင်ပါတယ်။ ရွေးချယ်ခွင့်ရှိလို့များ တခြားအားကစားဝတ်စုံ ဝတ်ရရင် မြန်မာအမျိုးသမီးတိုင်း ရွေးချယ်မယ်ဆိုတာ အာမခံရဲပါတယ်။ ဒါပေမဲ့ ဒါသည် ပြိုင်ပွဲဝင်စည်းကမ်းဖြစ်တဲ့အတွက် ပရိသတ်အားလုံးကို ကြိုပြီး တောင်းပန်ထားချင်ပါတယ်။ အမြင်မရိုင်းဘဲ သာမန်စည်းမျဉ်းစည်းကမ်းအရ ဝတ်ရတဲ့ ဝတ်စုံလို့ပဲ မြင်ပေးစေချင်ပါတယ်။

**ပြိုင်ပွဲမှာ စည်းကမ်းအရ ဘီကနီဝတ်ရမှာဆိုပေမယ့်ပြည်တွင်းပြန်ရောက်ရင်ရော ဘစ်ကီနီဝတ်စုံဝတ်ဆင်မှုကို ဘယ်လိုလုပ်ဆောင်သွားမှာလဲ။**

ပြိုင်ပွဲမှာဝတ်ခဲ့သလိုမျိုးတော့ ဝတ်ဖြစ်မယ်မထင်ဘူး။ ဂုဏ်ရည်က ရေကူးတဲ့အားကစားကို ဝါသနာပါတဲ့အတွက် အရမ်းကြိုက်လို့ အမြဲရေကူးဖြစ်ပါတယ်။ အဲဒါဆိုရင် ဘီကီနီမဟုတ်တောင်မှ အားကစားဝတ်စုံ Public (လူရှေ့)ကို ဘီကီနီနဲ့ ထွက်လာဖို့ မဖြစ်နိုင်ဘူးလို့ ထင်ပါတယ်။ လုံးဝလည်း ဖြစ်မှာမဟုတ်ပါဘူး။

**Miss ပြိုင်ပွဲတွေမှာဆို တခြားနိုင်ငံတွေရဲ့ ရိုးရာဝတ်စုံတွေက အရမ်းကိုပေါ်လွင်နေတာ တွေ့ရတယ်။ အစ်မကရော ရိုးရာဝတ်စုံကို ဘယ်လိုစီမံသွားမှာလဲ။**

အစကတော့ မြန်မာထိုင်မသိမ်းကို ဆံကောက်တွေဘာတွေနဲ့ လုပ်ဖို့ ရည်ရွယ်ထားပေမယ့် ထိုင်မသိမ်းကို နိုင်ငံတကာက အကြိမ်ပေါင်းမနည်း မြင်ဖူးတယ်လို့ ထင်ပါတယ်။ ဒီနှစ်မှာ အပြောင်းအလဲအနေနဲ့ ဂုဏ်ရည်က မြန်မာနိုင်ငံမှာ မြန်မာလူမျိုးစုတစ်ခုတည်းမဟုတ်ဘဲနဲ့ တခြားလူမျိုးစုတွေရဲ့ ထူးခြားတာတွေလည်း ရှိနေတဲ့အတွက် မြန်မာပြည်မှာလည်း အဓိကရုဏ်းတွေဖြစ်နေတဲ့ မြန်မာနဲ့ကချင်ကိစ္စကို အဓိကငြိမ်းချမ်းစေချင်တော့ ကချင်ရိုးရာဝတ်စုံကို ကိုယ်စားပြုပြီးတော့ ကချင်ဝတ်စုံကို ဝတ်ဆင်သွားပါမယ်။ အခုလောလောဆယ်ဒီဇိုင်နာတွေနဲ့ တိုင်ပင်နေတုန်းပါ။ ကချင်ဝတ်စုံက ၇၀ ရာခိုင်နှုန်း သေချာနေပါပြီ။

**အစ်မ ခံယူထားတဲ့ Miss တစ်ယောက်ရဲ့ခံယူချက်နဲ့လုပ်ဆောင်မှုတွေက ဘာများဖြစ်မလဲ။**

MIss နဲ့ မော်ဒယ်ကွဲပြားတာသည် မော်ဒယ်က ရုပ်အလှနဲ့ Cat Walk မှာ လှလှပပလေးလျှောက်လို့ရပါတယ်။ Miss တစ်ယောက်ကတော့ တာဝန်ယူမှုတစ်ခုပိုတဲ့အတွက် ရုပ်အလှတင်မဟုတ်ဘဲနဲ့ စိတ်အလှပါ ပြီးပြည့်စုံဖို့ လိုအပ်တယ်လို့ ခံယူထားပါတယ်။ အဲဒီအတွက်ဂုဏ်ရည်ခံယူထားတဲ့အတိုင်း ရုပ်အလှတင် မဟုတ်ဘဲနဲ့စိတ်အလှပါပြည့်စုံနေအောင် ကိုယ့်ဘာသာကို ဝမ်းစာတွေဖြည့်တယ်။

**ကျေးဇူးတင်ပါတယ်။**

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Insidious:Chapter-2 | FilmDistrict | ၄၀,၂၇၂,၁၀၀ | ၁ |
| ၂။ | The Family | Relativity Media | ၁၄,၀၃၄,၈၀၀ | ၁ |
| ၃။ | Riddick | Universal Pictures | ၃၁,၁၀၈,၂၀၀ | ၂ |
| ၄။ | Lee Daniels' The Butler | The Weinstein Company | ၁၀၀,၀၀၄,၀၀၀ | ၅ |
| ၅။ | We're the Millers | Warner Bros.Pictures | ၁၃,၁၅၉၁,၀၀၀ | ၆ |
| ၆။ | Hombre de Piedra | Lionsgate | ၂၇,၁၉၃,၄၀၀ | ၃ |
| ၇။ | Disney's Planes | Walt Disney Studios | ၈၃,၀၂၈,၈၀၀ | ၆ |
| ၈။ | One Direction:This is Us | Tristar Pictures | ၂၆,၉၅၇,၄၀၀ | ၃ |
| ၉။ | Elysium | TriStar Pictures | ၈၈,၄၄၄,၁၀၀ | ၆ |
| ၁၀။ | Percy Jackson:Sea of Monsters | 20th Century Fox | ၆၂,၀၉၃,၆၀၀ | ၆ |

## Movie Review

### Cloudy With a Chance Of Meatballs 2




ဖလင့်လော့ခ်ဝုဒ်တီထွင်ခဲ့သော စက်ကြောင့် Swallow Falls မြို့ကလေး၌ အစားအသောက်မုန်တိုင်းတိုက်ခတ်ခဲ့ရာ ဖလင့်နှင့် သူငယ်ချင်းများ ယင်းမြို့မှထွက်ခွာ၍ ကမ္ဘာကျော်တီထွင်ပညာရှင်ကြီးချက်စတာဗီ ၏ ကုမ္ပဏီသို့ရောက်ရှိလာခဲ့သည်။ ချက်စတာဗီ၏ ကုမ္ပဏီသည် ဖလင့်ဘဝအတွက် စိတ်ကူးအိပ်မက်တစ်ခုအမှန်တကယ်အကောင်အထည်ပေါ်လာခြင်းဖြစ်သော်လည်း ၎င်းတီထွင်ခဲ့သည့်စက်မှာ ယခုအချိန်ထိအလုပ်လုပ်ဆဲဖြစ်ပြီး အစားအသောက်နှင့် တိရစ္ဆာန်နှစ်မျိုးပေါင်း ထူးဆန်းသတ္တဝါများကိုပါ ဆက်လက်ဖန်တီးလာသည်ကို ဖလင့်သိလိုက်ရသည်။ ကမ္ဘာကြီးနှင့်လူသားများကိုကယ်တင်ရန်အတွက် ဖလင့်တို့သူငယ်ချင်းအဖွဲ့ကယင်းစက်ကို ထာဝရရပ်တန့်ဖို့ကြိုးစားရတော့မည်ဖြစ် သည်။

ယင်း 3Dဇာတ်ကားကို ဒါရိုက်တာ Cody Cameron နှင့် Kris Pearn တို့ပူးတွဲရိုက်ကူးထားပြီး စက်တင်ဘာ ၂၇ ရက်၌ ရုံတင်ပြသမည်ဖြစ်သည်။ ကာတွန်းဇာတ်ကောင်များ၏နေရာတွင် Bill Hader, Anna Faris, James Caan,Andy Samberg တို့က အသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်။

# Sports

7Day News Journal
Vol.12, No.29 • SEPTEMBER 25 , 2013

## သုဝဏ္ဏဘောလုံးကွင်းကို ကျပ်သိန်းနှစ်ထောင်ကျော် အကုန်အကျခံ၍ အဆင့်မြှင့်တင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၃**

၂၀၁၃ ဆီးဂိမ်းတွင် မြန်မာအမျိုးသားယူ- ၂၃ ဘောလုံးအသင်းအုပ်စုပွဲစဉ်များယှဉ်ပြိုင်ကစားမည့် သုဝဏ္ဏဘောလုံးကွင်းကို ကျပ်သိန်းပေါင်း ၂,၆၀၀ကျော်အကုန်အကျခံ၍ အဆင့်မြှင့်ပြုပြင်သွားရန်စီစဉ်ထားကြောင်း သတင်းရရှိသည်။

"သုဝဏ္ဏကွင်းကိုအဆင့်မြှင့်ပြုပြင်ဖို့အတွက် အားကစားဝန်ကြီးဌာနကို ကျပ်သိန်းပေါင်း ၂,၆၀၂ သိန်း ဘတ်ဂျက်ခွင့်ပြုဖို့တောင်းခံထားပါတယ်။ ချပေးမယ်လို့လည်းသိရပါတယ်။ ဘတ်ဂျက်ရရှိတာနဲ့ စတင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူက စက်တင်ဘာ ၂၃ ရက်တွင် ပြောသည်။

ပြင်ဆင်မှုများပြုလုပ်ရာတွင် ရိုးရိုးတန်း ပွဲကြည့်စင်ဘက်ခြမ်း၌ ဂိတ်အမှတ်(၉)ဆောက်လုပ်ခြင်း၊ အများသုံးသန့်စင်ခန်းလေးခန်းပြုပြင်ခြင်း၊ အဆောက်အအုံသံပန်းများဆေးသုတ်ပြုပြင်ခြင်း၊ မီးမောင်းကြီးများပြင်ဆင်ခြင်း၊ တစ်ကွင်းလုံးအတွက် အသံစနစ်များတိုးမြှင့်တပ်ဆင်ခြင်း၊ အားကစားသမားများဝင်ပေါက်နေရာများပြုပြင်ခြင်းစသည်တို့အတွက် အဓိက ရည်ရွယ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။



*သုဝဏ္ဏဘောလုံးကွင်းကို တွေ့ရစဉ်*

ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

သုဝဏ္ဏဘောလုံးကွင်းထပ်မံပြင်ဆင်မှုလုပ်ငန်းများကို နိုင်ငံတော်ဘတ်ဂျက်ဖြင့်ဆောင်ရွက်မည်ဖြစ်သော်လည်း လေ့ကျင့်ရေးကွင်းများပြင်ဆင်မှုအတွက်မူ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ယူလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဘောလုံးအဖွဲ့ချုပ်သည် ရန်ကုန်မြို့တွင် လက်ခံကျင်းပမည့် ဆီးဂိမ်းဘောလုံးပွဲစဉ်များ၌ ပါဝင်မည့်အသင်းများအတွက်လေ့ကျင့်ရေးကွင်းများအဖြစ် အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)၊ ပဒေသာကွင်းတို့ကို ရည်ရွယ်ထားကြောင်း အဖွဲ့ချုပ်တာဝန်ရှိသူကဆိုသည်။

၂၀၁၃ ဆီးဂိမ်းအမျိုးသားဘောလုံးပွဲစဉ်များကိုအုပ်စုနှစ်စုခွဲခြားမည်ဖြစ်ပြီး အိမ်ရှင်မြန်မာအသင်းပါဝင်သည့် အုပ်စုကို ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ကျင်းပမည်ဖြစ်ကာ အခြားအုပ်စုများကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားကွင်း၌ လက်ခံကျင်းပသွားမည်ဖြစ်သည်။ အကြိုဗိုလ်လုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်များကိုမူ နေပြည်တော်တွင်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာ – ထိုင်းလက်ဝှေ့စိန်ခေါ်ပွဲ မန္တလေးတွင် ကျင်းပမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၃**

မြန်မာ-ထိုင်းလက်ဝှေ့စိန်ခေါ်ပွဲစဉ်နှစ်ပွဲအပါအဝင် အခြားပြည်တွင်းပွဲစဉ်များပါဝင်သည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲကို မန္တလေးမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာ့ရိုးရာလက်ဝှေ့မြန်မာပြည်ချန်ပီယံစောငမန်းနှင့်ထိုင်းလက်ဝှေ့သမား ပါဝိ၊ ရွှေခါးပတ်ချန်ပီယံဟောင်း သူရရဲအောင်နှင့် ထိုင်းလက်ဝှေ့သမားကွိုင်မီချိုင်းစသည့် မြန်မာ-ထိုင်းလက်ဝှေ့စိန်ခေါ်ပွဲနှစ်ပွဲပါဝင်သည့် အဆိုပါပြိုင်ပွဲကို လာမည့်အောက်တိုဘာ ၇၊၈ ရက်များတွင် မန္တလေးမြို့ရှိ အောင်မြေမန္တလာအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

"ပထမရက်မှာ သူရရဲအောင်နဲ့ကွိုင်မီချိုင်း၊ ဒုတိယရက်မှာ စောငမန်းနဲ့ပါဝိတို့ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ တစ်ရက်ကို ပြည်တွင်းမြန်မာ့ရိုးရာအခြားတွဲဆိုင်းတွေအပါအဝင် ဆယ်ပွဲခန့်ပါဝင်ဖို့စီစဉ်ထားပါတယ်။ ဆီးဂိမ်းအတွက်လေ့ကျင့်နေတဲ့ အမျိုးသမီးမွေ့အားကစားတွေရဲ့ပြိုင်ပွဲတွေလည်းပါဝင်မှာပါ"ဟု ပွဲစီစဉ်သူကပြောသည်။

ထိုင်းလက်ဝှေ့သမား ပါဝိသည်မြန်မာရိုးရာလက်ဝှေ့သမားများနှင့် ယခင်ကယှဉ်ပြိုင်ခဲ့ဖူးကြောင်း သိရှိရသည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်အတွင်း စောငမန်းနှင့်ပါဝိတို့ပထမအကြိမ်တွေ့ဆုံခဲ့စဉ်က စောငမန်းက တတိယအချီတွင် ပါဝိကိုအလဲထိုးအနိုင်ရရှိခဲ့ဖူးကြောင်းသိရှိရသည်။ ဒုတိယအကြိမ်တွေ့ဆုံမည့် ယခုပြိုင်ပွဲအတွက် ပါဝိဘက်မှစိန်ခေါ်ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူကပြောသည်။

"ကွိုင်မီချိုင်းကလည်းမြန်မာလက်ဝှေ့သမားတွေနဲ့ ယှဉ်ပြိုင်ဖူးတဲ့သူပါ။ သူရရဲအောင်ကတော့ ၂၀၁၀လောက်က မြန်မာ့ရိုးရာလက်ဝှေ့က အနားယူသွားပြီး ၂၀၁၃မှာ ပြန်လည်ယှဉ်ပြိုင်လာတဲ့သူပါ။ သူတို့နှစ်ဦးကတော့ ပထမဆုံးအကြိမ် တွေ့ဆုံမှုဖြစ်ပါတယ်"ဟု ပွဲစီစဉ်သူက ဆိုသည်။

ညနေ ၆ နာရီတွင် စတင်မည့် အဆိုပါပြိုင်ပွဲလက်မှတ်နှုန်းထားများကို ကျပ် ၁၅,၀၀၀၊ ၁၀,၀၀၀၊ ၆,၀၀၀ သတ်မှတ်ထားပြီး မည်သည့်ရုပ်သံတွင်မှထုတ်လွှင့်မည်မဟုတ်ပေ။

## ကီလိုမီတာ ၆၇,၀၀၀ ကျော်ခရီးရှည်ကားမောင်းခရီး မြန်မာပြည်တွင်းသို့ ကိုးရက်ကြာဖြတ်သန်းမည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၂၃**

အိန္ဒိယနိုင်ငံသားသုံးဦး၏ ကီလိုမီတာ ၆၇,၀၀၀ ကျော်ခရီးရှည်ကားမောင်းခြင်းခရီးတွင် မြန်မာနိုင်ငံအတွင်းသို့ ကိုးရက်ကြာဖြတ်သန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။

The Great Indian World Trip ဟုအမည်ပေးထားသည့်အဆိုပါခရီးစဉ်ကို စက်တင်ဘာ ၂၂ ရက်တွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှ စတင်ထွက်ခွာလာမည်ဖြစ်ပြီး စက်တင်ဘာ ၂၇ရက်တွင်တမူးနယ်စပ်ဒေသဝင်ပေါက်မှ မြန်မာနိုင်ငံသို့ စတင်ဖြတ်သန်းမောင်းနှင်မည်ဖြစ်ကြောင်း မြန်မာပြည်တွင်းခရီးစဉ်စီစဉ်သည့် မင်္ဂလာရှုခင်းခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူကပြောသည်။

"စက်တင်ဘာ ၂၇ရက်မှာကလေးမှာ ညအိပ်ရပ်နားမှာဖြစ်ပြီး အဲဒီကတစ်ဆင့် မုံရွာ၊ ပုံဂံ၊ အင်းလေး၊ ကျိုက်ထီးရိုးဒေသတွေကို မောင်းနှင်မှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူကပြောသည်။

၎င်းတို့သည်အောက်တိုဘာ ၃ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီးအေးရှားပလာဇာဟိုတယ်၌ တည်းခိုမည်ဖြစ်ကာ အောက်တိုဘာ ၄ ရက်နံနက်တွင်ခရီးစဉ်နှင့် ပတ်သက်သည့်သတင်းစာရှင်းလင်းပွဲပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းတို့သည်အောက်တိုဘာ ၄ရက် နေ့လယ်တွင် ရန်ကုန်မှ တစ်ဆင့်ကျိုက်ထိုသို့ထွက်ခွာမည်ဖြစ်သည်။ အောက်တိုဘာ ၅ရက်တွင် မြဝတီမြို့မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း အဆိုပါခရီးသွားလုပ်ငန်း မှ သိရှိရသည်။

မြန်မာနိုင်ငံတွင်းသို့ ဖြတ်သန်းမောင်းနှင်ပြီးနောက် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဩစတြေးလျ၊ အာဖရိက၊ အမေရိက၊ အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ပြင်သစ်၊ ဆွားဘီးယား၊ တူရကီ၊ အီရန်နိုင်ငံများကို ဖြတ်သန်းပြီးနောက် အိန္ဒိယနိုင်ငံတွင်းသို့ပြန်လည်ဝင်ရောက်ကာ ခရီးစဉ်ပြီးဆုံးမည်ဖြစ်သည်။

"ဒီခရီးစဉ်က ရက်ပေါင်း ၂၅၀ ခန့်ကြာမြင့်မယ်လို့ သိရပါတယ်။ မြန်မာပြည်တွင်းမှာတော့ ၈ညအိပ် ၉ရက်ခရီးစဉ်ဖြတ်သန်းမှာပါ။ ကားပေါ်မှာမောင်းသူနှစ်ဦးနဲ့ ကင်မရာဆရာတစ်ဦးပါဝင်လာမှာ ဖြစ်ပါတယ်"ဟု မင်္ဂလာရှုခင်းမှ တာဝန်ရှိသူကဆိုသည်။



# မြန်မာအမျိုးသမီး ဘော်လီဘောအသင်း ဩစတြေးလျကလပ်နှင့် နေပြည်တော်တွင် လက်ရည်စမ်းမည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၂၂**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) အတွက် ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘော်လီဘောအသင်း သည် ဩစတြေးလျကလပ် Nor Wood Bears အမျိုးသမီးဘော်လီဘောကလပ်အသင်းနှင့် နေပြည်တော်တွင် လက်ရည်စမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ လက်ရည်စမ်းပွဲများကို စက်တင်ဘာ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ သိရှိရသည်။

"ဩစတြေးလျကလပ်အသင်းနဲ့ လက်ရည်စမ်းပွဲတွေကို မူလက ရန်ကုန်မှာစီစဉ်ထားပေမယ့် လာမယ့်ဆီးဂိမ်းမှာ ဘော်လီဘောအားကစားနည်းကျင်းပမယ့် နေပြည်တော်၊အားကစားရုံမှာပြောင်းလဲကျင်းပမှာ ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးဘော်လီဘောအသင်းအနေနဲ့လည်းလက်ရည်စမ်းပွဲတွေပြီးတာနဲ့ နေပြည်တော်မှာ ဆီးဂိမ်းအတွက် စခန်းသွင်းလေ့ကျင့်သွားမှာ ဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းအတွက် ရည်ရွယ်၍ မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ ပဏာမလက်ရွေးစင် ၁၈ ဦးဖြင့် ရန်ကုန်မြို့တွင် စခန်းသွင်းလေ့ကျင့်နေခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် ၂၀၁၃ ဆီးဂိမ်း မတိုင်မီ အရှေ့တောင်အာရှဂျူနီယာပြိုင်ပွဲ၊ ကမ္ဘာ့ဖလားလက်ရည်စစ်ပြိုင်ပွဲ၊ ထိုင်းပြည်တွင်း လိဂ်ပြိုင်ပွဲ၊ အာရှအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် နောက်ဆုံး ယှဉ်ပြိုင်ခဲ့သည့် အာရှအမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲတွင် အဆင့် (၁၆) နေရာ ရရှိထားသည်။


*မြန်မာအမျိုးသမီးဘော်လီဘောအားကစားသမားများ လေ့ကျင့်နေစဉ်* ဓာတ်ပုံ - နစ်ကီ

မြန်မာအမျိုးသမီး ဘော်လီဘောအသင်းကို ပြီးခဲ့သည့် ဇွန်လမှစတင်ကာ ထိုင်းနည်းပြဆရာဘင်သန်းက နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိသည်။






7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013


REUTERS

# စပါး – ချယ်လ်ဆီး လန်ဒန်ဒါဘီနဲ့ မီလန်၊ ဂျူဗီ၊ ရီးရဲလ်၊ ဗလင်စီယာတို့ အဝေးကွင်းပွဲတွေ ကစားရမယ့်

## ယခုတစ်ပတ် ဥရောပလိဂ်ပြိုင်ပွဲများ ခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ်ဥရောပလိဂ်ပွဲစဉ်တွေထဲမှာတော့ ပရီးမီးယားလိဂ်မှာ မန်ချက်စတာဒါဘီအပြီးမှာ ထပ်ကြည့်ရမယ့် လန်ဒန်ဒါဘီစပါး-ချယ်လ်ဆီးပွဲရှိနေပြီး အာဆင်နယ်၊ လီဗာပူးတို့အဝေးကွင်းပွဲတွေဖြစ်သန်းချိန်မှာ မန်ယူတို့ အိမ်ကွင်းမှာ ဝက်စ်ဘရွန်းကို ညှော့ခံကစားရမှာပါ။ စီးရီးအေမှာလည်း မီလန်၊ ဂျူဗင်တပ်တို့ အဝေးကွင်းပွဲတွေကစားရမှာဖြစ်သလို လာလီဂါမှာလည်း ရီးရဲလ်၊ ဗလင်စီယာတို့ အဝေးကွင်းပွဲတွေ ကစားရမှာပါပဲ။

**ပရီးမီးယားလိဂ်**

၂၈ စက်တင်ဘာ၊ စနေ။

**စပါး-ချယ်လ်ဆီး (ညနေ ၆း၁၅)**

**ယမန်နှစ်ရလဒ် ၂-၂**

လန်ဒန်ဒါဘီဖြစ်သလိုချယ်လ်ဆီးအတွက် ခက်ခဲ့တဲ့ပွဲလည်းဖြစ်မှာပါ။ မာတာကို တိုက်စစ်မှာမထားဘဲ အော်စကာကို ဦးစားပေးချင်တဲ့ မော်ရင်ညိုကစားကွက်နေရာချပုံပြောင်းလဲမလားကြည့်ရပါမယ်။ စပါးကတော့ ခြေမှန်ရှိနေပြီး ပထမလန်ဒန်ဒါဘီ အာဆင်နယ်နဲ့ပွဲမှာ ရှုံးခဲ့ရပေမယ့် ဒီပွဲကို ဖိကစားနိုင်ပြီး ဦးဆောင်နိုင်တယ်။ ဂိုးနည်းတဲ့ပွဲဖြစ်ဖို့ ချယ်လ်ဆီးကပ်နိုင်ခြေနဲ့ သရေရလဒ်တစ်ခုခုကို ရွေးရပါမယ်။

**မန်ယူ-ဝက်စ်ဘရွန်း(ည ၈း၁၅)**

**ယမန်နှစ်ရလဒ် ၂-၀**

မန်ယူတို့ သတိထားရနိုင်တယ်။ အိမ်ကွင်းမှာ ခြေစွမ်းအကောင်းဆုံးရှိနေပေမယ့် အသင်းလိုက်ကစားပုံ ဟန်ချက်မမိရင် ဝက်စ်ဘရွန်းဒုက္ခပေးနိုင်တယ်။ မန်ယူနှစ်ဂိုးလောက် ရနိုင်ပြီး ဝက်စ်ဘရွန်းဂိုးပြန်သွင်းနိုင်ခြေရှိလည်း ရှုံးမှာပါ။

**ဆွမ်ဆီး-အာဆင်နယ်(ည ၉း၀၀)**

**ယမန်နှစ်ရလဒ် ၀-၂**

ဆွမ်ဆီးတို့ အိမ်ကွင်းမှာဆိုပေမယ့် အဝေးကွင်းမှတ်တမ်းကောင်းပြီး စံချိန်သစ်တင်နေတဲ့ အာဆင်နယ်က ပိုကောင်းနေတာပါ။ အိုဇေးလ်၊ဝီလ်ရှီးယား၊ဝဲလ်ကော့တို့ရဲ့ အာဆင်နယ်ကပဲ နှစ်ဂိုးအသာလောက်နဲ့ နိုင်သွားနိုင်တယ်။

**၂၉ စက်တင်ဘာ၊ တနင်္ဂနွေ**

**ဆန်းဒါးလန်း-လီဗာပူး(ည ၉း၃၀)**

**ယမန်နှစ်ရလဒ် ၁-၁**

လီဗာပူးတို့ အိမ်ကွင်းမှာ ဆောက်သမ်တန်ကို ရှုံးခဲ့တာမို့ ဒီအဝေးကွင်းပွဲကို ဂရုစိုက်ရမှာပါ။ ဒါပေမဲ့ ထိပ်တိုက်တွေ့ဆုံမှုရလဒ်တွေအရ လီဗာပူးတို့ အသာရနေပြီး ကပ်နိုင်ခြေရှိနေပါသေးတယ်။ ဆန်းဒါးလန်းဘက်ကလည်း သရေရနိုင်ခြေရှိပြီး ဂိုးပေါင်းနည်းမယ့်ပွဲပါ။

**၂၆ စက်တင်ဘာ၊ ကြာသပတေး**

**ဘိုလော့ဂ်နာ-မီလန်(နံနက် ၁း၁၅)**

**ယမန်နှစ်ရလဒ် ၁-၃**

မီလန်တို့ ဘိုလော့ဂ်နာကိုတွေ့တိုင်း နိုင်နေကျဆိုပေမယ့် အဝေးကွင်းပွဲမို့ ဂိုးများဖို့မသေချာပါဘူး။ လက်ရှိခြေစွမ်းအရမီလန်ကပဲ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်သွားပါမယ်။

**ချီယေဗို-ဂျူဗင်တပ်(နံနက် ၁း၁၅)**

**ယမန်နှစ်ရလဒ် ၁-၂**

ဂျူဗီတို့ ချန်ပီယံခြေစွမ်းပြနိုင်ဆဲဖြစ်ပါတယ်။ ချီယေဗိုတို့ကို ဂိုးပြန်သွင်းနိုင်တောင်မှ အနိုင်က ဂျူဗီလက်ထဲမှာပါ။ ဂျူဗီရဂိုးတော့ နည်းနိုင်ပါတယ်။

**အင်တာ-ဖီအိုရင်တီးနား**

**(နံနက် ၁း၁၅ နာရီ)**

အင်တာတို့ ယမန်နှစ်က အိမ်ကွင်းမှာနိုင်ခဲ့ပေမယ့် ဖီအိုရင်တီးနားကွင်းမှာ ၄-၁ ဂိုးနဲ့ ပြန်ရှုံးခဲ့တဲ့ အတွေ့အကြုံရှိပါတယ်။ အင်တာရှေ့တန်းမှာ မီလီတို၊ ပလာစီယိုတို့အပြင် အီကာဒီပါ ဂိုးသွင်းခြေရှိနေတာမို့ အိမ်ကွင်းနိုင်ပွဲ သေချာသလောက်နီးပါးရှိနိုင်တယ်။ ဖီအိုရင်တီးနား အမြင့်ဆုံးသရေပွဲပဲ မျှော်မှန်းနိုင်ပါတယ်။

**လာလီဂါ**

**၂၆ စက်တင်ဘာ၊ ကြာသပတေး**

**ဂရင်းနေဒါ-ဗလင်စီယာ**

**(နံနက် ၀၀း၃၀)**

**ယမန်နှစ်ရလဒ် ၁-၂**

ဗလင်စီယာနိုင်ဖို့ ရာခိုင်နှုန်းများပေမယ့် ခက်ခဲတဲ့ပွဲဖြစ်လာနိုင်တယ်။ ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိပြီး သရေပွဲလည်း ဖြစ်နိုင်ပါမယ်။

**အယ်လ်ချီ-ရီးရဲလ်မက်ဒရစ်**

**(နံနက် ၂း၁၅ )**

**ယမန်နှစ်ရလဒ်-မရှိ**

တန်းတက် အယ်လ်ချီတို့ နိုင်ခြေနည်းနေပြီး ရီးရဲလ်ပဲ အနိုင်ရသွားမှာပါ။ ရီးရဲလ်တို့ အဝေးကွင်းမှာ နှစ်ဂိုးအနည်းဆုံးရနိုင်တယ်။


**ဂီတာဖေး-ဆယ်လ်တာဗီဂို**

**(နံနက် ၂း၃၀)**

**၂၇ စက်တင်ဘာ၊ သောကြာ**

**ယမန်နှစ်ရလဒ် ၃-၁**

အိမ်ကွင်းရလဒ်ကောင်းနေတဲ့ ဂီတာဖေးတို့ အနိုင်ရနိုင်ပါတယ်။ ရှုံးပွဲများနေတဲ့ ဆယ်လ်တာဗီဂို သရေရရင် ကျေနပ်ရမှာပါ။




# အာဖဂန်နစ္စတန်လေတပ်အား လေ့ကျင့်ပေးမည့် အစီအစဉ်တွင် ပြဿနာများရှိကြောင်း ကန်ဗိုလ်မှူးချုပ်ပြောကြား

**မယ်ရီလန်း၊စက်တင်ဘာ-၂၁**

အာဖဂန်နစ္စတန်နိုင်ငံ၏ လေတပ်အား လေ့ကျင့်ပေးရန် အမေရိကန်နိုင်ငံ၏ ဦးဆောင်ကြိုးပမ်းမှုများတွင် ပြဿနာများကြောင့် အခြေခံအဆောက်အအုံများနှင့် ကိရိယာ တပ်ဆင်တည်ဆောက်ရေး အစီအစဉ်များကို ပြန်လည်သုံးသပ်ခဲ့ရသည့် ဖြစ်စဉ်များနှင့် လုံခြုံရေးခြိမ်းခြောက်မှု စိန်ခေါ်မှုများ ရင်ဆိုင်နေရကြောင်း ကန်ဗိုလ်မှူးချုပ်ဂျွန်မိုက်ကယ်ကပြောကြားသည်။

အာဖဂန်နစ္စတန်လေတပ်အား လေ့ကျင့်ပေးမှုကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အဆုံးသတ်ရမည်ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ကန်ဒေါ်လာ ၃၇ သန်းတန်ဖိုးရှိ လေဆိပ်အဆောက်အအုံတစ်ခုကို ဘိန်းများသို့လှောင်ရန် အသုံးပြုထားကြောင်း သတင်းထွက်ပေါ်ပြီးနောက် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းစဉ်များအားလုံးကို နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအကူအညီပေးရေးအဖွဲ့က ပြန်လည်စစ်ဆေးခဲ့ရကြောင်း အာဖဂန်နစ္စတန်ရှိနေတိုးလေတပ်လေ့ကျင့်ပေးရေးအဖွဲ့ ဦးဆောင်သူ ဗိုလ်မှူးချုပ်ဂျွန်မိုက်ကယ်က ပြောသည်။

ရုရှားနိုင်ငံထုတ် Mi-17 ရဟတ်ယာဉ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ အလုံးစုံစစ်ဆေးပြုပြင်ခြင်းများအတွက် စာချုပ်များရရှိထားသည့် အာဖဂန်နစ္စတန်လေတပ် တပ်ဖွဲ့တစ်ခုကို ကန်စစ်ဌာနချုပ် ပင်တဂွန်က ရာဇဝတ်မှုစုံစမ်းစစ်ဆေးမှုတစ်ခုပြုလုပ်ထားသည်။

လူအင်အား ၇,၀၀၀ မှ ၈,၀၀၀ အထိထားရှိမည့်လေတပ်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ၊ လေယာဉ်ထားရန် နေရာများနှင့် လေယာဉ်ဆွဲရန်လမ်းများ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်ဟု မိုက်ကယ်က ပြောသည်။

အာဖဂန်နစ္စတန်နိုင်ငံ ပြန် လည်တည်ဆောက်ရေးအတွက် အထူးစုံစမ်းစစ်ဆေးရေးမှူးချုပ်၏ အစီရင်ခံစာတွင် ပြဿနာများကို ဖော်ထုတ်တင်ပြခဲ့ပါက ကျန်ရှိသော အဆောက်အအုံ ၃၀ ရာခိုင်နှုန်းကို လုံးဝမဆောက်လုပ်ဖြစ်မည်ကို စိုးရိမ်မိကြောင်း ၎င်းကပြောကြားသည်။ *—Ref: Reuters*



EDGARD GARRIDO/REUTERS

*စက်တင်ဘာ ၂၀ ရက်က မက္ကဆီကိုစီးတီးရှိ လော့စ်ပီနိုစ်သမ္မတအိမ်တော်တွင် မက္ကဆီကိုသမ္မတ ပီညာနီယေတိုနှင့် တွေ့ဆုံအပြီးတွေ့ရသော အမေရိကန် ဒုသမ္မတ ဂျိုးဘစ်ဒန်*

# ကန်ဒုသမ္မတ ဂျိုးဘစ်ဒန် မက္ကဆီကိုခရီးစဉ်တွင် ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေး အဓိကဆွေးနွေး

**မက္ကဆီကိုစီးတီး၊စက်တင်ဘာ-၂၁**

အမေရိကန်ဒုသမ္မတ ဂျိုးဘစ်ဒန်သည် မက္ကဆီကိုနိုင်ငံသို့လည်ပတ်ပြီး မက္ကဆီကိုသမ္မတ ပင်ညာနီယက်တိုနှင့် ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးပြုပြင်ပြောင်းလဲမှုများကို အဓိကဆွေးနွေးခဲ့ပြီး အငြင်းပွားစရာ သူလျှိုကိစ္စကို ရှောင်ရှားခဲ့ကြသည်။

မက္ကဆီကိုသမ္မတ ပင်ညာနီယက်တိုနှင့်အတူပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဂျိုးဘစ်ဒန်က ၎င်းတို့နှစ်ဦး လုံခြုံရေးကိစ္စများ ဆက်လက်ဆွေးနွေးခဲ့ကြောင်း ပြောကြားပြီးနောက် "ဒါပေမဲ့ ကျွန်တော်တို့ရဲ့ နှစ်နိုင်ငံဆက်ဆံရေးမှာ နိုင်ငံသားတွေရဲ့ဘဝ တိုးတက်ဖို့ စီးပွားရေးအခွင့်အလမ်း တိုးချဲ့တာထက် ပိုပြီးအရေးကြီးတာမရှိဘူးလို့ သဘောတူညီခဲ့ကြပါတယ်" ဟုဂျိုးဘစ်ဒန်က ပြောကြားသည်။

ကန်ဒုသမ္မတသည် နှစ်စဉ်ကျင်းပမြဲဖြစ်သော အမေရိကန်-မက္ကဆီကို အဆင့်မြင့်အရာရှိကြီးများ စီးပွားရေးရာ ဆွေးနွေးပွဲ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးနောက် မက္ကဆီကိုသမ္မတနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲမှာ နှစ်နိုင်ငံကြား ကန်ဒေါ်လာ ၅၀၀ ဘီလီယံရောက်ရှိနေပြီဖြစ်သော ကုန်သွယ်ရေးပိုမိုကျယ်ပြန့်လာရေး ဆွေးနွေးခြင်းဖြစ်သည်။

မက္ကဆီကိုသမ္မတကလည်း နှစ်နိုင်ငံကြားကုန်သွယ်ရေး တိုးတက်ရန် လုံခြုံမှုရှိသော၊ အဟန့်အတားနည်းသော၊ ပြောင်းလွယ်ပြင်လွယ် နယ်စပ်ဝင်ပေါက်များ ထားရှိရေး တိုက်တွန်းပြောကြားသည်။ *—Ref:AFP*



7 DAY NEWS JOURNAL
Vol.12, No.29 • SEPTEMBER 25 , 2013

# ဆောက်လုပ်ရေးပစ္စည်းများ ဂါဇာဒေသသို့ အစ္စရေး ပြန်လည်သွင်းခွင့်ပြု

**ဂါဇာ၊ စက်တင်ဘာ-၂၃**

ပါလက်စတိုင်းသမ္မတ မိုဟာမက် အဘတ်စ်၏ တောင်းဆိုမှုကို တုံ့ပြန်၍ အစ္စရေးနိုင်ငံက ဂါဇာဒေသသို့ ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများပြန်လည်တင်သွင်းရန် စတင်ခွင့်ပြုနေပြီဖြစ်ကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့ (PLO)ဥက္ကဋ္ဌ မာမွတ်အဘတ်စ်သည် နှစ်ခြမ်းကွဲနေသော ပါလက်စတိုင်းဒေသနှစ်ခုအနက် အနောက်ဘက်ကမ်းခြေဒေသကို အုပ်ချုပ်နေသော်လည်း ဂါဇာဒေသကို အုပ်ချုပ်သူမဟုတ်ပေ။ သို့သော် သမ္မတအဘတ်စ်သည် ဇူလိုင်လတွင် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ခဲ့သူဖြစ်သည်။

ဟားမာ့စ်အစ္စလာမ်မစ်များ အုပ်ချုပ်သော ဂါဇာဒေသမှာ ဇူလိုင်လနောက်ပိုင်း ပိုမိုဆိုးရွားလာသော ဆောက်လုပ်ရေးပစ္စည်း ပြတ်လပ်မှုနှင့် ရုန်းကန်နေရသည်။ ဇူလိုင်လမှစတင်၍ အီဂျစ်စစ်ဘက်က ဂါဇာဒေသသို့ ဆောက်လုပ်ရေးပစ္စည်းနှင့် လက်နက်များ ခိုးသွင်းသော မြေအောက်လိုဏ်ခေါင်းများကို စတင်ရှာဖွေနှိမ်နင်းခဲ့မှုကြောင့် အီဂျစ်နိုင်ငံနှင့်ကပ်လျက်ဂါဇာဒေသမှာအကျပ်ရိုက်ခဲ့သည်။

သီတင်းပတ်တစ်ပတ်လျှင် သံ၊ ကျောက်၊ ဘိလပ်မြေနှင့် သံချောင်း ထရပ်ကားအစီး ၃၅၀ ခွင့်ပြုသွားမည်ဟု အစ္စရေးကာကွယ်ရေးအရာရှိများက ပြောကြားသည်။ ယင်းမှာ ၂၀၀၇ ခုနှစ်တွင် ဟားမာ့စ်အဖွဲ့ ဂါဇာဒေသ၌ အာဏာရရှိလာပြီးနောက်ပိုင်း ပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအတွက် ယင်းပစ္စည်းများ တင်သွင်းမှု ပထမဆုံးပြန်လည်ခွင့်ပြုခြင်းဖြစ်သည်။ *—Ref: Reuters*



IBRAHEEM ABU MUSTAFA/REUTERS

*စက်တင်ဘာ ၂၂ ရက်က ကီရမ်ရှာလွန်ဂိတ်ပေါက်မှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ဝင်ရောက်လာသော ဘိလပ်မြေအိတ်များတင်ထားသည့်ထရပ်ကားကို ပါလက်စတိုင်းလုပ်သားတစ်ဦး ကြည့်ရှုစစ်ဆေးနေစဉ်*

# ကုန်တင်အာကာသယာဉ် Cygnus နိုင်ငံတကာအာကာသစခန်းသို့ နှစ်ရက်နောက်ကျ၍ ဆိုက်ရောက်မည်

**ဝါရှင်တန်၊ စက်တင်ဘာ-၂၃**

နိုင်ငံတကာအာကာသစခန်း (ISS) သို့ စက်တင်ဘာ ၂၂ ရက် နံနက်တွင် ရောက်ရှိရန် စီစဉ်ထားသော လူလိုက်ပါခြင်းမရှိသည့် ကုန်တင်အာကာသယာဉ် (Cygnus)သည် ဆော့ဖ်ဝဲပြဿနာကြောင့် အနည်းဆုံး ၄၈ နာရီနောက်ကျပြီးမှသာ ဆိုက်ရောက်မည်ဖြစ်ကြောင်း နာဆာကပြောသည်။

Antares ဒုံးပျံကို အသုံးပြုကာ ယင်းအာကာသယာဉ်ကို လွှတ်တင်ခဲ့သည့်Orbital Sciences Corp က အာကာသယာဉ်ကို (ISS) နှင့် ဆက်သွယ်မှု စတင်ပြုလုပ်ခဲ့သော်လည်း ဆက်လက်ချဉ်းကပ်နိုင်ရန် အဟန့်အတားဖြစ်နေခဲ့ကြောင်း ပြောကြားသည်။

ပြဿနာ၏မူလအစကို ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ ဖြေရှင်းချက်ထုတ်နေကြောင်း၊ (ISS) သို့ အာကာသယာဉ် ဆိုက်ရောက်လိမ့်မည်ဖြစ်ကြောင်း ကော်ပိုရေးရှင်းကပြောသည်။



ORBITAL SCIENCES CORPORATION

အာကာသယာဉ်ကို ဗာဂျီးနီးယားပြည်နယ် အရှေ့ဘက်ကမ်းရိုးတန်းရှိ Wallop Flight Facility အာကာသယာဉ် လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၁၈ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် (ISS)သို့သွားရာ အမြင့် (၂၅၇)မိုင်သို့ ရောက်ရှိနေသည်။

(ISS)ရှိ အမှုထမ်းများအတွက်လိုအပ်သောအစားအစာ၊အဝတ်အထည်များနှင့် အခြားသော ပစ္စည်းများ အပါအဝင် အလေးချိန် ပေါင် ၁,၃၀၀ ရှိပစ္စည်းများကိုယင်း အာကာသယာဉ်ပေါ်တွင် တင်ဆောင်ထားသည်။ ကုမ္ပဏီသည် နာဆာနှင့် ကန်ဒေါ်လာ ၁ ဒသမ ၉ ဘီလီယံတန်ဖိုးရှိစာချုပ်တစ်ရပ် ချုပ်ဆိုထားသည်။ *—Ref:AFP*

**နောက်ကျောဖုံး မှ**

## အာတိတ်ရေခဲပြင် အရည်ပျော်ကျမှု ယခုနှစ်တွင် လျော့နည်းလာဟု နာဆာထုတ်ပြန်

ပို၍ပါးလွှာသွားခဲ့ကြောင်း၊ ပိုထူသောရေခဲများ အရည်ပျော်သွားသည့်နေရာတွင် ပိုပါးသော ရေခဲများအစားထိုး ဝင်ရောက်လာကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြီးခဲ့သောဆယ်စုနှစ်များကပို၍ထုထည်ထူသော ရေခဲများနေရာတွင်ယခုကဲ့သို့ပါးလွှာသည့်ရေခဲများ အစားထိုးဝင်ရောက်လာသောကြောင့် အာတိတ်ဒေသ၏ နွေရာသီရေခဲပြင်သည် ယခုရာစုအတွင်း လုံးဝပျောက်ကွယ်သွားနိုင်ခြေအလွန်များနေသည်ဟု အာတိတ်ဒေသ သုတေသနပညာရှင်များက ရေခဲအရည်ပျော်ကျမှုနှုန်းကိုလေ့လာ၍ပြောကြားခဲ့ခြင်းဖြစ်သည်။ *—Ref:AFP*


စင်ကာပူနိုင်ငံ Gleneagles ဆေးရုံကြီးမှ လစဉ်လာရောက်မည့်
အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းအထူးကုဆရာဝန်ကြီးသည်
October 5-6 တို့တွင် လူနာများနှင့် တိုင်ပင်ဆွေးနွေးပါမည်။

ni ni နီနီ

Executive Medical Check-Up
ကျန်းမာရေး အထူးစစ်ဆေးခြင်း - 20% Discount
(အောက်တိုဘာလအတွင်း စစ်ဆေးသူများနှင့် စာရင်းပေးသွင်းထားသူများသာ)

ဆက်သွယ်ရန် – နီနီ ရောဂါရှာဖွေရေးနှင့်အထူးကုဆေးခန်း
အမှတ်(၁၀၁)၊ ကင်းတာဝါ၊ နှင်းဆီကုန်းလမ်း၊ (ဗဟိုအမျိုးသမီးဆေးရုံရှေ့လမ်း)၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၂၅၀၀ ၂၂၃၉၈






# အာတိတ်ဒေသတွင် ဖမ်းဆီးသွားသော သင်္ဘောကို ရုရှားလွှတ်ပေးရန် ဂရင်းပိစ်အဖွဲ့ တောင်းဆို

**မားမန့်စ်ခ်၊ စက်တင်ဘာ-၂၂**

တက်ကြွလှုပ်ရှားသူ ၃၀ ဦး ပါဝင်သော အာတိတ်ဒေသတွင် ဖမ်းဆီးသွားသည့် သင်္ဘောကိုလွှတ်ပေးရန် ဂရင်းပိစ်အဖွဲ့က ရုရှားနိုင်ငံအား တောင်းဆိုလိုက်သည်။

ယခုအခါ ယင်းသင်္ဘောကို ရုရှားကမ်းခြေစောင့်တပ်ဖွဲ့က မားမန့်စ်ခ်မြို့ဆီသို့ ဆွဲယူသွားနေပြီး ရက်ပေါင်းအတန်ကြာမည်ဟု မျှော်လင့်ရသည်။ ယင်းသင်္ဘောပေါ်မှ တက်ကြွလှုပ်ရှားသူလေးဦးသည် လွန်ခဲ့သောသုံးရက်က ရုရှားနိုင်ငံပိုင် ဂက်စပရွန်ရေနံတူးစင်ပေါ်သို့ တက်ရောက်ရန် ကြိုးစားခဲ့ကြသည်။

ဂရင်းပိစ်အဖွဲ့သည် ရေနံတွင်းအနီး သီးခြားဇုန်ရေပြင်ကို ချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း ရုရှားနိုင်ငံက စွပ်စွဲထားသည်။ သို့သော် ဂရင်းပိစ်အဖွဲ့ကမူ ၎င်းတို့၏ သင်္ဘောမှာ နိုင်ငံတကာရေပိုင်နက်အတွင်းမှာပင် ရှိနေသည်ဟု ပြောကြားသည်။



DENIS SINYAKOV/GREENPEACE/EPA

*ရုရှားနိုင်ငံပိုင် ရေနံနှင့်စွမ်းအင်ကုမ္ပဏီ ဂတ်ဇ်ပရွန်က လုပ်ကိုင်နေသော ပရီယာဇလွန်နာယာရေနံလုပ်ကွက်ရှိ ရေနံတူးစင်ပေါ်သို့ တွယ်တက်နေသူများနှင့် Greenpeace အဖွဲ့ လှုပ်ရှားသူများအနီး ချဉ်းကပ်လာသော ရုရှားကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိများ*

ထို့အပြင် ရုရှားလုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့နှင့် ရင်ဆိုင်သော ဓာတ်ပုံများကို ဂရင်းပိစ်အဖွဲ့က ထုတ်ပြန်ခဲ့သည်။ ယင်းတွင် ရုရှားလုံခြုံရေးတပ်ဖွဲ့များက ရဟတ်ယာဉ်များပေါ်မှ သေနတ်နှင့် ဓားများကိုင်ဆောင်၍ ဒတ်ချ်အလံလွှင့်ထူထားသော Arctic Sunrise သင်္ဘောပေါ်သို့ ဆင်းသက်လာပုံများ ပါဝင်သည်။

ယခုအခါ ဂရင်းပိစ်သင်္ဘောမာလိန်မှူးကို စစ်ဆေးမေးခဲ့ကြောင်း ကျန်သင်္ဘောသားများအားဥပဒေအရဆက်လက်အရေးယူရန် တရားရုံးသို့ ပို့ဆောင်နေသည်ဟု မားမန့်စ်ခ်ဒေသကမ်းခြေစောင့်တပ်ဖွဲ့မှ ပြောခွင့်ရအမျိုးသမီးတစ်ဦးက ပြောကြားသည်။

*—Ref: BBC*

# ၂၀၅၀ ပြည့်နှစ်တွင် စောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အို သုံးဆခန့်တိုးလာနိုင်

**လန်ဒန်၊ စက်တင်ဘာ-၂၂**

၂၀၅၀ပြည့်နှစ်တွင်ကမ္ဘာတစ်ဝန်း၌ ဂရုစိုက်စောင့်ရှောက်မှုလိုအပ်နေသော သက်ကြီးရွယ်အိုအရေအတွက်မှာ သုံးဆနီးပါးတိုးလာနိုင်သည်ဟုနိုင်ငံတကာ အယ်ဇိုင်းမားရောဂါသည်များအဖွဲ့က စက်တင်ဘာ ၁၉ ရက် အစီရင်ခံစာတွင် ဖော်ပြသည်။

ယခုလက်ရှိတွင်ပတ်ဝန်းကျင်၏ ဂရုစိုက်စောင့်ရှောက်မှုကို လိုအပ်နေသောလူပေါင်း သန်း ၁၀၁ သန်းရှိရာ ၂၀၅၀ ပြည့်နှစ်တွင် ၂၇၇ သန်းအထိ တိုးလာကြောင်း ကမ္ဘာ့အယ်ဇိုင်းမားရောဂါအစီရင်ခံစာ (၂၀၁၃)တွင် ပါဝင်သည်။ ယခုလက်ရှိ စောင့်ရှောက်ရေးဂေဟာများ၌ နေရသော သက်ကြီးရွယ်အို၈၀ ရာခိုင်နှုန်း၌စိတ်ကစဉ့်ကလျားရောဂါအချို့ ရှိနေပြီး နောက်ပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာအယ်ဇိုင်းမားကပ်ရောဂါတစ်ခု ဖြစ်လာနိုင်သည်ဟု အစီရင်ခံစာတွင် သတိပေးထားသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းသောတိုင်းပြည်များသည် ယင်းအယ်ဇိုင်းမားကပ်ရောဂါကို ကိုင်တွယ်ဖြေရှင်းရန် ယခုအချိန်မှစ၍ အစီအစဉ်များ ဆွဲထားသင့်ကြောင်း အစီရင်ခံစာက အကြံပြုသည်။ အယ်ဇိုင်းမားရောဂါသည် စိတ်ကစဉ့်ကလျားရောဂါများအနက် လူသိအများဆုံးရောဂါ ဖြစ်သည်။ မှတ်ဉာဏ်ပျောက်ဆုံးခြင်း၊ စိတ်အပြောင်းအလဲများခြင်း၊ ပေါင်းသင်းဆက်ဆံရေးနှင့် ကျိုးကြောင်းဆီလျော်ခြင်းတို့၌ အခက်အခဲများရှိခြင်းတို့သည် စိတ်ကစဉ့်ကလျားရောဂါလက္ခဏာများဖြစ်ကြသည်။

ကမ္ဘာပေါ်တွင် ကစဉ့်ကလျားရောဂါရှိသူပေါင်း ၃၅ သန်းကျော်ရှိပြီး ယင်းအနက် ထက်ဝက်ကျော်မှာ ဝင်ငွေအလယ်အလတ်နှင့်ဝင်ငွေနည်းပါးသောတိုင်းပြည်များတွင် နေထိုင်ကြသူများဖြစ်သည်။ ကမ္ဘာပေါ်၌ သက်ကြီးရွယ်အိုများ ပိုမိုများပြားလာသောကြောင့် မိသားစု၊ မိတ်ဆွေများနှင့် လူ့အသိုင်းအဝိုင်း၏ ဝိုင်းဝန်းစောင့်ရှောက်မှုများ ပိုမိုလိုအပ်လာမည်ဖြစ်သည်။

အသက်(၆၀)နှစ်နှင့်အထက်လူ ၁၀ ဦးတွင် တစ်ဦးသည် ရေချိုးပေးခြင်း၊ အစားအစာကျွေးခြင်း၊ အဝတ်ဝတ်ပေးခြင်း စသောရေရှည်ဂရုစိုက် စောင့်ရှောက်မှုများ လိုအပ်နေသည်။ သို့ရာတွင် ယင်းသက်ကြီးရွယ်အိုများသည် မိသားစုများအပေါ် ကြီးမားသောဖိအားဖြစ်လာနိုင်သောကြောင့် ဝင်ငွေနည်းပါးသော နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ထားသင့်သည်ဟု တိုက်တွန်းထားသည်။*—Ref: BBC*

# Blackberry ကုမ္ပဏီ ရောင်းအားကျဆင်း၍ ဝက်ဝက်ကွဲ အရှုံးပေါ်နေ

**အိုတာရီယို၊ စက်တင်ဘာ-၂၁**

Black Berry ကုမ္ပဏီမှ နောက်ဆုံးထုတ်လုပ်ထားသော Z10 စမတ်ဖုန်းများ စမတ်ဖုန်းဈေးကွက်တွင် အောင်မြင်မှုမရရှိခဲ့သည့်အတွက် ယင်းကုမ္ပဏီကဝန်ထမ်း အင်အား ၄၀ရာခိုင်နှုန်းကိုလျှော့ချ ဖြစ်ပြီး မရောင်းရသေးသော ကနေဒါလာသန်းကိုးရာတန်ဖိုးရှိ ဖုန်းများကိုလည်း စာရင်းမှပယ်ဖျက်လိုက်သည်။




DADO RUVIC/REUTERS

ဝါတာလူးအခြေစိုက် Black Berry ကုမ္ပဏီကယခုကဲ့သို့ရောင်းချမည့်စာရင်းကိုပယ်ဖျက်လိုက်ခြင်းကြောင့် ဩဂုတ် ၃၁ရက်တွင် အဆုံးသတ်သည့် ဒုတိယသုံးလပတ်အတွင်း ကနေဒါလာ တစ်ဘီလီယံအရှုံးပေါ်မည်ဖြစ်ကြောင်း ပြောကြားသည်။ ကီထွင်သည့်စရိတ်ကုန်ကျမှုမှာ Touch Screen အမျိုးအစား Z10စမတ်ဖုန်းထုတ်လုပ်ခြင်းနှင့်ဆက်စပ်မှု များစွာရှိကြောင်း ယင်းကုမ္ပဏီကပြောသည်။

Black Berry ကုမ္ပဏီက အလုပ်အကိုင်ပေါင်း ၄,၅၀၀လျှော့ချမည်ဖြစ်သောကြောင့် ဝါတာလူးဒေသမှအလုပ်သမားအများဆုံးထိခိုက်ဖွယ်ရှိကြောင်းသိရသည်။ ကုမ္ပဏီ၏ ကမ္ဘာ့အလုံးစုံမှ ပျမ်းမျှဝင်ငွေစုစုပေါင်းမှာ ယမန်နှစ်တွင် ကနေဒါလာ ၂၁ဒသမ၉ဘီလီယံရှိခဲ့ရာမှ ကနေဒါလာ ၁၁ဒသမ ၆ဘီလီယံသို့ကျဆင်းမည်ဟု မျှော်လင့်ထားကြောင်းကုမ္ပဏီ၏ အမှုဆောင်အရာရှိသော်စတန်ဟိန်းစ်ကပြောသည်။

Q10 ဖုန်းထွက်ရှိပြီးနောက် Z10စမတ်ဖုန်းကို ထုတ်လုပ်ကာ ရောင်းအားမြင့်တင်လာရန် မျှော်လင့်ခဲ့သည်။ ယင်းဖုန်းများသည် Black Berry 10-operation System သုံးဖုန်းများဖြစ်ပြီး အင်တာနက်ရှာဖွေမှုများကိုလည်း ယခင်ဖုန်းများထက် ပိုမိုကောင်းအောင်ပြုလုပ်ပေးထားသည်။

သို့သော် ယင်းဖုန်းအသစ်များမှာရောင်းအားနှေးကွေးခဲ့ပြီး Z10စမတ်ဖုန်းရောင်းအားမှာ အထူးသဖြင့် ဈေးကွက်ရှာဖွေမှုညံ့ဖျင်းမှုကြောင့်ထိခိုက်ခဲ့ရခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များကပြောသည်။ ဝယ်သူများအတွက် ပိုမိုဆွဲဆောင်မှုရှိစေရန် ဖုန်းကိုဈေးနှုန်းပြန်လည်သတ်မှတ်ပေးသွားမည်ဟု ကုမ္ပဏီက အရိပ်အမြွက်ပြောကြားထားကြောင်း The Globe and Mail သတင်းဌာနကဖော်ပြသည်။

*—Ref: The Globe and Mail*

# ဟားဗတ်တက္ကသိုလ် ကနေဒါလာ ၆ ဒသမ ၅ ဘီလီယံ စံချိန်တင် ရန်ပုံငွေ ရှာဖွေမှုစတင်

**ဘော်စတွန်၊ စက်တင်ဘာ-၂၂**

အမေရိကန်နိုင်ငံတွင် အချမ်းသာဆုံးတက္ကသိုလ်ဖြစ်သော ဟားဗတ်တက္ကသိုလ်က ၎င်းတို့၏ပညာရေးလုပ်ငန်းအစီအစဉ်သစ်များနှင့် ဘဏ္ဍာရေးအကူအညီပေးရေးခိုင်မာတောင့်တင်းလာစေရန် ကနေဒါလာ ၆ဒသမ ၅ဘီလီယံအလှူငွေရှာဖွေသွားမည်ဟု စက်တင်ဘာ ၂၁ရက်က ပြောကြားသည်။

ပြီးခဲ့သည့်နှစ်က ကယ်လီဖိုးနီးယားပြည်နယ်မှ စတန်းဖို့ဒ်တက္ကသိုလ်က ကနေဒါလာ ၆ဒသမ ၂ ဘီလီယံရန်ပုံငွေရှာဖွေမှုပြီးဆုံးချိန်မှာပင် မက်ဆာချူးဆက်ပြည်နယ် ကန်းဘရစ်ချ်တက္ကသိုလ်၏ သမိုင်းတစ်လျှောက်ရည်မှန်းချက်အကြီးမားဆုံးရန်ပုံငွေရှာဖွေမှုအစီအစဉ်ပေါ်ထွက်လာခြင်းဖြစ်သည်။

ဟားဗတ်တက္ကသိုလ်၏ အစီအစဉ်ဖော်ထုတ်ပွဲတွင် မိုက်ကရိုဆော့ဖ်ကုမ္ပဏီကိုထူထောင်ရန် ကျောင်းမထွက်မီ တက္ကသိုလ်တွင် သုံးနှစ်တက်ရောက်သွားခဲ့သူ ဘီလ်ဂိတ်လည်းပါဝင်သည်။ မက္ကဆီကိုသူဌေးကြီးကားလို့စ်စလင်း၏နောက် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဘီလ်ဂိတ်က ကျောင်းသားဟောင်းများနှင့် အလှူရှင်များပါဝင်သော အခမ်းအနားတွင် ၎င်းကျောင်းထွက်ရခြင်းအကြောင်း နောက်ပြောင်ခဲ့သည်။

"ကျွန်တော်ဟားဗတ်ကနေ ကျောင်းထွက်သွားတယ်လို့ မပြောနိုင်ပါဘူး။ ခွင့်ယူသွားတယ်လို့ ပြောရပါမယ်။ ကျွန်တော့်ကုမ္ပဏီအခြေအနေမကောင်းရင် ဟားဗတ်ကိုပြန်လာနိုင်ပါတယ်"ဟု ဘီလ်ဂိတ်ကပြောသည်။ ယင်းအစီအစဉ်အတွက် မည်မျှလှူဒါန်းမည်ကိုမသိရသေးပေ။ ယခုကဲ့သို့ဟားဗတ်တက္ကသိုလ်၏ ရန်ပုံငွေရှာဖွေရေးအစီအစဉ်ကို မကြေညာမီ အကြိုကောက်ခံခဲ့ရာတွင် အလှူရှင်ပေါင်းကိုးသောင်းထံမှ ကနေဒါလာ ၂ဒသမ ၈ဘီလီယံရရှိထားပြီဖြစ်ကြောင်း ဟားဗတ်တက္ကသိုလ်က ထုတ်ဖော်ပြောကြားပြီး ၎င်းတို့အနေဖြင့် ဆယ်စုနှစ်ကျော်ကာလအတွင်း ပထမဆုံးရန်ပုံငွေရှာဖွေခြင်းဟု ထုတ်ပြန်ချက်တစ်ရပ်တွင်ပြောကြားသည်။

*—Ref: Reuters*

7DAY NEWS JOURNAL

# International

Vol.12, No.29 • SEPTEMBER 25 , 2013



CHANCE CHAN/REUTERS

တရုတ်နိုင်ငံ ဇီကျန်းပြည်နယ် ဟန်ဖောင်းဒေသတွင် ယူဆာဂီတိုင်ဖွန်းမုန်တိုင်းကြောင့်ဖြစ်ပေါ်လာသော လှိုင်းလုံးများကို အလည်အပတ်လာရောက်သူများက ဓာတ်ပုံရိုက်ယူနေကြသည်ကို စက်တင်ဘာ ၂၂ ရက်က တွေ့ရစဉ်။ ယင်းမုန်တိုင်းကြောင့် တရုတ်နိုင်ငံတောင်ပိုင်းတွင် အနည်းဆုံး လူ ၂၅ ဦးသေဆုံးကြောင်း နိုင်ငံပိုင်မီဒီယာက ကြေညာခဲ့သည်။

## ဂရိနိုင်ငံ ဘတ်ဂျက် ၂၀၁၃ တွင် ပိုငွေပြမည်ဟု မျှော်လင့်

**အေသင်၊ စက်တင်ဘာ–၂၃**

ဂရိနိုင်ငံ၏ အခြေခံဘတ်ဂျက်သည် ယခုနှစ်အတွင်း ပိုငွေပြမည်ဟု ဂရိနိုင်ငံနှင့် ၎င်း၏မြီရှင်နိုင်ငံများက သဘောတူညီမှုနီးပါးဖြစ်နေကြောင်း ဂရိအရာရှိကြီးများ၊ အီးယူနှင့် အိုင်အမ်အက်ဖ်အရာရှိများ တွေ့ဆုံပွဲအပြီးတွင် ဂရိဘဏ္ဍာရေးဝန်ကြီးဌာန အရာရှိကြီးတစ်ဦးကပြောကြားသည်။

ချေးငွေများအတွက် အတိုးမပေးမီ အခြေခံဘတ်ဂျက်တွင် ပိုငွေပြရေးမှာ ဂရိနိုင်ငံအတွက် အရေးကြီးသည်။ ယင်းသို့ပိုငွေပြခြင်းကြောင့် အီးယူနှင့် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့များနှင့် ချုပ်ဆိုထားသော သဘောတူညီမှုအရမြီရှင်နိုင်ငံများထံမှ ကြွေးမြီသက်သာခွင့်ထပ်မံရရှိနိုင်မည်ဖြစ်သည်။

"ဒီနှစ်မှာ အခြေခံဘတ်ဂျက် ပိုငွေ အနည်းငယ်ပိုထွက်လာမယ်ဆိုတာကို အားလုံးရဲ့ ပကတိခန့်မှန်းချက်ပေါ် ထွက်လာဖို့ နီးစပ်လာပြီလို့ကျွန်တော် ထင်ပါတယ်" ဟု အရာရှိကြီးကပြောကြားသည်။

ယင်းအတွက် အီးယူ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် ဥရောပဗဟိုဘဏ်မှ အရာရှိများသည် ဂရိနိုင်ငံ၏စီးပွားရေးနှင့် ဘတ်ဂျက်အချက်အလက်များကိုပြန်လည်သုံးသပ်နေကြပြီး အဆိုပါလုပ်ငန်းစဉ်မှာ အောက်တိုဘာလကုန်အထိ ကြာမြင့်မည်ဟု မျှော်လင့်ရသည်။

နိုင်ငံ၏ စီးပွားရေးသည် ခြောက်နှစ်ကြာ စီးပွားကျကပ်အတွင်း ရောက်ရှိပြီးနောက် အဆိုးဆုံးအခြေအနေမှလွတ်မြောက်လာပြီဟု ယုံကြည်ကြောင်း ဂရိဘဏ္ဍာရေးဝန်ကြီး ယန်းနစ်စကော်နာရက်စ်က ပြောကြားသည်။

—*Ref: Reuters*

## အာတိတ်ရေခဲပြင် အရည်ပျော်ကျမှု ယခုနှစ်တွင် လျော့နည်းလာဟု နာဆာထုတ်ပြန်

**ဝါရှင်တန်၊ စက်တင်ဘာ–၂၃**

အာတိတ်ရေခဲပြင်သည် ယခုနှစ်နွေရာသီတွင် အရည်ပျော်ကျမှု လျော့ကျခဲ့ပြီး ပြီးခဲ့သောနှစ်ကထက် ရေခဲထုများပြားခဲ့သည်ဟု နာဆာက သတင်းထုတ်ပြန်သည်။

အာတိတ်ဒေသရေခဲပြင် အရည်ပျော်ကျမှု ပမာဏမှာ ပြီးခဲ့သောနှစ် အခြေအနေကဲ့သို့ အရည်ပျော်ကျမှုမဆိုးရွားသော်လည်း ၁၉၈၁ မှ ၂၀၁၀ နှစ်များအတွင်း ပျော်ကျမှုပမာဏထက် ပိုများခဲ့သည်ဟုသိပ္ပံပညာရှင်များကပြောကြားသည်။ ယခုနှစ် အာတိတ်ရေခဲပြင်ပမာဏမှာကီလိုမီတာ ၅ဒသမ ၁၀ သန်းအထိ ကျုံ့သွားခဲ့သည်ဟုအမေရိကန်အာကာသအေဂျင်စီက စက်တင်ဘာ ၂၀ ရက်တွင် ပြောကြားခဲ့သည်။ အာတိတ်ရေခဲပြင် အရည်ပျော်ကျမှုမှာ ၂၀၀၇ ခုနှစ် နောက်ပိုင်းမှစ၍ အရှိန်မြင့်တက်ခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် အရည်ပျော်မှု အဆိုးရွားဆုံးဖြစ်ခဲ့သည်။

သိပ္ပံပညာရှင်များသည် ယခုနှစ်တွင် ရေခဲအရည်ပျော်ကျမှုသည် ၂၀၁၂ ခုနှစ်ထက် ပိုဆိုးမည်ဟု မျှော်လင့်ခဲ့ကြသော်လည်း အနည်းငယ်တိုးတက်မှုရှိခဲ့သည်ဟု နာဆာတာဝန်ခံတစ်ဦးက ပြောကြားသည်။ သို့ရာတွင် ယခုကျန်ရှိသော အာတိတ်ရေခဲပြင်သည် ပြီးခဲ့သော ဆယ်စုနှစ်များက ရေခဲပြင်များနှင့် နှိုင်းယှဉ်ကြည့်လျှင် ၅၀ ရာခိုင်နှုန်းနီးပါး **စာမျက်နှာ ၄၆**»

## ကိုလိုရာဒိုမြို့ လမ်းပန်းဆက်သွယ်ရေး ပြန်ကောင်းရန် လမ်းပြင်သူများနှင့် စစ်သားများ အပူတပြင်းလုပ်ဆောင်

**လောင်းမွန်၊ စက်တင်ဘာ–၂၄**

မျှော်မှန်းမထားသော ရေကြီး၊ ရေလျှံမှုများကြောင့် ပြတ်တောက်ခဲ့ရသော အမေရိကန်နိုင်ငံ ကိုလိုရာဒို တောင်ပေါ်မြို့များ၏ လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်ရန် ပြည်နယ်အဝေးပြေးလမ်းပြင်ဆင်ရေးအဖွဲ့များနှင့် အမျိုးသားကာကွယ်ရေးတပ်ဖွဲ့များ အပြင်းအထန်ကြိုးစားနေရသည်။

အခြားအဖွဲ့များကလည်း ဆောင်းဦးရာသီစိုက်ပျိုးရေး ထွက်ကုန်များကို ထရပ်ကားများ သယ်ဆောင်နိုင်ရန် ကိုလိုရာဒိုအရှေ့ဘက် လွင်ပြင်တွင် ဦးစားပေးပြင်ဆင်ရမည့် လမ်းများကို တိုင်းတာနေသည်။

"သူတို့ တကယ်ပဲ ကြိုးစားပမ်းစားလုပ်နေကြတယ်"ဟု ကြီးကျယ်သော ရေလွှမ်းမိုးမှုများမှပြန်လည်နာလန်ထူရေးကို ကြီးကြပ်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူးက ရွေးချယ်ထားသည့် ပြင်ပစီးပွားရေးလုပ်ငန်းတစ်ခုမှ အမှုဆောင်ဂျယ်ရီစတက်ဒ်က ပြောကြားသည်။ ကိုလိုရာဒိုရေကြီးရေလျှံမှုကြောင့် ကိုလိုရာဒိုပြည်နယ်ရှိ စီရင်စု(၂၀)အနက်(၁၇)စီရင်စု ထိခိုက်ပြီး လူခုနစ်ဦးသေဆုံးခဲ့သည်။

ရာသီဥတု ထပ်မံဒုက္ခပေးခြင်းမရှိပါက ဒီဇင်ဘာ ၁ ရက်သတ်မှတ်ချိန်တွင် လမ်းများကို ယာယီပြင်ဆင်မှုပြီးစီးမည်ဟု ယုံကြည်ကြောင်း စတက်ဒ်နှင့် ကိုလိုရာဒိုသယ်ယူပို့ဆောင်ရေးဌာန အမှုဆောင်ဒါရိုက်တာ ဒွန်ဟန့်တိုက ပြောကြားသည်။ ဆောင်းရာသီဝင်ရောက်လာပါက အဝေးပြေးလမ်းမများပြင်ဆင်ရေး ပိုမိုခက်ခဲသောကြောင့် ယင်းမတိုင်မီ လမ်းများအချိန်မီ အလျင်အမြန်ပြင်ဆင်ရေးမှာ အရေးကြီးသည်။

—*Ref: AP*



NO.154 | WEDNESDAY, SEPTEMBER 25, 2013.

# ရဲတပ်ဖွဲ့ဝင်များ၏နောက်ကို ကျော်ကြည့်ဖူးပါသလား

**ထွန်းခိုင်၊ အောင်ခိုင်**

နှုတ်ခမ်းမွေးရေးရေးဖြင့် အဆီပြန်နေသည့် မျက်နှာများရှိသည့် လူကြမ်းမင်းသားများကို မြန်မာဗီဒီယိုဇာတ်လမ်းများ ကြည့်ဖူးသူတိုင်း သိကြလိမ့်မည်။ သူတို့သည် ဇာတ်ကားများထဲ အမြဲတစေဆိုးသွမ်းကြသည်။ ဇာတ်ဆောင်မင်းသား မည်မျှပြောင်းပြောင်းသူတို့သည်လူကြမ်းနေရာတွင် ပါဝင်သရုပ်ဆောင်ရသည်။

မြန်မာ့နိုင်ငံရေးနှင့် သမိုင်းအဖြစ်အပျက်များကို ပုံဖော်ရာတွင်လည်း အမြဲတစေဆိုးသွမ်းသည့်နေရာမှ ပါရသူများရှိသည်။ တစ်ခါတစ်ရံတွင် လက်ထဲကိုင်ထားသည့်ဒိုင်းများကိုနံပါတ်တုတ်များဖြင့် တဖြန်းဖြန်းရိုက်ရင်း ဆန္ဒပြသည့်သူများဆီသို့ ချီတက်လာကြသည်။ တစ်ခါတစ်ရံတွင်မူသေနတ်များ မိုးပေါ် ထောင်ပစ်ကာ ဆန္ဒပြသူများကို ဖြိုခွဲကြသည်။ တစ်ခါတစ်ရံတွင်တော့ ရဟန်းရှင်လူ ပြည်သူများ၊ ကျောင်းသားများကို နံပါတ်တုတ်ဖြင့် ရိုက်၊ သေနတ်ဖြင့်ပစ်ခတ်သည့်မြန်မာနိုင်ငံ၏ လူကြမ်းမင်းသားများအဖြစ် ကမ္ဘာကျော်ကြသည်။

ဂင်းတို့မှာပဋိပက္ခဖြစ်စဉ်များ၊ ဆန္ဒပြပွဲများကို ကိုင်တွယ်ဖြေရှင်းကြသည့် လုံထိန်းရဲတပ်ဖွဲ့ဝင်များပင်ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင်ပင် ရဲတပ်ဖွဲ့ဝင်များ၊ လုံထိန်းတပ်ဖွဲ့များနှင့် ဆန္ဒပြကန့်ကွက်သူများကြား အကြီးအကျယ် ထိပ်တိုက်တွေ့ဆုံမှု ငါးကြိမ်ထက်မနည်း ဖြစ်ပွားခဲ့သည်။ ယင်းပဋိပက္ခများ အတွင်း အရပ်သားနှစ်ဦး သေဆုံးကာ ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များဘက်ကမူ တစ်ဦးသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီသည့် ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရခဲ့သည်။ အဆိုပါ အရေအတွက်တွင် ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးရယူထားသည့် လုံထိန်းရဲများနှင့် ဘင်္ဂါလီများနှင့် ဖြစ်ပွားခဲ့သည့် အရေအတွက်များ မပါဝင်သေးပါ။

၂၀၀၇ က သံဃာတော်များအား ရန်ကုန်မြို့လယ်တွင် ရိုက်နှက်ဖမ်းဆီးခဲ့သည့်ယခင်စစ်အစိုးရ၏ တတိယအဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်နှင့်ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခဲ့သူတို့ကိုပင် မြန်မာ့ပြုပြင်ပြောင်းလဲရေး၏ အဓိကဇာတ်လိုက်ကျော်များအဖြစ် ပြည်တွင်းပြည်ပမီဒီယာများက ပုံဖော်ကြသည်။

သို့သော်လည်း ရွှေဝါရောင်တော်လှန်ရေးအတွင်း နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သည့် လုံထိန်းများကတော့ မြန်မာ့ပြုပြင်ပြောင်းလဲရေးဇာတ်လမ်းတွင် လူကြမ်းနေရာမှပင် ဆက်လက်ကပြ အသုံးတော်ခံနေရဆဲဖြစ်သည်။

ခေတ်အဆက်ဆက်ပြည်သူများက ဝေဖန်သည့် ရက်ရက်စက်စက်နှိမ်နင်းခြင်းများ၊ ပစ်ခတ်ဖြိုခွဲမှုများ ဘာကြောင့် ဆက်လက်လုပ်ဆောင်နေရသနည်းဆိုသည်ကို လုံထိန်းတပ်ဖွဲ့ဝင်အချို့နှင့် တွေ့ဆုံမေးမြန်းစဉ် ထည့်သွင်းမေးမြန်းခဲ့သည်။ ပြည်သူများကမုန်းတီးနေသည့် ၎င်းတို့အနေဖြင့် ပြည်သူအပေါ် ဘယ်လိုသဘောထားပါသလဲဟုလည်း မေးမြန်းခဲ့သည်။ ဖြေဆိုသူလုံထိန်းတပ်ဖွဲ့ဝင်အများစုကတော့ သူတို့သည်လည်း အခြားတိုင်းသူပြည်သူများလိုပင် စနစ်၏ သားကောင်များဖြစ်နေကြောင်း ပြန်လည်ဖြေကြားခဲ့သည်။ တွေ့ဆုံမေးမြန်းသူများထဲတွင် လက်ပံတောင်းတောင် ပဋိပက္ခ လုံခြုံရေးတာဝန်ယူထားသူများ၊ ရခိုင်ပဋိပက္ခလုံခြုံရေးရယူထားသည့် လုံထိန်းရဲများ ပါဝင်သည်။

သူတို့သည်လည်း သာမန်ပြည်သူများလိုပင် အရည်အသွေးနိမ့်ကျသည့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ မလောက်ငသည့် လစာငွေများ၊ သက်တမ်းလွန်အစားအသောက်များကြား ဘဝကိုခက်ခဲစွာ ရုန်းကန်နေရသူများဖြစ်ကြောင်း ပြောဆိုကြသည်။

သူတို့အတွက် ပိုပိုသာသာဖြစ်ရသည့်တစ်ခုမှာ အထက်ကပေးသည့် အမိန့်ကို အတိအကျလိုက်နာရခြင်းပင်ဖြစ်သည်ဟု ၎င်းတို့က ဆိုသည်။

လာဘ်စားမှု၊ အာဏာအလွဲသုံးစားလုပ်သည့်ရဲတပ်ဖွဲ့ဝင်တို့ရှိသည်ကိုတော့ ၎င်းတို့က ဝန်ခံခဲ့ပြီး အထက်ကပေးသည့်အမိန့်များကို ဖော်ဆောင်ရခြင်းများကြောင့်လည်း ၎င်းတို့ နာမည်ဆိုးဖြင့် ကျော်ကြားလာရခြင်းဖြစ်ကြောင်း ပြောသည်။

"ဖြစ်ခဲ့တဲ့ မလက်တို၊ ရှားခဲအင်း၊ လက်ပံတောင်းအားလုံးကို ကြည့်လိုက်။ ကျွန်တော်တို့အကျိုးစီးပွားအတွက် တစ်ခုမှမရဘူး။ အခုခရိုနီလို့ခေါ် ခေါ်နေတဲ့သူတွေနဲ့ လယ်သမားတွေအကြားဖြစ်ရတဲ့ ပြဿနာတွေ။ တကယ်တမ်းဖြစ်တော့ လုံထိန်းတွေပဲနာမည်ပျက်တယ်။ အထိနာတယ်။ ဘာသာရေးအရကြည့်ရင်လည်း ငရဲကြီးတယ်" ဟု ရောဝတီတိုင်းဒေသကြီးအတွင်းမှ လုံထိန်းတစ်ဦးက ပြောသည်။

နိုင်ငံတကာ မီဒီယာစာမျက်နှာများပေါ် တွင် နာမည်ဆိုးဖြင့် ကျော်ကြားနေသည့် လုံထိန်းတစ်ယောက်ဘဝကလည်းတကယ်တန်းတော့ ထင်သလောက်မလွယ်။ ဒုတိယကမ္ဘာစစ်လက် ကျန်လက်နက်များကိုင်ဆောင်ပြီး ဈေးပေါပေါဖြင့်ဝယ်၍ရသောတရုတ်လုပ်ဦးထုပ်များဆောင်းကာ ဒေါသထွက်နေသည့် လူအုပ်များကို ရင်ဆိုင်ရသည်။

ဆန္ဒပြ လူအုပ်အပေါ် အနည်းငယ် အတိမ်းအစောင်းဖြစ်လို့မရ။ မီဒီယာများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများနှင့် ပြည်သူများ၏ ဝေဖန်သံများကိုပြင်းပြင်းထန်ထန် ရင်ဆိုင်ရနိုင်သည်။ ထို့အပြင် အထက်အရာရှိ၏ အပြစ်ပေးကြိမ်းမောင်းမှုများ၊ ရာထူးလျှော့ချ ခံရမှုများလည်း ကြုံတွေ့ရနိုင် သည်။

"ရဲထဲမှာတောင် လုံထိန်းလုပ်ချင်တဲ့သူ ရှားတယ်။ ဒေသခံ ရဲပဲလုပ်ချင်ကြတယ်။ လုံထိန်းတပ်ထဲက ရဲတွေရဲ့ မိန်းမတွေကဈေးရောင်းပြီးအိမ်အတွက်ဝင်ငွေရှာရတယ်။ လုံထိန်းမိန်းမတွေက အရာရှိတွေအိမ်မှာ အလှည့်ကျသွားကူလုပ်ပေးရတဲ့နေ့ အိမ်ကမိန်းမတွေ ဈေးမထွက်နိုင်လို့ မိသားစုအတွက် စိတ်ပူရတဲ့ လုံထိန်းတွေလည်း အများကြီးရှိတယ်"ဟု ရခိုင်ပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသည့် လုံထိန်းအရာရှိတစ်ဦးက ပြောသည်။

"ရခိုင်မှာဆို ဒေသခံတွေက ကျွန်တော်တို့ကို "ကုလားကာ" လို့ ခေါ်တယ်။ ဘင်္ဂါလီတွေကို ကာကွယ်လို့ဆိုပြီး။ ဘင်္ဂါလီတွေ သောင်းကျန်းရင် ကြောက်တယ် မပစ်ဘူး။ ကာကွယ်ပေးတယ်ပေါ့။ ဘင်္ဂါလီတွေ ရွာထဲမှာဆိုလည်း ပြဿနာဖြစ်လာရင် လူအုပ်က ဂျင်ကလိနဲ့ပစ်တယ်။ ခဲနဲ့ထုတာခံရတယ်။ ကိုယ်မထိအောင် ဒိုင်းတွေနဲ့ မနည်းကာရတယ်။ ပစ်မိန့်မရလို့ ငုံ့ခံနေခဲ့ရတာလည်း ခဏခဏပဲ" ဟု အဆိုပါအရာရှိက ပြောသည်။

ရဲတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုအပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် (၁၀)ပါးအနက် နံပါတ်ခြောက်တွင် အောက်ပါအတိုင်းရေးသားထားသည်။

"ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ရယူပါ"

မြေပြင်အခြေအနေတွင်တော့ စာထဲမှာရေးသားထားသည်နှင့် ကွဲလျက်ရှိသည်။

ယခုလတတိယပတ်အတွင်းက အစိုးရအရာရှိများ ရုံးစိုက်ရာနေပြည်တော်တွင် ပြန်ကြားရေးဝန်ကြီးဌာနမှ လယ်မြေများ သိမ်းဆည်းသည်ဟုဆိုကာဒေသခံများက အပြင်းအထန်ကန့်ကွက်ကြသည်။

ဦးဆောင်ပါဝင်သူများကို ထိန်းသိမ်းရန် အဆိုပါရွာသို့ ရဲတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့သည်။ ဒေသခံများနှင့် ရဲများအကြား ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပွားခဲ့ပြီး ရဲတပ်ဖွဲ့ဝင်အချို့ကိုဒေသခံများက ထိန်းသိမ်းလိုက်သည်။

အဆိုပါအဖြစ်အပျက်မှ တိုင်တွင်ကြိုးတုပ်ခံရသော ရဲတပ်ဖွဲ့ဝင်တစ်ယောက်၏ ပုံကို 7Day Daily က ရရှိခဲ့ပြီးရေးသားဖော်ပြခဲ့သည့် သတင်းကို ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ တိုင်တွင် လက်ပြန်ကြိုးတုပ်လျက် အနည်း ငယ်ပင်ပန်းနွမ်းနယ်နေပုံပေါက်သည့် အဆိုပါရဲတပ်ဖွဲ့ဝင်အပေါ် တွင် မှတ်ချက်ပေးသည့်သူများအနက် စာနာသနားမည့်သူလွန်စွာနည်းပါးခဲ့သည်။

Kolay Lwin ဆိုသည့်အမည်ဖြင့် ဖေ့စ်ဘွတ်ခ်သုံးစွဲသူက "သူခိုးဓားပြနှင့် ရဲအတူတူပဲ။ သူတို့ကိုယ်တိုင် သိက္ခာမရှိဘူး" ဟု ရေးသားကာ ဝေဖန်ခဲ့သည်။

အံ့အားသင့်စရာကောင်းသည့်အချက်မှာ အဆိုပါအဖြစ်အပျက်စတင်ဖြစ်ပွားစေသည့် လယ်မြေသိမ်းဆည်းသူများ၊ နစ်နာသူများအား ညှိနှိုင်းရာတွင် အောင်မြင်အောင် မဆောင်ရွက်နိုင်သူများကိုမည်သူမျှအပြစ်မတင်ခဲ့ကြခြင်းပင်ဖြစ်သည်။

လုံထိန်းများနှင့် ဒေသခံများအကြားမကြာခဏထိပ်တိုက်တွေ့သည့် ရောဝတီတိုင်းဒေသကြီးမှ ဒေသလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် သာပေါင်းမဲဆန္ဒနယ် အမတ် ဦးဝင်းသိန်းကတော့ နှစ်ဖက်အကြား ထိပ်တိုက်မတွေ့ရန်ပြဿနာများကိုတင်းမာမလာမီ ဖြေရှင်းကြရန် အကြံပြုခဲ့သည်။

"ပြဿနာစဖြစ်တာ ရဲကစတာမဟုတ်ဘူး။ မကျေနပ်လို့ ဆန္ဒဖော်ထုတ်မယ်ဆိုရင်လည်း ခွင့်ပြုသင့်တယ်။ ဆူမှရဲကို သွားပြီး ဖြေရှင်းခိုင်းတာမျိုး မဖြစ်အောင်လုပ်ဖို့လိုတယ်" ဟုဦးဝင်းသိန်းက အကြံပြုသည်။

"ရဲတပ်ဖွဲ့အနေနဲ့ လူ ၂၀၀ ခန့်ကိုဟန့်တားနိုင်တဲ့ပစ္စည်းတွေ၊ နည်းလမ်းတွေ ကြိုတင်ပြင်ဆင်ယူလာသင့်ပါတယ်။ အဝိုင်းခံရတော့မှအသက်ဘေးကကာကွယ်ရတဲ့အခါမှာ အသက်ချင်းလဲယူဆောင်ရွက်ရတဲ့အဖြစ်ဟာ မဖြစ်သင့်ပါဘူး" ဟု ဒေသခံနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာ အပြင်းအထန်ရခဲ့သည့် ရှားခဲအင်း ဖြစ်စဉ်အပြီး ၎င်းကပြောကြားခဲ့ဖူးသည်။

အစိုးရသစ်တက်လာသည်မှာ ၂နှစ်ကျော်ခဲ့ပြီဖြစ်သည်။ မြန်မာ့နွေဦးဟု တင်စားသည့် အကူးအပြောင်းအချိန်ကာလတွင် ယခင် အစိုးရလက်ထက် နာမည်ဆိုးဖြင့် ကျော်ကြားသူများ နေ့ချင်းညချင်း ဒီမိုကရေစီ ဘက်တော်သားများဖြစ်ကုန်သည်။ ၎င်းတို့ကို မှီခိုကာ ချမ်းသာကြသူများ ပိုချမ်းသာလာကြသည်။

သို့သော်လည်း အစိုးရအရာရှိကြီးများ၊ ၎င်းတို့အား မှီခိုနေသည့် ခရိုနီကြီးများ သိမ်းယူထားသည့်မြေများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက်ပြည်သူများကလည်း ယခင်အတိုင်း လမ်းများပေါ် ထွက်ကာ ဆန္ဒပြနေဆဲဖြစ်သည်။ ဆန္ဒပြသည့် လူအုပ်ကြီးကို နှိမ်နင်းရန် လုံထိန်းများကလည်း ယခင်အတိုင်း အမိန့်နာခံနေရဆဲဖြစ်ပါသည်။

မြန်မာ့နွေဦးဇာတ်လမ်းများတွင် မင်းသားများ ပြောင်းသွားခဲ့သော်လည်း လူကြမ်းများအဖြစ် လုံထိန်းများ ဆက်လက်ကပြနေရဆဲဖြစ်သည်။ ပြည်သူများလည်း ထိုလူကြမ်းများအောက် အသက်ကို လုနေရဆဲ ဖြစ်ပါသည်။ ။

**အစိုးရသစ်လက်ထက်တွင် ဖြစ်ပွားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံအချို့၏ ထိပ်တိုက်တွေ့ဆုံမှုအချို့**

| | | |
|---|---|---|
| ရှားခဲအင်း (၂၀၁၂စက်တင်ဘာ) | - ရောဝတီတိုင်း ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ရှားခဲကြီးရွာတွင် လေလံကိစ္စနှင့်ပတ်သက်သည့် အဓိကရုဏ်းဖြစ်။ | - ဒေသခံ နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာအပြင်းအထန်ရ။ |
| လက်ပံတောင်း (၂၀၁၂နိုဝင်ဘာ) | - လက်ပံတောင်းတောင် သတ္တုစီမံကိန်းကို ကန့်ကွက်သည့် သပိတ်စခန်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အရုဏ်တက်ချိန်တွင် အလစ်အငိုက်ဝင်စီး။<br>- ဆန္ဒပြသူများ၏ ကိုယ်ခန္ဓာအား မီးလောင်ကျွမ်းစေသည်အထိ ပြင်းထန်သည့် လက်နက်များ အသုံးပြုခဲ့ကြသည်။ | - သပိတ်စခန်းမှ သံဃာတော်နှင့် လူ ၇၀ ကျော် ဒဏ်ရာရ။ |
| မလက်တိုကျေးရွာ (၂၀၁၃ ဖေဖော်ဝါရီ) | - မအူပင်ခရိုင် မလက်တိုကျေးရွာအုပ်စု ပလောင်ကျေးရွာအနီး လယ်မြေများသိမ်းခံရသည့် အရေးနှင့်ပတ်သက်ပြီး ရွာသားအင်အား ၁၅၀ ခန့်နှင့် ရဲတပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုဖြစ်။ | - ရဲတပ်သားတစ်ဦးသေဆုံး၊ အခြားရဲသုံးဦးနှင့် ဒေသခံရဲ ၃၀ နီးပါး ဒဏ်ရာရ။ |
| နှစ်ကျပ်ခွဲကျေးရွာ (၂၀၁၃ ဖေဖော်ဝါရီ) | - ကျောက်ပန်းတောင်းမြို့နယ် နှစ်ကျပ်ခွဲကျေးရွာတွင် လျှပ်စစ်ဓာတ်အားသွယ်တန်းမှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူအချို့တို့အကြား ထိပ်တိုက်တွေ့။ | - ဒေသခံအချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရ |
| ပုဗ္ဗသီရိ (၂၀၁၃စက်တင်ဘာ) | - နေပြည်တော် ပုဗ္ဗသီရိတွင် လယ်ယာမြေပြဿနာမှ အစပြု၍ ရဲတပ်ဖွဲ့ဝင်များနှင့် ရွာသားများ ပဋိပက္ခဖြစ်။<br>- တက်ကြွလှုပ်ရှားသူများကို လာရောက်ဖမ်းဆီးသည့် ရဲတပ်ဖွဲ့ဝင်များထဲမှ ငါးဦးခန့်ကို ဒေသခံများက ဖမ်းဆီးချုပ်နှောင်ခဲ့။ | - ဖမ်းဆီးခံထားရသော ရဲတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာအပြင်းအထန်ရ။ |

အရင်းအမြစ်။ ။ အစိုးရထုတ်ပြန်ချက်များနှင့် သတင်းဌာနများ။

**၂၄ နာရီတာဝန်ထမ်းဆောင်ရန် အသင့်ရှိရသည့် ရဲတပ်သားများနှင့် တစ်ရက်လျှင် ရှစ်နာရီဝန်းကျင် အလုပ်လုပ်ရသည့် ရန်ကုန်အခြေစိုက်အခြားလုပ်သားများ၏ အခြေခံလစာများ**

| အလုပ်အကိုင် | ရရှိသည့်လစာငွေ (ကျပ်ငွေ) | မှတ်ချက် |
|---|---|---|
| ရဲတပ်သား | ၁၁၄,၀၀၀ | လစာ (၆၀,၀၀၀) +<br>အခြား (၅၄,၀၀၀) |
| ပုဂ္ဂလိက လုံခြုံရေးဝန်ထမ်း | ၅၀,၀၀၀-၇၅,၀၀၀ | |
| စားသောက်ဆိုင်စားပွဲထိုးဝန်ထမ်း | ၃၀,၀၀၀-၇၅,၀၀၀ | နေစားငြိမ်း |
| ဆောက်လုပ်ရေးအခြေခံလုပ်သား | ၁၂၀,၀၀၀ | နေ့စား |
| ပုဂ္ဂလိကယာဉ်လိုင်းများ၏ ယာဉ်နောက်လိုက် | ၂၂၅,၀၀၀ | ရာခိုင်နှုန်းဖြင့် ငွေထပ်မံရရှိသည်။ |

အရင်းအမြစ်။ ။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်တွင်းအလုပ်ခေါ် စာများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ

ဂျာနယ် မျက်နှာဖုံး မှ

# ညသံစဉ်ကြားမှ ဘဝခါးခါး



*ထိုင်းနိုင်ငံ နာမည်ကျော် ညဈေးတန်းရှိ ဖျော်ဖြေရေးလုပ်ငန်းခွင်မှ အမျိုးသမီးများ* ဓာတ်ပုံ- meebal.com

သီချင်းဆိုရန် အလှည့်မကျသေးသည့် အမျိုးသားတစ်ဦးက သူ့ဘေးမှထိုင်နေသည့်အသက် ၂၅ နှစ်ခန့်အရွယ် ကောင်မလေး တစ်ဦးကို ပခုံးဖက်ရင်း တို့ထိကျီစယ်လျက်။

မြို့တော်ကြီးများတွင်ပေါ များလာသည့် ကေတီဗီ(ခေါ်) ကာရာအိုကေခန်းတို့နှင့်အတူ အသက် ၂၀ဝန်းကျင်မှ ၂၇နှစ်အရွယ်ထိအမျိုးသမီးငယ်များကတေးသံများနှင့် ပျော်မွေ့သည့်အလုပ်ဆီသို့ဝင်ရောက်လာကြပါသည်။ ယခင်က ကြိုးကြားကြိုးကြားသာပိုင်ရာဆိုင်ရာနားလည်မှုဖြင့် ဖွင့်လှစ်ခွင့်ရရှိသည့် ကာရာအိုကေဆိုင်များသည် ယခုအခါမှာတော့ ထင်ထင်ပေါ်ပေါ်ဖွင့်လှစ်လာကြပြီဖြစ်သည်။

သီချင်းဆိုဝါသနာပါသူ(သို့မဟုတ်) မူးယစ်လာပါက အလိုလိုသီချင်းဆိုချင်လာသူ(သို့မဟုတ်) စိတ်ခံစားချက်များကို ပေါက်ကွဲအော်ဟစ်ပစ်လိုသူ အမျိုးသားတို့အတွက် သန်းခေါင်ကျော်အထိ ဖွင့်လှစ်ကြသည့် ကေတီဗီများက ဗိမာန်တစ်ခုဖြစ်နေသည်။ အဆိုပါကေတီဗီများတွင် သီချင်းထည့်ပေးရန်၊ ဘီယာငှဲ့ပေးရန် အလို့ငှာ အမျိုးသမီးငယ်များကို ခန့်ထားလေ့ရှိကြသည်။

အမျိုးသမီးအများစုသည်ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းကဲ့သို့သောနယ်ဒေသများမှလာရောက်လုပ်ကိုင်ကြခြင်းဖြစ်ပြီးများသောအားဖြင့် အထည်ချုပ်စက်ရုံ ဝန်ထမ်းဘဝမှ နယ်ပယ်ကူးပြောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"အစက လှိုင်သာယာ အထည်ချုပ်စက်ရုံတစ်ခုမှာ လုပ်တယ်။ ဒီမှာအရင်လုပ်နေတဲ့ သူငယ်ချင်းရဲ့ အစ်မက တစ်ဆင့် ရောက်လာတာ"ဟု အလယ်အလတ်တန်းစားကေတီဗီတစ်ခုမှ အမျိုးသမီးတစ်ဦးကပြောသည်။

ကေတီဗီတွင် အလုပ်လုပ်ကိုင်နေကြသည့်အမျိုးသမီးတို့မှာ အဓိအားဖြင့်တော့ ထုံးစံအတိုင်း စားဝတ်နေရေးကြောင့်ပင်ဖြစ်သည်။ မူလရရှိသည့် ငွေကြေးထက် အနည်းဆုံးငါးဆသာလွန်အောင်ရရှိသည့် အတွက်ကြောင့်ပင်ဖြစ်သည်။

ကေတီဗီဝန်ထမ်းမယ်တစ်ဦးလျှင် အခြေခံလစာအဖြစ် တစ်လလျှင်နှစ်သောင်းဝန်းကျင်ခန့်သာရရှိသော်လည်း နေစရာအဆောင်ပေးပြီး ထမင်းကျွေးသည့်အပြင် ဆက်ရှင်ကြေးပါရရှိကြသည်။ အဓိကဝင်ငွေမှာ ဧည့်သည်များထံမှ စေတနာ သဒ္ဓါသရွေ့ပေးကမ်းသည့် မုန့်ဖိုးပင်ဖြစ်သည်။

တစ်ညလျှင် ကာရာအိုကေခန်း သုံး၊ လေးခန်းကူးသန်း၍ အမျိုးသား ဧည့်သည်တော်ကြီးများကို အဖော်လုပ်ပေးခြင်းက တစ်ခန်းလျှင် မုန့်ဖိုးငါးထောင်မှ တစ်သောင်းကျပ်အထိ ရရှိကြသည့်အတွက်တစ်လဝင်ငွေမှာအထည်ချုပ်အလုပ်နှင့်ယှဉ်လျှင်မက်လောက်စရာဖြစ်သည်။ အမျိုးသားတစ်ဦးအနီးတွင် ဝင်ထိုင်လိုက်လျှင် ကေတီဗီစားပွဲထိုးတစ်ဦးက အအေးတစ်ဘူးလာချပေးမည်ဖြစ်ပြီး အဆိုပါအအေးဘူးကိုမသောက်သုံးဘဲ ကောင်တာကို ပြန်အပ်ပါက အအေးဖိုးငွေကိုပါ ထပ်မံရရှိသည်ဟုသိရသည်။

ရရှိသည့် ငွေကြေးများကို စုဆောင်းကာ နယ်တွင်ကျန်ရစ်သည့်မိသားစုထံသို့ပြန်ပို့ကြသည်ဟု ကေတီဗီမယ်အမျိုးသမီးငယ်တို့က ပြောကြသည်။

"တစ်လကိုနှစ်သိန်းလောက်တော့ပြန်ပို့နိုင်တယ်။ ရသမျှထဲက ချွေတာပြီးသုံးတယ်"ဟု ကေတီဗီမယ်တစ်ဦးဖြစ်သည့် မဖွေးဖွေး(အမည်လွှဲ)ကဆိုသည်။ မဖွေးဖွေးက အလယ်အလတ်တန်းစား ကေတီဗီတစ်ခုတွင် အလုပ်ဝင်နေသည် မှာ တစ်နှစ်ပြည့်တော့မည်ဖြစ်သည်။ နယ်မှ နွမ်းပါးသည့် မိသားစုတွင် ညီမဖြစ်သူက အထက်တန်းတက်ရောက်နေပြီဖြစ်သည့်အတွက်ပညာဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန်ငင်းတွင်တာဝန်ရှိသည်ဟုဆိုသည်။

မဖွေးဖွေးကဲ့သို့ပင် အတူတူအလုပ်လုပ်နေကြသည့် ကေတီဗီအများစုမှာပညာရေးကို ပြီးဆုံးအောင်မသင်ကြားခဲ့ကြရပေ။ သို့သော်လည်း ငွေရပေါက်လွယ်သည့် လုပ်ငန်းမို့ ကေတီဗီမယ် ဆယ်ဦးလျှင် ရှစ်ဦးက ယခုဘဝကို ကြိတ်မှိတ်လုပ်ကိုင်နေကြသူများဖြစ်ကြသည်။

"တချို့ ရွေးစရာလမ်းမရှိတဲ့သူ။ တချို့က တခြားအလုပ်ထက် ဝင်ငွေပိုကောင်းလို့လုပ်တဲ့သူ။ တချို့ကျတော့ စီးပွားရေးဆန်ဆန်လုပ်နေတဲ့သူတောင်ရှိတယ်။ အပြင်မှာ တခြားစီးပွားရေးလုပ်ငန်းနဲ့ဘာနဲ့။ ဒါပေမဲ့ဒီအလုပ်ကိုလည်း ဆက်လုပ်တာပဲ။ အဲဒီလိုကောင်မလေးတွေကျတော့အထာကြီးတွေနဲ့"ဟုနေပြည်တော်မှအစိုးရအရာရှိတစ်ဦးက ရှင်းပြသည်။

"ကျွန်တော့် အစ်မဝမ်းကွဲတစ်ယောက်မြဝတီမှာ ကေတီဗီမှာလုပ်နေတယ်။ သူ့ကလေးကြောင့်ပါပဲ။ ယောကျ်ားကပစ်သွားတယ်လေ။ အစ်မကအသက် ၂၀ ကျော်ပဲရှိသေးတယ်။ ဆယ်တန်းလည်းမအောင်ဘူး။ မြန်မြန်နဲ့ များများရတဲ့အလုပ်ကို ရှာတာ။ အဲဒီကရတဲ့ ပိုက်ဆံနဲ့ ကလေးကိုကျောင်းထားတယ်။ သူ့အစ်မနဲ့ အမေကို ပြန်ထောက်ပံ့တယ်။ သူအလုပ်ကနေထွက်ချင်ပြီလို့ ခဏခဏပြောတယ်"ဟု ရန်ကုန်မြို့တွင် အလုပ်လုပ်ကိုင်နေသည့်အသက် ၂၁နှစ်အရွယ်ကုမ္ပဏီဝန်ထမ်းအမျိုးသားငယ်တစ်ဦးကပြောပြသည်။

မဖွေးဖွေးတို့လိုကေတီဗီမယ်များသည် ညနေ ၆ နာရီမှ ညသန်းခေါင်ကျော် ၂နာရီခန့်အထိ အလုပ်ဆင်းရလေ့ရှိသည်။ တစ်လလျှင်နှစ်ရက်နားခွင့်ရသည်။ ကေတီဗီ သို့လာရောက်သီဆိုကြသည့်အမျိုးသားအများစုမှာ မူးယစ်သောက်စားထားသည့်အတွက် တထောင်းထောင်းထ နေသည့်အရက်နံ့နှင့်ယှဉ်ပါးအောင်နေထိုင်ကြရသည်။ ၎င်းတို့ ကိုယ်ခန္ဓာကို ပွတ်သပ်ထိတွေ့မှုအချို့အတွက်သည်းခံကြရသည်။ အမူးလွန်နေသည့် ဧည့်သည်များက ရစ်သည့် ဒဏ်ကိုလည်း ခံကြရသည်။

ကေတီဗီဆိုင်များမှာလည်း အထက်တန်းစားနှင့် အလယ်အလတ်တန်းစားများအသီးသီးရှိကြသည့်အတွက် အထက်တန်းစားဆိုင်များသို့ ပြောင်းရွှေ့နိုင်ရန် အခွင့်ကောင်းစောင့်ကြရသည်။ အထက်တန်းစားကေတီဗီများမှာ အစားအသောက်နှင့် အခကြေး ဈေးကြီးသည့်အပြင် ကေတီဗီမယ်သို့ပေးရသည့် မုန့်ဖိုးပမာဏလည်းများပြားသွားသည့်အတွက် ဝင်ငွေ ပိုမိုရရှိကြသည်။

"အောက်တန်းကေတီဗီတွေက မယ်တွေက ဘဝပေးအခြေအနေအရဖြစ်ပြီးတော့အထက်တန်းကေတီဗီက မယ်တွေက အလွယ်ကြိုက်တွေလို့မြင်တယ်။ သွားတဲ့သူ သုံးတဲ့ပိုက်ဆံနဲ့အနေအထား။ အခန်းအပြင်အဆင်တွေကအစ ကွာတယ်"ဟု အလွတ်တန်းဓာတ်ပုံဆရာတစ်ဦးက ၎င်း၏အမြင်ကို ပြောပြသည်။

အထက်တန်းစားကေတီဗီများသို့ လာရောက်ကြသည့် ဧည့်သည်များမှာလည်း ငွေကြေးတတ်နိုင်သည့် လူတန်းစားတစ်ရပ်ဖြစ်ပြီး ငွေကို ရေလိုသုံးဖြုန်းခဲ့ကြလေ့ရှိသည်။ ဧည့်သည်အမျိုးသားက ၎င်းနံဘေးတွင် အဖော်လာပြုပေးသည့် ကေတီဗီမယ်ကို ကြိုက်နှစ်သက်ပါက ဖုန်းနံပါတ်ပေးထားခြင်းမှအစပြုကာ အားလပ်ရက်တွင် လျှောက်လည်ခြင်းမျိုးလည်း ပြုလုပ်တတ်ကြသည်။ ထိုဝန်ဆောင်မှုမျိုးမှ ရရှိသည့် ဝင်ငွေက တစ်လဝင်ငွေထက်ပိုများသွားလေ့ရှိသည်ဟု ကေတီဗီသွားရောက်လေ့ရှိသူများကဆိုကြသည်။

ရွှေဂုံတိုင်မှ Family (ပွင့်သစ်စမ်း)နှင့် ရွှေတိဂုံတောင်ဘက်မုခ်မှ M3၊ Music Box ကဲ့သို့သော ကေတီဗီများကတော့ မိန်းကလေးဝန်ဆောင်မှုမပေးဘဲ အရက်ဘီယာသောက်စားရင် သူငယ်ချင်းများနှင့် သီဆိုခြင်း၊ မိသားစု အလိုက်လာရောက်သီဆိုခြင်းစသည့်တို့ အတွက်ဖွင့်လှစ်ထားခြင်းဖြစ်သည်။

မြန်မာ-ထိုင်းနယ်စပ်ဖြစ်သော မြဝတီနှင့် မဲဆောက်မြို့များတွင်လည်း ကေတီဗီများစွာရှိပြီး မြန်မာအမျိုးသမီးများ လာရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကွာတာက ဘတ်ငွေနဲ့ကျပ်နဲ့ပေးရတာချင်းကွာပြီး တူညီတာကတော့ ဝန်ဆောင်မှုပေးနေတာ မြန်မာအမျိုးသမီးချည်းဖြစ်နေတာပဲ။ တချို့ဆို သမီးဆီမှာ ငွေလာတောင်းတဲ့အချိန် သမီးရယ်ဆက်လုပ်ပါဦးလို့သမီးကိုတောင်းပန်နေတာမျိုးလည်း ကြုံခဲ့ရဖူးတယ်"ဟု မဲဆောက်မြို့တွင် နေထိုင်သည့်ကိုဆမ်ကပြောသည်။

ရန်ကုန်မြို့တွင် ကေတီဗီကာရာအိုကေဆိုင်အများဆုံး ရှိသည့်နေရာများမှာမင်္ဂလာတောင်ညွန့်၊ မရမ်းကုန်း၊ အလုံ၊ ဗဟန်းမြို့နယ်တို့ဖြစ်ကြသည်။ အဆိုပါကေတီဗီများတွင် ညစဉ်နှင့် အမျှ သီဆိုသူအမျိုးသားထုဖြင့် ပြည့်နှက်လျက်ရှိပြီး ကေတီဗီမယ်တို့မှာလည်း ညစဉ်နှင့်အမျှ မအားလပ်အောင် ဝန်ဆောင်မှုပေးနေကြဆဲဖြစ်သည်။

အစိုးရမင်းတို့ရုံးစိုက်ရာ နေပြည်တော်တွင်လည်း တော်ဝင်နန်းဟူသည့် အကြီးဆုံးကေတီဗီမှသည် ဘောဂသီရိကားဝင်းမှ ကေတီဗီများအထိရှိကြပြီး ငွေဖြုန်းတီးကြမည့် အမျိုးသားဧည့်သည်တော်ကြီးများကိုစောင့်မျှော်လျက်ရှိကြသည်။

"အစားအသောက်ဈေးကြီးတယ်၊ ကောင်မလေးတွေက ဝတ်ကျေတမ်းကျေတွေ များတယ်။ တခြားအခန်းနဲ့ ဆက်ရှင် ခွဝင်တာများတယ်။ သီချင်းအပ်ဒိတ်လုပ်တာနည်းတယ်။ ဆက်ရှင်ပြီးခါနီးရင်ကောင်မလေးတွေက အချိုးပြောင်းတယ်။ ငွေကုန်တယ်။ အသံပြာတယ်။ အိပ်ရေးပျက်တယ်"ဟု နေပြည်တော်အစိုးရဝန်ထမ်းတစ်ဦးက ကေတီဗီကို မကြိုက်နှစ်သက်ရသည့်အကြောင်းအရင်းကိုပြောပြသည်။

ကေတီဗီမယ်များသည် တကယ့်ဘဝအခက်အခဲကြောင့်ပိုက်ဆံအလွယ်ရသည့် လမ်းကြောင်းကို ဝင်ရောက်လုပ်ကိုင် ခြင်းဖြစ်ကြပြီး ရည်မှန်းထားသည့်ငွေကြေးစုဆောင်းမိလျှင်မိဘနေရပ်ပြန်၍ ကောင်းရောင်း၊ ကောင်းဝယ်လုပ်စားကြခြင်းမျိုးလည်း ရှိကြပါသည်။

"တချို့က နောက်ကြောင်းမပြန်တော့ဘူး။ ယောကျ်ားတွေဟာ သူတို့သားကောင်လို့ကို ထင်လာပြီး အဲဒီအလုပ်မှာပဲ ပျော်နေတော့တာ။ အသက်သုံးဆယ်ကျော်လောက်ဆို အူတူတူရိုးသားတဲ့ငွေကြေးအသင့်အတင့်ရှိတဲ့သူ တစ်ယောက်ကို အပိုင်ချည်ပြီး အိမ်ထောင်ပြုပြီး ဘဝလမ်းကြောင်းကို ပြောင်းပစ်လိုက်ကြတာလည်းရှိတယ်။ ဝမ်းရေးကြောင့်ဝင်လုပ်ရတဲ့သူတွေထဲက တစ်ရာမှာဆယ်ယောက်လောက်ကတော့ မူလရည်မှန်းချက်အတိုင်းဒီဘဝကလွတ်မြောက်အောင် ရုန်းထွက်နိုင်တာတွေ့ရတယ်"ဟု ကေတီဗီများသို့ပုံမှန်သွားရောက်လေ့ရှိပြီး ကေတီဗီမယ်တစ်ဦးနှင့် သမီးရည်းစားသ ဖွယ်ဖြစ်ခဲ့ဖူးသည့် အသက် ၄၀ ကျော်အရွယ်အမျိုးသားတစ်ဦးက ရှင်းပြသည်။

မိမိပညာအရည်အချင်းနှင့် တစ်လလျှင် လစာသိန်းချီရနိုင်သည့်အလုပ်မျိုးမရှိသည့်အတွက် အလုပ်ထွက်လိုသော်လည်း ဒီလောကထဲမှာပင်တဝဲလည်လည်ဖြစ်နေရသည်ဟု မဖွေးဖွေးက ပြောပါသည်။ ခုနစ်တန်းအောင်ခဲ့သည့် မဖွေးဖွေးမှာ ရည်မှန်းချက်တစ်ခုရှိပါသည်။ အဲဒါက ဒီဘဝထဲက ရုန်းထွက်ပြီးသူနာပြုအကူအဖြစ် အသက်မွေးလိုခြင်းပဲဖြစ်သည်။

"သူနာပြုအကူသင်တန်းတက်ပြီး ရိုးရိုးသားသားလုပ်စားချင်တယ်။ အဲဒီအလုပ်က ငွေသိပ်မရဘူးဆိုတာသိပါတယ်။ ဒါပေမဲ့ . . ."ဟု ပြောရင်း မဖွေးဖွေးတီဗီဖန်သားပြင်မှ သီချင်းစာသားများကို ငေးမောနေသည်။

"သန်းခေါင်ယံည လမိုက်ခိုက်အောင် မမှီနိုင်ဘူးထင် . . စိတ်ဆင်ရိုင်းလောကသားရဲ့အမှောင်. . . မေတ္တာတရားခေါင်းပါးလွန်းနေ. . . ကရုဏာမဲ့သွေးသားအလိုအတွက် . . . ပင်ကိုအားနွဲ့သူ အရှုံးနဲ့သာ ခန္ဓာကိုယ်စတေးရရှာတယ်. . . သေတမန် ပြောင်းဝကို အရိုင်း ပန်းငယ် . . . မလွန်ဆန်နိုင် ဆက်သရုံပဲ"

ရောင်စုံမီးလုံးများ ထွန်းညှိထားသည့် အခန်းကျဉ်းလေးထဲမှာ သီချင်းသံနှင့်အတူ ဆေးလိပ်ငွေ့များ၊ အရက်နံ့များလှိုင်ထနေသည်။ အသက် ၂၃ နှစ်အရွယ် မဖွေးဖွေးတစ်ယောက် ဘီယာပုလင်းကိုကိုင်ကာ ဧည့်သည်ရှေ့မှကုန်သွားသည့် ဘီယာခွက်ထဲသို့ ငှဲ့ထည့်ပေးလိုက်သည်။ ယခုတော့ ၎င်းမျက်နှာတွင် အပြုံးတစ်ပွင့်ကို တပ်ဆင်ထားပြီး ဖြစ်သည်။

ဝင်ငွေကွာဟမှုအခြေအနေများကြောင့် ကြိုးစားရုန်းကန်ရမှု ဘဝတစ်ခု၏ သက်ပြင်းတစ်ချက်သည် မွန်းကျပ်သည့် အခန်းငယ်လေးထဲမှာ သီချင်းသံနှင့်အတူ အပြင်ဘက်သို့လွင့်ပါသွားလေသည်။ ။

# ထောက်ကူသူများဖြင့် ပိုမြိုင်လာသည့် ငြိမ်းချမ်းရေးခရီး

**အောင်သူရ၊ အိဖြူလွင်**

"ဗားကရာချောက်ကြီးကို ဆိုရှယ်လစ် အရိုးနဲ့ ဖို့ပစ်မယ်"။

"အေးအေးနေချင်တဲ့ သခင်နုကြံတောပို့ပစ်မယ်"။

"အစိုးရကို လက်နက်ကိုင်တော်လှန်ရမယ်"ဟု ရဲရဲတောက်စာသားများပါသည့် မိန့်ခွန်းတစ်ရပ်ကို သခင်သန်းထွန်းက လွတ်လပ်ရေးရပြီး သုံးလအကြာ(၁၉၄၈၊ မတ် ၂၇ ရက်)တွင် ပြောကြားခဲ့သည်။ ထို့နောက် ဝါဒရေးရာ ကွဲပြားမှုများ ညှိနှိုင်း အဖြေရှာ၍မရတော့ဘဲဗမာပြည်ကွန်မြူနစ်ပါတီ တောခိုခဲ့ကာ ပြည်တွင်းစစ်မီး စတင်ခဲ့သည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံးက ကရင်ပြည်နယ်ပေးရန်၊ ပြည်ထောင်စုမှခွဲထွက်လိုက ခွဲထွက်ခွင့်ပြုရန်နှင့် နယ်မြေသတ်မှတ်ပေးရန် စသည့် အချက်သုံးချက်ကို တောင်းဆိုခဲ့သည်။

အစိုးရမှ ပထမအချက်သာ လိုက်လျောခဲ့သဖြင့် တပ်မတော်အတွင်းရှိကရင်သေနတ်ကိုင်တပ်ရင်းများ တောခိုသွားခဲ့သည်။ ကရင်အမျိုးသားအစည်းအရုံးနှင့် ရှေ့ဆင့်နောက်ဆင့်မှာပင် မွန်အမျိုးသားကာကွယ်ရေးအဖွဲ့(MNDO) တောခိုသွားခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံသည် လွတ်လပ်ပြီးစ အချိန်ကပင် ပြည်တွင်းစစ်နှင့် တိုးခဲ့ရပြီး ဒီမိုကရေစီစနစ် ဆုံးရှုံးကာ တိုင်းပြည်လည်း ဘက်စုံနိမ့်ကျခဲ့ရသည်။ စစ်တပ်အင်အားပိုကောင်းလာပြီး အဆုံးတွင် စစ်တပ်က အာဏာသိမ်းလိုက်ပြီးနောက် ဖွံ့ဖြိုးမှုညွှန့်ကိန်းအားလုံး အောက်စိုက်ဆင်းခဲ့သည်။ အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးရရှိရန် ကြိုးစားခဲ့သော်လည်း အဖွဲ့အချို့နှင့်သာ အပစ်အခတ်ရပ်စဲရေးအဆင့်သို့ အမြင့်ဆုံးရောက်ခဲ့ပြီး နောက်ဆယ်စုနှစ်ခြောက်ခုကျော်သည့် အထိ ငြိမ်းချမ်းရေးမရဘဲ ကမ္ဘာ့အရှည်ကြာဆုံးပြည်တွင်းစစ်ဖြစ်ပွားသော နိုင်ငံဖြစ်ခဲ့သည်။

သို့သော် လက်ရှိသမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသက်တမ်း သုံးနှစ်နီးပါးအချိန်တွင်ပြည်တွင်းငြိမ်းချမ်းရေးအသံများပိုမိုကျယ်ကျယ်လောင်လောင်ကြားရသည်။ ငြိမ်းချမ်းရေး အတွက် အဖွဲ့အစည်း၊ နိုင်ငံရေးအင်အားစုများကြား ပိုပြီးလှုပ်လှုပ်ရှားရှားမြင်တွေ့လာရချိန်မှာပင် ငြိမ်းချမ်းရေးအတွက် ပုံစံမျိုးစုံဖြင့်ကူညီမည့်နိုင်ငံတကာအသိုက်အဝန်းကလည်း အားကောင်းလာပြီဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးအတွက် အချိန်တန်ပါပြီလားဟုပင်ဆိုရမည့်အချိန်ဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင် ၁၄ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ကျန်နှစ်ဖွဲ့ဖြစ်သော ကေအိုင်အေနှင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF/TNLA) နှင့် ဆွေးနွေးလျက်ရှိပြီး ကေအိုင်အေနှင့် အောက်တိုဘာလတွင် ဆွေးနွေးရန် သဘောတူညီမှုရရှိထားပြီဖြစ်သည်။

ထို့ကြောင့် အစိုးရအဖွဲ့အနေဖြင့်တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို အောက်တိုဘာလကုန်တွင်လက်မှတ်ထိုးနိုင်ရန်ပြင်ဆင်နေပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် နောက်ဆုံးအဆင့်ဖြစ်သော နိုင်ငံရေးဆွေးနွေးမှုများစတင်နိုင်ရန်အတွက် ပြင်ဆင်မှုများပင် စတင်ပြုလုပ်လျက်ရှိသည်။

"နောက်တစ်ဆင့် တက်ဖို့ဖြစ်နေပြီ။ နိုင်ငံရေးဆွေးနွေးကြတော့မယ်။ ဆွေးနွေးနိုင်ဖို့ အတွက်အဆင့်ငယ်လေးနှစ်ဆင့်လုပ်ရမယ်" ဟု မြန်မာ့ငြိမ်းချမ်းရေးစင်တာမှ အကြီးတန်းအကြံပေးဦးလှမောင်ရွှေကပြောသည်။

သို့သော် အချို့သော အဖွဲ့များနှင့် ငြိမ်းချမ်းရေး ရရှိရန်အတွက် ယုံကြည်မှုတည်ဆောက်ရေးအပါအဝင် အခြားသောစိန်ခေါ်မှုများစွာရှိနေသေးသည်ဟု ဦးလှမောင်ရွှေကဆိုသည်။

ယခုအခြေအနေထိရောက်အောင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆောင်ရွက်နိုင်ခြင်းသည်လက်ရှိ အစိုးရအပါအဝင် အဖွဲ့အစည်းခေါင်းဆောင်များ၏ငြိမ်းချမ်းရေးနှင့်ပတ်သက်၍စဉ်းစားတွေးခေါ်ပုံများပြောင်းလဲလာခဲ့ခြင်းကြောင့်လည်းပါဝင်သည်။

လက်ရှိအင်အားစုများတွင်ရှိသော ခေါင်းဆောင်များသည်ပင် ယခင်ကကဲ့သို့ လက်ဝဲလက်ယာဝါဒရေးရာအားပြိုင်မှုများမရှိသလောက်ဖြစ်သွားပြီး နှစ် ၅၀ ကျော်ကြာကျင်လည်ခဲ့သည့် အဆိုးသံသရာထဲတွင် ထပ်မံမကျင်လည်ချင်တော့သည့် စိတ်ထားများရှိနေကြကြောင်း ၈၈ မျိုးဆက်(ငြိမ်း/ပွင့်)မှငြိမ်းချမ်းရေးတာဝန်ခံဦးမြအေးကသူ၏အမြင်ကို ပြောသည်။

"သမ္မတဦးသိန်းစိန်က ဘယ်လိုစဉ်းစားသလဲဆိုရင် လက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းတဲ့နည်းက စကားဝိုင်းမှာဆွေးနွေးတဲ့နည်းပဲရှိတယ်လို့ ခံယူထားတယ်"ဟု နိုင်ငံတော်သမ္မတ၏ လူမှုစီးပွားအကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေကပြောသည်။

"နှစ်ပေါင်း ၅၀ ကျော်စစ်တိုက်ပြီးပြီ။ ကရင်လည်းသေတယ်။ ဗမာလည်းသေတယ်။ ဘာမှအကျိုးမရှိဘူး။ ဒါကိုပြန်စဉ်းစားရမယ်။နောက် လူငယ်တွေအတွက်ကောင်းအောင်လုပ်ရတော့မယ်"ဟု ကရင်အမျိုးသားအစည်းအရုံး (KNU)မှ စစ်ဦးစီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ဂျော်နီက ၂၀၁၂ ခုနှစ်ဇန်နဝါရီ ၁၂ ရက် ဘားအံမြို့နယ်၌တွေ့ဆုံစဉ်ပြောကြားခဲ့သည်။



*အစိုးရနှင့် ကေအိုင်အိုမေလက ကျင်းပသောငြိမ်းချမ်းရေးဆွေးနွေးပွဲအပြီး တွေ့ရစဉ်*

ဓာတ်ပုံ- အေးမြကျော်

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစတင်ဖြစ်ပွားခဲ့သောပြည်တွင်းစစ်ကို ပြန်လည်သုံးသပ်လျှင် ပထမဇာစ်မြစ်မှာ အိုင်ဒီယိုလိုဂျီပြဿနာဖြစ်ပြီး ဒုတိယဇာစ်မြစ်မှာလူမျိုးစုပြဿနာနှင့် ပင်လုံသဘောတူညီချက်တို့ဖြစ်သည်ဟု နိုင်ငံရေးလေ့လာသူများကပြောသည်။

ထို့အချိန်က ကမ္ဘာကြီး၌လည်း ဆိုဗီယက်အုပ်စုနှင့် အမေရိကန်အုပ်စုတို့၏ လက်ဝဲလက်ယာအားပြိုင်မှုအိုင်ဒီယိုလိုဂျီမှာ မြင့်မားနေပြီး အပြန်လှန်ထောက်ပံ့မှုများရှိခဲ့သည်။

ပါလီမန်ဒီမိုကရေစီခေတ် ၁၉၅၈ ခုနှစ် ဇူလိုင် ၃၀ ရက်၌ သင်ပုန်းချေလွတ်ငြိမ်းချမ်းသာခွင့် ဥပဒေကို နိုင်ငံတော်သမ္မတအမိန့်ဖြင့်ထုတ်ပြန်ခဲ့သည်။ အစိုးရဘက်မှ လက်နက်စွန့်ပါက ဥပဒေဘောင်အတွင်းတရားဝင်ခွင့်ပြုမည်ဟုကြေညာခဲ့သည်။ ကွန်မြူနစ်များဘက်ကမူ ပထမတွေ့ဆုံဆွေးနွေးပြီး ပြေလည်မှလက်နက်စွန့်မည်ဟုကြေညာခဲ့သည်။လက်နက်ချရေး၊ တွေ့ဆုံဆွေးနွေးရေးအပြန်အလှန်ငြင်းခုံနေကြပြီး ပြည်တွင်းငြိမ်းချမ်းရေးမှာလည်း ရွှေပြည်တော်မျှော် တိုင်းဝေးခဲ့ရသည်။

၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန်ကြိုးစားခဲ့သော်လည်း အပြန်လှန်မယုံကြည်မှုများကြောင့် အပစ်အခတ်ရပ်စဲရေးအဆင့်ပင် မရောက်ခဲ့ပါ။ ထိုစဉ်က တော်လှန်ရေးကောင်စီအစိုးရမှာ အမှန်တကယ်ငြိမ်းချမ်းရေးရလို၍ မဟုတ်ဘဲ နိုင်ငံရေးအမြတ်ထုတ်လို၍ လက်နက်ကိုင်အဖွဲ့များနှင့် အယောင်ပြဆွေးနွေးခဲ့ခြင်းဖြစ်သည်ဟု နိုင်ငံရေးသမားများက သုံးသပ်သည်။ အလားတူ နဝတအစိုးရလက်ထက်တွင်လည်းတိုင်းရင်းသားလက်နက်ကိုင်အချို့နှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရှိခဲ့သော်လည်း နိုင်ငံရေးဆွေးနွေးမှုများ မလုပ်နိုင်သဖြင့် သေနတ်သံ ပြန်ကြားခဲ့ရသည်။

သမ္မတဦးသိန်းစိန်ဦးဆောင်သော အစိုးရလက်ထက်တွင်ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ လက်ရှိရရှိထားသောအခြေအနေသည် ယခင်အစိုးရအဆက်ဆက်မရရှိထားသောအခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။ ပြည်တွင်း အင်အားစုများအပြင် နိုင်ငံတကာ၏ ထောက်ခံမှုမှာလည်း ယခင်အစိုးရများ ထက်သာလွန်နေသည့်အနေအထားတွင်ရှိနေသည်။

နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် ဂျပန်၊နော်ဝေးနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများကလည်း မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ငွေကြေးနှင့် နည်းပညာအရပါပေးမည်ဟု ကတိကဝတ်များရရှိထားသည်။

ကုလသမဂ္ဂမှ ဒေါ်လာ ငါးသန်း၊ ဂျပန်နိုင်ငံနိပွန်ဖောင်ဒေးရှင်း ဥရောပသမဂ္ဂ၊ အင်္ဂလန်နှင့် ဂျပန်နိုင်ငံများအပါအဝင် အလှူရှင်များမှ အမေရိကန်ဒေါ်လာ ၂၁ သန်းနှင့် ယူရိုငွေ ၁,၅၀၀,၀၀၀ ခန့်ထောက်ပံ့ရန် သဘောတူထားပြီး ဖြစ်သည်။

အဆိုပါငွေကြေးများဖြင့် တိုင်းရင်းသားဒေသများအတွက် လူသားချင်းစာနာမှုအထောက်အပံ့များ၊ စာနပ်ရိက္ခာများနှင့် မိုင်းရှင်းလင်းရေးများဆောင်ရွက်နေပြီဖြစ်သည်။ အစိုးရအနေဖြင့်လည်း ရန်ကုန်မြို့တွင် ငြိမ်းချမ်းရေးစင်တာတစ်ခုဖွင့်လှစ်၍ ပညာရှင်များခန့်အပ်ဆောင်ရွက်လျက်ရှိသည်။

"အကုန်လုံးကငြိမ်းချမ်းရေးကိုတကယ်လိုချင်တယ်ဆိုရင် လုပ်နိုင်မယ့်အခြေနေကောင်းလို့ ပြောချင်တယ်။ ဒီအခြေအနေကို လက်လွှတ်တာ၊ မလွှတ်တာက လည်း လက်ရှိအစိုးရနှင့်ပဲသက်ဆိုင်လိမ့်မယ်"ဟု လူ့ဘောင်သစ်ပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သူဦးအောင်မိုးဇော်ကပြောကြားသည်။

နိုင်ငံတကာတွင်ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အဆင့် ၃ ဆင့်သတ်မှတ်ထားသည်။ပထမအဆင့်အပစ်အခတ်ရပ်စဲရန်၊ ဒုတိယအဆင့်အနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်၊ တတိယအဆင့်တွင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရန်တို့ဖြစ်သည်။

လက်ရှိအခြေအနေတွင်အစိုးရအနေဖြင့် အပစ်အခတ် ရပ်စဲရေးနှင့်ပတ်သက်၍ လက်နက်ကိုင်တပ်ဖွဲ့ ၁၆ ခုရှိသည့်အနက် ၁၄ ခုနှင့်အပစ်အခတ်ရပ်စဲရေးသဘောတူထားပြီးခိုင်မာသည့် အပစ်အခတ် ရပ်စဲရေး လုပ်ဆောင်ရန် ဆောင်ရွက်လျက်ရှိပြီး တချိန်တည်းမှာပင် ဒုက္ခသည်များ ပြန်လည်နေရာချထားရေး၊ မိုင်းရှင်းလင်းရေးနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ်၊မြဝတီမြို့တွင်စက်မှုဇုန်တစ်ခုတည်ဆောက်နေပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့စီးပွားရေးလုပ်ငန်းများတရားဝင် လုပ်ကိုင်လျက်ရှိသည်။

အစိုးရ၏ တရားဝင်စာရင်းအရလူလေးဦးလျှင်တစ်ဦးဆင်းရဲနေသော မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည်ပင် ငြိမ်းချမ်းရေးကို များစွာ အထောက်အကူပြုနိုင်လိမ့်မည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများ၏ ဆင်းရဲမှုမှာ ပျမ်းမျှလူ နှစ်ဦးတွင် တစ်ဦးခန့်ဆင်းရဲနေပြီး ရှမ်းပြည်နယ်၌ ၃၃ ရာခိုင်နှုန်းဆင်းရဲလျက်ရှိသည်။ လက်ရှိလက်နက်ကိုင်အင်အားမှာ နှစ်သိန်းခန့်ရှိပြီး ဒုက္ခသည်အနေဖြင့် သုံးသိန်းကျော်ခန့်ရှိနေသည်။

ငြိမ်းချမ်းရေးမရပါက ဒီမိုကရေစီစနစ်ရှင်သန်ရန်နှင့် နိုင်ငံ ဖွံ့ဖြိုးရန်မှာ မဖြစ်နိုင်ပေ။ ဆယ်စုနှစ်ငါးခုကျော်ကြာမျှော်လင့်ခဲ့ရသော ငြိမ်းချမ်းရေးအိပ်မက်မှာ လက်တွေ့အကောင်အထည်ဖော်ရန် လက်ရှိအခြေအနေမှာ အချိန်အခါကောင်းဖြစ်သည်။ အချိန်တော့ သိပ်ရှိလှသည် မဟုတ်ပေ။ အစိုးရက ၂၀၁၃ ခုနှစ်ဆန်းပိုင်းတွင် နိုင်ငံရေးဆွေးနွေးမှုများ စတင်ရန် စီစဉ်ထားသည်။

လာမည့် ဒီဇင်ဘာလတွင် စတင်မည့် ဆီးဂိမ်းနှင့် လပိုင်းအတွင်း တာဝန်ယူရမည့် အာဆီယံဥက္ကဋ္ဌရာထူးစသည်တို့ကလည်း အစိုးရကို ပြည်တွင်းငြိမ်းချမ်းရေးရအောင်ဆောင်ရွက်ရန် တွန်းအားများ ဖြစ်နေပါသည်။ နိုင်ငံရေးဆွေးနွေးမှုများသည် လက်ရှိအပစ်အခတ်ရပ်စဲရေးထက်များစွာ နက်နဲပြီး တပ်မတော်နှင့်လွှတ်တော် အပါအဝင် အဖွဲ့အစည်းအသီးသီးက ပါဝင်လာတော့မည်ဖြစ်သည်။ နိုင်ငံရေးလေ့လာသူ အချို့က လက်ရှိအခြေခံဥပဒေဖြင့် ထာဝရငြိမ်းချမ်းရေးမရနိုင်သောကြောင့် ဥပဒေကို ပြင်ရန်လိုကြောင်း ထောက်ပြထားသည်။

ပြည်ထောင်စုကြီးမှခွဲထွက်မှု၊ အချုပ်အခြာအာဏာကိုထိပါးသည့်ကိစ္စမှလွဲ၍ ကျန်ကိစ္စများ ဆွေးနွေးကြတော့မည်ဖြစ်သည်။ အထူးသဖြင့် ဖက်ဒရယ်ကိစ္စ၊ အရင်းအမြစ်ခွဲဝေခြင်း၊အာဏာခွဲဝေခြင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်တန်းတူညီမျှကိစ္စများ ဆွေးနွေးကြတော့မည်အချိန်လည်းဖြစ်သည်။

ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ရိုးသားပွင့်လင်းမှု၊ မျှတမှု၊ အမြော်အမြင်ကြီးမှု၊ အမြင်ကျယ်မှု၊ သည်းခံဖွဲ့ကောင်းမှုတို့သည် အဓိက ဖြစ်သည်။ အစွန်းနှစ်ဖက်ကို ရှောင်ကြဉ်ပြီး ညှိနှိုင်းရယူနိုင်ဖို့ လိုပေလိမ့်မည်။

လက်ရှိရရှိထားသောအခွင့်အရေးကြီးကို လက်မလွှတ်ဖို့တော့လိုပေလိမ့်မည်။

**ကိုးကား-မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပုံဖော်ခြင်း၊မြန်မာ့နိုင်ငံရေးလေ့လာဆန်းစစ်ချက်(၁၉၄၈-၁၉၈၈)**

**ကျော်ဝင်း The F-Word (The Economist)**